- ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးနည်းဥပဒေ (၂၀၁၅)
- ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ
- မြေအောက်ရေအက်ဥပဒေ
- The Explosives Act
- The Explosive Substances Act

၁-၄-က-(၃)။ စက်ပစ္စည်းကိရိယာများ ကိုင်တွယ်လုပ်ဆောင်ခြင်းများနှင့် စပ်လျဉ်းသည့်ဥပဒေ၊ မူဝါဒ၊ အဖွဲ့အစည်းဆိုင်ရာမူဘောင်များ

- လျှပ်စစ်ဥပဒေ (၂၀၁၄)

၁-၄-က-(၄)။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ထုတ်အရင်းအနှီးများမြှုပ်နှံလုပ်ကိုင်ရခြင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ထူထောင်ရာတွင် သက်ဆိုင်လျက်ရှိသည့် မူဝါဒ၊ အဖွဲ့အစည်းဆိုင်ရာမူဘောင်များ

- ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (၁၉၉၀)
- ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)
- မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)
- မြန်မာ့ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ (၂၀၁၇)
- ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ
- ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၄)
- ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၅)
- UNION TAX LAW (2018)

၁-၄-က-(၅)။ လုပ်သားဝန်ထမ်းများ၊ အလုပ်ရုံ၏အဆောက်အဦများ၊ သယ်ယူပို့ဆောင်ခြင်းများ၊ သဘာဝဘေးအန္တရာယ်များ၊ မတော်တဆထိခိုက်မှုများ၊ မီးဘေးအန္တရာယ်များနှင့်စပ်လျဉ်းသည့်ဥပဒေများ၊ အဖွဲ့အစည်းဆိုင်ရာမူဘောင်များ

- အလုပ်ရုံများအက်ဥပဒေ (၁၉၅၁)
- ၁၉၅၁ခုနှစ် အလုပ်ရုံများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ
- ၁၉၅၁ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ
- အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)
- သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)
- ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာကိုကူညီစောင့်ရှောက်ခြင်းနှင့်ကုသခြင်းဆိုင်ရာဥပဒေ (၂၀၁၄)
- ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ကျန်းမာရေး ဆိုင်ရာဥပဒေ (၁၉၇၂)
- ကူးစက်ရောဂါများကာကွယ်နှိမ်နှင်းရေးဥပဒေ
- မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ(၂၀၁၅)
- မော်တော်ယာဉ်ဥပဒေ (၂၀၁၅)
- ၁၉၆၄ခုနှစ် မော်တော်ယာဉ်ဥပဒေ
- ၁၉၆၄ခုနှစ် မော်တော်ယာဉ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ
- အမြန်လမ်းမကြီးများဥပဒေ (၂၀၁၅)
- အမြန်လမ်းမကြီးများဥပဒေကိုပြင်ဆင်သည့်ဥပဒေ

- အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)
- အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေများ (၂၀၁၂)
- The Workmen's Compensation Act; 1923
- အလုပ်သမားလျော်ကြေးအက်ဥပဒေ(၁၉၂၃)ကိုပြင်ဆင်သည့်ဥပဒေ
- THE TAX OF THE UNITON LAW (2014)
- မြန်မာ့အာမခံလုပ်ငန်းဥပဒေ
- ၁၉၅၄ခုနှစ် လူမှုဖူလုံရေးနည်းဥပဒေများ
- အမိန့်ကြော်ငြာစာ (၆၄/၂၀၁၃)
- အမိန့်ကြော်ငြာစာ ၂/၂၀၁၅
- အမိန့်ကြော်ငြာစာ ၂/၂၀၁၈
- အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၄)
- အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆)
- မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ
- စံချိန်စံညွှန်းဥပဒေ (၂၀၁၄)
- ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ (၂၀၁၄)
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေ

၁-၄-က-(၆)။ စက်ရုံအလုပ်ရုံ၊ ကုန်ထုတ်လုပ်ငန်းဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများကြောင့် ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများက ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများနှင့် လျော့နည်းအောင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့်မူဝါဒ၊ အဖွဲ့အစည်းဆိုင်ရာမူဘောင်များ

- အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ (၁၉၉၄)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)နှင့်နည်းဥပဒေ(၂၀၁၄)
- အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅)
- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ (၂၀၁၅)
- လူမှုဖူလုံရေးဥပဒေ (၂၀၁၂)
- ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ
- အနည်းဆုံးအခကြေးငွေဥပဒေ၊ နည်းဥပဒေ (၂၀၁၃)
- အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ(၂၀၁၂)
- ဘွိုင်လာဥပဒေ (၂၀၁၅)
- မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ (၂၀၁၉)

- လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်သက်ဆိုင်သောဥပဒေ (၂၀၁၉)
- ရန်ကုန်မြို့တော်မြူနီစီပယ်အက်ဥပဒေကိုပြင်ဆင်သည့်အက်ဥပဒေ
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈)
- ရန်ကုန်မြို့တော်မြူနီစီပယ်အက်ဥပဒေ (၁၉၂၂)
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၁၉၉၀)
- ကုန်သွယ်လုပ်ငန်းခွင်ဥပဒေ
- မြန်မာအင်ဂျင်နီယာကောင်စီဥပဒေ (၂၀၁၃)
- တီထွင်မှုမူပိုင်ခွင့်ဥပဒေ (၂၀၁၉)
- ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ (၂၀၁၉)
- စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ (၂၀၁၉)
- အမျိုးသားအစားအသောက်ဥပဒေ (၁၉၉၇)
- စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄)
- ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ (၁၉၉၈)
- ရှေးဟောင်းအဆောက်အဦကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)
- ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၉)
- ရှေးဟောင်းဝတ္ထုပစ္စည်းကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)
- စက်မှုဇုန်ဥပဒေ (၂၀၂၀)

၁-၄-ခ။ မြန်မာနိုင်ငံ၏မူဝါဒ၊ ဥပဒေမူဘောင်အဖွဲ့အစည်းဆိုင်ရာများနှင့် လုပ်ငန်းနှင့်ပတ်သက်၍ လိုက်နာရမည့် သက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးသတ်မှတ်ချက် စံချိန်စံညွှန်းများ

မြန်မာနိုင်ငံက ထုတ်ပြန်လိုက်နာလျက်ရှိသည့် ဥပဒေအချို့ကို အပိုဒ် ၃-၂တွင် တင်ပြထားပါသည်။

၁-၄-ဂ။ လုပ်ငန်းပေါ်မူတည်၍ နိုင်ငံတကာကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ နိုင်ငံတကာမူဝါဒများ၊ လမ်းညွှန်ချက်များ၊ စံနှုန်းများ၊ စည်းကမ်းသတ်မှတ်ချက်များ

ပြည်ထောင်စုမြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသော ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူစာချုပ်များ၊ ကွန်ဗေးရှင်းများ၊ ဝါဒများ၊ လမ်းညွှန်ချက်များတို့ကို အပိုဒ် ၃-၃တွင် ဖော်ပြထားပါသည်။

၁-၄-ဃ။ မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ လေ၊ ရေ၊ မြေတို့နှင့်စပ်လျဉ်းသည့်လမ်းညွှန်ချက်များ

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (NEQ (E)G)မှ လေနှင့် စွန့်ပစ်ရည်စုံနှုန်းများကို အောက်ပါအတိုင်းတင်ပြပါသည်။

(က) ထုတ်လွှတ်အခိုးအငွေ့ (Air Emission)

- Air Quality Guidelines Global Update 2005, WHO

- Small Combustion Facilities Emission Guidelines

(ခ) စွန့်ပစ်ရေ (Wastewater)

- စွန့်ပစ်ရေ၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်နှင့် မိလ္လာရေစွန့်ထုတ်မှု

(Wastewater, Storm Water Runoff, Effluent and Sanitary Discharges (General Application))

- ရွှေမာယခရမ့်ရာဘာစက်ရုံအတွက် စွန့်ပစ်ရေ၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်နှင့် မိလ္လာရေစွန့်ထုတ်မှု

(Metal, Plastic and Rubber Products Manufacturing)

(ဂ) အသံနှင့်စပ်လျဉ်းသည့်လမ်းညွှန်ချက်များ

(ဃ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင်မပါဝင်သော်လည်း သောက်သုံးရေအတွက်နှိုင်းယှဉ်ခဲ့သည့် Guidelines များ

- သောက်သုံးရေစံနှုန်းများ

(င) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင်မပါဝင်သော်လည်း စာပေစူးစမ်းမှုအရ တွေ့ရှိခဲ့သည့် မြေအရည်အသွေးစံနှုန်းများ

(စ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင်မပါဝင်သော်လည်း စာပေစူးစမ်းမှုအရတွေ့ရှိခဲ့သည့် ပတ်ဝန်းကျင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစံနှုန်း

အသေးစိတ်ဖော်ပြချက်များကို အပိုဒ် ၃-၄ တွင်ဖော်ပြထားပါသည်။

၁-၅။ လုပ်ငန်း၏အကြောင်းအရာဖော်ပြချက်

ရွှေမာယခရမ့်ရာဘာစက်ရုံ နှင့်စပ်လျဉ်းသည့်အကြောင်းအရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) လုပ်ငန်းနှင့်ရည်ရွယ်ချက်

ရွှေမာယခရမ်ရာဘာစက်ရုံ သည် ခွက်တွင် ခြောက်သွေ့ကျန်ရစ်သည့် ခွက်ကပ်(Cup Lump)၊ ရာဘာပင်စည်တွင် ခြောက်သွေ့ကျန်ရစ်သည့် ဆွဲဖတ် (Tree lace) နှင့် ရာဘာနို့စေးကို စုခဲပြီး အပြားကြိတ်ထားပြီး မှိုင်းခံမထားသော ရာဘာအစိမ်းပြား (unsmoked sheet)တို့ကို ကုန်ကြမ်းအဖြစ် အသုံးပြုပြီး မြန်မာစတင်းဒတ် ခရမ်ရာဘာ (Myanmar Standard Rubber-MSR)များ ထုတ်လုပ်သောစက်ရုံ ဖြစ်ပါသည်။ တစ်ရက်ထုတ်လုပ်နိုင်မှုမှာ MSR ခရမ်ရာဘာ ၂၀ တန်ခန့် ဖြစ်ပါသည်။ စက်ရုံ၏ရည်ရွယ်ချက်မှာ ရာဘာစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်ပပို့ကုန်မြှင့်တင်ရန်၊ ရာဘာနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်နှင့် နိုင်ငံတော်အခွန်အခများ တိုးတက်စေရန် ရည်ရွယ်ပါသည်။

(ခ) စက်ရုံစတင်တည်ဆောက်သည့်ကာလ

အဆိုပါစက်ရုံကို ၂၀၁၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပါသည်။

(ဂ) စက်စမ်းသပ်လည်ပတ်သည့်ကာလနှင့်စီးပွားဖြစ်စတင်ထုတ်လုပ်သည့်ခုနှစ်

ရွှေမာယခရမ်ရာဘာစက်ရုံ စက်ရုံသည် ၂၀၁၇တွင် စက်စမ်းသပ်လည်ပတ်ခဲ့ပြီး၊ ၂၀၁၇ ခုနှစ်မှာပင် စီးပွားဖြစ် ထုတ်လုပ်ခဲ့ပါသည်။

(ဃ) လုပ်ငန်းတည်နေရာ

ရွှေမာယခရမ်ရာဘာစက်ရုံ သည် မြောက်လတ္တီတွဒ် N -16° 21′ 11.72″ နှင့် အရှေ့လောင်ဂျီတွဒ် E -97° 40′ 54.34″ ခန့်တွင်တည်ရှိပါသည်။

(င) မြေဇရိယာအကျယ်အဝန်းနှင့်ပိုင်ဆိုင်မှုအမျိုးအစား

အဆိုပါစက်ရုံ၏ မြေဇရိယာအကျယ်အဝန်းမှာ ၄.၂၀ ဧက ဖြစ်ပြီး ကိုယ်ပိုင်ဖြစ်ပါသည်။

(စ) စက်ရုံလိပ်စာ

စက်ရုံ၏ လုပ်ငန်းလိပ်စာမှာ **ရွှေမာယခရမ်ရာဘာစက်ရုံ**၊ မြစိမ်းတောင်ဘုရားလမ်း၊ တာပသွန်ကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာ၊ မုဒုံမြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ် ဖြစ်ပါသည်။

(ဆ) စက်ရုံပတ်ဝန်းကျင်

ရွှေမာယခရမ်ရာဘာစက်ရုံ ၏

- စက်ရုံအရပ်လေးမျက်နှာရှိ ရာဘာခြံများ
- စက်ရုံ၏ကောင်းကင်မြေပုံ (Google Earth)
- စက်ရုံကောင်းကင်မြေပုံ (OSM)
- မုဒုံမြို့နယ်မြေပုံ

စက်ရုံနှင့်စက်ရုံပတ်ဝန်းကျင်ပြမြေပုံ တို့ကို အပိုဒ် ၄-၇ တွင် တင်ပြထားပါသည်။

(ဇ) အဆောက်အဦများနေရာချထားပုံ

ရွှေမာယခရမ့်ရာဘာစက်ရုံ တွင် အဓိကအဆောက်အဦ (၁၃)ခုရှိပြီး အဆောက်အဦနေရာချထားပုံ၊ အဆောက်အဦများ၏ အတိုင်းအတာများနှင့် တည်ဆောက်ပုံကို အပိုဒ် ၄-၈ တွင် တင်ပြထားပါသည်။

စဉ်	အဆောက်အဦ	အလျား×အနံ×အမြင့်(ပေ)	တည်ဆောက်ထားပုံ
၁။	ပင်မအဆောက်အဦ	၃၀၀×၁၀၀×၃၀	အုတ်ညှပ်၊ သွပ်မိုး၊ သွပ်ကာ၊ သံဟင်ဂလန်
၂။	ကုန်ကြမ်းသိုလှောင်ရုံ	၅၀×၅၀×၂၄	အုတ်ညှပ်၊ သွပ်မိုး၊ သွပ်ကာ၊ သံဟင်ဂလန်
၃။	ရုံးအဆောက်အဦ	၆၀×၄၀×၂၄	သွပ်မိုး၊ RC
၄။	ဓမ္မာရုံအဆောက်အဦ	၃၅×၂၅×၂၀	သံဟင်ဂလန်၊ သွပ်မိုး
၅။	ထမင်းစားဆောင်	၄၀×၂၀×၂၀	သွပ်မိုး၊ သံဟင်ဂလန်၊ သံဇကာ
၆။	ဝန်ထမ်းအဆောင်	၄၀×၂၀×၂၀	အုတ်ညှပ်၊ အုတ်နံရံတစ်ဝက်၊ သံဇကာ၊ သွပ်မိုး
၇။	ရုံးဝန်ထမ်းအဆောင်	၂၀×၂၀×၁၅	သွပ်မိုး၊ အုတ်ညှပ်၊ သံဟင်ဂလန်
၈။	ဂိတ်တဲအဆောက်အဦ	၁၅×၂၁၅×၁၀	သံဟင်ဂလန်၊ သွပ်မိုး
၉။	ကားကတ္တား	၁၅×၁၀	သွပ်မိုး၊ အုတ်ညှပ်
၁၀။	မီးစက်အဆောက်အဦ	၂၀×၁၅×၁၅	သွပ်မိုး၊ အုတ်ညှပ်
၁၁။	ရေစင်/ရေချိုးခန်း	၁၀×၁၀×၁၅	အုတ်ညှပ်၊ ကွန်ကရစ်အမိုးပြား
၁၂။	သန့်စင်ခန်း	၁၀×၆×၁၀	အုတ်ညှပ်၊ ကွန်ကရစ်အမိုးပြား
၁၃။	ကုန်ကြမ်းလက်ခံနေရာ	-	ကွန်ကရစ်ကြမ်းခင်း

(ဈ) အသုံးပြုသည့်စက်ပစ္စည်းများနှင့်စက်ပစ္စည်းများနေရာချထားပုံ

ရွှေမာယခရမ့်ရာဘာစက်ရုံ တွင် ခရမ့်ရာဘာ (MSR-မြန်မာစတင်းဒတ်ရာဘာ) ထုတ်လုပ်ရန် စက်ပစ္စည်းများ နေရာချထားပုံနှင့် အဓိကစက်ပစ္စည်းများနှင့် လုပ်ငန်းလုပ်ဆောင်ပုံများ၊ ဓာတ်ပုံမှတ်တမ်းများကို အပိုဒ် ၄-၉ တွင် တင်ပြထားပါသည်။

စဉ်	အမျိုးအမည်	အလျား×အနံ×အမြင့်(ပေ) kW
၁။	Soaking pond	15′×15′×5′
၂။	Pre-Slab Cutter	37 kW
၃။	Slab Cutter	55 kW
၄။	Twin Pre-breaker	90 kW
၅။	Homogenizer	90 kW
၆။	Creper	37 kW
၇။	shredder	110 kW
၈။	Main Blower-1	75 kW
၉။	Main Blower-2	75 kW
၁၀။	Cooling Blower	11 kW
၁၁။	Moisture Blower	22 kW
၁၂။	Hydraulic Press-1	22 kW
၁၃။	Hydraulic Press-1	18 kW
၁၄။	Submersible Pump	1.5kW

(ည) ကုန်ကြမ်းပစ္စည်းများလိုအပ်ချက်နှင့်ရယူသုံးစွဲမှု

အဆိုပါစက်ရုံတွင် ခရမ်းရာဘာ(MSR)ထုတ်လုပ်မှု တစ်ရက် တန်(၂၀) ထုတ်လုပ်ရန် ကုန်ကြမ်းလိုအပ်ချက်ကို အောက်ပါဇယားဖြင့် တင်ပြထားပါသည်။

စဉ်	ကုန်ကြမ်းအမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	ထုတ်လုပ်သည့်နိုင်ငံ	ဝယ်ယူသည့်နေရာ	ထားသိုပုံ	မှတ်ချက်
၁။	ခွက်ကပ်	တန်	၂၀	ပြည်တွင်း	ပြည်တွင်းရာဘာခြံများမှဝယ်ယူပါသည်။	ကွန်ကရစ်ကြမ်းခင်းအမိုးအကာအောက်တွင်ထားသိုပါသည်။	ကုန်ကြမ်းများထားသိုပုံကိုဓာတ်ပုံများဖြင့်တင်ပြထားပါသည်။
၂။	ဆွဲဖတ်	တန်	၂၀	ပြည်တွင်း			
၃။	အစိမ်းပြား	တန်	၂၀	ပြည်တွင်း			
၄။	ထုံး	kg	၅၀	ပြည်တွင်း	မုဒုံဈေး	ပလပ်စတစ်အိတ်များဖြင့် ထားပါသည်။	
၅။	ရေ	ဂါလံ	၃၀၀၀၀	ပြည်တွင်း	စက်ရုံရေတွင်းမှရယူပါသည်။	ရေစင်ဖြင့်ထားပါသည်။	
၆။	ထင်းတုံး	ကုဗပေ	၂၀၀	ပြည်တွင်း	မုဒုံမြို့နယ်ရာဘာပင်အိုများဖြစ်ပါသည်။	မြေပြင်တွင်စုပုံထားပါသည်။ ၂၀၀၀ ကုဗပေ ခန့် သိုလှောင်နိုင်ပါသည်။	
၇။	ပလပ်စတစ်အိတ်	လုံး	၈၆၀~၉၀၀	ပြည်တွင်း	မော်လမြိုင်	စတိုတွင်ထားသိုပါသည်။	
၈။	အင်ဂျင်ဝိုင်	ဂါလံ	၀.၂၅	ပြည်ပ	မုဒုံ	ဝီပါများဖြင့်စတို တွင်ထားသိုပါသည်။	
၉။	ဂီယာဝိုင်	ဂါလံ	၀.၅	ပြည်ပ	မုဒုံ	ဝီပါများဖြင့် စတိုတွင်ထားသိုပါသည်။	
၁၀။	အမဲဆီ	ကီလို ဂရမ်	၅	ပြည်ပ	မုဒုံ	ဝီပါများဖြင့် စတိုတွင်ထားသိုပါသည်။	
၁၁။	ဟိုက်ဒြောလစ်ဆီ	ဂါလံ	၁.၂	ပြည်ပ	မုဒုံ	ဝီပါများဖြင့် စတိုတွင်ထားသိုပါသည်။	

ရွှေမာယာခရမ်းရာဘာ စက်ရုံတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများအနက် ထုံးသည် အတော်အသင့် ဘေးအန္တရာယ်ဖြစ်နိုင်သဖြင့် ဘေးအန္တရာယ်ရှိကုန်ကြမ်းပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်ကို အပိုဒ် ၄-၁၀ တွင်တင်ပြထားပါသည်။

(၄) ကုန်ချောထုတ်လုပ်မှုနည်းစဉ်

ရွှေမာယာခရမ်းရာဘာစက်ရုံ တွင် ထုတ်လုပ်သည့် ခရမ်းရာဘာ ထုတ်လုပ်မှုနည်းစဉ်ကို Block Diagram များဖြင့် ပူးတွဲတင်ပြထားပါသည်။



စက်ပစ္စည်းများနှင့် ဝန်ထမ်းများလုပ်ငန်းလုပ်ကိုင်နေပုံ ဓာတ်ပုံများကို အပိုဒ် ၄-၁၁ တွင် တင်ပြထားပါသည်။ ထုတ်လုပ်မှုနည်းစဉ်ကို Block Diagram နှင့်အတူစာဖြင့်ရေးသား တင်ပြထားပါသည်။

(၅) စုစုပေါင်းလုပ်ငန်းစဉ်အလိုက်၊ အဆိုင်းအလိုက်၊ လုပ်သားအရေအတွက်

ရွှေမာယာခရမ်းရာဘာစက်ရုံရှိ ဝန်ထမ်းများ၏ လုပ်ငန်းအလိုက်၊ အရေအတွက်၊ အလုပ်ဆင်းရက်၊ နာရီများကို အောက်ပါဇယားဖြင့် တင်ပြထားပါသည် -

လုပ်ငန်းဌာန	အမျိုးသား	အမျိုးသမီး	စုစုပေါင်း	တစ်လ ပျမ်းမျှ အလုပ် ဆင်းရက်	တစ်ရက် အလုပ် ချိန်နာရီ	တစ်လ ပျမ်းမျှ နားရက်	မှတ်ချက်
ရုံးပိုင်း	၅	၅	၁၀	၂၃	၈	၅	ကုန်ကြမ်းမရသောမိုးတွင်း ကာလများတွင် စက်ရပ်နားပါသည်။
စက်ရုံပိုင်း	၂၇	၁၆	၄၃	၂၃	၈	၅	
လုံခြုံရေးပိုင်း	၂		၂	၂၃	၈	၅	

(၃) ထုတ်လုပ်သည့်ထုတ်ကုန်အမျိုးအစားနှင့်အခြားထွက်ကုန်အမျိုးအစား (Product) နှင့် By Product ထွက်ရှိမှုပမာဏ၊ နေ့အလိုက်၊ လအလိုက်၊ နှစ်အလိုက် ထွက်ရှိမှုပမာဏ

ရွှေမာယခရမ်ရောဘာစက်ရုံ၏ နေ့အလိုက်၊ လအလိုက်၊ နှစ်အလိုက်ထုတ်လုပ်မှုကို အောက်ပါဇယားဖြင့်တင်ပြထားပါသည်။ By Product (အခြားထွက်ကုန်) ထွက်ရှိခြင်းမရှိပါ။

စဉ်	ကုန်ချောအမျိုးအမည်	ရေတွက်ပုံ	နေ့အလိုက် ထွက်ရှိမှု	လအလိုက် ထွက်ရှိမှု	နှစ်အလိုက် ထွက်ရှိမှု	မှတ်ချက်
၁။	ခရမ်ရောဘာ (MSR-မြန်မာ စတင်းဒတ်ရောဘာ)	တန်	၂၀	၄၆၀ (၂၀×၂၃)	၃၆၀၀	မိုးရာသီနှင့် ကုန်ကြမ်းရရှိနိုင်မှုပေါ်မူတည်၍ (၄)လခန့် ရပ်နားထားပါသည်။

(ဃ) တစ်နှစ်အတွက်ရေလိုအပ်ချက်နှင့်ရယူသုံးစွဲသည့်အရင်းအမြစ်

ရွှေမာယခရမ်ရောဘာစက်ရုံတွင် ရေသုံးစွဲမှုမှာ တစ်ရက်လျှင် ၃၀,၀၀၀ ဂါလံခန့်ဖြစ်ပြီး တစ်နှစ်ပျမ်းမျှ ၇၅ သိန်းဂါလံခန့် ဖြစ်ပါသည်။ အဝီစိတွင်းရေကိုအသုံးပြုပါသည်။ အဝီစိတွင်းများမှ အနက်ပေ ၁၂၀ ပေခန့် ဖြစ်ပြီး မာတ်ပုံများ ကို ပုံ ၄-၆၆ တွင် တင်ပြထားပါသည်။

(င) တစ်နှစ်အတွက်စွမ်းအင်လိုအပ်ချက်နှင့်ရယူသုံးစွဲမှုအခြေအနေ

ရွှေမာယခရမ်ရောဘာစက်ရုံ ၏ တစ်နှစ်အတွက်စွမ်းအင်လိုအပ်ချက်ကို အောက်ပါဇယားဖြင့် တင်ပြထားပါသည်။

စဉ်	စွမ်းအင်အမျိုးအမည်	ယူနစ်	တစ်နှစ်အသုံးပြုမှု	မှတ်ချက်
၁။	လျှပ်စစ်မော်တော်အား	kWh	၃,၉၀၀,၀၀၀	တစ်နှစ် စက်လည်ရက် (၂၅၀) ရက်ဖြင့် ခန့်မှန်း တွက်ချက်ထားပါသည်။
၂။	ဒီဇယ်ဆီ (လျှပ်စစ်ထုတ်စက်သုံး)	ဂါလံ	၂,၀၀၀	
၃။	ထင်းတုံး	တန်	၁၂၅၀	

(တ) လုပ်ငန်း၏စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအကျဉ်း

အခိုးအငွေ့စွန့်ပစ်ပစ္စည်းများ သို့မဟုတ် လေထုအတွင်းသို့ထုတ်လွှတ်မှုများနှင့် စီမံခန့်ခွဲမှု

စွန့်ပစ်ပစ္စည်း သို့မဟုတ် ထုတ်လွှတ်မှု	စီမံခန့်ခွဲမှု
* သယ်ယူပို့ဆောင်ရေးယာဉ်များမှ ထုတ်လွှတ်သောအခိုးအငွေ့အနံ့အသက်များ။	* မော်တော်ယာဉ်သုံးစွဲမှုစနစ်တကျစီမံခန့်ခွဲခြင်း၊ မော်တော်ယာဉ်အင်ဂျင်စွမ်းရည်မြင့်မားစေခြင်း။
* အရန်လျှပ်စစ်ထုတ်စက် မောင်းနှင်းရာမှ ထွက်ရှိသောအခိုးအငွေ့အနံ့အသက်များ။	* အရည်အသွေးကောင်းမွန်သော လောင်စာဆီများ အသုံးပြုခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း။
* ဓာတ်ငွေ့ယိုဖိတ်မှုများ။	* လျှပ်စစ်ထုတ်စက်တွင် အင်ဂျင်စွမ်းအင်မြင့်မားစေပြီး အရည်အသွေးကောင်းမွန်သော လောင်စာဆီများ အသုံးပြုခြင်း။
	* စက်ပြုပြင်မှုပုံမှန်ဆောင်ရွက်ခြင်း။
	* ထရန်စဖော်မာ၊လေအေးစက်များကိုပုံမှန်စက်ပြုပြင်ထိန်းသိမ်းခြင်း။
* ရာဘာကုန်ကြမ်းများမှအငွေ့ပျံနိုင်သောဒြပ်ပေါင်းများ။	* ခွက်ကပ်၊ ဆွဲဖတ် အစိမ်းပြား ကုန်ကြမ်းများကို အရင်ဝင်အရင်ထွက် အသုံးပြုပြီး အမိုးအကာ အောက်တွင် နေရောင်ကာများဖြင့် ကာရံထားခြင်း။
* ခရမ်းရာဘာထုတ်လုပ်ရန် လေပူမီးဖိုမှ လောင်ကျွမ်းအခိုးအငွေ့အနံ့အသက်များ။	* ရာဘာ ကုန်ကြမ်းများကို ခုတ်ထစ်ဖြတ်တောက် ကြိတ်ချေရာတွင် အပူမလွန်ကဲစေရန် ချိန်ဆဆောင်ရွက်ခြင်း။
* အခြောက်ခံကိရိယာမှ အငွေ့ပျံနိုင်သောဒြပ်ပေါင်းများ။	* လေပူ မီးဖိုတွင် ထင်းများ လောင်ကျွမ်းစေရာ၌ ပြီးပြည့်စုံမှု (complete combustion) ဖြစ်စေခြင်း။
* လေပူမီးပူမှထင်းမီးပြာလွင့်စင်မှုများ။	* လေပူဖြင့် အပူပေးခြောက်သွေ့ရာတွင် လိုအပ်သည် ထက်အပူချိန် မမြင့်မားစေခြင်း။
	* ပြာဖမ်းစနစ် စွမ်းရည်ပြည့်စေခြင်း။
	* လေပူဖြင့် ပါလာသော အနံ့များကို ရေဖျန်းသန့်စင်စနစ်ဖြင့် အနံ့များ လျော့နည်းရန်ဆောင်ရွက်ခြင်း။
* ရာဘာကုန်ချောများ၏ အနံ့အသက်များ။	* စက်ရုံတွင် ကုန်ချောပစ္စည်းများ စုပုံမနေစေရန် စီစဉ်ဆောင်ရွက်ခြင်း။
* ဝန်ထမ်းစားဖိုဆောင် မှအခိုးအငွေ့အနံ့အသက်များ	* မီးဖိုဆောင် လေဝင်လေထွက် ကောင်းစေခြင်း၊ ဖြစ်နိုင်ပါက ဝန်ထမ်းများ အလုပ်ချိန်နှင့် လွဲရောင်ချက်ပြုတ်ခြင်း။

စွန့်ပစ်ရည်များသို့မဟုတ်ရေထုအတွင်းသို့ထုတ်လွှတ်မှုများနှင့်စီမံခန့်ခွဲမှု

စွန့်ပစ်ပစ္စည်းသို့မဟုတ်ထုတ်လွှတ်မှု	စီမံခန့်ခွဲမှု
* ဝန်ထမ်းများနေ့စဉ်အသုံးပြုရာမှထွက်ရှိရေဆိုးများ။	* သန့်စင်ခန်းသုံးရေများသည် Septic tank များတွင်စုဆောင်းပြီးသဘာဝအလျောက်ပြိုကွဲခြင်း၊ လိုအပ်သည် ထက်ပိုမသုံးရန် စည်းရုံးပညာပေခြင်း။

* ခရမ်းရာဘာ(MSR-မြန်မာစတင်းဒတ်ရာဘာ) ထုတ်လုပ်ရာမှဆေးကြောရေများ။	* ဆေးကြောရည်များတွင် ရာဘာအပိုင်းအစများ မပါသွားစေရန်စစ်ယူခြင်း၊ အရည်ကြည်ကို စွန့်ပစ်ရည်သန့်စင်စနစ် တွင်ချဖျက်ခြင်း။
* ထရန်စဖော်မာ၊စက်ဆီ၊ချောဆီ၊ဘတ်ထရီ၊အက်ဆစ်မတော်တဆဖိတ်စင်မှုများ။	* ထရန်စဖော်မာဆီ၊ စက်ဆီချောဆီ၊ ဘက်ထရီ၊ အက်ဆစ်များ ဖြည့်တင်းလဲလှယ်ရာတွင် အယိုအဖိတ် မရှိရန် ဆောင်ရွက်ခြင်း။
* လေထုအတွင်းသို့ ရောက်ရှိသွားသည့် အခိုးအငွေ့ အမှုန်အမွှာများ မိုးရေတွင်ပျော်ဝင်ခြင်း၊ မိုးရေနှင့် အတူပါလာပြီး ရေထုအတွင်းရောက်ရှိခြင်း။	* လေထုအတွင်းသို့ အမှုန်အမွှား ထွက်ရှိမှုလျော့နည်းစေရန်ဆောင်ရွက်ခြင်း။
* ခရမ်းရာဘာထုတ်လုပ်ရာတွင်ရာဘာဆေးကြောရေဖိတ်စင်မှုများ။	* ရာဘာဆေးကြောရည်များကိုစွန့်ပစ်ရည်သန့်စင်ကိရိယာတွင်သန့်စင်ပြီးမှစွန့်ပစ်ခြင်း။
* ခရမ်းရာဘာအခြောက်ခံကိရိယာမှအခိုးအငွေ့များကို ရေဖျန်းသန့်စင်ရာမှပိုဖိတ်မှုများ။	* ရေဖျန်းချရေများကို ပိုဖိတ်မှုလျော့နည်းရန် ဆောင်ရွက်ခြင်း။
* စွန့်ပစ်ရည်သန့်စင်ကိရိယာမှစွန့်ထုတ်ရည်များ။	* စွန့်ပစ်ရည်သန့်စင်စနစ်မှစွန့်ပစ်ရည်များကို Guideline အတိုင်းကျရောက်စေခြင်း။
* ဝန်ထမ်းစားဖိုဆောင်မှထွက်ရှိသည့်စွန့်ပစ်ရည်များ။	* လိုအပ်သည်ထက်ပိုမသုံးရန်ဝန်ထမ်းစားဖို ဆောင်မီးဖို တွင်ပညာပေးစည်းရုံးခြင်း

အစိုင်းအခဲစွန့်ပစ်ပစ္စည်းများသို့မဟုတ်မြေထုအတွင်းသို့ထုတ်လွှတ်ခြင်းနှင့်စီမံခန့်ခွဲမှု

စွန့်ပစ်ပစ္စည်းသို့မဟုတ်ထုတ်လွှတ်မှု	စီမံခန့်ခွဲမှု
* လုပ်သားဝန်ထမ်းများ၏စွန့်ပစ်ပစ္စည်းများ။	* အဖုံးပါအမှိုက်ပုံးများဖြင့်စုဆောင်း၍စည်ပင်သာယာခွင့်ပြုသည့်နေရာတွင်စွန့်ပစ်ခြင်း။
* ရုံးလုပ်ငန်းသုံးအပျက်အစီးများ။	* စုဆောင်း၍ထုခွဲရောင်းချခြင်း၊ပြန်လည်အသုံးပြုခြင်း၊ စည်ပင်သာယာခွင့်ပြုသည့်နေရာတွင်စွန့်ပစ်ခြင်း။
* လေပူမီးပူမှထင်ပြာများ။	* လေပူမီးဖိုမှပြာများကိုသစ်ပင်များစိုက်ပျိုးရာတွင်အသုံးပြုခြင်း။
* ခရမ်းရာဘာထုတ်လုပ်ရာမှထွက်ရှိသည့်ရာဘာမဟုတ်သည့်အမှိုက်သရိုက်အညစ်အကြေးများ။	* စနစ်တကျစုစည်း၍စည်ပင်သာယာခွင့်ပြုသည့်နေရာတွင်စွန့်ပစ်ခြင်း။
* ကုန်ကြမ်း၊ ကုန်ချော ထုတ်အပိုးပစ္စည်းအပျက်အစီးများ။	* စစ်ယူခြင်း၊ ကောက်ယူခြင်း၊ ကုန်ကြမ်းအဖြစ် ပြန်လည်အသုံးပြုခြင်း။
* စွန့်ပစ်ရည်များတွင်ပါသွားသည့်ရာဘာအပိုင်းအစများ။	* စနစ်တကျစုဆောင်း၍ စည်ပင်သာယာရေးကော်မတီ ခွင့်ပြုသည့်နေရာတွင်စွန့်ပစ်ခြင်း။
* ဝန်ထမ်းစားသောက်ခန်းမှစွန့်ပစ်ပစ္စည်းများ	* စနစ်တကျစုဆောင်း၍ စည်ပင်သာယာရေးကော်မတီ ခွင့်ပြုသည့်နေရာတွင်စွန့်ပစ်ခြင်း။

(ထ) စွန့်ပစ်အစိုင်အခဲ(Solid waste)ထွက်ရှိမှုပမာဏ၊အမျိုးအစားအလိုက်ပါဝင်မှုနှင့်စီမံခန့်ခွဲမှု

ရွှေမာယခရမ်ရာဘာစက်ရုံ၏ စွန့်ပစ်အစိုင်အခဲ ထွက်ရှိမှုပမာဏ၊ အမျိုးအစားအလိုက်ပါဝင်မှုနှင့် စီမံခန့်ခွဲမှု စနစ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(တစ်နှစ်အခြေခံ)

စဉ်	စွန့်ပစ်အစိုင်အခဲအမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	ပါဝင်မှု	စီမံခန့်ခွဲမှု
၁။	**ကုန်ကြမ်းထုပ်ပိုးပစ္စည်းများ** -ထုံးအိတ်ခွံ။ -ပလပ်စတစ်အပိုင်းအစများ။	လုံး kg	၇၀၀ ၁၀၀	ပလပ်စတစ် +ထုံး	ထုခွဲရောင်းချ၊ပြန်သုံး၊ စည်ပင်သာယာခွင့်ပြုသည့်နေရာတွင်စွန့်ပစ်ပါသည်။
၂။	**ကုန်ချောထုပ်ပိုးပစ္စည်း** -ပလပ်စတစ်အိတ်။ (ထုတ်လုပ်စဉ်ပျက်စီးခြင်း)	kg	၂၅	ပလပ်စတစ်+ပုံနှိပ်မှင်	ရောင်းချ၊ပြန်သုံး၊စည်ပင်သာယာခွင့်ပြုသည့် နေရာတွင်စွန့်ပစ်ပါသည်။
၃။	**ထုတ်လုပ်စဉ်ထွက်ရှိမှု** -ဆေးကြောရေတွင် ပါဝင်သွားသော ရာဘာအပိုင်းအစများ။ -ရာဘာအခြောက်ခံရာတွင် ထွက်ရှိသော ရာဘာပိုင်းအစများ။ -ရာဘာချိန်တွယ်ရန်ဖြတ်တောက်ရာမှအပိုင်းအစများ။	kg	၁၀၀	ရာဘာ	ပြန်လည်စုယူ၊ကောက်ယူပြီးကုန်ကြမ်းအဖြစ်ပြန်သုံးပါသည်။
၄။	**ကုန်ကြမ်းတွင်ပါဝင်လာသော ရာဘာမဟုတ်သောပစ္စည်းများ**	kg	၅၀၀	သစ်သားစ၊ ပလပ်စတစ် အမှိုက်များ	စုဆောင်းပြီးစည်ပင်သာယာခွင့်ပြုသည့်နေရာတွင် စွန့်ပစ်ပါသည်။
၅။	**ရုံးလုပ်ငန်းသုံးပစ္စည်းအပျက်အစီးများ** -မီးလုံးမီးချောင်းအကျွမ်း၊အကွဲများ။ -စာရေးကိရိယာအဟောင်းအပျက်များ။	ပုံ	၁	ပလပ်စတစ်၊ စက္ကူ၊မှင်၊ ဖန်+သတ္တု	စုဆောင်းပြီးစည်ပင်သာယာခွင့်ပြုသည့်နေရာတွင် စွန့်ပစ်ပါသည်။
၆။	**ဝန်ထမ်းစားသောက်ခန်းမှစားကြွင်းစားကျန်၊ထုပ်ပိုးအခွံများ**	ပုံ	၁	ဆီ+ကာဘိုဟိုက်ဒရိတ်+ပရိုတင်း စက္ကူဖတ်ပလပ်စတစ်	စုဆောင်းပြီးစည်ပင်သာယာခွင့်ပြုသည့်နေရာတွင် စွန့်ပစ်ပါသည်။
၇။	**အထွေထွေစွန့်ပစ်ပစ္စည်းများ**	ပုံ	၁	ဖန်+ရာဘာ	ထုခွဲရောင်းချ၊ပြန်သုံး၊

	-ကားတာယာအဟောင်း။ -ဘက်ထရီအဟောင်း။ -အင်ဂျင်ဝိုင်၊စက်ဆီ၊ချောဆီပုံး ခွံများ။			အက်ဆစ် သတ္တု+မှင်	စည်ပင်သာယာခွင့်ပြု သည့်နေရာတွင်စွန့်ပစ် ပါသည်။
၈။	ထင်းမီးပြာ။	kg	၄၅၀~ ၅၀၀	ကာဗွန်	ရာဘာစိုက်ခင်းများတွင် သဘာဝမြေဩဇာအသုံး ပြုပါသည်။

(ဒ) စွန့်ထုတ်ရည်(Effluent)၊စွန့်ပစ်ရည်(Wastewater)ထွက်ရှိမှုပမာဏနှင့်စီမံခန့်ခွဲမှု

ရွှေမာယခရမ်းရာဘာစက်ရုံ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုများကြောင့် ထွက်ရှိသော စွန့်ထုတ်ရည် (Effluent) နှင့် စွန့်ပစ်ရည်(Wastewater)တို့၏ ပမာဏပါဝင်မှုများနှင့် စီမံခန့်ခွဲမှုစနစ်ကို အောက်ပါဇယား ဖြင့်တင်ပြအပ်ပါသည်။

(တစ်နှစ်အခြေခံ)

စဉ်	စွန့်ထုတ်ရည်နှင့် စွန့်ပစ်ရည်	ရေတွက်ပုံ	အရေ အတွက်	ပါဝင်မှု	စီမံခန့်ခွဲမှုစနစ်
၁။	ဝန်ထမ်းများအသုံးပြုရာမှ ထွက်ရှိသည့် စွန့်ပစ်ရည်	ဂါလံ	၁၆၅,၀၀၀	အညစ် အကြေးများ	Septic Tank များတွင် သဘာဝအလျောက် ပြိုကွဲ ခြင်း၊ ပြည့်လျှံလာပါက စည်ပင်သာယာရေး ကော်မတီထံအပ်နှံရှင်းလင်းပါ သည်။
၂။	စက်ပစ္စည်းကိရိယာများ ဆေးကြောရေ	ဂါလံ	၁,၂၀၀,၀၀၀	ရာဘာအပိုင်း အစများ	စွန့်ပစ်ရည်သန့်စင် ကိရိ ယာများဖြင့် သန့်စင်ခြင်း။
၃။	ရာဘာကြိတ်ချေ ဆေးကြောရေ	ဂါလံ	၂,၀၀၀,၀၀၀	ရာဘာအပိုင်း အစများ	စွန့်ပစ်ရည်သန့်စင် ကိရိ ယာများဖြင့် သန့်စင်ခြင်း။
၄။	ရာဘာအခြောက်ခံစက်မှ အငွေ့များဖျန်းချသန့်စင်ရေ	ဂါလံ	၂,၄၀၀,၀၀၀	ရာဘာ အနှံများ	စွန့်ပစ်ရည်သန့်စင် ကိရိ ယာများဖြင့် သန့်စင်ခြင်း။
၅။	စွန့်ပစ်ရည်သန့်စင်ဌာနမှ စွန့်ပစ်ရည်	ဂါလံ	၁,၂၀၀,၀၀၀	ပျော်ဝင် ပစ္စည်းများ၊ ဆီများ	စွန့်ပစ်ရည်သန့်စင် ကိရိ ယာများဖြင့် သန့်စင်ခြင်း။
၆။	ဝန်ထမ်းစားသောက်ခန်းမှ စွန့်ပစ်ရည်	ဂါလံ	၁၂၀,၀၀၀	ဆီ+စားကြွင်း စားကျန်	စစ်ယူစွန့်ပစ်ခြင်း။

(ဓ) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းပမာဏ၊အမျိုးအစားအလိုက်ပါဝင်မှုနှင့်စီမံခန့်ခွဲမှုစနစ်

ရွှေမာယခရမ်းရာဘာစက်ရုံ တွင် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများကို အောက်ပါအတိုင်း တင်ပြ အပ်ပါသည်။

(တစ်နှစ်အခြေခံ)

စဉ်	ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ	ရေတွက်ပုံ	အရေအတွက်	ပါဝင်မှု	စီမံခန့်ခွဲမှုစနစ်
၁။	မီးလုံး မီးချောင်း အကျမ်းအကွဲများ	kg	၅၀	ဖန်+သတ္တု	စည်ပင်သာယာခွင့်ပြုသည့်နေရာတွင်စွန့်ပစ်ပါသည်။
၂။	ဘက်ထရီအက်ဆစ်များ	လီတာ	၁၀	ဆာဖျူရစ်အက်ဆစ်	ထုခွဲရောင်းချခြင်း။
၃။	စွန့်ပစ်ရည်များ	ဂါလံ	၁,၂၀၀,၀၀၀	အော်ဂဲနစ်ဒြပ်ပေါင်းများ	စွန့်ပစ်ရည်သန့်စင် ကိရိယာများဖြင့် သန့်စင်ခြင်း။

(နှ) စီးဆင်းရေ(Storm Water) နှင့် ရေမြောင်းစနစ်(Drainage) အခြေအနေ



(ပ) ရေပေးဝေမှုစနစ်ပုံ



(ဖ) လမ်းပန်းဆက်သွယ်ရေး၊သယ်ယူပို့ဆောင်ရေး

ရွှေမာယခရမ့်ရာဘာစက်ရုံ ၏ ကုန်ကြမ်း၊ ကုန်ချော၊ စက်ပစ္စည်းကိရိယာ၊ စက်ဆီ၊ ချောဆီ အခြေအနေလမ်းကြောင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စဉ်	ကုန်ကြမ်း/ကုန်ချော	မှ	ထိ	သယ်ယူသည့်စနစ်
၁။	ရာဘာကုန်ကြမ်းများ၊ ခွက်ကပ်၊ဆွဲဖတ် အစိမ်းပြားများ	မုဒုံမြို့နယ် ရာဘာခြံများ	စက်ရုံ	မော်တော်ယာဉ်များ၊ ထော်လာဂျီများ၊ ယာဉ်ငယ်များ
၂။	ထုံးအိတ်များ	မုဒုံမြို့နယ်	စက်ရုံ	မော်တော်ယာဉ်များ
၃။	ပလပ်စတစ်အထုပ်အပိုးများ	မော်လမြိုင်	စက်ရုံ	မော်တော်ယာဉ်များ
၄။	ထင်းတုံးများ	မုဒုံမြို့နယ်	စက်ရုံ	မော်တော်ယာဉ်များ
၅။	စက်ဆီ၊ ချောဆီ လောင်စာများ	မုဒုံမြို့နယ်	စက်ရုံ	မော်တော်ယာဉ်များ
၆။	M.S.R ခရမ့်ရာဘာများ	စက်ရုံ	ရန်ကုန်	မော်တော်ယာဉ်များ

စက်ရုံပိုင် Forland ကား ခရမ့်ရာဘာသယ်ယူရန် (၃)စီး၊ ဝန်ထမ်းဖယ်ရီ (၁) စီး၊ Froklift (၁)စီး၊ Wheel Loader (၁)စီး အသုံးပြုလျက်ရှိပါသည်။

(ဇ) စက်ရုံကရရှိထားသည့်ခွင့်ပြုမိန့်မိတ္တူများနှင့် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ် တာဝန်ခံမည့်ပုဂ္ဂိုလ်

ရွှေမာယခရမ်ရာဘာစက်ရုံက ရရှိထားသည့် ခွင့်ပြုမိန့်မိတ္တူများနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ် တာဝန်ခံမည့်ပုဂ္ဂိုလ်နှင့် ငွေကြေးလျာထားချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	အကြောင်းအရာ
၁။	**စက်ရုံကရရှိထားသောခွင့်ပြုမိန့်များ** • **ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်** မ/ကြီး/၃၄၄ မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့်နေ့ရက် - ၃၁-၈-၂၀၂၁ **စက်ရုံအမည်အသစ်ဖြင့်သက်တမ်းတိုးမြှင့်ရန်ဆောင်ရွက်လျက်ရှိပါသည်။** • **မုဒုံမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဘေးအန္တရာယ်ဖြစ်စေတတ်သော လုပ်ငန်း (သို့မဟုတ်) စက်ဆုတ်ရွံ့ရှာဖွယ်ဖြစ်စေတတ်သော လုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဖြန့်ဖြူးတည်ခင်းရောင်းချခြင်း၊ သိုလှောင်ရုံလုပ်ငန်းလိုင်စင်၊ စားသောက် ဖွယ်ရာများ ပြုလုပ်ခြင်းနှင့် ရောင်းချခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်နှင့် အခြား လုပ်ငန်းများလိုင်စင်** လိုင်စင်အမှတ် - ၀၀၄၈၁ မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့်နေ့ရက် - ၃၀-၉-၂၀၂၀
၂။	**Metrial Safty Data Sheet** • ထုံးမှန့် • ဘတ္ထရီအက်ဆစ် • စက်ဆီချောဆီ • ဒီဇယ်ဆီ
၃။	**ငွေကြေးလျာထားမှုများ** ငွေကြေးလျာထားမှုများသည် သုံးစွဲရာတွင်လုံလောက်မှုမရှိပါက လုပ်ငန်းရှင် သို့မဟုတ် စက်ရုံတာဝန်ခံထံ ခွင့်ပြုမိန့်ထပ်မံ တောင်းခံသုံးစွဲပါမည်။ စက်ရုံပိတ်သိမ်းရာတွင်သုံးစွဲမည့်ငွေကြေး - ၆၂,၇၅၀,၀၀၀ ကျပ် လက်ရှိထိခိုက်မှုများအားလျော့ချရန်လျာထားငွေ - ၄,၅၆၀,၀၀၀ ကျပ် ပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ကာပွန်လျော့ ချရေးလျာထားမှု - ၆,၉၀၀,၀၀၀ကျပ်
၄။	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တာဝန်ခံမည့်ပုဂ္ဂိုလ် အမည် - ဦးနေဦး ရာထူး - စက်ရုံမန်နေဂျာ ဖုန်းနံပါတ် - ၀၉ - ၇၆၃၁၁၂၇၉၈

၁-၆။ လက်ရှိသဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်အကြောင်းအရာဖော်ပြချက်

၁-၆-က။ အသစ်ပြုစုထားသည့်လက်ရှိပတ်ဝန်းကျင်ဆိုင်ရာအခြေခံအချက်အလက်များ

ရွှေမာယာခရမ်းရာဘာစက်ရုံ တည်ရှိသည့် မုဒုံမြို့နယ်၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀)ရက်တွင် အသစ်ပြုစုထားသည့် ဒေသဆိုင်ရာအချက်အလက်များကိုကိုးကား၍ အောက်ပါခေါင်းစဉ်များဖြင့် တင်ပြထားပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် လေ့လာမည့်နယ်ပယ်မှာ စက်ရုံဝင်းအတွင်းနှင့် မုဒုံမြို့နယ်အတွင်း ဖြစ်ပါသည်။

၁-၆-က-(၁)။ ဒေသသမိုင်းအကျဉ်း

မုဒုံမြို့နယ်သည် မြို့ဟောင်းတစ်မြို့ဖြစ်ပါသည်။ မုဒုံမြို့၏အဓိပ္ပါယ်မှာ မွန်ဘာသာစကားလုံးအရ မြို့အစွန်ဖြစ်ပါသည်။ ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာန၏ (၂၇-၈-၁၉၇၃)ရက်စွဲပါ စာအမှတ် ၂/၁၇၆/အထ(၂)ဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအရ မုဒုံမြို့ကို ရပ်ကွက်(၄)ရပ်ကွက်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ (၃၀-၁၂-၁၉၇၂) ရက်စွဲပါစာအမှတ် ၃/၁၀/အထ(၂)ဖြင့် ကျေးရွာအုပ်စု(၄၈)အုပ်စု ကျေးရွာ(၅၅)ရွာဖြင့် ဖွဲ့စည်းထားပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ (၅-၂-၁၉၉၈) ရက်စွဲပါစာအမှတ်၊ ၁၀၀/၂၃-၁၇၃/ဦးဝဖြင့် မုဒုံမြို့နယ်မှ (ရိုးဂိုး၊ ဖားအောက်၊ ကော့ခမယ်၊ ကြာအင်း၊ နောင်ခရီး၊ ကော့ခနဲ) ကျေးရွာအုပ်စုတို့အား မော်လမြိုင်မြို့နယ်သို့ ထည့်သွင်းခဲ့သဖြင့် မုဒုံမြို့နယ်တွင် ရပ်ကွက်(၄)ရပ်ကွက်၊ ကျေးရွာအုပ်စု(၄၂)အုပ်စု၊ ကျေးရွာ(၅၅)ရွာဖြင့်ဖွဲ့စည်းထားပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၃-၃-၂၀၁၄) ရက်စွဲပါစာအမှတ် (၂၅၀/၂၀၁၄)ဖြင့် ကမာဝက်မြို့ကို ရပ်ကွက်(၅)ရပ်ကွက်ဖြင့် မြို့အဖြစ်တိုးမြှင့်ဖွဲ့စည်းလိုက်ပါသည်။ မုဒုံမြို့နယ် ဆက်သွယ်ကျေးရွာအုပ်စုတွင် အဘစ်ကျေးရွာတစ်ရွာအား (၅-၄-၂၀၁၆)ရက်နေ့ ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ (၁၁၃၉/၂၀၁၆)ဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သဖြင့် မုဒုံမြို့နယ်တွင် မြို့(၂)မြို့၊ ရပ်ကွက်(၉)ရပ်ကွက်၊ ကျေးရွာအုပ်စု(၃၃)အုပ်စု၊ ကျေးရွာ(၅၀)ရွာတည်ရှိပါသည်။ မုဒုံမြို့နယ်၏မြေပုံကို ပုံ (၅-၁) ဖြင့် ဖော်ပြထားပါသည်။

၁-၆-ခ။ ပထဝီဝင်အနေအထား

မုဒုံမြို့နယ်၏ ပထဝီဝင်အနေအထားကို အောက်ပါခေါင်းစဉ်များဖြင့် ဖော်ပြထားပါသည် -

၁-၆-ခ-(၁)။ တည်နေရာနှင့် အကျယ်အဝန်း

မုဒုံမြို့နယ်သည် မြန်မာနိုင်ငံတောင်ပိုင်းတွင်ရှိ၍ မွန်ပြည်နယ် မော်လမြိုင်ခရိုင်တွင်တည်ရှိပါသည်။ မုဒုံမြို့နယ်သည် မြောက်လတ္တီတွဒ် (၁၅)ဒီဂရီ (၅၇)မိနစ်နှင့် (၁၆) ဒီဂရီ (၂၅)မိနစ်အကြား အရှေ့လောင်ဂျီတွဒ် (၉၇)ဒီဂရီ (၃၅)မိနစ်နှင့် (၉၇)ဒီဂရီ (၅၃) မိနစ်အကြားတွင်တည်ရှိပါသည်။ မြို့နယ်၏ ဧရိယာအကျယ်အဝန်းမှာ (၃၁၄.၆၉) စတုရန်းမိုင်ဖြစ်ပြီး ကမာဝက်မြို့၏ အကျယ်အဝန်းမှာ (၂၂.၄၄) စတုရန်းမိုင်ဖြစ်ပါသည်။

၁-၆-ခ-(၂)။ နယ်နိမိတ်

မုဒုံမြို့နယ်၏အရှေ့ဘက်တွင် ကျိုက်မရောမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အနောက်ဘက်တွင် ချောင်းဆုံမြို့နယ်၊ တောင်ဘက်တွင် သံဖြူဇရပ်မြို့နယ်နှင့် မြောက်ဘက်တွင် မော်လမြိုင်မြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။

၁-၆-ခ-(၃)။ မြေမျက်နှာသွင်ပြင်

မုဒုံမြို့နယ်၏ အရှေ့ဘက်မှအနောက်ဘက်သို့ တဖြေးဖြေးညီညာစွာ နိမ့်ဆင်းလာပြီး ရပ်ကွက်/ကျေးရွာများသည် မြေပြန့်လွင်ပြင်များဖြစ်ပါသည်။

၁-၆-ခ-(၄)။ ရေဆင်း

မုဒုံမြို့နယ်အတွင်းရှိ ချောင်းများသည် အရှေ့မှအနောက်သို့ စီးဆင်းလျက်ရှိပြီး ဝဲကလိချောင်း၊ ကမာပတဲချောင်း၊ အဇင်းချောင်း၊ ကျံဖိုက်ချောင်း၊ ဝင်းဖနံချောင်း တို့တည်ရှိပါသည်။

၁-၆-ခ-(၅)။ ပင်လယ်ရေမျက်နှာပြင်အထက်

မုဒုံမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက်(၃၁) အထက်တွင်တည်ရှိပါသည်။ မြို့နယ်အတွင်း အမြင့်ဆုံးတောင်မှာ ကျိုက္ကမော့ကြီးတောင်ဖြစ်ပြီး အမြင့်ပေ (၁၈၇၅)ပေရှိပါသည်။ မြို့နယ်၏ အမြင့်ဆုံးဒေသမှာ မြို့မ(၄)ရပ်ကွက်ဖြစ်ပြီး၊ အနိမ့်ဆုံးဒေသမှာ ကင်းချောင်းကျေးရွာ ဖြစ်ပါသည်။

၁-၆-ခ-(၆)။ ရွှေမာယာခရမ်းရာဘာစက်ရုံ၏တည်နေရာ

ရွှေမာယာခရမ်းရာဘာစက်ရုံ၏ တည်နေရာကို အပိုဒ် (၄-၄)တွင် ဖော်ပြထားပြီးဖြစ်ပါသည်။

၁-၆-ဂ။ ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်

မုဒုံမြို့နယ်၏ ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်ကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

၁-၆-ဂ-(၁)။ ရာသီဥတု

မုဒုံမြို့နယ်တွင် ပူအိုက်စိုစွတ်သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၃၇.၀ ˚C) နှင့် အနိမ့်ဆုံးအပူချိန်မှာ(၁၄.၈ ˚C)ဖြစ်ပြီး ၂၀၂၀ပြည့်နှစ်တွင် မိုးရွာရက် ၁၁၃-ရက်၊ မိုးရေချိန် (၁၄၀.၂)လက်မဖြစ်ပြီး အမြင့်ဆုံးအပူချိန် (၃၈.၅ ˚C)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၃.၈ ˚C) ဖြစ်ပါသည်။

၁-၆-ဂ-(၂)။ သဘာဝပေါက်ပင်များ

မုဒုံမြို့နယ်အတွင်းပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ကျွန်းပင်၊ ကတိုးပင်၊ အင်ပင်၊ ယမနေ၊ သပြေ၊ ကညင်၊ သစ်ယာ၊ သက်ရင်း၊ ဘန့်ဘွေး၊ ဇင်ပြွန်း၊ သစ်စေး၊ ဖန်းခါးပင်များပေါက်ရောက်ပါသည်။

၁-၆-ဂ-(၃)။ တောရိုင်းတိရစ္ဆာန်များ

မုဒုံမြို့နယ်တွင် တွေ့ရသော တောရိုင်းတိရစ္ဆာန်များမရှိပါ။

၁-၆-ဂ-(၄)။ သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ

မုဒုံမြို့နယ်၏ လက်ရှိသဘာဝပတ်ဝန်းကျင် အခြေအနေမှာ သစ်တောဖုံးလွှမ်းမှု (၁၆.၆၂%) ရှိပါသည်။ မော်လမြိုင် (ထင်း)သစ်တော ကြိုးဝိုင်း (၄၁၁၂.၈၇) ဧကနှင့် ကျိုက္ကမော့ သစ်တောကြိုးဝိုင်း (၂၉၃၆၇.၇၃) ဧက၊ စုစုပေါင်း ကြိုးဝိုင်း (၃၃၄၈၁.၆၁) ဧက ရှိပါသည်။

၁-၆-ဂ-(၅)။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ

မုဒုံမြို့နယ်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ အတွက် ကြိုးဝိုင်းတော (၃၃၄၉၁.၈၆၈က) ထိန်းသိမ်းလျှက်ရှိပါသည်။ သစ်တောစိုက်ခင်း တည်ထောင်နိုင်မှုအနေဖြင့် တစ်နှစ်လျှင် ပြည်သူများစိုက်ပျိုးရန်အတွက် တစ်ရွာ တစ်ဧက ကသစ်မာ (ယူကလစ်) (၁၂၁၀)ပင် တစ်အိမ်ထောင် ကျွန်း(၃)ပင်၊ (၁၀၂၀၀)ပင်၊ သစ်မာ (ယူကလစ် ၂၀)ပင်မှာ (၂၀၀၀၀)ပင်၊ ဆက်သွယ်ရေး လမ်းဘေး ဝဲ/ယာ ကျွန်း (၁၅၀၀)ပင်၊ လူထုဖြန့်ပျိုးပင်မှာ (၁၈၉၃)ပင်၊ စုစုပေါင်း (၃၄၈၀၃)ပင်ကို အခမဲ့ဖြန့်ဝေ စိုက်ပျိုးလျှက်ရှိပါသည်။

၁-၆-ဂ-(၆)။ သဘာဝဘေးအန္တရာယ်ကျရောက်မှု

သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သော ကျေးရွာများမှာ ကင်းချောင်းကျေးရွာ၊ ကမာအုပ်ကျေးရွာ၊ ဝဲကလိကျေးရွာ၊ ကတုံးပေါ်ကျေးရွာ၊ ဘလောက်ညောင်ဝိုင်း ကျေးရွာတို့ဖြစ်ပြီး၊ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလကုန်အထိ သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စဉ်	အမျိုးအစား	ဖြစ်ပွားကြိမ်	သေ/ပျောက်ဆုံးရေ	အဆောက်အဦပျက်စီးမှု	ဆုံးရှုံးမှုတန်ဘိုး (ကျပ်သန်း)
၁။	မီးဘေး	၁	-	၁	-
၂။	ရေဘေး	၃	-	-	၀.၂၅
စုစုပေါင်း		၄	-	၁	၀.၂၅

၁-၆-ဃ။ မြေအသုံးချမှု

မုဒုံမြို့နယ်၏မြေအသုံးချမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

စဉ်	မြေအမျိုးအစား	ဧရိယာ(ဧက)
၁	အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း	၁၁၄၂၅၁
	(က) လယ်မြေဧရိယာ	၇၆၁၄၄
	(ခ) ယာမြေ	-
	(ဂ) ကိုင်း/ကျွန်းမြေ	-
	(ဃ) ဥယျာဉ်မြေ	၃၄၈၉၇
	(င) ခန်	၃၂၁၀
၂	လှပ်ထားမြေဧရိယာပေါင်း	၃၂၆၂
	(က) လယ်မြေဧရိယာ	၃၂၆၂
	(ခ) ယာမြေ	-
	(ဂ) ကိုင်း/ကျွန်းမြေ	-
	(ဃ) ဥယျာဉ်မြေ	-
	(င) ခန်	-
၃	စားကျက်မြေ	၄၀၁၁
၄	စက်မှုလုပ်ငန်းသုံးမြေ	၅၈၂
၅	မြို့မြေ	၁၄၃၆
၆	ရွာမြေ	၄၉၀၁
၇	အခြားမြေ	၈၈၇၆
၈	ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာ	၃၃၄၉၁
၉	တောရိုင်း	-
၁၀	မြေရိုင်း	၁၈
၁၁	စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ	၃၀၅၇၅
	စုစုပေါင်း	**၂၀၁၄၀၃**

၁-၆-င။ မြေအရည်အသွေးနှင့်ဓာတုပစ္စည်းပါဝင်မှု

ရွှေမာယာခရမ်းရာဘာစက်ရုံ၏ ပတ်ဝန်းကျင်မြေထုအရည်အသွေးကို သိရှိနိုင်ရန် စက်ရုံအတွင်း ထမင်းစားဆောင်ရှေ့မှ မြေကြီးနမူနာများကို ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၃)ရက်နေ့တွင် နမူနာရယူဓာတ်ခွဲစမ်းသပ်ခဲ့ပါသည်။ ယင်းမြေဓာတ်ခွဲရလဒ်များကို နောင်နှစ်များ၏ အခြေခံတန်ဘိုးအဖြစ် သတ်မှတ်ရန်ဖြစ်ကြောင်းနှင့် မြေနမူနာရယူသည့်ဓာတ်ပုံများ၊ နေရာဖော်ပြချက်၊ ဓာတ်ခွဲရလဒ်များကို အပိုဒ် ၅-၅ တွင် တင်ပြထားပါသည်။

၁-၆-စ။ ရေအရည်အသွေး

ရွှေမာယာခရမ်းရောဘာစက်ရုံ၏ ရေအရည်အသွေးကိုသိရှိနိုင်ရန် စက်ရုံအတွင်းရှိ အဝိစိတွင်း မှရေကို ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် နမူနာများရယူပြီး စိမ်းလန်းမြန်မာ ဓာတ်ခွဲခန်းနှင့် Ecological Laboratory ဓာတ်ခွဲခန်းတို့တွင် ဓာတ်ခွဲစမ်းသပ်ခဲ့ပါသည်။ ဓာတ်ခွဲစမ်းသပ်မှုရလဒ်များကို WHO(2011), EPA(Spring 2012) နှင့် Indian Specification (IS:10500,2012) များဖြင့် နှိုင်းယှဉ်ချက်များကို အပိုဒ် ၅-၆ တွင်ဖော်ပြထားပါသည်။

၁-၆-ဆ။ လေအရည်အသွေး

ရွှေမာယာခရမ်းရောဘာစက်ရုံ၏ လေအရည်အသွေးကိုသိရှိနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်

၁-၆-ဆ-(၁)။ ပတ်ဝန်းကျင်လေထုအရည်အသွေး

၁-၆-ဆ-(၂)။ လုပ်ငန်းခွင်လေထုအရည်အသွေး

၁-၆-ဆ-(၃)။ လေပူထုတ်မီးခိုးခေါင်းတိုင် emission gas အရည်အသွေး

၁-၆-ဆ-(၄)။ အရန်လျှပ်စစ်ထုတ်စက် emission gas အရည်အသွေး

၁-၆-ဆ-(၁)။ ပတ်ဝန်းကျင်လေထုအရည်အသွေး

ရွှေမာယာခရမ်းရောဘာစက်ရုံ၏ ပတ်ဝန်းကျင်လေထုအရည်အသွေးကို သိရှိနိုင်ရန် စက်ရုံရှေ့တွင် ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် Haz-Scanner™ Model-EPAS စက်ဖြင့် တိုင်းတာခဲ့ပါသည်။ တိုင်းတာသည့် စက်ကိရိယာပုံ၊ တိုင်းတာသည့်နေရာဖော်ပြချက်၊ တိုင်းတာရရှိသည့်ရလဒ်များ၊ ရလဒ်များနှင့် NEQ(E)G စံနှုန်းများတို့နှိုင်းယှဉ်ဖော်ပြချက်တို့ကို အပိုဒ် ၅-၇-ကတွင်တင်ပြထားပြီး NEQ(E)G နှင့် နှိုင်းယှဉ်ဖော်ပြချက်ကို ပူးတွဲတင်ပြထားပါသည်။

စက်ရုံဂိတ်ရှေ့တွင် လေထုအရည်အသွေးတိုင်းတာမှုရလဒ်များနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များတို့ နှိုင်းယှဉ်ဖော်ပြချက်ဇယား

စဉ်	Parameter	စက်ရုံဂိတ်ရှေ့လေအရည်အသွေးတိုင်းတာမှုရလဒ်များ	အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်တန်ဖိုးများ	လျော့/ပို	မှတ်ချက်
၁။	Nitrogen Dioxide µg/Nm^3	4.83	200 (တစ်နာရီ)	-195.17	
၂။	Ozone µg/Nm^3	34.28	100 (ရှစ်နာရီ)	-65.72	
၃။	Particulate Matter PM_{10} µg/Nm^3	95.62	50	+45.62	
၄။	Particulate Matter $PM_{2.5}$	40.83	25	+15.83	

	µg/Nm^3				
၅။	Sulfur Dioxide µg/Nm^3	0	500	-500	

စက်ရုံဂိတ်ရှေ့တွင် ပတ်ဝန်းကျင်လေထု အရည်အသွေးတိုင်းတာ၍ ရသည့် ရလဒ်များအရ အန္တရာယ်ဖြစ်စေနိုင်သည့် ဓာတ်ငွေ့များဖြစ်သည့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနောက်ဆိုဒ်၊ ဟိုက်ဒရိုကာဗွန်၊ ရေဒီယိုသတ္တိကြွ၊ အပူချိန်၊ volatile organic corbon(VOC)၊ လေတိုက်နှုန်း၊ လေတိုက်ရာအရပ်၊ စိုထိုင်းဆများ တိုင်းတာခဲ့ပါသည်။ တိုင်းတာမှုရလဒ်များအရ၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်သည် 4.83µg/m^3 ဖြစ်၍ စံနှုန်းသတ်မှတ်ချက်မှာ 200 µg/m^3 ဖြစ်သဖြင့် စံနှုန်းအတွင်းရှိနေပါသည်။ အမှုန်အမွှားပါဝင်မှု particulate matter PM_{10} မှာ 95.62 µg/m^3 ဖြစ်၍ စံနှုန်းသတ်မှတ်ချက်မှာ 50 µg/m^3 ဖြစ်သဖြင့် 45.62µg/m^3 ပိုမိုများပြားနေပါသည်။ အမှုန်အမွှားပါဝင်မှု particulate matter $PM_{2.5}$ မှာ 40.83 µg/m^3 ဖြစ်၍ စံနှုန်းသတ်မှတ်ချက်မှာ 25 µg/m^3 ဖြစ်သဖြင့် စံနှုန်းသတ်မှတ်ချက်ထက် 15.83 µg/m^3 ပိုမိုများပြားနေပါသည်။ အိုဇုန်း နှင့် ဆာလဖာဒိုင်အောက်ဆိုဒ်မှာ စံနှုန်းအတွင်းရှိနေပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုမှာ 370.2 ppm၊ ကာဗွန်မိုနောက်ဆိုဒ်ပါဝင်မှုမှာ 0.17 mg/m^3၊ တိုင်းတာသည့်အချိန်တွင် အပူချိန်မှာ 27°C၊ Volatile organic compound (VOC) မှာ 0 ppm နှင့် အသံဆူညံမှုမှာ နေ့အချိန်တွင် 59.56 dBA နှင့် ညအချိန်တွင် 62.74 dBA ဖြစ်ပါသည်။

၁-၆-ဆ-(၂)။ လုပ်ငန်းခွင်လေထုအရည်အသွေး

ရွှေမာယခရမ်းရာဘာစက်ရုံ၏ လုပ်ငန်းခွင်လေထုအရည်အသွေးကို သိရှိနိုင်ရန် နေရာ(၁) **ရာဘာစိမ်ကန်အနီး**၊ နေရာ(၂) **ရာဘာကြိတ်ချေဖြတ်တောက်ကန်အနီး**၊ နေရာ(၃) **အခြောက်ခံကိရိယာအထွက်**၊ နေရာ(၄) **ကုန်ချောထုပ်ပိုးနေရာ**၊ နေရာ(၅) **ကုန်ကြမ်းသိုလှောင်ရုံ**နေရာတို့တွင် ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၃)ရက်နေ့တွင် လေနမူနာများ တိုင်းတာခဲ့ပါသည်။ တိုင်းတာသည့်စက်ကိရိယာများမှာ MX-6, Aeroqual Series 500, Sound Level Meter တို့ဖြင့်တိုင်းတာခဲ့ပါသည်။ တိုင်းတာသည့် စက်ပစ္စည်းကိရိယာများ၊ တိုင်းတာနေသည့် ဓာတ်ပုံမှတ်တမ်းများ၊ တိုင်းတာသည့်နေရာဖော်ပြချက်၊ တိုင်းတာမှုတန်ဖိုးများ၊ တိုင်းတာရရှိသည့် တန်ဖိုးများနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပါ စံနှုန်းတို့ နှိုင်းယှဉ်ဖော်ပြချက်များတို့ကို အပိုဒ် ၅-၇-ခတွင် ပူးတွဲဖော်ပြထားပါသည်။ လုပ်ငန်းခွင်လေထုအရည်အသွေး တိုင်းတာမှုရလဒ်များနှင့် NEQ(E)G စံနှုန်းများတို့နှိုင်းယှဉ်ဖော်ပြချက်ကို အောက်ပါအတိုင်းတင်ပြထားပါသည်။

ရာဘာစိမ်ကန်အနီးနေရာတွင်လေအရည်အသွေးတိုင်းတာမှုရလဒ်များနှင့်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များတို့နှိုင်းယှဉ်ဖော်ပြချက်ဇယား

စဉ်	Parameter	ရာဘာစိမ်ကန်အနီး နေရာ	အမျိုးသားပတ်ဝန်း ကျင်ဆိုင်ရာအရည် အသွေး	လျော့/ပို	မှတ်ချက်

		လေအရည်အသွေး တိုင်းတာမှုရလဒ်များ	(ထုတ်လွှတ်မှု) လမ်းညွှန်ချက်တန်ဖိုး များ		
၁။	VOC (ppm)	1.5	-	-	
၂။	Particulate Matter PM_{10} $\mu g/Nm^3$	76	50	+26	
၃။	Particulate Matter $PM_{2.5}$ $\mu g/Nm^3$	54	25	+29	
၄။	Noise (dBA)	83.6	70	+13.6	

ရာဘာကြိတ်ချေဖြတ်တောက်ကန်အနီးနေရာတွင်လေအရည်အသွေးတိုင်းတာမှုရလဒ်များနှင့်အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များတို့နှိုင်းယှဉ်ဖော်ပြချက်ဇယား

စဉ်	Parameter	ရာဘာကြိတ်ချေဖြတ် တောက်ကန်အနီး နေရာ လေအရည်အသွေး တိုင်းတာမှုရလဒ်များ	အမျိုးသားပတ်ဝန်း ကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်တန်ဖိုးများ	လျော့/ပို	မှတ်ချက်
၁။	VOC (ppm)	1	-	-	
၂။	Particulate Matter PM_{10} $\mu g/Nm^3$	73	50	+23	
၃။	Particulate Matter $PM_{2.5}$ $\mu g/Nm^3$	52	25	+27	
၄။	Noise (dBA)	92.1	70	+22.1	

အခြောက်ခံကိရိယာအထွက်နေရာတွင်လေအရည်အသွေးတိုင်းတာမှုရလဒ်များနှင့်အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များတို့နှိုင်းယှဉ်ဖော်ပြချက်ဇယား

စဉ်	Parameter	အခြောက်ခံကိရိယာ အထွက်နေရာ လေအရည်အသွေး တိုင်းတာမှုရလဒ်များ	အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည် အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်တန်ဖိုးများ	လျော့/ပို	မှတ်ချက်
၁။	VOC (ppm)	1.4	-	-	
၂။	Particulate Matter PM_{10} $\mu g/Nm^3$	85	50	+35	
၃။	Particulate Matter $PM_{2.5}$ $\mu g/Nm^3$	63	25	+38	

၄။	Noise (dBA)	82.5	70	+12.5	

ကုန်ချောထုပ်ပိုးနေရာတွင်လေအရည်အသွေးတိုင်းတာမှုရလဒ်များနှင့်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များတို့နှိုင်းယှဉ်ဖော်ပြချက်ဇယား

စဉ်	Parameter	ကုန်ချောထုပ်ပိုးနေရာ လေအရည်အသွေး တိုင်းတာမှုရလဒ်များ	အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည် အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်တန်ဖိုးများ	လျော့/ပို	မှတ်ချက်
၁။	VOC (ppm)	0.8	-	-	
၂။	Particulate Matter PM_{10} $\mu g/Nm^3$	65	50	+15	
၃။	Particulate Matter $PM_{2.5}$ $\mu g/Nm^3$	49	25	+24	
၄။	Noise (dBA)	86	70	+16	

ကုန်ကြမ်းသိုလှောင်ရုံနေရာတွင်လေအရည်အသွေးတိုင်းတာမှုရလဒ်များနှင့်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များတို့နှိုင်းယှဉ်ဖော်ပြချက်ဇယား

စဉ်	Parameter	ကုန်ကြမ်းသိုလှောင်ရုံ နေရာ လေအရည်အသွေး တိုင်းတာမှုရလဒ်များ	အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည် အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်တန်ဖိုးများ	လျော့/ပို	မှတ်ချက်
၁။	VOC (ppm)	3.9	-	-	
၂။	Particulate Matter PM_{10} $\mu g/Nm^3$	97	50	+47	
၃။	Particulate Matter $PM_{2.5}$ $\mu g/Nm^3$	78	25	+53	
၄။	Noise (dBA)	69.7	70	-0.3	

၁-၆-ဆ-(၃)။ လေပူထုတ်မီးခိုးခေါင်းတိုင် emission gas အရည်အသွေး

ရွှေမာယခရမ်းရာဘာစက်ရုံတွင် ရာဘာအခြောက်ခံရာတွင် အသုံးပြုရန်လေပူကို ထင်းမီးဖိုး(၂)ခုမှ ရယူအသုံးပြုပါသည်။ ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၃)ရက်နေ့တွင် စိမ်းလန်းမြိန်မာပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီလိမိတက်ဝန်ထမ်းများက လေပူထုတ်

ခေါင်းတိုင် emission gas များ၏ အရည်အသွေးကို တိုင်းတာခဲ့ပါသည်။ တိုင်းတာရရှိသည့်ရလဒ်များ၊ တိုင်းတာနေသည့်ဓာတ်ပုံမှတ်တမ်းများ၊ တိုင်းတာရရှိသည့်ရလဒ်များနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါစံနှုန်းများ တို့နှိုင်းယှဉ်ချက်များကို အပိုဒ် ၅-၇-ဂ တွင် ပူးတွဲဖော်ပြထားပါသည်။

ရွှေမာယခရမ့်ရာဘာစက်ရုံ လေပူထုတ်မီးခိုးခေါင်းတိုင် လောင်ကျွမ်းဓာတ်ငွေ့တိုင်းတာမှုရလဒ်များနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များကို နှိုင်းယှဉ်ဖော်ပြချက်ဇယား

စဉ်	Parameters	ယူနစ်	လေပူထုတ် မီးခိုးခေါင်းတိုင် လေအရည်အသွေး တိုင်းတာမှုရလဒ်များ	အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်	လျော့/ပို	မှတ် ချက်
၁။	ကာဗွန်ဒိုင်အောက်ဆိုဒ်	%	3.78	-	-	
၂။	အောက်ဆီဂျင်	%	16.2	-	-	
၃။	ကာဗွန်မိုနောက်ဆိုဒ်	mg/Nm^3	431	-	-	
၄။	နိုက်ထြိုဂျင်ဒိုင်အောက်ဆိုဒ်	mg/Nm^3	5	-	-	
၅။	ဆာလဖာဒိုင်အောက်ဒိုဒ်	mg/Nm^3	17	2000	-1983	

၁-၆-ဆ-(၄)။ အရန်လျှပ်စစ်ထုတ်စက် emission gas အရည်အသွေး

ရွှေမာယခရမ့်ရာဘာစက်ရုံတွင် လျှပ်စစ်မောတ်အား လိုအပ်သည့်အချိန်တွင် အသုံးပြုရန် အရန်လျှပ်စစ်ထုတ်စက် 500kVA(၂)လုံးရှိပါသည်။ လျှပ်စစ်မောတ်အားပြတ်တောက်သည့်အချိန်တွင် အရန်အဖြစ်အသုံးပြုပါသည်။ လျှပ်စစ်ထုတ်စက်ကို စမ်းသပ်မောင်းနှင်ပြီး Emission Gas ၏အရည်အသွေးကို ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ၃-ရက်နေ့တွင် တိုင်းတာခဲ့ရာရရှိသည့်ရလဒ်များ၊ ယင်းရလဒ်များနှင့် အမျိုးသားပတ်ဝန်းကျင်ရေးရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါတန်ဘိုး နှိုင်းယှဉ်ဖော်ပြမှုဇယားတို့ကို အပိုဒ် ၅-၇-ဃ တွင် ပူးတွဲတင်ပြအပ်သည်။

ရွှေမာယခရမ့်ရာဘာစက်ရုံ လျှပ်စစ်ထုတ်စက် Emission Gas ဓာတ်ခွဲရလဒ်များနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို နှိုင်းယှဉ်ဖော်ပြချက်ဇယား

စဉ်	Parameters	ယူနစ်	လျှပ်စစ်ထုတ်စက် Emission Gas ဓာတ်ခွဲရလဒ်များ	အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်	လျော့/ပို	မှတ် ချက်
၁။	ကာဗွန်ဒိုင်အောက်ဆိုဒ်	%	1.67	-	-	
၂။	အောက်ဆီဂျင်	%	18.4	-	-	

၃။	ကာဗွန်မိုနောက်ဆိုဒ်	mg/Nm^3	812	-	-	
၄။	နိုက်ထြိုဂျင်ဒိုင်အောက်ဆိုဒ်	mg/Nm^3	2	1600~1850	-1598	
၅။	ဆာလဖာဒိုင်အောက်ဆိုဒ်	mg/Nm^3	76	3% (38.g/m^3)	-1882	

၁-၆-၈။ ဆူညံသံ

အဆိုပါစက်ရုံ၏ ဆူညံသံများကို သိရှိနိုင်ရန် ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလ(၃)ရက်နေ့တွင် စက်ရုံ ဂိတ်ရှေ့တွင်လည်းကောင်း၊ ရာဘာစိမ်ကန်အနီး၊ ရာဘာကြိတ်ချေဖြတ်တောက်ကန်အနီး၊ အခြောက်ခံကိရိယာအထွက်၊ ကုန်ချောထုပ်ပိုးနေရာ၊ ကုန်ကြမ်းသိုလှောင်ရုံနေရာများတို့တွင် ပတ်ဝန်းကျင်လေထုတိုင်းတာချိန်နှင့် လုပ်ငန်းခွင်လေထုတိုင်းတာစဉ် အချိန်တို့တွင် ဆူညံသံများကို လည်းတိုင်းတာခဲ့ပါသည်။ အသံဆူညံမှုတိုင်းတာသည့်ကိရိယာပုံ၊ အသံဆူညံမှုတိုင်းတာခြင်းရလဒ်ကို အပိုဒ် ၅-၈တွင် ဖော်ပြထားပါသည်။

ရွှေမာယခရမ်းရာဘာစက်ရုံ ပတ်ဝန်းကျင်အပေါ် နှင့်လုပ်ငန်းခွင်အတွင်းရှိဆူညံသံများတိုင်းတာရရှိမှုနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါစံနှုန်းများနှင့် နှိုင်းယှဉ်ဖော်ပြချက်ဇယား

စဉ်	Parameter	ယူနစ်	ဆူညံသံတိုင်းတာမှု ရလဒ်များ	အမျိုးသားပတ်ဝန်း ကျင်ဆိုင်ရာအရည် အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်တန်ဖိုးများ	လျော့/တို	မှတ် ချက်
၁။	**စက်ရုံဂိတ်ရှေ့နေရာ** ဆူညံသံ	 dBA dBA	 59.56 နိမ့် 62.74 မြင့်	 70 70	 -10.44 -7.26	
၂။	**ရာဘာစိမ်ကန်အနီးနေရာ** ဆူညံသံ	dBA	83.6	70	+13.6	
၃။	**ရာဘာကြိတ်ချေဖြတ်တောက် အနီးနေရာ** ဆူညံသံ	dBA	92.1	70	+20.1	
၄။	**အခြောက်ခံကိရိယာအထွက် နေရာ** ဆူညံသံ	dBA	82.5	70	+12.5	
၅။	**ကုန်ချောထုပ်ပိုးနေရာ** ဆူညံသံ	dBA	86	70	+16	
၆။	**ကုန်ကြမ်းသိုလှောင်ရုံနေရာ** ဆူညံသံ	dBA	69.7	70	-0.3	

၁-၆-စျ။ အနှံ့

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် ပတ်ဝန်းကျင်လေထု အရည်အသွေး တိုင်းတာရာတွင် လည်းကောင်း၊ လုပ်ငန်းခွင် လေထုအရည်အသွေး တိုင်းတာရာတွင်လည်းကောင်း၊ တိုင်းတာသည့် ဝန်ထမ်းများက အနှံ့အသက်များအခြေအနေကို သိရှိနိုင်ရန်ဆန်းစစ်ခဲ့ပါသည်။ ယင်းတို့၏ တင်ပြ ချက်အရ အချို့နေရာများတွင် အနှံ့အသက်ရှိသော်လည်း ထိခိုက်မှုမရှိကြောင်း အပိုဒ် ၅-၉ တွင် တင်ပြထားပါသည်။

၁-၆-ည။ ဇီဝမျိုးစုံမျိုးကွဲ၊ ဂေဟစနစ်နှင့်ရေစီးရေလာ

ရွှေမာယာခရမ်းရာဘာစက်ရုံ သည် ၂၀၁၇ ခုနှစ်တွင် စတင်တည်ဆောက်ခြင်း၊ ၂၀၁၈ ခုနှစ် တွင်စက်စမ်းသပ်လည်ပတ်ခြင်း၊ စီးပွားဖြစ်ထုတ်လုပ်ခြင်းများ ဆောင်ရွက်ခဲ့သော စက်ရုံဖြစ်ပါသည်။ ယင်းစက်ရုံ၏ ထုတ်လွှတ်မှုများတို့သည် နိုင်ငံတော်က သတ်မှတ်ထားသည့် အမျိုးသားပတ်ဝန်း ကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်း ကျရောက်ပါက ဂေဟစနစ် ကို မထိခိုက်နိုင်ပါ။

၁-၆-ဋ္ဌ။ လုပ်ငန်းအနီးပတ်ဝန်းကျင်ရှိလူမှုရေးပတ်ဝန်းကျင်

ရွှေမာယာခရမ်းရာဘာစက်ရုံ တည်ရှိသည့် မုဒုံမြို့နယ်၏ လူမှုရေးပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို အောက်ပါခေါင်းစဉ်ဖြင့် တင်ပြအပ်ပါသည် -

၁-၆-ဋ္ဌ-(၁)။ လူမှုရေးဆိုင်ရာအချက်အလက်များ

၁-၆-ဋ္ဌ-(၂)။ စီးပွားရေးဆိုင်ရာအချက်အလက်များ

၁-၆-ဋ္ဌ-(၃)။ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာအချက်အလက်များ

၁-၆-ဋ္ဌ-(၁)။ လူမှုရေးဆိုင်ရာအချက်အလက်များ

မုဒုံမြို့နယ်၏ လူမှုရေးဆိုင်ရာအချက်အလက်များအဖြစ်

- **ပညာရေးကဏ္ဍ**တွင် - အဆင့်မြင့်ပညာ၊ အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်းများ၊ အခြေခံပညာမူလတန်းကျောင်းများ၊ မူလတန်းကြိုကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတို့၏ အရေအတွက်၊ ဆရာ/ဆရာမဦးရေ၊ ကျောင်းသားဦးရေ၊ ဆရာနှင့်ကျောင်းသား အချိုးများတို့ကို တင်ပြထားပါသည်။ ထို့ပြင် ကျောင်းနေအရွယ်ကလေး များကျောင်းအပ်နှံမှု၊ တက္ကသိုလ်ဝင်တန်းအောင်မြင်မှု စာတက်မြောက်မှု ရာခိုင်နှုန်း၊ သင်ကြားမှု၊ သင်ယူမှု၊ အထောက်အကူပြုသင်တန်းများ ဖွင့်လှစ် နိုင်မှုအခြေအနေများကို တင်ပြထားပါသည်။

- **ကျန်းမာရေးကဏ္ဍတွင်-** ဆေးရုံများ၊ဆေးပေးခန်းများ၊ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ၊ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု၊ ဒေသအတွင်း အများဆုံးဖြစ်တတ်သောရောဂါများ၊ HIV/AIDS ရောဂါဖြစ်ပွား/ သေဆုံးဦးရေ၊ ကျန်းမာရေးဆိုင်ရာညွှန်းကိန်းများ၊ လူမှုရေးအသင်းအဖွဲများ၊ အားကစားဖျော်ဖြေရေးကဏ္ဍများ တို့ကို တင်ပြထားပါသည်။
- **အားကစားဖျော်ဖြေရေးကဏ္ဍများ -** မုဒုံမြို့နယ်ရှိအားကစားနှင့်ဖျော်ဖြေရေးလုပ်ငန်းများကို တင်ပြထားပါသည်။

၁-၆-၄-(၂)။ စီးပွားရေးဆိုင်ရာအချက်အလက်များ

မုဒုံမြို့နယ်၏ စီးပွားရေးဆိုင်ရာ အချက်အလက်များအဖြစ် - စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ တစ်ဦးချင်းဝင်ငွေ၊ အလုပ်လုပ်နိုင်သူဦးရေနှင့် အလုပ်လက်မဲ့ဦးရေတို့ကို တင်ပြထားပါသည်။

၁-၆-၄-(၃)။ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာအချက်အလက်များ

မုဒုံမြို့နယ်၏ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အချက်အလက်များအဖြစ် - ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦများနှင့် သာသနာဝင်ပုဂ္ဂိုလ်များ၊ သာသနိကအဆောက်အဦများ၊ ရဟန်းသံဃာနှင့်သီလရှင်များ၊ ထင်ရှားသည့်ဘုရားစေတီနှင့်ပုထိုးများ၊ ထင်ရှားသည့် ဘုန်းတော်ကြီးကျောင်းများ၊ အခြားဘာသာရေး အဆောက်အဦများ၊ သမိုင်းဝင်ထင်ရှားသော အဆောက်အဦနှင့်နေရာများတို့ကို တင်ပြထားပါသည်။

၁-၇။ ထိခိုက်မှုများကိုသတ်မှတ်ဖော်ထုတ်ခြင်းနှင့်လျော့နည်းစေရေးနည်းလမ်းများ

ရွှေမာယာခရမ်းရာဘာစက်ရုံ သည် **ခွက်ကပ်** (CUP LUMP)၊ **ဆွဲဖတ်** (Treelace)၊ **ရာဘာအစိမ်းပြားများ (Unsmoked Sheet)** တို့ကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြုပြီး ခရမ်းရာဘာ မြန်မာစတင်းဒတ်ရာဘာ (M.S.R မြန်မာစတင်းဒတ်ရာဘာ) ထုတ်လုပ်ဖြန့်ဖြူးသော စက်ရုံဖြစ်ပါသည်။ ယင်းစက်ရုံ၏ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ်တွင် သက်ရောက်မှုများ တစ်နည်းအားဖြင့် လေထု၊ ရေထု၊ မြေထုအတွင်းသို့ ထုတ်လွှတ်မှုများ ပတ်ဝန်းကျင်သို့ သက်ရောက်စေမည့် ဆူညံသံများ၊ အနံ့အသက်များတို့ကို တင်ပြသွားမည်ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် ဘေးအန္တရာယ်ရှိပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများနှင့် ထိခိုက်မှုများအား လျော့ချမည့်နည်းလမ်းနှင့် နည်းပညာများ၊ လျော့ချပြီးနောက် လျော့နည်းနိုင်မှုများကို ခန့်မှန်းတွက်ချက်ခြင်း၊ လုပ်ငန်းများမှ ရေထု၊ လေထုသို့ ထုတ်လွှတ်အရာဝတ္ထုများ၊ ဆူညံသံများနှင့်စပ်လျဉ်း၍ လိုက်နာရမည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ဆူညံသံသတ်မှတ် စံနှုန်းများတို့ကိုလည်းကောင်း တင်ပြထားပါသည်။

၁-၇-က။ ထုတ်လွှတ်မှုများ

၁-၇-က-(၁)။ လေထုအတွင်းသို့ထုတ်လွှတ်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ၏ လေထုအတွင်းသို့ ထုတ်လွှတ်မှုများအဖြစ် သယ်ယူပို့ဆောင်ရေးယာဉ်များမှ ထွက်ရှိသောမာတ်ဒွေများ၊ အရန်လျှပ်စစ်ထုတ်စက် မောင်းနှင်ရာမှထွက်ရှိသောမာတ်ဒွေများ၊ မာတ်ဒွေယိုစိမ့်မှုများ၊ ရာဘာကုန်ကြမ်းများမှ အငွေ့ပျံနိုင်သောဒြပ်ပေါင်းများ၊ ခရမ်းရာဘာထုတ်ရန်လေပူမီးဖိုမှမီးခိုးများ၊ အခြောက်ခံကိရိယာမှ အငွေ့ပျံနိုင်သောဒြပ်ပေါင်းများ၊ ဝန်ထမ်းစားဖိုဆောင်တွင် ချက်ပြုတ်ရာမှထွက်ရှိသည့် အခိုးအငွေ့များတို့ဖြစ်ကြပါသည်။

၁-၇-က-(၂)။ ရေထုအတွင်းသို့ထုတ်လွှတ်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ၏ ရေထုအတွင်းသို့ထုတ်လွှတ်မှုများအဖြစ် ဝန်ထမ်းများနေ့စဉ်အသုံးပြုရာမှ ထွက်ရှိသောရေဆိုးများ၊ ခရမ်းရာဘာထုတ်လုပ်ရာမှ ဆေးကြောရေများ၊ ထရန်စဖော်မာဆီမတော်တဆဖိတ်စင်မှုများ၊ လေထုအတွင်းသို့ရောက်ရှိသွားသည့် အခိုးအငွေ့များနှင့်အမှုန်အမွှားများ၊ မိုးရေတွင်ပျော်ဝင်ခြင်း၊ မိုးရေနှင့်အတူပါလာပြီး ရေထုအတွင်းသို့ ရောက်ရှိလာသည့်အရည်များ၊ ခရမ်းရာဘာအခြောက်ခံကိရိယာမှ အငွေ့သန့်စင်ရာမှထွက်ရှိသည့်ရေများ၊ စွန့်ပစ်ရည်သန့်စင်ဌာနမှဖိတ်စင်မှုများ၊ ဝန်ထမ်း စားဖိုဆောင်မှထွက်ရှိသည့် စွန့်ပစ်ရည်များတို့ဖြစ်ကြပါသည်။

၁-၇-က-(၃)။ မြေထုအတွင်းသို့ထုတ်လွှတ်မှုများ

အဆိုပါစက်ရုံ၏ ခရမ်းရာဘာ(MSR-မြန်မာစတင်းဒတ်ရာဘာ) ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများလုပ်ဆောင်မှုကြောင့် ပတ်ဝန်းကျင်မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်မှုများကို အောက်ပါအတိုင်းတင်ပြအပ်ပါသည် -

- လုပ်သားဝန်ထမ်းများ၏စွန့်ပစ်ပစ္စည်းများ
- ရုံးလုပ်ငန်းသုံးပစ္စည်းအပျက်အစီးများ
- ခရမ်းရာဘာထုတ်လုပ်ရာမှထွက်ရှိသည့် ရာဘာမဟုတ်သည့် အမှိုက်သရိုက်အညစ်အကြေးများ
- ရေထုလေထုများမှတဆင့်ရောက်ရှိလာသောထုတ်လွှတ်မှုများ
- ကုန်ကြမ်းကုန်ချောထုပ်ပိုးအပျက်အစီးများ
- ဝန်ထမ်းစားဖိုဆောင်မှထွက်ရှိသောစွန့်ပစ်အစိုင်အခဲများတို့ဖြစ်ပါသည်။

၁-၇-က-(၄)။ ဆူညံသံများ၊ တုန်ခါမှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် ကုန်ထုတ်လုပ်မှု ဖြန့်ဖြူးရောင်းချမှုများကြောင့် ဆူညံသံတုန်ခါမှုများကို ကုန်ကြမ်း၊ ကုန်ချော သယ်ယူပို့ဆောင်သောယာဉ်များ မောင်းနှင်မှုများကြောင့်လည်းကောင်း၊ လျှပ်စစ်မာတ်အားပေးစက်များ မောင်းနှင်မှုများကြောင့်လည်း

ကောင်း၊ ခရမ့်ရာဘာထုတ်လုပ်ရန် စက်ပစ္စည်းမောင်းနှင်မှုများကြောင့် တို့ဖြစ်ပေါ် ကြောင်း တင်ပြထားပါသည်။

၁-၇-က-(၅)။ အနှံ့အသက်များ

ရွှေမာယခရမ့်ရာဘာစက်ရုံ၏ ကုန်ထုတ်ဖြန့်ဖြူးမှုများကြောင့် အနံအသက်များ အဖြစ် မော်တော်ယာဉ် အိပ်ဇောပိုက်များမှအနံ့အသက်များ၊ wheal Loader အိပ်ဇောပိုက် မှအနံ့အသက်များ၊ အရန်လျှပ်စစ်ထုတ်စက်အိပ်ဇောပိုက်မှ အနံ့အသက်များ၊ ရာဘာကုန် ကြမ်းများ၏အနံ့အသက်များ၊ ခရမ့်ရာဘာထုတ်လုပ်ရန် လေပူမီးဖိုမှ လောင်ကျွမ်းနံ့များ၊ ခရမ့်ရာဘာထုတ်လုပ်ရန် အခြောက်ခံကိရိယာမှရာဘာနံ့များ၊ ဝန်ထမ်းစားဖိုဆောင်မှ အနံ့အသက်များတို့ကို ဖော်ပြထားပါသည်။

၁-၇-ခ။ ဘေးအန္တရာယ်ရှိပစ္စည်းများနှင့်စွန့်ပစ်ပစ္စည်းများ

ရွှေမာယခရမ့်ရာဘာစက်ရုံ တွင် ဘေးအန္တရာယ်ရှိပစ္စည်းများအဖြစ် -

- ထုံးမှုန့်
- ဘက်ထရီအက်ဆစ်
- စက်ဆီချောဆီ
- ဒီဇယ်ဆီ တို့ကို ဖော်ပြထားပြီး၊

အန္တရာယ်ရှိထုတ်လွှတ်မှုများအဖြစ် -

- လောင်ကျွမ်းဓာတ်ငွေ့များ
- ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့
- ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့
- ထရန်စဖော်မာဆီ
- ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ တို့ကိုဖော်ပြထားပြီး ယင်းတို့၏ ယေဘူယျ ဂုဏ် သတ္တိအချို့အလိုက်ပြထားပြီး **နောက်ဆက်တွဲ(၁)** တွင် M.S.D.S များကို ဖော်ပြထား ပါသည်။

၁-၇-ဂ။ ထိခိုက်မှုများအားလျော့ချမည့်နည်းလမ်းနှင့်နည်းပညာများ

ရွှေမာယခရမ့်ရာဘာစက်ရုံ၏ ကုန်ထုတ်လုပ်မှု ဖြန့်ဖြူးရောင်းချမှုများကြောင့် ပတ်ဝန်းကျင် အပေါ် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း တင်ပြထား ပါသည် -

၁-၇-ဂ-(၁)။ ပတ်ဝန်းကျင်အပေါ်ဆိုးကျိုးသက်ရောက်စေသောအခိုးအငွေ့၊ အနံ့အသက်များကြောင့်ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

သက်ရောက်မှုအရင်းအမြစ်	လျော့နည်းစေရန်ဆောင်ရွက်ချက်များ
မော်တော်ယာဉ်၊ ဖော့ကလစ်၊ wheel loader အိပ်ဇောပိုက်များမှအနံ့အသက်များ	- မော်တော်ယာဉ်သုံးစွဲမှုကို စနစ်ကျစေခြင်း - အင်ဂျင်စွမ်းရည်မြင့်မားစေခြင်း - အရည်အသွေးပြည့်သောလောင်စာများအသုံးပြုခြင်း - သစ်ပင်များစိုက်ပျိုးထားခြင်း
အရန်လျှပ်စစ်ထုတ်စက်အိပ်ဇောပိုက်များ အခိုးအငွေ့အနံ့အသက်များ	- အင်ဂျင်စွမ်းရည်မြင့်မားစေခြင်း - အရည်အသွေးပြည့်သောလောင်စာများအသုံးပြုခြင်း - သစ်ပင်များစိုက်ပျိုးထားခြင်း
ရာဘာကုန်ကြမ်းများ၏အနံ့အသက်များ	- အမိုးအကာ(အစိမ်းပြားများ)ဖြင့်စနစ်တကျထားသိုခြင်း
ခရမ့်ရာဘာထုတ်လုပ်ရာမှထွက်ရှိသောအနံ့အသက်များ	- ရာဘာကုန်ကြမ်းများကို ခုတ်ထစ်ဖြတ်တောက် ကြိတ်ချွေရာတွင် အပူချိန်မလွန်ကဲစေခြင်း
လေပူမီးဖိုမှထွက်သည့်အခိုးအငွေ့များ	- လေပူမီးဖိုတွင်လေနှင့်လောင်စာအချိုးမှန်ကန်စေခြင်း - ထင်းမီးပြာများကို အမှုန်ဖမ်းစက်များဖြင့်ဖမ်းယူခြင်း - လုံလောက်သောခေါင်းတိုင်အမြင့်ထားရှိခြင်း
ခရမ့်ရာဘာအခြောက်ခံကိရိယာမှထွက်ရှိသည့်အခိုးအငွေ့အနံ့အသက်များ	- ရာဘာများအခြောက်ခံရာမှ ထွက်ရှိသော အနံ့စုပ်ယူစနစ် တိုးချဲ့သန့်စင်ပြီး စုပ်ယူဖယ်ရှားခြင်း
ဝန်ထမ်းစားဖိုဆောင်မှ အခိုးအငွေ့ အနံ့အသက်များ	- မီးဖိုလေဝင်လေထွက် ကောင်းစေခြင်း၊ ဝန်ထမ်းများအလုပ်ချိန်နှင့်လွှဲဖယ်၍ရပါက လွှဲဖယ်ဆောင်ရွက်ခြင်း။

၁-၇-ဂ-(၂)။ စက်ရုံမှထုတ်လွှတ်နိုင်သည့်စွန့်ပစ်ရည်များကြောင့် ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

သက်ရောက်မှုအရင်းအမြစ်	လျော့နည်းစေရန်ဆောင်ရွက်ချက်များ
ဝန်ထမ်းလုပ်သားများအသုံးပြုရာမှထွက်ရှိသောစွန့်ပစ်ရည်များ	- Spetic Tank များတွင် သဘာဝအလျောက်ပြိုကွဲစေခြင်း။ - လိုအပ်သည်ထက်ပိုအသုံးမပြုရန်ပညာပေးစည်းရုံးခြင်း။
ထရန်စဖော်မာဆီ၊ စက်ဆီချောဆီများ၊ ဘက်ထရီအက်ဆစ်များ ဖိတ်စင်ယိုဖိတ်ကျမှုများ	- လုပ်ငန်းလုပ်ကိုင်ရာတွင် ကျွမ်းကျင်သူများကဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း။ - စနစ်တကျသိမ်းဆည်းပြီး ထုခွဲရောင်းချခြင်း၊ ပြန်လည်အသုံးပြုခြင်း။ - စည်ပင်သာခွင့်ပြုသည့်နေရာတွင်စွန့်ပစ်ခြင်း။
ထုတ်လုပ်မှုလုပ်ငန်းစဉ်မှ ထွက်ရှိသော စွန့်ပစ်ရည်များ	- စွန့်ပစ်ရည်သန့်စင်စနစ်ကို အပိုဒ် ၆-၃-ခ-(၃) တွင်အသေးစိတ်တင်ပြထားပါသည်။

ဝန်ထမ်းစားဖိုဆောင်မှစွန့်ပစ်ရည်များ	- လိုအပ်သည်ထက်ပိုမသုံးရန်စည်းရုံးပညာပေးခြင်း။

၁-၇-ဂ-(၃)။ စက်ရုံမှထုတ်လွှတ်နိုင်သည့်စွန့်ပစ်အစိုင်အခဲများကြောင့်ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

သက်ရောက်မှုအရင်းအမြစ်	လျော့နည်းစေရန်ဆောင်ရွက်ချက်များ
အထွေထွေစွန့်ပစ်ပစ္စည်းများ	- အဖုံးပါအမှိုက်များတွင် စုဆောင်း၍ စည်ပင်သာယာခွင့်ပြုသည့်နေရာတွင်စွန့်ပစ်ခြင်း။
စွန့်ပစ်ရည်တွင်ပါဝင်သွားသောအစိုင်အခဲများ	- စွန့်ပစ်ရည်မြောင်းများတွင် ဆန်ကာများတပ်ဆင်ပြီး ကောက်ယူခြင်း၊ ရာဘာအပိုင်းအစများကို ထုတ်လုပ်မှုတွင် ပြန်ထည့်ခြင်း၊ ရာဘာမဟုတ်သောပစ္စည်းများကို စည်ပင်သာယာရေးကော်မတီခွင့်ပြုသည့်နေရာတွင် စွန့်ပစ်ခြင်း။
လေပူမီးဖိုမှထင်းမီးပြာများ	- ထင်းမီးပြာများကို စနစ်တကျစုယူပြီး မြေဖို့ခြင်း၊ ရာဘာစိုက်ခင်းများတွင်ဖြည့်တင်းပေးခြင်း။
ကုန်ကြမ်းကုန်ချောထုတ်ပိုးပစ္စည်းများ	- စနစ်တကျစုစည်း၍ပြန်သုံးခြင်း၊ ထုခွဲရောင်းချခြင်း၊ စည်ပင်သာယာရေးကော်မတီခွင့်ပြုသည့်နေရာများတွင်စွန့်ပစ်ခြင်း။
စားဖိုဆောင်ဝန်ထမ်းလိုင်းခန်းများမှအစိုင်အခဲစွန့်ပစ်ပစ္စည်းများ	- စနစ်တကျစုဆောင်း၍စည်ပင်သာယာရေးကော်မတီခွင့်ပြုသည့်နေရာများတွင်စွန့်ပစ်ခြင်း။

၁-၇-ဂ-(၄)။ ဆူညံသံတုန်ခါမှုများကြောင့်ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

သက်ရောက်မှုအရင်းအမြစ်	လျော့နည်းစေရန်ဆောင်ရွက်ချက်များ
သယ်ယူပို့ဆောင်ရေးယာဉ်များမောင်းနှင်မှု	- စက်ကြံ့ခိုင်ရေး၊ အင်ဂျင်စွမ်းရည်မြင့်မားရေး၊ အောက်ပိုင်းဘော်ဒီကြံ့ခိုင်ရေး၊ အိပ်ဇောဆလင်ဒါများ ကောင်းမွန်ရေးများဆောင်ရွက်ခြင်း။ - ဝန်ထမ်းများနားနေချိန်နှင့်ရှောင်လွှဲလုပ်ကိုင်ခြင်း
စက်ပစ္စည်း ကိရိယာများ၊ အရန်လျှပ်စစ်ထုတ်စက်များ	- စက်ကြံ့ခိုင်မှု၊ စက်ဆီချောဆီ ဖြည့်တင်းလဲလှယ်မှု၊ စက်ချိန်သားကိုက်မှု စက်ပတ်ကြိုးများမလျော့မတင်းရှိမှု၊ ဖောင်ဒေးရှင်းဘို့နပ်များချောင်မနေမှုများဆောင်ရွက်ခြင်း၊
ဝန်ထမ်းများအပေါ်ကာကွယ်ခြင်း	- ဝန်ထမ်းများအကာအကွယ်ပစ္စည်းများဝတ်ဆင်စေခြင်း၊ ဆူညံသည့်နေရာတွင်တဆက်တည်းတာဝန်မပေးခြင်း။

၁-၇-ဃ။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုများ၊ ထိခိုက်မှုပမာဏ၊ လျော့ချခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် လျော့ပါးမည့်ထိခိုက်မှုပမာဏများ ခန့်မှန်းတွက်ချက်ခြင်း

ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုများ ဆန်းစစ်ခြင်းကို PLOMP (2004) Matrix နည်းစနစ်ကို အသုံးပြုထားပါသည်။ ယင်းစနစ်၏ပုံသေနည်းမှာ

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်ပမာဏ) × ဖြစ်နိုင်ချေ

ဖြစ်ပါသည်။

၁-၇-ဃ-(၁)။ သက်ရောက်မှုများကို လျော့နည်းစေရန် မဆောင်ရွက်မီနှင့်ဆောင်ရွက်ပြီး အခြေအနေများတွင် လေထုအပေါ် သက်ရောက်မှု အရေးပါမှုတွက်ချက်ခြင်း

လျော့နည်းရန်မဆောင်ရွက်မီ

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + မြင့်(၈)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၈) × ၄

= ၅၆

လျော့နည်းစေရန်ဆောင်ရွက်ပြီး

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + အတော်အသင့်(၆)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၆) × ၄

= ၄၈

လေထုအပေါ် သက်ရောက်မှုမှာ လျော့နည်းစေရန် ဆောင်ရွက်မှုများကြောင့် အရေးပါမှုတန်ဖိုး ၅၆ မှ ၄၈ သို့ **ရမှတ်** လျော့နည်းသွားနိုင်ပြီး အရေးပါမှုအဆင့်အတန်းမှာ **အတော်အသင့်** ဖြစ်ပါသည်။

၁-၇-ဃ-(၂)။ သက်ရောက်မှုများကို လျော့နည်းစေရန်မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး အခြေအနေများတွင် ရေထုအပေါ် သက်ရောက်မှုအရေးပါမှုတွက်ချက်ခြင်း

လျော့နည်းရန်မဆောင်ရွက်မီ

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + အတော်အသင့်(၆)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၆) × ၄

= ၄၈

လျော့နည်းစေရန်ဆောင်ရွက်ပြီး

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + နိမ့်(၂)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၂) × ၄

= ၃၂

ရေထုအပေါ်သက်ရောက်မှုမှာ လျော့နည်းစေရန် ဆောင်ရွက်မှုများကြောင့် အရေးပါမှုတန်ဖိုး ၄၈ မှ ၃၂ သို့ **၁၆မှတ်** လျော့နည်းသွားနိုင်ပြီး အရေးပါမှု အဆင့်အတန်းမှာ **နိမ့်** ဖြစ်ပါသည်။

၁-၇-ဃ-(၃)။ သက်ရောက်မှုများကို လျော့နည်းစေရန် မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး အခြေအနေများတွင် မြေထုအပေါ် သက်ရောက်မှု အရေးပါမှု တွက်ချက်ခြင်း

လျော့နည်းရန်မဆောင်ရွက်မီ

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + အတော်အသင့်(၆)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၆) × ၄

= ၄၈

လျော့နည်းစေရန်ဆောင်ရွက်ပြီး

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + နိမ့်(၂)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၂) × ၄

= ၃၂

မြေထုအပေါ်သက်ရောက်မှုမှာ လျော့နည်းစေရန်ဆောင်ရွက်မှုများကြောင့် အရေးပါမှုတန်ဖိုး ၄၈ မှ ၃၂ သို့ **၁၆မှတ်** လျော့နည်းသွားနိုင်ပြီး အရေးပါမှု အဆင့်အတန်းမှာ **နိမ့်** ဖြစ်ပါသည်။

၁-၇-ဃ-(၄)။ သက်ရောက်မှုများကို လျော့နည်းစေရန် မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး အခြေအနေများတွင် ဆူညံသံသက်ရောက်မှု အရေးပါမှု တွက်ချက်ခြင်း

လျော့နည်းရန်မဆောင်ရွက်မီ

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + အတော်အသင့်(၆)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၆) × ၄

= ၄၈

လျော့နည်းစေရန်ဆောင်ရွက်ပြီး

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + နိမ့်(၂)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၂) × ၄

= ၃၂

ဆူညံသံအပေါ် သက်ရောက်မှုမှာ လျော့နည်းစေရန် ဆောင်ရွက်မှုများကြောင့် အရေးပါမှုတန်ဖိုး ၄၈ မှ ၃၂ သို့ **၁၆မှတ်** လျော့နည်းသွားနိုင်ပြီး အရေးပါမှု အဆင့်အတန်းမှာ **နိမ့်** ဖြစ်ပါသည်။

၁-၇-ဃ-(၅)။ သက်ရောက်မှုများကို လျော့နည်းစေရန် မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး အခြေအနေများတွင် အနှံ့အသက်အပေါ် သက်ရောက်မှု အရေးပါမှုတွက်ချက်ခြင်း

လျော့နည်းရန်မဆောင်ရွက်မီ

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + မြင့်(၈)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၈) × ၄

= ၅၆

လျော့နည်းစေရန်ဆောင်ရွက်ပြီး

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + အတော်အသင့်(၆)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၆) × ၄

= ၄၈

အနံ့အသက်အပေါ် သက်ရောက်မှုမှာ လျော့နည်းစေရန် ဆောင်ရွက်မှုများကြောင့် အရေးပါမှုတန်ဖိုး ၅၆ မှ ၄၈ သို့ **ဧမှတ်** လျော့နည်းသွားနိုင်ပြီး အရေးပါမှုအဆင့်အတန်းမှာ **အတော်အသင့်** ဖြစ်ပါသည်။

လျော့နည်းမှုများကို အောက်ပါဇယားဖြင့် တင်ပြအပ်ပါသည်။

ရွှေမာယခရမ်းရာဘာစက်ရုံတွင် သက်ရောက်မှုများ လျော့နည်းစေရန် ဆောင်ရွက်ပြီးနှင့် မဆောင်ရွက်မီ သက်ရောက်မှု အရေးပါမှုများတို့၏ အခြေအနေများ နှိုင်းယှဉ်ချက်ဇယား

စဉ်	သက်ရောက်မှုများ	အရေးပါမှု					မှတ်ချက်
		လျော့နည်းရန် မဆောင်ရွက်မီ		လျော့နည်းရန် ဆောင်ရွက်ပြီး		လျော့နည်းသွား သည့်တန်ဖိုး	
		တန်ဖိုး	အဆင့်	တန်ဖိုး	အဆင့်	တန်ဖိုး	
၁။	လေထုအပေါ်	၅၆	အသင့်အတင့်	၄၈	အသင့်အတင့်	၈	
၂။	ရေထုအပေါ်	၄၈	အသင့်အတင့်	၃၂	နိမ့်	၁၆	
၃။	မြေထုအပေါ်	၄၈	အသင့်အတင့်	၃၂	နိမ့်	၁၆	
၄။	ဆူညံသံ	၄၈	အသင့်အတင့်	၃၂	နိမ့်	၁၆	
၅။	အနံ့အသက်	၅၆	အသင့်အတင့်	၄၈	အသင့်အတင့်	၈	

၁-၇-၎။ လုပ်ငန်းမရေထု၊ လေထုထဲသို့ထုတ်လွှတ်အရာဝတ္ထုများနှင့်ပတ်သက်၍လုပ်နာရမည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ

၁-၇-၎-(၁)။ လေထုအတွင်းသို့ထုတ်လွှတ်မှုများအပေါ် NEQ(E)G စံနှုန်း

ယေဘူယျညစ်ညမ်းစေသော ဖြိပ်ပစ္စည်းများ၊ လောင်ကျွမ်းမှုဆိုင်ရာ ညစ်ညမ်းစေသောဖြိပ်ပေါင်းများကို တင်ပြထားပါသည်။

၁-၇-၎-(၂)။ ရေထုအတွင်းသို့ထုတ်လွှတ်မှုများအပေါ် NEQ(E)G စံနှုန်း

စွန့်ပစ်ရည်၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်နှင့် မိလ္လာရေစွန့်ထုတ်မှု (General Application) နှင့် Metal, Plastic and Rubber Products Manufacturing အတွက်တို့ကိုတင်ပြထားပါသည်။

၁-၇-၎-(၃)။ ဆူညံသံများအပေါ် NEQ(E)G စံနှုန်း

Residential, Institutional, Educational များအတွက် day time နှင့် night time စံနှုန်းများ၊ Industrial, Commerical များအတွက် day time နှင့် night time စံနှုန်းများတို့ကို တင်ပြထားပါသည်။

၁-၈။ ဘေးအန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်း

ဘေးအန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်းကို

၁-၈-က။ ရာသီဥတုပြောင်းလဲမှုအပါအဝင် အခြားဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များ ဆန်းစစ်ခြင်း

၁-၈-ခ။ **ရွှေမာယာခရမ်းရာဘာစက်ရုံမှ** ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်း တို့ဖြင့် တင်ပြထားပါသည်။

၁-၈-က။ ရာသီဥတုပြောင်းလဲမှုအပါအဝင် အခြားဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များ ဆန်းစစ်ခြင်း

မြန်မာနိုင်ငံအတွင်း ၁၉၉၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုအကြိမ်၊ လူအသေအပျောက်စာရင်း၊ ထိခိုက်မှုနှင့် ဆုံးရှုံးမှုတန်ဘိုးများကို ဇယားဖြင့်တင်ပြထားပြီး ရာသီဥတုပြောင်းလဲပုံများကို တင်ပြထားပါသည်။

၁-၈-ခ။ ရွှေမာယာခရမ်းရာဘာစက်ရုံမှ ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်း

၁-၈-ခ-(၁)။ လေထုအပေါ် ဘေးအန္တရာယ်သက်ရောက်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- အမှုန်အမွှားများလွင့်ထွက်ခြင်း၊ လောင်ကျွမ်းမှုတော်ငွေ့များနှင့် ယိုစိမ့်မှုတော်ငွေ့ထုတ်လွှတ်ခြင်း၊ အနံ့များထွက်ရှိခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် မှုတော်ငွေ့များထွက်ရှိခြင်း။
ဘေးအန္တရာယ်ဆန်းစစ်မှု	- အမှုန်အမွှား၊ လေ၊ မီးပွားကြုံတွေ့ပါက ပေါက်ကွဲနိုင်ခြင်း။ - ကာဗွန်မှုန်၊ Particulate Matter များသည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်စေနိုင်ပါသည်။ - ပေါက်လောင်မှုတော်ငွေ့နှင့် လောင်ကျွမ်းမှုတော်ငွေ့များထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်မှုတော်ငွေ့များသည် ကမ္ဘာကြီးပူနွေးစေပါသည်။ ပြီးပြည့်စုံသော လောင်ကျွမ်းမှုမရှိသောကြောင့် ထွက်ပေါ်လာသော ကာဗွန်မိုနောက်ဆိုဒ် မှုတော်ငွေ့သည် အဆိပ်မှုတော်ငွေ့ဖြစ်ပါသည်။ အရည်အသွေးမပြည့်သော လောင်စာကြောင့် ထွက်ရှိသော ဆာလဖာဒိုင်အောက်ဆိုဒ်သည် အဆိပ်မှုတော်ငွေ့ဖြစ်ပါသည်။ - ထရန်စဖော်မာဆီအငွေ့များသည် ကင်ဆာဖြစ်ရန် အလားအလာရှိပါသည်။ - ကုန်ကြမ်းရာဘာအနံ့များသည် မှုတော်သည့်သူများအတွက် အလာဂျီဖြစ်စေပါသည်။ - ထုတ်လုပ်မှုတွင် အသုံးပြုသော ထုံးမှုန့်သည် မျက်စေ့အတွင်း ဝင်ရောက်ပါက မျက်စေ့ကျိန်းစပ်ခြင်း၊ အရေပြားနှင့် ကြာရှည်ထိတွေ့ပါက မခံမရပ်နိုင်ဖြစ်ခြင်း တို့ဖြစ်ပေါ်စေပါသည်။

သက်ရောက်စေသောအကြောင်းအရင်းများ	- ကုန်ကြမ်း၊ ကုန်ချော၊ စက်ပစ္စည်းကိရိယာများ သယ်ယူသော မော်တော်ယာဉ်များ နှင့် အရန်လျှပ်စစ်ထုတ်စက်များ၏ အိပ်ဇောပိုက်များမှ အခိုးအငွေ့အနံ့အသက်များ ထရန်စဖော်မာဆီနှင့် Refrigerantများ ယိုစိမ့်မှုဖြစ်ခြင်း။ - အသုံးပြုသော ဒီဇယ်ဆီများသည် အရည်အသွေးမပြည့်ပါက ထွက်ရှိသော ဆာလဖာဒိုင်အောက်ဆိုဒ်မာတ်ငွေ့များ။ - အင်ဂျင်စွမ်းရည်ကျဆင်းပြီး လောင်ကျွမ်းမှုမပြီးပြည့်စုံပါက ထွက်ရှိသော ကာဗွန်မိုနောက်ဆိုဒ်မာတ်ငွေ့နှင့် ကာဗွန်မှုန်များ။ - ရာဘာကုန်ကြမ်းမှ အငွေ့ပျံနိုင်သော အော်ဂဲနစ်ဒြပ်ပေါင်းများ။ - ဝန်ထမ်းစားဖိုဆောင်မှ ချက်ပြုတ်ကြော်လှော်သည့်အနံ့များ။
သက်ရောက်မှုနယ်ပယ်	- ကုန်ကြမ်း၊ ကုန်ချော၊ စက်ပစ္စည်းကိရိယာများ သယ်ယူသည့်ခရီးလမ်းတစ်လျှောက်ရှိပြည်သူလူထု။ - စက်ရုံဝင်းအတွင်းရှိလုပ်သားဝန်ထမ်းများ။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- ပြည်သူလူထုအပေါ် သက်ရောက်မှုအတိုင်းအတာနည်းပြီး သက်ရောက်မှုအချိန်ကာလတိုတောင်းပါသည်။ - စက်ရုံအတွင်းရှိ ဝန်ထမ်းများအတွက် သက်ရောက်မှု အတော်အတန်ရှိပြီး အချိန်ကာလ အတော်အတန်ကြာပါသည်။
ကုစားမှုနည်းလမ်းများ	- မော်တော်ယာဉ်များ၊ အရန်လျှပ်စစ်ထုတ်စက်များကို စက်စွမ်းအားပြည့်လည်ပတ်နိုင်စေရန် စက်ပြုပြင်မှုများကို စနစ်တကျဆောင်ရွက်ခြင်း၊ စက်ဆီချောဆီများမှန်မှန်ဖြည့်တင်းလဲလှယ်ခြင်း၊ စက်ကြံ့ခိုင်ရေးဆောင်ရွက်ခြင်း၊ အရည်အသွေးပြည့်မီသော လောင်စာဆီများအသုံးပြုခြင်း။ - ထရန်စဖော်မာဆီများ၏ အခြေအနေကို ကျွမ်းကျင်သော လျှပ်စစ်ဌာန၏ စစ်ဆေးမှုခံယူခြင်း၊ ရေငွေ့စုပ်ပစ္စည်း၊ လျှပ်စစ်ဝန်နှင့် ခံနိုင်ရည်ကို စစ်ဆေးနေခြင်း။ - လျှပ်စစ်ထုတ်စက်များ၏ စွမ်းရည်ပြည့်ဝစေရေး၊ စက်ကြံ့ခိုင်မှု၊ စက်ဆီချောဆီ ဖြည့်တင်းလဲလှယ်မှုများ ကြိုတင်စစ်ဆေးပြုပြင်ခြင်း။ - ရာဘာကုန်ကြမ်းများကို စက်ရုံတွင် စုပုံမနေစေရန် စီမံခန့်ခွဲခြင်း၊ လေစုပ်ပန်ကာများဖြင့် အနံ့များစုပ်ထုတ်ခြင်း။ - ရာဘာအခြောက်ခံရာတွင် ရာဘာများကို အကျက်မလွန်စေရန် အဝင်တွင် လုံလောက်အောင်ရေဖျန်းခြင်း။ - အခြောက်ခံကိရိယာတွင် လိုအပ်သည်ထက်ပိုမကြာမြင့်စေခြင်း၊ အခြောက်ခံကိရိယာ၏အပူချိန်ကို ချိန်ဆခြင်း။ - ဝန်ထမ်းစားဖိုဆောင်တွင် လေဝင်လေထွက်ကောင်းစေခြင်း၊ ဝန်ထမ်းများတာဝန်ထမ်းဆောင်ချိန်နှင့် ရှောင်လွှဲ၍ရပါက ရှောင်လွှဲဆောင်ရွက်ခြင်း။

၁-စ-ခ-(၂)။ ရေထုအပေါ် ဘေးအန္တရာယ်သက်ရောက်မှုများ

ရွှေမာယခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- ဝန်ထမ်းလုပ်သားများ၏ စနစ်တကျစွန့်ပစ်ခြင်းမရှိသည့် ရေဆိုးများ။ - စက်ဆီချောဆီ၊ ထရန်စဖော်မာဆီ၊ ဘက်ထရီအက်ဆစ် ဖြည့်တင်းလဲလှယ်ရာတွင် မတော်တဆဖိတ်စင်မှုများ။ - ခွက်ကပ်၊ ဆွဲဖတ်၊ အစိမ်းပြားများကိုရေစိမ်ခြင်း၊ ကြိတ်ခြေဆေးကြောခြင်း၊ ရာဘာအတုံးငယ်များနှင့် ရေခွဲထုတ်ခြင်းတို့မှ ဆေးကြောရေများ။ - ရာဘာရေဖျန်းရေများ။ - ဝန်ထမ်းစားဖိုဆောင်မှဆေးကြောရေများ။
ဘေးအန္တရာယ်ဆန်းစစ်မှု	- ထရန်စဖော်မာဆီများသည် ကင်ဆာဖြစ်ရန် အလားအလာရှိပါသည်။ - စက်ဆီချောဆီများသည် ရေ၊ မြေအတွင်းသို့ အလင်းရောင်နှင့် လေဝင်ရောက်မှု တားဆီးပါသည်။ - ဘက်ထရီအက်ဆစ်များသည် အရေပြားလောင်ကျွမ်းခြင်း၊ သတ္တုတိုက်စားခြင်းများ ဖြစ်ပေါ်စေပါသည်။ - စွန့်ပစ်ရည်များသည် BOD, COD, TSS တန်ဖိုးများမြင့်မားပါက ဂေဟစနစ်ပျက်စီးစေနိုင်ပါသည်။
သက်ရောက်စေသောအကြောင်းအရင်းများ	- စနစ်မကျခြင်း၊ စည်းကမ်းမလိုက်နာခြင်း၊ ညွှန်ကြားချက်များချိုးဖောက်ခြင်း၊ ပိုက်လိုင်းများ၊ ပိုက်ဆက်ပိုက်တပ်များမှ ယိုစိမ့်ခြင်း။
သက်ရောက်မှုနယ်ပယ်	- စက်ရုံမှစွန့်ပစ်ရည်မြောင်းတစ်လျှောက်။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- စက်ရုံအနီးပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအတော်အတန်ရှိပြီး အချိန်ကာလ အတော်အတန်ကြာရှည်ပါသည်။ - စက်ရုံဝန်ထမ်းများအပေါ် သက်ရောက်မှုနည်းပြီး အချိန်ကာလတိုတောင်းပါသည်။
ကုစားမှုနည်းလမ်းများ	- စနစ်တကျဆောင်ရွက်ခြင်း၊ ညွှန်ကြားချက်များ၊ စည်းကမ်းလိုက်နာခြင်း၊ ကြပ်မတ်စစ်ဆေးခြင်း၊ မလိုက်နာပါက ပညာပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ စနစ်တကျ စုဆောင်းသိမ်းဆည်းပြီး ထုခွဲရောင်းချ၍ရပါက ထုခွဲရောင်းချခြင်း၊ ထုခွဲရောင်းချ၍ မရသည့်ပစ္စည်းများကို စည်ပင်သာယာရေးကော်မတီက ခွင့်ပြုသည့်နေရာများတွင် စွန့်ပစ်ခြင်း၊ အရည်စွန့်ပစ်ပစ္စည်းများကို Guideline တန်ဖိုးအတိုင်းရရှိရန် ကြိုးပမ်းဆောင်ရွက်ခြင်း။

၁-စ-ခ-(၃)။ မြေထုအပေါ် ဘေးအန္တရာယ်သက်ရောက်မှုများ

ရွှေမာယခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- ဝန်ထမ်းများနေ့စဉ်သုံးစွဲရာမှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းအစိုင်အခဲများ။ - ရုံးလုပ်ငန်းသုံးစာရေးကိရိယာများ၊ မီးလုံးမီးချောင်းအပျက်အစီးများ။

	- ရာဘာကြိတ်ခွေ ခုတ်ထစ်ဆေးကြောရေများတွင် ပါဝင်လာသော ရာဘာအပိုင်းအစများ။ - မြန်မာစတင်းဒတ်ရာဘာ ထုတ်လုပ်ရာတွင် အခြောက်ခံခွက်များ၊ ဖြတ်စက်များ၊ ဖိသိပ်စက်များမှ ရာဘာအပိုင်းအစများ။ - ရာဘာကုန်ကြမ်းများတွင် ပါဝင်လာနိုင်သော အနယ်၊ အမှိုက်သရိုက်များ။ - ထုံးမှုန့်အိတ်ခွံများ။ - ပလပ်စတစ်ထုပ်ပိုးအပျက်အစီးများ။ - စက်ဆီချောဆီပုံးခွံများ။ - ဝန်ထမ်းစားဖိုဆောင်မှ စားကြွင်းစားကျန်များ၊ သားငါးထုပ်ပိုးပစ္စည်းများ။ - ဓာတ်ခွဲခန်းတွင် စမ်းသပ်ပြီး ရာဘာအပိုင်းအစများ။
ဘေးအန္တရာယ်ဆန်းစစ်မှု	- ပြုကွဲရန်ခက်ခဲသော ပလပ်စတစ်ပစ္စည်းများသည် မြေ၏ အရည်အသွေးကို ထိခိုက်စေပါသည်။ (ဥပမာ - ပလပ်စတစ်ထုပ်ပိုးပစ္စည်းများ) - ရာဘာအပိုင်းအစများသည် မြေထု၏ဂေဟစနစ်ကို ထိခိုက်စေပါသည်။
သက်ရောက်စေသောအကြောင်းအရင်းများ	- စနစ်မကျခြင်း၊ စည်းကမ်းညွှန်ကြားချက်များမလိုက်နာခြင်း။
သက်ရောက်မှုနယ်ပယ်	- စက်ရုံအနီးပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်သည့်နေရာ အနီးပတ်ဝန်းကျင် ပြည်သူလူထုနှင့် စက်ရုံဝန်ထမ်းများ။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- သက်ရောက်မှုအတိုင်းအတာနည်းပါသည်။ အချိန်ကာလတိုတောင်းပါသည်။
ကုစားမှုနည်းလမ်းများ	- စနစ်တကျဆောင်ရွက်ရန်ပညာပေးခြင်း၊ ကြပ်မတ်ခြင်း၊ စစ်ဆေးအရေးယူအပြစ်ပေးခြင်း။ - စနစ်တကျစုဆောင်းသိမ်းဆည်းပြီး ထုခွဲရောင်းချခြင်း၊ ထုခွဲရောင်းချ၍ မရသည်များကို စည်ပင်သာယာရေးကော်မတီခွင့်ပြုသည့် နေရာများတွင် စွန့်ပစ်ခြင်း။ - ပြန်လည်အသုံးပြု၍ရသည်များကိုပြန်လည်အသုံးပြုခြင်း။

၁-စ-ခ-(၄)။ ဆူညံသံများကြောင့်ဘေးအန္တရာယ်သက်ရောက်မှုများ

ရွှေမာယခရမ့်ရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- ကုန်ကြမ်၊ ကုန်ချော၊ စက်ပစ္စည်းကိရိယာများ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်များ၊ အရန်လျှပ်စစ်ထုတ်စက်များ မောင်းနှင်ရာမှ ထွက်ပေါ်လာသော ဆူညံသံနှင့်တုန်ခါမှုများ။ - ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သည့် ခွက်ကပ်၊ ဆွဲဖတ်ရာဘာနှင့် ရေရောမွှေစက်များ၊ ရာဘာကြိတ်ခွေခုတ်ထစ်စက်များ၊ ရာဘာနှင့် ရေပို့ပန့်များ၊ ရာဘာအခြောက်ခံစက်မှ ကွန်ဗေယာများ၊ ရာဘာဖြတ်စက်၊ ဖိစက်များ

	မောင်းနှင်သံများ။ - ထင်းမီးဖိုလေသွင်းပန်ကာများ။ - လေပူပို့ပန်ကာများ။ - ရာဘာအခိုးအငွေ့များရေဖျန်းပန့်များ။
ဘေးအန္တရာယ်ဆန်းစစ်မှု	- သာယာနာပျော်ဖွယ်လူနေမှုစနစ်ပျက်ပြားခြင်း။ - အကြားဆိုင်ရာရောဂါများရရှိနိုင်ခြင်း။
သက်ရောက်စေသောအကြောင်းအရင်းများ	- စက်ပြုပြင်ထိန်းသိမ်းမှု ညှံ့ဖျင်းခြင်း (ဥပမာ - အိပ်ဇောဆိုင်လင်ဆာများ ချို့ယွင်းမှု၊ စက်ချိန်သားကိုက်မှုမရှိခြင်း၊ စက်ဆီချောဆီများ လဲလှယ်မှုမဆောင်ရွက်ခြင်း၊ ဖောင်ဒေးရှင်းဘို့နပ်များ ချောင်နေခြင်း၊ စက်ပတ်ကြိုးများ ချို့ယွင်းခြင်း)။
သက်ရောက်မှုနယ်ပယ်	- ကုန်ကြမ်း၊ ကုန်ချော၊ စက်ပစ္စည်းကိရိယာများ သယ်ယူရာ လမ်းတစ်လျှောက်ရှိ ပြည်သူလူထု။ - စက်ရုံအတွင်းတာဝန်ထမ်းဆောင်သည့်ဝန်ထမ်းလုပ်သားများ။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- ပြည်သူလူထုအပေါ် သက်ရောက်မှုနည်းပါးပြီး အချိန်ကာလ တိုတောင်းပါသည်။ - စက်ရုံအတွင်း ဝန်ထမ်းများအပေါ် သက်ရောက်မှု အတော်အတန်ရှိပြီး အချိန်ကာလ ရှည်ကြာပါသည်။
ကုစားမှုနည်းလမ်းများ	- မော်တော်ယာဉ်၊ အရန်လျှပ်စစ်ထုတ်စက်များ၏ အိပ်ဇောစနစ်ပြုပြင်ကောင်းမွန်စေခြင်း၊ စက်ပြုပြင်ထိန်းသိမ်းမှု၊ စက်ဆီချောဆီ လဲလှယ်မှုကောင်းမွန်စေခြင်းနှင့် အချိန်မီပြုပြင်ခြင်း၊ ဝန်ထမ်းများနားနေချိန်နှင့် ရှောင်လွှဲလုပ်ကိုင်ခြင်း၊ ဝန်ထမ်းများအတွက် အကာအကွယ်ပစ္စည်းများ ထုတ်ပေးခြင်း။ - သစ်ပင်များစိုက်ပျိုးခြင်း။

၁-၉။ ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့်ဖွဲ့ဖြိုးရေးအစီအစဉ်

ရွှေမာယာခရမ်းရာဘာစက်ရုံ အတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ်ကို အောက်ပါလုပ်ငန်း (ခြောက်)ရပ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၁-၉-က။ စက်ရုံလုပ်သားဝန်ထမ်းများ၏ သဘောထားရယူခြင်းနှင့် သတင်းအချက်အလက် ထုတ်ပြန်ခြင်း

၁-၉-ခ။ ရပ်ကွက်နေရပ်မိရပ်ဖများ၏ သဘောထားရယူခြင်းနှင့် သတင်းအချက်အလက် ထုတ်ပြန်ခြင်း

၁-၉-ဂ။ စက်ရုံဝန်ထမ်းများ ကျေးရွာသူကျေးရွာသားများ၏ ဆန္ဒသဘောထားများအပေါ် စက်ရုံမှ ဆောင်ရွက်ပေးမည့်အစီအစဉ် တင်ပြခြင်း

၁-၉-ဃ။ ဒေသခံပြည်သူများ၏လူမှုရေးဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့်အစီအစဉ်

၁-၉-င။ CSR ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်နှင့်အသုံးပြုမည့်ရန်ပုံငွေလျာထားချက်

၁-၉-စ။ မကျေနပ်ချက်များနှင့်လိုလားချက်များဖြေရှင်းပေးမည့်အစီအစဉ်

၁-၉-က။ စက်ရုံလုပ်သားဝန်ထမ်းများ၏ သဘောထားရယူခြင်းနှင့် သတင်းအချက်အလက်ထုတ်ပြန်ခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် အမျိုးသား အမြဲတမ်းဝန်ထမ်း(၃၆)ဦးနှင့် အမျိုးသမီး အမြဲတမ်းဝန်ထမ်း(၂၁)ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး စက်ရုံအပေါ် ယင်းတို့၏သဘောထားအမြင်များကို သိရှိနိုင်ရန် G.M.E.S ဝန်ထမ်းများတို့သည် တွေ့ဆုံဆွေးနွေးအကြံဉာဏ်များ တောင်းခံခဲ့ရာ ဝန်ထမ်း (၂၆)ဦးတက်ရောက်ပြီး အကြံပြုစာ (၂၄)ဆောင်ရရှိခဲ့ပါသည်။ ယင်းအကြံပြုလွှာများ၊ ဓာတ်ပုံမှတ်တမ်းများကို **နောက်ဆက်တွဲ(၂)**တွင် တင်ပြထားပါသည်။

၁-၉-ခ။ ရပ်ကွက်နေရပ်မိရပ်ဖများ၏သဘောထားရယူခြင်းနှင့်သတင်းအချက်အလက်ထုတ်ပြန်ခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံ အပေါ် ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၄)ရက်နေ့တွင် သာယာကုန်းကျေးရွာရှိ (ရာမညနိကာယ-ဘားတိုက်) ဘုန်းကြီးကျောင်း ဓမ္မာရုံတွင် ရပ်မိမိရပ်ဖများ၏ သဘောထားဆန္ဒအမြင်များကိုရယူရန် G.M.E.S ဝန်ထမ်းများတို့သည် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံခဲ့ရာ တက်ရောက်သူ (၆၅)ဦးရှိပြီး အကြံပြုလွှာ (၄၉)ဆောင်ရရှိခဲ့ပါသည်။ ယင်းတို့၏ ဓာတ်ပုံမှတ်တမ်းများကို **နောက်ဆက်တွဲ (၃)**ဖြင့် တင်ပြထားပါသည်။

၁-၉-ဂ။ စက်ရုံဝန်ထမ်းများ ကျေးရွာသူကျေးရွာသားများ၏ ဆန္ဒသဘောထားများအပေါ် စက်ရုံမှ ဆောင်ရွက်ပေးမည့်အစီအစဉ်တင်ပြခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံ အပေါ် စက်ရုံဝန်ထမ်းများ၊ ကျေးရွာသူ/ကျေးရွာသားများတို့၏ ဆန္ဒသဘောထားအမြင်များကို စက်ရုံက ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် G.M.E.S ဝန်ထမ်းများက စုစည်း၍ စက်ရုံသို့ပေးပို့ခဲ့ပါသည်။ စက်ရုံကလည်း ဆောင်ရွက်ပေးမည့်အစီအစဉ်ကို ပြန်ကြားခဲ့ပါသည်။ ယင်းဆောင်ရွက်ချက်များကို **နောက်ဆက်တွဲ (၄)**တွင် တင်ပြထားပါသည်။ ယင်းဆောင်ရွက်ချက်များကို ပူးတွဲတင်ပြထားပါသည်။

Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

သို့

တာဝန်ခံ
Shwe Mar Ga Golden & Mining, Import & Export Co., Ltd.
မြစိမ်းတောင်ဘုရားလမ်း၊ သာယာကုန်းကျေးရွာ၊
မုဒုံမြို့နယ်၊ မွန်ပြည်နယ်၊

ရက်စွဲ - ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်

အကြောင်းအရာ။ Shwe Mar Ga Golden & Mining, Import & Export Co., Ltd. ၏ ခရမ်းရာဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက် စက်ရုံဝန်ထမ်းများနှင့် ပတ်ဝန်းကျင် ရပ်မိရပ်ဖ ဒေသခံများ ၏ အကြံပြုချက်များ ညှိနှိုင်းပြန်ကြားပေးပါရန်ကိစ္စ။

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ Green Myanmar Environmental Services Co., Ltd. နှင့် Shwe Mar Ga Golden & Mining, Import & Export Co., Ltd. တို့သည် မြစိမ်းတောင်ဘုရားလမ်း၊ သာယာကုန်းကျေးရွာ၊ တာပသွန်ကျေးရွာအုပ်စု၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်ရှိ ခရမ်းရာဘာထုတ်လုပ်ခြင်းလုပ်ငန်း စက်ရုံအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ ရေးဆွဲပေးရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ အစီရင်ခံစာတွင် အများပြည်သူသဘောထားရယူခြင်းနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း ခေါင်းစဉ်အတွက် ရေးသားဖော်ပြရန် ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် စက်ရုံဝန်ထမ်းများနှင့်၎င်း၊ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ (၄)ရက်နေ့တွင် ဒေသခံရပ်မိရပ်ဖများနှင့်၎င်း တွေ့ဆုံညှိနှိုင်း အကြံပြုချက်များ ရယူခဲ့ပါသည်။ ယင်းအကြံပြုချက်များကို ဖတ်ရှုလေ့လာခဲ့ရာတွင် ဖော်ပြပါအချက်များကို Shwe Mar Ga Golden & Mining, Import & Export Co., Ltd. မှ ပြန်လည်ရှင်းလင်းပေးစေလိုပါသဖြင့် ဖြေရှင်းရမည့် ဖမ်းခွန်းများကို အောက်တွင် ဖော်ပြထားပါသည်။

(က) စက်ရုံဝန်ထမ်းများ၏ အကြံပြုချက် ဆန္ဒသဘောထားများ

(၁) လုပ်ငန်းခွင်အတွင်း အကာအကွယ်ပစ္စည်းများ လုံလောက်မှုမရှိကြောင်း
(၂) သောက်သုံးရေများမှာ သောက်ရေသန့်ဖြစ်ကြောင်း
(၃) သန့်စင်ခန်းများ လုံလောက်မှုရှိကြောင်း
(၄) ဆေးကြောသန့်ရှင်းရေးစနစ်ကောင်းမွန်ကြောင်း
(၅) လုပ်ငန်းခွင်အတွင်း ဆူညံသံများနှင့် အန္တရာယ်များ ရှိကြောင်း
(၆) လုပ်ငန်းခွင်အတွင်း အလင်းရောင်လုံလောက်မှုနှင့် လေဝင်လေထွက် ရှိကြောင်း
(၇) လုပ်ငန်းခွင်အတွင်း အမှုန်အမွှားအခြေအနေ မရှိကြောင်း
(၈) လုပ်ငန်းခွင် လူမှုဆက်ဆံရေးအခြေအနေ အဆင်ပြေကောင်းမွန်ကြောင်း

(ခ) ဒေသခံရပ်မိရပ်ဖများ၏ အကြံပြုချက် ဆန္ဒသဘောထားများ

(၁) စက်ရုံမှ အနံ့ဆိုးများ မထွက်ရှိစေရန်။ ကျေးရွာပြည်သူများအတွက် စက်ရုံမှထွက်ရှိသော အနံ့ဆိုးများကို ပပျောက်အောင် ဆောင်ရွက်ပေးပါရန်

(၂) ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရန်

(၃) စက်ရုံမှ ထွက်ရှိသော ရေဆိုးများကို ထိရောက်စွာ ထိန်းသိမ်းပေးပါရန်

(၄) ရေဆိုးများ မြေကြီးထဲတွင် မစိမ့်ဝင်စေရန်

(၅) စက်ရုံမှ စွန့်ပစ်ရည်ကြောင့် ရွာအတွင်းရှိ ရေတွင်းများ မပျက်စီးစေရန်

(၆) ရာဘာအမှုန် ပျံ့လွင့်မှုမရှိစေရန်

(၇) ဆူညံသံမထွက်အောင်လုပ်ပေးပါ

(၈) ရာဘာအတင်အချကား အဝင်အထွက်များကြောင့် လမ်းပျက်စီးမှု မရှိစေရန်

(၉) စက်ရုံအဝင်လမ်းမှာ ဘုန်းကြီးကျောင်းဘေးတွင် ရှိသောကြောင့် ကားလမ်းမပျက်စီးရန်

(၁၀) ဘုန်းကြီးကျောင်းဘေးမြေနီလမ်း တောလမ်းဖြစ်၍ ရာဘာတင်ကားကြီးကားငယ်အဆက်မပြတ် ဝင်ထွက်ခဲ့ပါသဖြင့် လမ်းများဖုန်ထပြီး ပျက်စီးနေခြင်း

(၁၁) စက်ရုံဝင် လမ်းအတွင်း ဖုန်မထစေရန် ကွန်ကရစ်လမ်းလမ်းပေးပါရန်

(၁၂) စက်ရုံအဝင်လမ်းတွင် လမ်းမီးထွန်းပေးပါရန်

လေးစားစွာဖြင့်

Kyaw Soe Win
Managing Director
Green Myanmar
Environmental Services Co., Ltd.

မိတ္တူကို -
ရုံးလက်ခံ

သို့

မန်နေဂျင်းဒါရိုက်တာ
စိမ်းလန်းမြန်မာပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်
အမှတ်(၁၁၅)၊ ကနောင်မင်းသားကြီးလမ်း၊
လှိုင်သာယာစက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး။

ရက်စွဲ - ၂၀၂၀ ခုနှစ်၊ မတ် လ (၆)ရက်

အကြောင်းအရာ။ ။ Shwe Mar Ga Golden & Mining, Import & Export Co., Ltd. ၏ ခရမ်ရောဘာ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ စက်ရုံဝန်ထမ်းများနှင့် ဒေသခံရပ်မိရပ်ဖများ၏ အကြိုပြုချက်များ အပေါ် ပြန်ကြားခြင်းကိစ္စ။

ရည်ညွှန်းချက် ။ ။ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်နေ့တွင် စိမ်းလန်းမြန်မာပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ ပေးပို့စာ။

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ရည်ညွှန်းပါစာဖြင့် Shwe Mar Ga Golden & Mining, Import & Export Co., Ltd. ၏ ခရမ်ရောဘာထုတ်လုပ်ခြင်းလုပ်ငန်း စက်ရုံအပေါ် စက်ရုံဝန်ထမ်းများနှင့် ဒေသခံရပ်မိရပ်ဖများ၏ အကြိုပြုချက်များကို ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ပြန်ကြားအပ်ပါသည်။

ပူးတွဲ။ ။ စက်ရုံဝန်ထမ်းများနှင့် ဒေသခံရပ်မိရပ်ဖများ၏ အကြိုပြုချက်များအပေါ် စက်ရုံမှ ဆောင်ရွက်ပေးမည့် အစီအစဉ်။

လက်မှတ် .....

တာဝန်ခံအမည် .....

ရာထူး .....

Shwe Mar Ga
Golden & Mining, Import & Export Co., Ltd.
မြစိမ်းတောင်ဘုရားလမ်း၊ သာယာကုန်းကျေးရွာ၊
တာပသွန်ကျေးရွာအုပ်စု၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

Shwe Mar Ga Golden & Mining, Import & Export Co., Ltd. မှ စက်ရုံဝန်ထမ်းများနှင့် ဒေသခံရပ်မိရပ်ဖများ၏ အကြံပြုချက်များအပေါ် ဆောင်ရွက်ပေးမည့် အစီအစဉ်။

အကြံပြုချက်ဆန္ဒသဘောထားများ	ဆောင်ရွက်ပေးမည့်အစီအစဉ်
(က) စက်ရုံဝန်ထမ်းများ၏ အကြံပြုချက်များ	
(၁) လုပ်ငန်းခွင်အတွင်း အကာအကွယ်ပစ္စည်းများ လုံလောက်မှုမရှိကြောင်း	(၁) လုံလောက်မှုရှိအောင်ရရှိစိုက်ဖြည့်စည်းပေးသွားပါမည်။
(၂)သောက်သုံးရေများမှာသောက်ရေသန့် ဖြစ်ကြောင်း	(၂) လုံလောက်မှုရှိအောင်ရရှိစိုက်ဖြည့်စည်းပေးသွားပါမည်။
(၃) သန့်စင်ခန်းများ လုံလောက်မှုရှိကြောင်း	(၃) အစဉ်အမြဲသန့်ရှင်းမှုရှိအောင်ဆောင်ရွက်လျက်ရှိပါသည်။
(၄) ဆေးကြောသန့်ရှင်းရေးစနစ်ကောင်းမွန်ကြောင်း	(၄) ဆက်လက်ဆောင်ရွက်သွားပါမည်။
(၅) လုပ်ငန်းခွင်အတွင်း ဆူညံသံများနှင့် အန္တရာယ်များရှိကြောင်း	(၅) ဆူညံသံနှင့်အန္တရာယ်များလျော့အောင်ဆောင်ရွက်ပါမည်။
(၆) လုပ်ငန်းခွင်အတွင်း အလင်းရောင်လုံလောက်မှုနှင့် လေဝင်လေထွက် ရှိကြောင်း	(၆) ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပါမည်။
(၇) လုပ်ငန်းခွင်အမှုန်အမွှားအခြေအနေ မရှိကြောင်း	(၇) ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပါမည်။
(၈) လုပ်ငန်းခွင်ရှိ လူမှုဆက်ဆံရေး အခြေအနေ အဆင်ပြေကောင်းမွန်ကြောင်း	(၈) ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပါမည်။
(ခ) ဒေသခံရပ်မိရပ်ဖများ၏ အကြံပြုချက် ဆန္ဒသဘောထားများ	
(၁) စက်ရုံမှ အန္တရာယ်များ မထွက်ရှိစေရန်၊ ကျန်ရှိပြည်သူများအတွက် စက်ရုံမှထွက်ရှိသော အန္တရာယ်များကို ပပျောက်အောင် ဆောင်ရွက်ပေးပါရန်	(၁) ပညာရှင်များထံများထံမှအကြံဉာဏ်များရယူ၍ လျော့နည်းပပျောက်အောင်ဆောင်ရွက်ပါမည်။
(၂) ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရန်	(၂) ကြိုးစားဆောင်ရွက်ပါမည်။
(၃) စက်ရုံမှ ထွက်ရှိသော ရေဆိုးများကို ထိရောက်စွာ ထိန်းသိမ်းပေးပါရန်	(၃) ကြိုးစားဆောင်ရွက်ပါမည်။
(၄) ရေဆိုးများ မြေကြီးထဲတွင် မစိမ့်ဝင်စေရန်	(၄) ကြိုးစားဆောင်ရွက်ပါမည်။
(၅) စက်ရုံမှ စွန့်ပစ်ရည်ကြောင့် ရွာအတွင်းရှိ ရေတွင်းများ မပျက်စီးစေရန်	(၅) ကြိုးစားဆောင်ရွက်ပါမည်။
(၆) ရာဘာအမှုန် ပျံ့လွင့်မှုမရှိစေရန်	(၆) ကြိုးစားဆောင်ရွက်ပါမည်။
(၇) ဆူညံသံမထွက်အောင်လုပ်ပေးပါ	(၇) ကြိုးစားဆောင်ရွက်ပါမည်။
(၈) ရာဘာအတင်အချကား အဝင်အထွက်များကြောင့် လမ်းပျက်စီးမှု မရှိစေရန်	(၈) လမ်းပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးပါမည်။
(၉) စက်ရုံအဝင်လမ်းမှာ ဘုန်းကြီးကျောင်းသေးတွင် ရှိသောကြောင့် ကားလမ်းမပျက်စီးရန်	(၉) လမ်းပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးပါမည်။
(၁၀) ဘုန်းကြီးကျောင်းသေးမြေနီလမ်း တောလမ်းဖြစ်၍ရာဘာတင်ကားကြီးကားငယ်အဆက်မပြတ်ဝင်ထွက်နေပါသဖြင့်လမ်းများဖုန်ထပြီးပျက်စီးခြင်း	(၁၀) လမ်းပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးပါမည်။
(၁၁) စက်ရုံဝင် လမ်းအတွင်း ဖုန်မထစေရန် ကွန်ကရစ်လမ်းလမ်းပေးပါရန်	(၁၁) ဆောင်ရွက်ပေးပါမည်။
(၁၂) စက်ရုံအဝင်လမ်းတွင် လမ်းမီးထွန်းပေးပါရန်	(၁၂) ဆောင်ရွက်ပေးပါမည်။

၁-၉-ဃ။ ဒေသခံပြည်သူများ၏လူမှုစီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်

ရွှေမာယခရမ့်ရာဘာစက်ရုံတွင် ဝန်ထမ်းအင်အား အမြဲတမ်း အမျိုးသားဝန်ထမ်း(၃၆)ဦး၊ အမျိုးသမီး အမြဲတမ်းဝန်ထမ်း(၂၁)ဦးနှင့် လုပ်ငန်းအခြေအနေပေါ်မူတည်၍ နေ့စားဝန်ထမ်းများကို ခေါ်ယူလုပ်ကိုင် တာဝန်ထမ်းဆောင်ပါသည်။ ဝန်ထမ်းများ၏ သာရေး/နာရေး ထောက်ပံ့ကြေးများ ပံ့ပိုးပေးပါသည်။ ဝန်ထမ်းများအတွက် လုပ်ငန်းခွင်ကာကွယ်ပစ္စည်းမျိုးများ၊ နားကျပ်အကာ၊ နာခေါင်းစည်း၊ ခေါင်းစွပ်၊ မျက်မှန်၊ ဦးထုပ်၊ လက်အိတ်အမျိုးမျိုး ဝတ်ဆင်အသုံးပြုစေပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်ပေးခြင်း၊ လမ်းခင်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ အလှူငွေများထည့်ဝင်နေပုံ၊ သာယာကုန်းကျေးရွာရှိ (ရာမညနိကာယ-ဘားတိုက်) ဘုန်းကြီးကျောင်းဘေးမှ ရာဘာခြံအတွင်း လမ်းခင်းထားပုံများ ဓာတ်ပုံမှတ်တမ်းများကို အပိုဒ် ၈-၄တွင် ဖော်ပြထားပါသည်။

၁-၉-င။ CSR ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်နှင့်အသုံးပြုမည့်ရန်ပုံငွေလျာထားချက်

ရွှေမာယခရမ့်ရာဘာစက်ရုံသည် လူမှုရေးဆောင်ရွက်သည့် လှူဒါန်းပံ့ပိုးမှုများကို နောင်နှစ်များတွင် အလျဉ်းသင့်သလို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နှစ်စဉ်အသားတင် အမြတ်ငွေ၏ ၂% ကိုလျာထားကြောင်းနှင့် မလုံလောက်ပါက ဖြည့်စွက်သုံးစွဲသွားမည်ဖြစ်ကြောင်း အပိုဒ်(၈-၅)တွင်တင်ပြထားပါသည်။

၁-၉-စ။ မကျေနပ်ချက်များနှင့်လိုလားချက်များဖြေရှင်းပေးမည့်အစီအစဉ်

ရွှေမာယခရမ့်ရာဘာစက်ရုံ၏ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများ ဆောင်ရွက်ရာတွင် စက်ရုံဝန်ထမ်းလုပ်သားများ၊ ပတ်ဝန်းကျင်ရပ်မိရပ်ဖများ၊ အဖွဲ့အစည်းများတို့က မကျေနပ်ချက်များ၊ လိုလားချက်များ ဖော်ပြတောင်းဆိုလာခဲ့လျှင် ဆောင်ရွက်မည့်အစီအစဉ်ကို အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ထားပါသည်။

၁-၉-စ-(၁)။ တာဝန်ယူဖြေရှင်းပေးမည့်အဖွဲ့ဖွဲ့စည်းခြင်း

မကျေနပ်ချက်များနှင့် လိုလားချက်များ တာဝန်ယူဖြေရှင်းမည့်အဖွဲ့

စဉ်	အမည်	ရာထူး	လုပ်သက် (နှစ်)	ပညာအရည်အချင်း	ပေးအပ်မည့်တာဝန်
၁။	ဦးနေဦး	မန်နေဂျာ	၂	-	အဖွဲ့ခေါင်းဆောင်
၂။	ဦးမင်းသိုက်	မန်နေဂျာ	၂	B.E (EC)	အဖွဲ့ဝင် (လျှပ်စစ်)
၃။	ဦးအောင်မျိုးဝင်း	မန်နေဂျာ	၂	B.E (MP)	အဖွဲ့ဝင် (စက်မှု)
၄။	ဒေါ်သွယ်သွယ်ထွန်း	စာရင်းကိုင်	၂	-	အဖွဲ့ဝင် (ရုံးပိုင်း)
၅။	ဦးမာဂမ်	မန်နေဂျာ	၂	-	အဖွဲ့ဝင် (ကုန်ထုတ်)

၁-၉-စ-(၂)။ မကျေနပ်ချက်များ၊ လိုလားချက်များ ရယူစုဆည်းခြင်းနှင့် ပြန်ကြားခြင်း

ရွှေမာယခရမ့်ရာဘာစက်ရုံလုပ်ငန်းအပေါ် မကျေနပ်ချက်များ နှင့် လိုလားချက်များကို အောက်ပါနည်းလမ်းများဖြင့် ရယူစုဆည်းပါမည်။

- စက်ရုံတွင် အကြံပြုလွှာစာပုံးချိတ်ဆွဲထားခြင်း
- အဖွဲ့ခေါင်းဆောင် နှင့် အဖွဲ့ဝင်များနှင့်ဆက်သွယ်ရန် တယ်လီဖုန်း နံပါတ်များကို ဝန်ထမ်းစားသောက်ဆိုင်တွင် ချိတ်ဆွဲထားခြင်း
- စက်ရုံရုပ်မိရုပ်ဖများထံ တယ်လီဖုန်းနံပါတ်များ ပေးပို့ထားခြင်း

တိုင်ကြား/ဆွေးနွေးရရှိသည့် အချက်များကို တာဝန်ယူဖြေရှင်းပေးမည့် အဖွဲ့က လေ့လာဖတ်ရှုညှိနှိုင်းပြီး တိုင်ကြား/ဆွေးနွေးသူထံ ဆက်သွယ်ရေးနည်းလမ်းများဖြင့် ပြန်ကြားဖြေရှင်းပေးမည် ဖြစ်ပါသည်။

၁-၉-စ-(၃)။ တိုင်ကြား/ဆွေးနွေးမှုများကိုဖြေရှင်းရန်ခန့်မှန်းအချိန်ကာလ

ရွှေမာယခရမ့်ရာဘာစက်ရုံ လုပ်ငန်းအပေါ် မကျေနပ်ချက်များနှင့် လိုလားချက်များကို တိုင်ကြား/ဆွေးနွေးမှုများကို ဖြေရှင်းပေးရန် အောက်ပါအတိုင်း အချိန်ကာလကြာမြင့်မည် ခန့်မှန်းပါသည်။

တိုင်ကြားမှု/ဆွေးနွေးမှုများဖြေရှင်းရန်အချိန်ကာလ(ခန့်မှန်း)

စဉ်	ကြာချိန်	မှတ်ချက်
၁။	ရက်သတ္တတစ်ပတ်	စက်ရုံတာဝန်ခံကဖြေရှင်းနိုင်ပါက
၂။	ရက်သတ္တလေးပတ်	ကုမ္ပဏီရုံးချုပ်မှဖြေရှင်းနိုင်ပါက
၃။	ရက်သတ္တလေးပတ်ကျော်	တရားရုံး၊ ဥပဒေရေးရာများ၏ အကူအညီရယူရမည်ဆိုပါက

၁-၁၀။ စက်ရုံပိတ်သိမ်းရေးအစီအစဉ်

ရွှေမာယခရမ့်ရာဘာစက်ရုံသည် အကြောင်းအမျိုးမျိုးကြောင့် ပိတ်သိမ်းရမည်ဆိုပါက ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာများ မထိခိုက်စေရန် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်ကို အောက်ပါအစီအစဉ်များအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည် -

၁-၁၀-က။ ရည်ရွယ်ချက်

၁-၁၀-ခ။ ပတ်ဝန်းကျင်နှင့်လူမှုရေးဝန်းကျင် ထိခိုက်မှုများအပေါ် ပြန်လည်ကုစားမည့်နည်းလမ်းနှင့် လုပ်ငန်းပိတ်သိမ်းချိန်ဇယား

၁-၁၀-ဂ။ ရန်ပုံငွေလျာထားချက်

၁-၁၀-က။ ရည်ရွယ်ချက်

ရွှေမာယာခရမ်းရောဘာစက်ရုံ သည် အကြောင်းအမျိုးမျိုးကြောင့် ပိတ်သိမ်းရမည်ဆိုပါက ပတ်ဝန်းကျင် လေ၊ ရေ၊ မြေ၊ အသံဆူညံမှုနှင့် တုန်ခါမှုများ၊ ပတ်ဝန်းကျင်လူမှုစီးပွားရေး သက်ရောက်မှုများ၏ ဆိုးကျိုးတရားများကို အနည်းဆုံးဖြစ်စေရန် စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

၁-၁၀-ခ။ ပတ်ဝန်းကျင်နှင့်လူမှုရေးဝန်းကျင်ထိခိုက်မှုများအပေါ် ပြန်လည်ကုစားမည့်နည်းလမ်းနှင့် လုပ်ငန်းပိတ်သိမ်းချိန်ဇယား

၁-၁၀-ခ-(၁)။ လုပ်ငန်းပိတ်သိမ်းရန်အဖွဲ့ဖွဲ့စည်းခြင်း

၁-၁၀-ခ-(၂)။ အဖွဲ့ဝင်များ၏ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ

၁-၁၀-ခ-(၃)။ လုပ်ငန်းပိတ်သိမ်းချိန်၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ နယ်ပယ်၊ အချိန်နှင့်ကုစားမှုနည်းလမ်းများ

၁-၁၀-ခ-(၄)။ လုပ်ငန်းပိတ်သိမ်းချိန်ဇယား ဖြင့်ဆောင်ရွက်ထားပါသည်။

၁-၁၀-ခ-(၁)။ လုပ်ငန်းပိတ်သိမ်းရန်အဖွဲ့ဖွဲ့စည်းခြင်း

- အဖွဲ့ခေါင်းဆောင်
- ရုံးလုပ်ငန်းကျွမ်းကျင်သူ
- လျှပ်စစ်ပိုင်းကျွမ်းကျင်သူ
- စက်မှုပိုင်းကျွမ်းကျင်သူ
- လူမှုစီးပွားရေးနှင့်ငွေကြေးဆိုင်ရာကျွမ်းကျင်သူနှင့် ဖွဲ့စည်းရန် တင်ပြထားပါသည်။

၁-၁၀-ခ-(၂)။ အဖွဲ့ဝင်များ၏ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ

အဖွဲ့ခေါင်းဆောင်၊ ရုံးလုပ်ငန်းကျွမ်းကျင်သူ၊ လျှပ်စစ်ပိုင်းကျွမ်းကျင်သူ၏ လုပ်ငန်းတာဝန်များ၊ စက်မှုလုပ်ငန်းကျွမ်းကျင်သူ၏ လုပ်ငန်းတာဝန်များ၊ လူမှုစီးပွားနှင့် ငွေကြေးဆိုင်ရာကျွမ်းကျင်သူ၏ လုပ်ငန်းတာဝန်များတို့ကို အသေးစိတ် အပိုဒ် ၉-၂-ခတွင် တင်ပြထားပါသည်။

၁-၁၀-ခ-(၃)။ လုပ်ငန်းပိတ်သိမ်းချိန်၏ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများ၊ နယ်ပယ်၊ အချိန်နှင့်ကုစားမှုနည်းလမ်းများ

ရွှေမာယာခရမ်းရောဘာစက်ရုံ ပိတ်သိမ်းချိန်တွင် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ နယ်ပယ်၊ အချိန်နှင့်ကုစားမှုနည်းလမ်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည် -

- ပိတ်သိမ်းချိန်လေထုအပေါ် သက်ရောက်မှု
- ပိတ်သိမ်းချိန်ရေထုအပေါ် သက်ရောက်မှု

- ပိတ်သိမ်းချိန်မြေထုအပေါ် သက်ရောက်မှု
- ပိတ်သိမ်းချိန်ဆူညံသံများကြောင့် သက်ရောက်မှုများ
- ပိတ်သိမ်းချိန်လူမှုစီးပွားသက်ရောက်မှုများ တို့ကိုတင်ပြထားပါသည်။

ပိတ်သိမ်းချိန်လေထုအပေါ် သက်ရောက်မှု

ရွှေမာယာခရမ်းရောဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- အမှုန်အမွှားများလွင့်ထွက်ခြင်း၊ လောင်ကျွမ်းဓာတ်ငွေ့များနှင့် ယိုစိမ့် ဓာတ်ငွေ့ထုတ်လွှတ်ခြင်း၊ အနံ့ဆိုးများထွက်ရှိခြင်း။
သက်ရောက်စေသောအကြောင်းအရင်းများ	- လုပ်ငန်းခွင်ဝန်ထမ်းများ၊ ဖျက်သိမ်းရာမှထွက်ရှိသော ပစ္စည်းများ၊ လောင်စာဆီများ၊ လုပ်ငန်းသုံးစက်ပစ္စည်း ကိရိယာများ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်များ၊ ယာယီလျှပ်စစ်ဓာတ်အားပေးစက်များ၏ အိပ်ဇောပိုက်များမှ အမှုန်အမွှားများ၊ ဓာတ်ငွေ့များနှင့် အနံ့ဆိုးများထွက်ရှိခြင်း။ - လုပ်ငန်းတွင် သိုလှောင်ထားသော လက်ကျန်ဒီဇယ်၊ သယ်ယူရွှေ့ပြောင်းရာတွင် အငွေ့ပျံမှုကြောင့် အခိုးအငွေ့အနံ့အသက်များ လေထုအတွင်းသို့ ထုတ်လွှတ်ခြင်း။ - လေအေးစက်များမှ Refrigerant များ၊ Condenser အတွင်းစုဆောင်းရာမှ ယိုစိမ့်မှုများ။ - လေလိုအပ်ချိုဝသက်ရှိချေဖျက်ကန်များမှအနံ့အသက်များ။ - အဆောက်အဦနံရံများ ဖြိုချရာတွင်လည်းကောင်း၊ ဖောင်ဒေးရှင်းအုတ်ရိုးများ တူးဖော်ရာတွင်လည်းကောင်း၊ သံတိုင်ကီများ ခွဲစိတ်ဖြတ်တောက်ရာတွင်လည်းကောင်း၊ လေထုအတွင်းသို့ ရောက်ရှိနိုင်သည့်အမှုန်အမွှား၊ အခိုးအငွေ့ အနံ့အသက်များ လေထုအတွင်းသို့ ထုတ်လွှတ်ခြင်း။ - မော်တော်ယာဉ်များသွားလာမှုကြောင့်မြေကြီးဖုန်ထမှုများ။ - ရာဘာကုန်ကြမ်း၊ ကုန်ချောများ သယ်ယူရွှေ့ပြောင်းရာမှ အနံ့အသက်များ။ - ဖျက်သိမ်းရေးဝန်ထမ်းများ ချက်ပြုတ်စားသောက်ရာမှ ထွက်ရှိသောအခိုးအငွေ့အနံ့အသက်များ။
သက်ရောက်မှုနယ်ပယ်	- ဖျက်သိမ်းသည့် ပစ္စည်းအဟောင်းအတိုအစများ သယ်ယူသည့်ခရီးလမ်းတစ်လျှောက်ရှိပြည်သူလူထု။ - လုပ်ငန်းဝင်းအတွင်း ဖျက်သိမ်းခြင်းတာဝန် ထမ်းဆောင်သည့်ဝန်ထမ်းများ။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- ပြည်သူလူထုအပေါ် သက်ရောက်မှု အတိုင်းအတာနည်းပြီး သက်ရောက်မှုအချိန်ကာလ တိုတောင်းပါသည်။ - စက်ရုံအတွင်းရှိ ဖျက်သိမ်းရေးလုပ်သားများအတွက် သက်ရောက်မှုအတော်အတန်ရှိပြီး အချိန်ကာလမကြာရှည်ပါ။
ကုစားမှုနည်းလမ်းများ	- မော်တော်ယာဉ်များ၊ လျှပ်စစ်ထုတ်စက်များ၏ အင်ဂျင်စွမ်းရည် မြင့်မားစေခြင်း၊ အရည်အသွေးကောင်းမွန်သော လောင်စာဆီများ အသုံးပြုခြင်းဖြင့် သဘာဝမဟုတ်သော ဓာတ်ငွေ့များထွက်ရှိမှုနှင့် ကာဗွန်အမှုန်အမွှား

	များထွက်ရှိမှု လျော့နည်းစေပါသည်။ - လက်ကျန်ဒီဇယ်၊ ရွှေ့ပြောင်းရာတွင် ဖိတ်စင်မှုမရှိရန် ကြပ်မတ်ခြင်း၊ အဖုံးအကာပါသောတိုင်ကီ၊ စည်များဖြင့်သယ်ယူခြင်း၊ သယ်ယူခြင်းကို အပူချိန်နိမ့်သည့်အချိန်များတွင် ဆောင်ရွက်ခြင်း။ - လေအေးပေးစက်များမှ Refrigerant များကို Condenser များအတွင်း စုဆောင်းရာတွင် ကျွမ်းကျင်သူဝန်ထမ်းများက စနစ်တကျဆောင်ရွက်ခြင်း။ - လေလိုအဂ္ဂီဇဝ သက်ရှိကန်များကို ကျွမ်းကျင်ပညာရှင်များနှင့် အနှံ့အသက်များမထွက်စေရန် စီစဉ်ဆောင်ရွက်ခြင်း။ - အဆောက်အဦနံရံများ၊ ဖောင်ဒေးရှင်းအုတ်ရိုးများ တူးဖော်ရာတွင် ရေဖျန်းခြင်း။ - သံတိုင်ကီများ၊ စတီးတိုင်ကီများ ဖြတ်တောက်ရာတွင် ဖြတ်ကြောင်း လျော့နည်းနိုင်သမျှ လျော့နည်းအောင် ဖြတ်တောက်ခြင်း။ - မြေပြင်ကိုရေဖျန်းထားခြင်း။ - ဖြစ်နိုင်ပါက ဖျက်သိမ်းရေး ဝန်ထမ်းစားရေးသောက်ရေးကို ပြင်ပမှမှာယူကျွေးမွေးခြင်း။ - ရာဘာကုန်ချော်များ သယ်ယူရွှေ့ပြောင်းရာတွင် လုံခြုံသော အဖုံးအကာများ၊ အပူချိန်လျော့နည်းသည့် အချိန်များတွင် ဆောင်ရွက်ခြင်း။

ပိတ်သိမ်းချိန်ရေထုအပေါ် သက်ရောက်မှု

ရွှေမာယာခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- ဖျက်သိမ်းရေးလုပ်သား ဝန်ထမ်းများ၏ စနစ်တကျ စွန့်ပစ်ခြင်းမရှိသည့် ရေဆိုးများ။ - ဓာတ်ဆီများ သယ်ယူရွှေ့ပြောင်း ဖြတ်တောက်ရာတွင် မီးလောင်ပေါက်ကွဲမှုမဖြစ်ပေါ်စေရန် လက်ကျန်များကို ဆေးကြောရေများ။ - Septic Tank များမှအရည်ကျန်များ။ - လေလိုအဂ္ဂီဇဝသက်ရှိချေဖျက်ကန်များမှအရည်များ။ - ဖျက်သိမ်းရာတွင်ဖုန်မထစေရန်ဖျန်းသည့်ရေများ။ - ဖျက်သိမ်းရေးဝန်ထမ်းများ ချက်ပြုတ်စားသောက်ရာမှ ထွက်ရှိသည့် စွန့်ပစ်ရည်များ။ - စက်ပစ္စည်းများအတွင်းမှ စက်ဆီချောဆီများ။ - ထရန်စဖော်မာဆီများ။
သက်ရောက်စေသောအကြောင်းအရင်းများ	- စနစ်မကျခြင်း၊ စည်းကမ်းမလိုက်နာခြင်း၊ ညွှန်ကြားချက်များချိုးဖောက်ခြင်း။
သက်ရောက်မှုနယ်ပယ်	- လုပ်ငန်းအတွင်းစွန့်ပစ်ရည်များထွက်ရှိသည့်မြောင်းနှင့်ပြင်ပမြောင်းများ။
ကုစားမှုနည်းလမ်းများ	- စနစ်တကျဆောင်ရွက်ခြင်း၊ ညွှန်ကြားချက်များ၊ စည်းကမ်းလိုက်နာခြင်း၊

	ကြေပ်မတ်စစ်ဆေးခြင်း၊ မလိုက်နာပါက ပညာပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်း။ - စွန့်ပစ်ရည်များကိုစုယူပြီး စည်ပင်သာယာရေး ကော်မတီခွင့်ပြုသည့်နေရာတွင် စွန့်ပစ်ခြင်း။ - Septic Tank များအတွင်းမှ ရေများ စည်ပင်သာယာရေးကော်မတီထံ အပ်နှံရှင်းလင်းခြင်း။

ပိတ်သိမ်းချိန်မြေထုအပေါ် သက်ရောက်မှု

ရွှေမာယာခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- ဖျက်သိမ်းရေးဝန်ထမ်းများ နေ့စဉ်သုံးစွဲရာမှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းအစိုင်အခဲများ။ - ဖျက်သိမ်းရေး ဝန်ထမ်းများ ချက်ပြုတ်ကြော်လှော်ရာမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းအစိုင်အခဲများ။ - အဆောက်အဦ ဖျက်သိမ်းခြင်းမှ ထွက်ရှိသည့်ပစ္စည်းများ သယ်ယူရာတွင် ဖိတ်စင်မှုများ ဥပမာ - အုတ်ခဲကျိုးများ၊ ဘိလပ်မြေမဆလာအပိုင်းအစများ၊ သဲများ၊ မှုန်ကွဲများ၊ အမှိုးပြားများ။ - တိုင်ကီများ ဖျက်သိမ်းရာမှ သံတိုသံစချောင်းများ၊ သဘော်ဆေး လောင်ကျွမ်းပြာများ။ - ဘို့နပ်အပျက်အစီးများ (I Beam များ၊ သံဖရိန်များ)
သက်ရောက်စေသောအကြောင်းအရင်းများ	- စနစ်မကျခြင်း၊ စည်းကမ်းညွှန်ကြားချက်များမလိုက်နာခြင်း။
သက်ရောက်မှုနယ်ပယ်	- လုပ်ငန်းပတ်ဝန်းကျင်နှင့် ဖျက်သိမ်းပစ္စည်းများ သယ်ယူရာလမ်း တစ်လျှောက် ပြည်သူလူထုနှင့် ဖျက်သိမ်းရေးဝန်ထမ်းများ။
သက်ရောက်မှုအတိုင်းအတာ နှင့် အချိန်ကာလ	- လုပ်ငန်းပတ်ဝန်းကျင်နှင့် ဖျက်သိမ်းပစ္စည်းများ သယ်ယူရာလမ်း တစ်လျှောက် ပြည်သူလူထုအပေါ် သက်ရောက်မှုအတိုင်းအတာနည်းပြီး အချိန်ကာလ တိုတောင်းပါသည်။ - ဖျက်သိမ်းရေး ဝန်ထမ်းများအပေါ် သက်ရောက်မှု အတော်အတန်ရှိပြီး အချိန်ကာလ မကြာရှည်ပါ။
ကုစားမှုနည်းလမ်းများ	- စနစ်တကျဆောင်ရွက်ရန် ပညာပေးခြင်း၊ ကြေပ်မတ်ခြင်း၊ စစ်ဆေးအရေးယူ အပြစ်ပေးခြင်း။ - သယ်ယူသည့်အခါ မော်တော်ယာဉ်ပေါ် အတင်အချတွင် ဖိတ်စင်မှုမရှိရန် ကြေပ်မတ်ခြင်း၊ အမှိုးအကာများဖြင့်သယ်ယူခြင်း၊ ကျွမ်းကျင်ယာဉ်မောင်း၊ ကြံ့ခိုင်သောယာဉ်များ တာဝန်ပေးအသုံးပြုခြင်း။

ပိတ်သိမ်းချိန်ဆူညံသံများကြောင့်သက်ရောက်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- ဖျက်သိမ်းရေးဝန်ထမ်းများ၊ ဖျက်သိမ်းသည့်ပစ္စည်းများ၊ လောင်စာများ၊ လုပ်ငန်းသုံးစက်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ လျှပ်စစ်ထုတ်စက်များ၏ မောင်းနှင်မှုများကြောင့် ဆူညံသံများ၊ တုန်ခါမှုများ။ - အဆောက်အဦဖြိုဖျက်ရာတွင် ထုရိုက်၊ ဖောက်ထုတ်၊ ဖြိုချရာမှ ဆူညံသံ၊ တုန်ခါမှုများ။ - ဖောင်ဒေးရှင်း အုတ်ရိုးများ တူးဖော်ရာမှ ဆူညံသံ၊ တုန်ခါမှုများ။ (Vibration အသံများ)။ - တိုင်ကီများဖြိုဖျက်ရာမှ ဆူညံသံ၊ တုန်ခါမှုများ။ - စက်ပစ္စည်းကိရိယာများ ဖျက်သိမ်းရာမှ ဆူညံသံ၊ တုန်ခါမှုများ။ - ရာဘာသယ် ကွန်ဗေရာ၊ ရာဘာခုတ်ထစ်ဖြတ်တောက်ချေစက်များ၊ ရာဘာပို့ပန့်၊ အခြောက်ခံစက်၊ ရာဘာဖြတ်စက်၊ ရာဘာဖိသိပ်စက်များ။ - လျှပ်စစ်ပစ္စည်းများ (ထရန်စဖော်မာ၊ ကွန်ထရိုးပင်နယ်)များ ဖြုတ်သိမ်းသယ်ယူရာမှ ဆူညံသံ၊ တုန်ခါမှုများ။ - စွန့်ပစ်ရည်သန့်စင်ကိရိယာဖြုတ်သိမ်းခြင်း။
သက်ရောက်စေသောအကြောင်းအရင်းများ	- စနစ်မကျခြင်း၊ စည်းကမ်းညွှန်ကြားချက်များ မလိုက်နာခြင်း။
သက်ရောက်မှုနယ်ပယ်	- ဖျက်သိမ်းသည့်ပစ္စည်းများ သယ်ယူပို့ဆောင်သည့် လမ်းတစ်လျှောက်ရှိ ပြည်သူလူထုနှင့် လုပ်ငန်းခွင်ဖျက်သိမ်းရေးဝန်ထမ်းများ။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- ပြည်သူလူထုအပေါ် သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ နည်းပါသည်။ - ဖျက်သိမ်းရေးဝန်ထမ်းများအပေါ် သက်ရောက်မှု အတိုင်းအတာ အတော်အသင့်ရှိပြီး သက်ရောက်မှုကာလ တိုတောင်းပါသည်။
ကုစားမှုနည်းလမ်းများ	- စနစ်တကျဆောင်ရွက်ခြင်း၊ ဖျက်သိမ်းရေးဝန်ထမ်းများအတွက် လုပ်ငန်းခွင်အကာအကွယ်ပစ္စည်းများ အသုံးပြုခြင်း။ - ဆူညံသံသတ်မှတ်ချက်ထက်ကျော်လွန်ပါက အချိန်တိုဆောင်ရွက်ခြင်းဖြင့် ကုစားခြင်း။ - ပတ်ဝန်းကျင်နားနေချိန်နှင့်ရှောင်လွှဲလုပ်ကိုင်ခြင်း။

ပိတ်သိမ်းချိန်လူမှုစီးပွားသက်ရောက်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- မူလပင်မတာဝန်ထမ်းဆောင်သော ဝန်ထမ်းများအလုပ်လက်မဲ့ဖြစ်ခြင်း။ - မူလလုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းများ အလုပ်လက်မဲ့ဖြစ်ခြင်း

	(ဥပမာ- ကုန်တင်ကုန်ချပုတ်ပြတ်၊ အရောင်းအဝယ်သမားများ)။ - နိုင်ငံတော်အခွန်လျော့နည်းခြင်း။ - ကုန်ကြမ်းကုန်ချောသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ။ - ဖျက်သိမ်းရေးလုပ်သားများအတွက် ဝင်ငွေတစ်စိတ်တစ်ဒေသ ရရှိပါသည်။
သက်ရောက်စေသောအကြောင်းအရင်းများ	- လုပ်ငန်းဖျက်သိမ်းခြင်းသဘာဝအရဖြစ်ပါသည်။
သက်ရောက်မှုနယ်ပယ်	- မူလဆက်စပ်လုပ်သားများ။ - ဖျက်သိမ်းရေးလုပ်သားများ။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- မူလနှင့် ဆက်စပ်လုပ်သားများ အပေါ် သက်ရောက်မှု အတိုင်းအတာ အတော်အသင့်ရှိပြီး အချိန်အတော်အသင့်ကြာပါသည်။ - ဖျက်သိမ်းရေးလုပ်သားများအပေါ် သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ တိုတောင်းပါသည်။
ကုစားမှုနည်းလမ်းများ	- မူလတာဝန် ထမ်းဆောင်သူများအတွက် ဥပဒေအရ နစ်နာကြေးပေးခြင်း၊ - အခြားဆက်စပ်သည့်လုပ်ငန်းများအတွင် တာဝန်လွှဲပြောင်းထမ်းဆောင်စေခြင်း။

၁-၁၀-ခ-(၄)။ လုပ်ငန်းပိတ်သိမ်းချိန်ဇယား

ရွှေမာယခရမ့်ရာဘာစက်ရုံ ပိတ်သိမ်းချိန် အချိန်ဇယားကို အောက်ပါအတိုင်း တင်ပြထားပါသည်-

ရွှေမာယခရမ့်ရာဘာစက်ရုံ ပိတ်သိမ်းချိန်အချိန်ဇယား

စဉ်	လုပ်ငန်းအမည်	လ															
		၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆
၁။	ဖျက်သိမ်းအဖွဲ့ဖွဲ့စည်းခြင်း၊ တာဝန်ခွဲဝေခြင်း။																
၂။	လုပ်ငန်းကန်ထရိုက်တာများနှင့်ဆက်သွယ်ခြင်းစာချုပ်ချုပ်ဆိုခြင်း																
၃။	ခွက်၊ ခွက်ကပ်၊ ဆွဲဖတ်၊ အစိမ်းပြားများစသောကုန်ကြမ်းပစ္စည်းများဖွဲ့ပြောင်းခြင်း။																
၄။	ဂုံးစာရွက်စာတမ်း၊ စားဖိုဆောင်ပစ္စည်းများဖွဲ့ပြောင်းခြင်း																
၅။	ပုံစံခွက်များ၊ ကုန်ချောလက်ကျန်များအားဖွဲ့ပြောင်းခြင်း။																
၆။	ထင်းဒီဇယ်လက်ကျန်များဖွဲ့ပြောင်းခြင်း																
၇။	လျှပ်စစ်ပိုင်းအန္တရာယ်ကင်းရှင်းရန်ဆောင်ရွက်ခြင်း																
၈။	ရာဘာရေစိမ်ကန်များ၊ ခုတ်ထစ်ဖြတ်တောက် ကြိတ်ချေစက်များ၊ ကွန်ဗေယာများဖြုတ်သိမ်းဖွဲ့ပြောင်းခြင်း။																
၉။	ရာဘာအတုံးများ၊ သယ်ယူပို့ဆောင်ပန့်များ၊ ပိုက်လိုင်းများ၊ ရေခဲစင်များဖြုတ်သိမ်းဖွဲ့ပြောင်းခြင်း။																
၁၀။	လျှပ်စစ်ထုတ်စက်များဖြုတ်ဖွဲ့ခြင်း။																
၁၁။	ရေပိုက်လိုင်းများဖြုတ်သိမ်းခြင်း။																
၁၂။	အဆောက်အဦများဖြုတ်သိမ်းခြင်း၊ (ဓွန့်ပစ်ရည်သန့်စင်ကိရိယာကန်များပါသည်။)																
၁၃။	ကားကတ္တားဖြုတ်သိမ်းခြင်း။																
၁၄။	ဖောင်ဒေးရှင်းများတူးထုတ်ခြင်း။																
၁၅။	Spetic Tank များရှင်းလင်းခြင်း၊ ဖြေမှိုခြင်း။																
၁၆။	မျိုင့်ဝန်းများဖြေမှိုခြင်း။																
၁၇။	သစ်ပင်များစိုက်ပျိုးခြင်း။																

၁-၁၀-ဂ။ ရန်ပုံငွေလျာထားချက်

ရွှေမာယာခရမ်းရာဘာစက်ရုံ လုပ်ငန်းပိတ်သိမ်းချိန်တွင် အသုံးပြုရန် ငွေကြေး လျာထားချက်ကို ၆၂,၇၅၀,၀၀၀ ကျပ်ကို လျာထားကြောင်းနှင့် လုံလောက်မှုမရှိပါက ထပ်မံ စိုက်ထုတ်သုံးစွဲမည် ဖြစ်ကြောင်းဖော်ပြထားပါသည်။

၁-၁၁။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်

ရွှေမာယာခရမ်းရာဘာစက်ရုံ၏ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်ကို အောက်ပါအတိုင်းဆောင်ရွက်ပါမည် -

၁-၁၁-က။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ခြင်း အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များ

၁-၁၁-ခ။ လိုက်နာဆောင်ရွက်မည့်ကတိကဝတ်များ

၁-၁၁-ဂ။ List of Commitment

၁-၁၁-က။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ခြင်း အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များ

၁-၁၁-က-(၁)။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံ ပိုင်ရှင် သို့မဟုတ် လုပ်ငန်းတာဝန်ခံက စက်ရုံမှ သင့်တော်သည့် ဝန်ထမ်းတစ်ဦးဦးကို ပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် အဖွဲ့ခေါင်းဆောင်ခန့်အပ်လျက် အောက်ဖော်ပြပါ ကိုယ်စားလှယ်များဖြင့် အဖွဲ့ဖွဲ့စည်းပေးရန်ဖြစ်ပါသည်။

စဉ်	အမည်	ရာထူး	လုပ်သက် (နှစ်)	ပညာအရည်အချင်း	ပေးအပ်မည့်တာဝန်
၁။	ဦးနေဦး	မန်နေဂျာ	၂	-	ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ခေါင်းဆောင်
၂။	ဦးမင်းသိုက်	မန်နေဂျာ	၂	B.E (EC)	အဖွဲ့ဝင် (လျှပ်စစ်)
၃။	ဦးအောင်မျိုးဝင်း	မန်နေဂျာ	၂	B.E (MP)	အဖွဲ့ဝင် (စက်မှု)
၄။	ဒေါ်သွယ်သွယ်ထွန်း	စာရင်းကိုင်	၂	-	အဖွဲ့ဝင် (ရုံးပိုင်း)
၅။	ဦးမာဂမ်	မန်နေဂျာ	၂	-	အဖွဲ့ဝင် (ကုန်ထုတ်)

၁-၁၁-က-(၂)။ တာဝန်ဝတ္တရားများ

ရွှေမာယခရမ့်ရာဘာစက်ရုံ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများကို အပိုဒ် ၁၀-၁-ခ တွင် အသေးစိတ် တင်ပြထားပါသည်။

၁-၁၁-က-(၃)။ လိုက်နာဆောင်ရွက်မှုစောင့်ကြပ်ကြည့်ရှုခြင်းနှင့်အစီရင်ခံခြင်း

ရွှေမာယခရမ့်ရာဘာစက်ရုံ က လိုက်နာဆောင်ရွက်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်း အတွက် -

- လုပ်ငန်းခွင်အတွင်းစောင့်ကြပ်ကြည့်ရှုခြင်းနှင့်စစ်ဆေးခြင်း
- အသေးအဖွဲဖြစ်ရပ်များ၊ မတော်တဆကိစ္စရပ်များအစီရင်ခံခြင်း
- လုပ်ဆောင်ချက်များကိုညွှန်းကိန်းများဖြင့် သတ်မှတ်တိုင်းတာခြင်းနှင့် ယင်းညွှန်းကိန်းများအတိုင်း အရေးယူဆောင်ရွက်ခြင်း တို့ပါဝင်ပါသည်။
- **လုပ်ငန်းခွင်အတွင်းစောင့်ကြပ်ကြည့်ရှုခြင်းနှင့်စစ်ဆေးခြင်း**

လုပ်ငန်းခွင်အတွင်း စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စစ်ဆေးခြင်းကို လေထုအရည်အသွေး (ပတ်ဝန်းကျင်နှင့်လုပ်ငန်းခွင်)၊ မြေအောက်ရေ၊ စွန့်ပစ်ရည် အရည်အသွေး၊ မြေအရည်အသွေး၊ ဆူညံသံနှင့် ကျန်းမာရေးဘေးကင်းလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးတို့အတွက် တိုင်းတာစစ်ဆေးမည့် အမျိုးအစားများ၊ စစ်ဆေးမည့်နေရာနှင့် စစ်ဆေးမှုအကြိမ်အရေအတွက်တို့ကို ဇယားဖြင့် အပိုဒ် ၁၀-၁-ဂ-(၁) တွင် တင်ပြထားပါသည်။

- **အသေးအဖွဲဖြစ်ရပ်များ၊မတော်တဆကိစ္စရပ်များအစီရင်ခံခြင်း**

အသေးအဖွဲဖြစ်ရပ်များ၊ မတော်တဆကိစ္စရပ်များ အစီရင်ခံခြင်းအတွက် **ရွှေမာယခရမ့်ရာဘာစက်ရုံ** ၏ ထူးခြားဖြစ်စဉ် အစီရင်ခံတင်ပြခြင်းကို ပုံစံဖြင့်လည်းကောင်း၊ မတော်တဆထိခိုက်မှုမှတ်တမ်း ပုံစံဖြင့်လည်းကောင်း ၁၀-၁-ဂ-(၂) တွင် တင်ပြထား ပါသည်။

- **လုပ်ဆောင်ချက်များကိုညွှန်းကိန်းများဖြင့် သတ်မှတ်တိုးတာခြင်းနှင့်ယင်းညွှန်းကိန်းများအတိုင်းအရေးယူဆောင်ရွက်ခြင်း**

ရွှေမာယခရမ့်ရာဘာစက်ရုံ၏ လုပ်ဆောင်ချက်များကို ညွှန်းကိန်းများဖြင့် တွက်ချက်ခြင်းအတွက် **(Calculation the Accident Indices)** ပုံစံဖြင့် ဆောင်ရွက်ထားကြောင်း အပိုဒ် ၁၀-၁-ဂ-(၃) တွင် တင်ပြထားပါသည်။

၁-၁၁-က-(၄)။ ဖြစ်ပေါ်နိုင်သောပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာထိခိုက်မှုများအကျဉ်းချုပ်

ရွှေမာယခရမ့်ရာဘာစက်ရုံကြောင့် ပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထု လုပ်သား ဝန်ထမ်းများနှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများတို့ကို အပိုဒ် ၁၈-၁-ဃ တွင် တင်ပြထားပါသည်။

၁-၁၁-က-(၅)။ လက်ရှိထိခိုက်မှုများအားလျော့ချခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်

ရွှေမာယခရမ့်ရာဘာစက်ရုံတွင် လက်ရှိထိခိုက်မှုများအတွက် လျော့ချမည့် လုပ်ငန်းစဉ်အဖြစ် အပိုဒ် ၁၈-၁-ငတွင် လေထုအတွက် မော်တော်ယာဉ်၊ လျှပ်စစ်ထုတ်စက်များ၊ ရာဘာအခြောက်ခံစက်၊ ထရန်စဖော်မာနှင့် လေအေးပေးစက်များ ပုံမှန်ပြုပြင်ခြင်းများကိုလည်းကောင်း၊ ရေထုအတွက် စက်ဆီချောဆီ ဘက်ထရီအက်ဆစ်များ ဖြည့်တင်းလဲလှယ်ရာတွင်ဆောင်ရွက်မှု စွန့်ပစ်ရည်နမူနာကောက်ယူ ဓာတ်ခွဲခန်းများသို့ ဆက်သွယ်ပေးပို့ခြင်းများ၊ စွန့်ပစ်ရည် သန့်စင်မှုစနစ်အတွက် ပံ့ပိုးမှုများကိုလည်းကောင်း၊ မြေထုအတွက် စွန့်ပစ်ရည်များတွင် ပါဝင်သွားနိုင်သည်များကို ပြန်လည်စုယူခြင်း၊ ထုပ်ပိုးပစ္စည်း၊ ရုံးသုံးပစ္စည်းများအပောင်းများကို စည်ပင်သာယာရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများကိုလည်းကောင်း၊ ဝန်ထမ်းများအပေါ် ဆူညံသံများအတွက် လုပ်ငန်းခွင်အကာကွယ်ပစ္စည်းများ ဝယ်ယူပံ့ပိုးခြင်းကိုလည်းကောင်း၊ ဝန်ထမ်းများအတွက် ဆေးသေတ္တာ၊ ဆေးခန်း၊ အရေးပေါ်ထိခိုက်သူများပြုစုရေးတို့ကို ဖော်ပြချက် ငွေကြေးလျာထားချက် စုစုပေါင်း ၄,၅၆၀,၀၀၀ ကျပ်ကို လျာထားကြောင်း အပိုဒ် ၁၈-၁-ဇ တွင် တင်ပြထားပါသည်။

၁-၁၁-က-(၆)။ အနာဂတ်တွင်ဖြစ်ပေါ်နိုင်သော ထိခိုက်မှုများအား လျော့ချခြင်းအတွက် ဆောင်ရွက်မည့်အစီအစဉ်

ရွှေမာယခရမ့်ရာဘာစက်ရုံတွင် ထိခိုက်မှုများကိုလျော့ချရန် အနာဂတ်တွင် ဆောင်ရွက်ရန်အစီအစဉ်ကို စက်ရုံ၏ ငွေကြေးအင်အား၊ နိုင်ငံတော်၏ပံ့ပိုးမှုပေါ်မူတည်၍ လက်ရှိအသုံးပြုနေသည့် ထင်းမီးဖိုများနေရာတွင် ဒီဇယ်ဆီ၊ သဘာဝဓာတ်ငွေများ အစားထိုးသုံးစွဲခြင်း၊ စည်ပင်သာယာရေး ကော်မတီမှ ပံ့ပိုးပေးမှုရေများကို အဝီစိတွင်းရေအစားအစားထိုးသုံးစွဲခြင်း၊ ဝန်ထမ်းများခန့်ထားရာတွင် နယ်ခံများခန့်ထားခြင်းနှင့် ဝန်ထမ်းနေစရာများဆောင်ရွက်ပေးခြင်းနှင့် လျှပ်စစ်ထုတ်စက်များကို အသံထိန်းစနစ်ပါသောစက်များဖြင့်အစားထိုးရန်တို့ကို တင်ပြထားပါသည်။

၁-၁၁-က-(၇)။ အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက တုံ့ပြန်ဆောင်ရွက်မည့်အစီအစဉ်၊ ကြိုတင်ဆောင်ရွက်ထားရှိမှုများ လေ့ကျင့်သင်ကြားမှုအစီအစဉ်များ

ရွှေမာယခရမ့်ရာဘာစက်ရုံ အနေဖြင့် အရေးပေါ်အခြေအနေ ကြုံတွေ့ပါက ဆောင်ရွက်ရန် စီမံချက်ကို ရေးဆွဲထားပါသည်။ ယင်းကို **နောက်ဆက်တွဲ(၅)** တွင် တင်ပြ

ထားပါသည်။ ထို့ပြင် ထုတ်လုပ်မှုပိုင်းဆိုင်ရာသင်တန်းများ၊ မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးသင်တန်းများကို စီစဉ်ထားပါသည်။ စက်ရုံက ဆောင်ရွက်ပေးထားသည့် -

- **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး**
- **မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေး** များအတွက်စက်ရုံကဆောင်ရွက်ထားသည့်လမ်းညွှန်ချက်များ၊ မီးသတ်ပစ္စည်းများတို့ကို ဓာတ်ပုံ မှတ်တမ်းများဖြင့် အပိုဒ် ၁၀-၁-ဆ-(၂) တွင် တင်ပြထားပါသည်။
- **လုပ်သားဝန်ထမ်းများအပေါ် လူမှုရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ** **ရွှေမာယာခရမ်းရာဘာစက်ရုံ**က ဝန်ထမ်းများအပေါ် ပံ့ပိုးမှုများတို့ကို အပိုဒ် ၁၀-၁-ဆ-(၃) တွင် တင်ပြထားပါသည်။

ဝန်ထမ်းများအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ကျန်းမာရေးနှင့် ကွန်မြူနီတီကျန်းမာရေး အစီအစဉ်ကို ရေးဆွဲလိုက်နာလျက်ရှိပါသည်။ ယင်းအစီအစဉ်ကို **နောက်ဆက်တွဲ(၆)**တွင် တင်ပြထားပါသည်။

၁-၁၁-က-(ဈ)။ ပတ်ဝန်းကျင်အရည်အသွေး စောင့်ကြပ်ကြည့်ရှုတိုင်းတာမည့် Parameter များ၊ နည်းလမ်းများ၊ အချိန်ဇယား၊ သတ်မှတ်နေရာ၊ အကြိမ်အရေအတွက်နှင့် အတည်ပြုမည့်နည်းလမ်း

ရွှေမာယာခရမ်းရာဘာစက်ရုံ ၏ ပတ်ဝန်းကျင် လေထု၊ ရေထုနှင့် မြေထု အပေါ် စောင့်ကြပ်ကြည့်ရှုခြင်းအတွက် ပုံစံများကို တင်ပြထားပါသည် -

- ပတ်ဝန်းကျင်လေထုအပေါ် သက်ရောက်မှုစောင့်ကြပ်ကြည့်ရှုရမည့် အချက်အလက်များ
- ပတ်ဝန်းကျင်ရေထုအပေါ် သက်ရောက်မှုစောင့်ကြပ်ကြည့်ရှုရမည့် အချက်အလက်များ
- ပတ်ဝန်းကျင်မြေထုအပေါ် သက်ရောက်မှုစောင့်ကြပ်ကြည့်ရှုရမည့် အချက်အလက်များ
- ပတ်ဝန်းကျင်နှင့် ဝန်ထမ်းများအပေါ် ဆူညံသံသက်ရောက်မှု စောင့်ကြပ်ကြည့်ရှုရမည့် အချက်အလက်များ တို့ဖြစ်ကြပါသည်။

စောင့်ကြပ်ကြည့်ရှုမည့် အချက်အလက်များပုံစံတွင် သက်ဆိုင်ရာ လေ၊ ရေ၊ မြေ၊ ဆူညံသံအတွက် တိုင်းတာသည့်အရည်အသွေး၊ ယူနစ်၊ တိုင်းတာသည့်နည်းလမ်း၊ တိုင်းတာမည့်အချိန်ဇယား၊ တိုင်းတာရန်သတ်မှတ်နေရာ၊ တိုင်းတာမည့်အကြိမ်အရေအတွက်၊ အသုံးပြုမည့်နည်းလမ်းများနှင့် ရှိသင့်သည့်စံနှုန်းများတို့ ဖြစ်ကြပါသည်။ လေ၊ ရေ၊ မြေ၊ ဆူညံသံ တစ်ခုချင်းစီအတွက် ပုံစံများကို အပိုဒ် ၁၀-၁-ဇ တွင် တင်ပြထားပါသည်။

၁-၁၁-က-(၉)။ ဒေသခံပြည်သူချိတ်ဆက်ပါဝင်ရေးနှင့်ဒေသဖွံ့ဖြိုးရေး

ရွှေမာယခရမ့်ရာဘာစက်ရုံကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို စောင့်ကြပ်ကြည့်ရှုရန်အတွက် လုပ်ငန်းလမ်းညွှန်မှုကို ဒုတိယအဖွဲ့အစည်းများ (ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများ) ပါဝင်သောအဖွဲ့အစည်းနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် နှစ်စဉ်အသားတင်အမြတ်ငွေ၏ ၂%ကို သတ်မှတ်ထားကြောင်း နှင့် မလုံလောက်ပါကဖြည့်စွက်သုံးစွဲမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁-၁၁-က-(၁၀)။ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးနှင့်သင်တန်းအစီအစဉ်များ အကောင်အထည်ဖော်မည့်အချိန်ဇယား

ရွှေမာယခရမ့်ရာဘာစက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လုပ်သားဝန်ထမ်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သည့် သင်တန်းအစီအစဉ်ကို အပိုဒ် ၁၀-၁-ဆ တွင် ဖော်ပြထားကြောင်း အပိုဒ် ၁၀-၁-ညတွင် တင်ပြထားပါသည်။

၁-၁၁-က-(၁၁)။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ပါ လုပ်ငန်းစဉ်အလိုက်အကောင်အထည်ဖော် တာဝန်ပေးမည့်ပုဂ္ဂိုလ်အဖွဲ့အစည်းနှင့် သုံးစွဲမည့်ခန့်မှန်းအသုံးစရိတ်

- **အဖွဲ့များဖွဲ့စည်းခြင်း**

  ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်ပါ လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် ဆောင်ရွက်မည့်စက်ရုံမှ အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် အဖွဲ့၏တာဝန်ဝတ္တရားများအပေါ် လုပ်ငန်းလမ်းညွှန် အဖွဲ့ဖွဲ့စည်းခြင်းကို တင်ပြထားပါသည်။

- **ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**
  - အစီရင်ခံစာပါလျာထားရန်ပုံငွေကိုခွင့်ပြုချက်ရရှိရန်ဆောင်ရွက်ခြင်း
  - တိုင်းတာရမည့် လေ၊ ရေ၊ မြေနှင့်စပ်လျဉ်း၍ မိမိစက်ရုံတွင် ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ခြင်း
  - မိမိစက်ရုံတွင် ဆောင်ရွက်နိုင်ခြင်းမရှိသည်များကို အခြားကျွမ်းကျင်ဌာနများနှင့်တိုင်းတာရန် ဆက်သွယ်ဆောင်ရွက်ခြင်း
  - တိုင်းတာရန် ရောက်ရှိလာသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းများကူညီဆောင်ရွက်ခြင်း ဥပမာ - လေ၊ ရေ၊ မြေနမူနာများရယူခြင်း၊ နမူနာရယူမည့် နေရာများ သတ်မှတ်ပေးခြင်း
  - တိုင်းတာရရှိသည့် အချက်အလက်ကိန်းဂဏန်းများကို စုစည်းပြီးတိုးတက်မှု၊ ဆုတ်ယုတ်မှုများကောက်ချက်ချခြင်း

- အပိုဒ်၁၈-၁-၌-(၁)ပါ လုပ်ငန်းလမ်းညွှန်မှုအဖွဲ့ပါ ဌာနများနှင့် ဆက်သွယ်၍ ကိုယ်စားလှယ်တောင်းခံခြင်း၊ လမ်းညွှန်မှုခံယူခြင်း
- လုပ်ငန်းလမ်းညွှန်မှုအဖွဲ့ကို ဖိတ်ကြားခြင်း၊ မိမိတို့အဖွဲ့ဆောင်ရွက်မှုများကို တင်ပြခြင်း၊ လမ်းညွှန်မှုခံယူခြင်း
- အစီရင်ခံစာပါ ကျန်းမာရေး၊ လုပ်ငန်းခွင်အန္တရာယ်ကာကွယ်ရေး၊ မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများအတွက် လမ်းညွှန်ဆိုင်းဘုတ်များ၊ ဟောပြောပွဲများ၊ ဇာတ်တိုက်လေ့ကျင့်မှုများ၊ လုပ်ငန်းသုံးပစ္စည်းများ (ဥပမာ - PPE များ၊ မီးသတ်ဆေးဘူးများ စသဖြင့်) ဝယ်ယူပံ့ပိုးခြင်း
- စက်ရုံအတွင်းသစ်ပင်များကိုစိုက်ပျိုးရန်စီစဉ်ဆောင်ရွက်ခြင်း
- EMP အစီရင်ခံစာကို အတည်ပြုချက်ရရှိပြီးပါက ဝန်ထမ်းများ၊ အနီးပတ်ဝန်းကျင်ပြည်သူလူထု ဖတ်ရှုလေ့လာနိုင်ရန် စက်ရုံအတွင်း စားသောက်ဆိုင်တွင် Hard Copy အဆင့်သင့်ထားရှိပေးခြင်း
- Monitoring Report များကိုလည်းစီစဉ်ထားရှိခြင်း
- Website ရှိပါက Website တွင်တင်ပေးခြင်း

➢ **ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ပတ်ဝန်းကျင်စောင့်ကြပ်လေ့လာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာဗွန်လျှော့ချရေးဆိုင်ရာလုပ်ငန်းများတွင်ငွေကြေးသုံးစွဲရန်လျာထားငွေ**

ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ သုံးစွဲရန်ငွေကြေးလျာထားချက်ကို ၆,၉၀၀,၀၀၀ ကျပ်လျာထားကြောင်းနှင့် အသေးစိတ်ကို အပိုဒ် ၁၈-၁-၌-(၃) တွင် တင်ပြထားပါသည်။

၁-၁၁-ခ။ လိုက်နာဆောင်ရွက်မည့်ကတိကဝတ်များ

ရွှေမာယာခရမ်းရာဘာစက်ရုံ အနေဖြင့်

➢ ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်သည် တိကျခိုင်မာကြောင်းနှင့် မှန်ကန်ပါကြောင်း

➢ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)၏ လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာ ဥပဒေများကိုလိုက်နာ၍ ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ရေးဆွဲထားကြောင်းနှင့် ယင်းဥပဒေလုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာမည်ဖြစ်ပါကြောင်း

- ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါ ကတိကဝတ်များ၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲ လိုက်နာသွားမည်ဖြစ်ကြောင်း ကတိဝန်ခံမှုပြုပါသည်။
- လုပ်ငန်းလည်ပတ်နေစဉ် အတည်ပြုပြီး - ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို တိုးတက်လာသည့် နည်းပညာများအရ နောင်အခါတွင် ပြင်ဆင်ဖြည့်စွက်ရန် ညွှန်ကြားချက်ရရှိပါက ပြင်ဆင်ပေးပါမည်ဖြစ်ကြောင်း ကတိဝန်ခံမှုပြုပါသည်။
- နိုင်ငံတော်ကထုတ်ပြန်ထားသောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ
- ငွေကြေးသုံးစွဲရန်လျာထားငွေများဖြစ်သော

  ပိတ်သိမ်းချိန်ငွေကြေးလျာထားမှု ၆၂,၇၅၀,၀၀၀ ကျပ်

  လက်ရှိထိခိုက်မှုများလျော့ချခြင်းအတွက်

  ငွေကြေးလျာထားမှု ၄,၅၆၀,၀၀၀ ကျပ်

  ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုသုံးစွဲ

  ငွေကြေးလျာထားမှု ၆,၉၀၀,၀၀၀ ကျပ်

  တို့ကိုသတ်မှတ်ခဲ့ပြီး မလုံလောက်ပါက ထပ်မံဖြည့်စွက်သွားပါမည့်အကြောင်း ရရှိထားသည့်ခွင့်ပြုမိန့်လက်မှတ်များ (ဥပမာ - ပုဂ္ဂလိကစက်မှုမှတ်ပုံတင်၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ ဘွိုင်လာအသုံးပြုခွင့်လက်မှတ်)တွင်ပါဝင်သည့် စည်းကမ်းချက်များကို လိုက်နာပါမည့်အကြောင်း ဝန်ခံကတိပြုပါသည်။

၁-၁၁-၈။ List of Commitment

ရွှေမာယာခရမ်းရာဘာစက်ရုံ အနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အခန်းတစ်ခန်း ချင်းစီအလိုက် လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

EMPအစီရင်ခံစာအခန်းတစ်ခန်းချင်းအလိုက်လိုက်နာဆောင်ရွက်မည့်ကတိကဝတ်များ

ကတိကဝတ်အကျဉ်းချုပ်	အမှတ်စဉ်	ကတိကဝတ်အား ရှင်းလင်းဖော်ပြချက်	အစီရင်ခံစာပါ ရည်ညွှန်းချက်
စက်ရုံ၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခြင်း။	၂-၁	-ရာဘာစိုက်ပျိုးမှု ဖွံ့ဖြိုး တိုးတက်ရန် ရာဘာစိုက်ပျိုး ထုတ်လုပ်သူများကို ကူညီပံ့ပိုးရန် ကတိပြုပါသည်။ -ပြည်ပသို့ MSR များတိုးမြှင့်တင်ပို့နိုင်ရန် အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်ရန် ကတိပြုပါသည်။ -ရာဘာနည်းပညာ ဖွံ့ဖြိုး တိုးတက်ရန် ကြိုးပမ်းလေ့လာ ဆောင်ရွက်ရန် ကတိပြုပါသည်။	**အခန်း(၂) - စက်ရုံ၏ ရည်ရွယ်ချက်များ**ကို ရည်ညွှန်းပါသည်။

		-ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများကို တိုးတက်ရန် ဆောင်ရွက်ရန် ကတိပြုပါသည်။ -နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများကို ပြည့်ဝစွာ ပေးဆောင်ရန် ကတိပြုပါသည်။	
မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို လိုက်နာခြင်း။	၃-၁	-လုပ်ငန်း လုပ်ကိုင်သူများ၏ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒနှင့် ဖွဲ့စည်းမှုဆိုင်ရာ ဆောင်ရွက်မှု များနှင့် သက်ဆိုင်သော ဥပဒေ၊ မူဝါဒများ အားလုံးကို လိုက်နာရန် ကတိပြုပါသည်။ NEQ(E)G စံနှုန်းများနှင့် နိုင်ငံတကာ စံနှုန်းများကို လိုက်နာရန် ကတိပြုပါသည်။	**အခန်း(၃) မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ**တွင် ဖော်ပြထားသည့် ဥပဒေများ၊ မူဘောင်များ၊ နည်း ဥပဒေများကို ရည်ညွှန်းပါသည်။
စက်ရုံ၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခြင်း။	၄-၁	-ရာဘာစိုက်ပျိုးမှု ဖွံ့ဖြိုး တိုးတက်ရန် ရာဘာစိုက်ပျိုး ထုတ်လုပ်သူများကို ကူညီပံ့ပိုးရန် ကတိပြုပါသည်။ -ပြည်ပသို့ MSR များတိုးမြှင့်တင်ပို့နိုင်ရန် အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်ရန် ကတိပြုပါသည်။ -ရာဘာနည်းပညာ ဖွံ့ဖြိုး တိုးတက်ရန် ကြိုးပမ်းလေ့လာ ဆောင်ရွက်ရန် ကတိပြုပါသည်။ -ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများကို တိုးတက်ရန် ဆောင်ရွက်ရန် ကတိပြုပါသည်။ -နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများကို ပြည့်ဝစွာ ပေးဆောင်ရန် ကတိပြုပါသည်။	**အခန်း၄-၁ လုပ်ငန်း နှင့် ရည်ရွယ်ချက်များ**ကို ရည်ညွှန်းပါသည်။
ဘေးအန္တရာယ်ရှိကုန်ကြမ်းပစ္စည်းစီမံခန့်ခွဲခြင်း။	၄-၂	-ဘေးအန္တရာယ်ရှိ ကုန်ကြမ်းပစ္စည်း ဖြစ်သည့် ထုံးမှန့်၏ စီမံခန့်ခွဲမှု အစီအစဉ်ကို လိုက်နာဆောင်ရွက်ရန်ကတိပြုပါသည်။	**အပိုဒ် ၄-၁၁ ကုန်ကြမ်းပစ္စည်းများ လိုအပ်ချက်နှင့် ရယူသုံးစွဲမှု**ကိုရည်ညွှန်းပါသည်။
ဝန်ထမ်း လူမှုဖူလုံရေးနှင့် သာဓေးနာရေးထောက်ပံ့ခြင်း	၄-၃	-ဝန်ထမ်းများအတွက် လူမှုဖူလုံရေးထည့်ဝင်ငွေများကို စိုက်ထုတ် ထည့်ဝင်ပေးခြင်း၊ နေ့စဉ်ထမင်း(၃)နပ် ကျွေးမွေးခြင်းနှင့် သာဓေးနာရေး ထောက်ပံ့ပေးငွေများ	**အပိုဒ် ၄-၁၂ စုစုပေါင်းလုပ်ငန်းစဉ်အလိုက်၊ အဆိုင်းအလိုက် လုပ်သား အရေအတွက်**ကိုရည်ညွှန်းပါသည်။

		ကို ဆက်လက်ဆောင်ရွက်ရန် ကတိပြုပါသည်။	
လုပ်ငန်း၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကိုလိုက်နာခြင်း။	၄-၄	-အခိုးအငွေ့ စွန့်ပစ်ပစ္စည်း သို့မဟုတ် လေထုအတွင်းသို့ ထုတ်လွှတ်အခိုးအငွေ့ အနံ့အသက်များ၊ အရည်စွန့်ပစ်ပစ္စည်းများ သို့မဟုတ် ရေထုအတွင်းသို့ ထုတ်လွှတ် အရည် စွန့်ပစ်ပစ္စည်းများ၊ အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ (သို့မဟုတ်) မြေထုအတွင်းသို့ ထုတ်လွှတ် အစိုင်အခဲ စွန့်ပစ်ပစ္စည်းများတို့၏ စီမံခန့်ခွဲမှု အစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ကတိပြုပါသည်။	**အပိုဒ် ၄-၁၇ လုပ်ငန်း၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အကျဉ်းချုပ်** ကိုရည်ညွှန်းပါသည်။
စွန့်ထုတ်ရည်နှင့်စွန့်ပစ်ရည်များစီမံခန့်ခွဲခြင်း။	၄-၅	-စွန့်ထုတ်ရည်နှင့် စွန့်ပစ်ရည်များကို စီမံခန့်ခွဲမှုစနစ်ကို ဆောင်ရွက်ရန် ကတိပြုပါသည်။	**အပိုဒ် ၄-၁၉ စွန့်ထုတ်ရည် (effluent) စွန့်ပစ်ရည် (Wastewater) ထွက်ရှိမှု ပမာဏနှင့် စီမံခန့်ခွဲမှုကို** ရည်ညွှန်းပါသည်။
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် (၂၀၁၆)ခုနှစ် အောက်တိုဘာလ (၂)ရက်-ရက်စွဲပါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေ အမှတ်(၈/၂၀၁၆)ဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေတွင် အခန်း(၅) တားမြစ်ချက်များပါ **ပုဒ်မ (၈)** ရေအရင်းအမြစ် ပျက်စီးဆုံးရှုံးရန်ပြုလုပ်ခြင်း၊ **ပုဒ်မ (၉၊၁၀၊၁၁၊၁၂၊၁၃၊ ၁၄၊၁၅၊၁၆၊၁၇၊၁၈၊ ၁၉၊၂၀၊**

၂၁၊၂၂၊၂၃၊၂၄)ပါ ရေကြောင်းထိန်းသိမ်းခြင်း၊ ကျောက်ချခြင်း၊ အင်ဂျင်ဆီ အဆိပ်အတောက်များ စွန့်ပစ်ခြင်း၊ အဆိပ်ချခြင်းနှင့် ဖောက်ခွဲငါးဖမ်းခြင်း၊ မြေဖို့ခြင်း၊ ရှေတူးခြင်း၊ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဆိပ်ခံအစရှိသည်တို့ ဆောက်ခြင်း၊ အရွယ်အင်အားမကိုက်သော သင်္ဘောများ သွားလာခုတ်မောင်းခြင်းတို့ကို လည်းကောင်း၊ အခန်း (၆) ပြစ်ဒဏ်များတွင် **ပုဒ်မ (၂၅၊၂၆၊၂၇၊၂၈၊၂၉)**ပါ ထောင်ဒဏ်၊ ငွေဒဏ် တို့ကိုလည်းကောင်း သိရှိလိုက်နာပါမည်။

၃-၁-ခ-(၄)။ မြေအောက်ရေအက်ဥပဒေ

(၁၉၃၀)ပြည့်နှစ် ဇွန်လ (၂၁)ရက်-ရက်စွဲပါ Burma Act IV; 1930 အရ မြေအောက်ရေ အက်ဥပဒေကို ပြဋ္ဌာန်းထားပါသည်။ ယင်းဥပဒေပါ **ပုဒ်မ(၁)**တွင် ပြည်တွင်းနေရာဒေသ၊ တွင်းအနက်အမျိုးမျိုးအတွက် တိုးချဲ့သတ်မှတ်ခြင်း၊ **ပုဒ်မ(၃)** တွင်းတူးရန် လိုင်စင် (တွင်းဟောင်းအပါအဝင်)၊ **ပုဒ်မ(၄)** လိုင်စင်မရှိသော တွင်းပိတ်နိုင်သည့် ပါဝါ၊ **ပုဒ်မ(၅)** သတင်းအချက်အလက် တင်ပြခြင်း၊ **ပုဒ်မ(၇)** ငွေဒဏ် သတ်မှတ်ခြင်းများတို့ကို သိရှိလိုက်နာပါမည်။

၃-၁-ခ-(၅)။ The Explosives Act

(၁၈၈၄)ခုနှစ် ဇူလိုင်လ (၁)ရက်-ရက်စွဲပါ India Act IV; 1884 အရ**ပုဒ်မ (၄)**တွင် ပေါက်ကွဲခြင်းနှင့် ဆက်စပ်သော ပစ္စည်းများကို ဖော်ပြထားပြီး **ပုဒ်မ(၅)** တွင်ထုတ်လုပ်၊ ပိုင်ဆိုင်၊ ရောင်းချ၊ သယ်ယူ၊ တင်ပို့ခြင်းများ အတွက် လိုင်စင်ရယူခြင်း၊ **ပုဒ်မ(၈)**တွင် အနီးဆုံး ရဲစခန်းသို့ တင်ပြအသိပေးခြင်း၊ **ပုဒ်မ(၁၀)** ပေါက်ကွဲမှုဖြစ်ခြင်းကြောင့် ပစ္စည်းများသိမ်းယူခြင်း၊ **ပုဒ်မ (၁၂)** အားပေးကူညီမှု၊ ကြိုးပမ်းမှုအတွက် ပြစ်ဒဏ်၊ **ပုဒ်မ(၁၃)**တွင် ဝရမ်းမပါဘဲ အရေးယူခြင်း၊ **ပုဒ်မ(၁၄၊၁၅၊၁၆)** တို့တွင် ကင်းလွတ်ခွင့် ရခြင်းများတို့ကို သိရှိလိုက်နာပါမည်။

၃-၁-ခ-(၆)။ The Explosive Substances Act

(၁၉၀၈)ခုနှစ်၊ ဇွန်လ၊ (၈)ရက်စွဲပါ India Act VI, 1908 အရ ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးအတွက် ပြဋ္ဌာန်းခဲ့သော The Explosive Substances Act ဖြစ်ပါသည်။ ယင်းဥပဒေပါ **ပုဒ်မ(၂)**တွင် Explosive Substances ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ **ပုဒ်မ (၃)** ပေါက်ကွဲမှု ဖြစ်စေခြင်းကြောင့် အရေးယူမှု၊ **ပုဒ်မ(၄)** ကြံစည်အားထုတ်မှု အပေါ် ပြစ်ဒဏ်၊ **ပုဒ်မ(၅)** ပြုလုပ်ခြင်းနှင့် ပိုင်ဆိုင်မှုအပေါ်ပြစ်ဒဏ်၊ **ပုဒ်မ(၆)** ကူညီအားပေးသူ အပေါ် ပြစ်ဒဏ်ချမှတ်နိုင်ခြင်း တို့ကို သိရှိလိုက်နာပါမည်။

၃-၁-ဂ။ စက်ပစ္စည်းကိရိယာများ ကိုင်တွယ်လုပ်ဆောင်ခြင်းများနှင့် စပ်လျဉ်းသည့်ဥပဒေ၊ မူဝါဒ၊ အဖွဲ့.အစည်းဆိုင်ရာမူဘောင်များ

စက်ပစ္စည်းကိရိယာများ ကိုင်တွယ်လုပ်ဆောင်ခြင်းများနှင့် စပ်လျဉ်းသည့်ဥပဒေ၊ မူဝါဒ၊ အဖွဲ့.အစည်းဆိုင်ရာမူဘောင်များကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

၃-၁-ဂ-(၁)။ လျှပ်စစ်ဥပဒေ (၂၀၁၄)

ပြည်ထောင်စုလွှတ်တော်သည် (၂၀၁၄)ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက် - ရက်စွဲပါ (၂၀၁၄)ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၄၄)ဖြင့် **'လျှပ်စစ်ဥပဒေ'** ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေပါ အခန်း(၅) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်တွင် **ပုဒ်မ(၁၁)** ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ **ပုဒ်မ (၁၈)** လျှပ်စစ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်ရယူခြင်း၊ **ပုဒ်မ(၂၀၊၂၄၊၂၅၊၂၆၊၂၇)** တို့ကိုလည်းကောင်း၊ အခန်း(၆) အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များတွင် **ပုဒ်မ(၂၈)** အရည်အသွေးသတ်မှတ်ချက်များတို့ကို လိုက်နာခြင်းကိုလည်းကောင်း၊ အခန်း(၁၂) တားမြစ်ချက်များတွင် **ပုဒ်မ(၄၄၊၄၅၊၄၆၊၄၇၊၄၈၊၄၉၊၅၀၊၅၁၊၅၂)** တို့ကိုလည်းကောင်း၊ အခန်း(၁၃) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် **ပုဒ်မ(၅၄)** ထောင်ဒဏ် ငွေဒဏ် ချမှတ်ခြင်း၊ **ပုဒ်မ (၅၅၊၅၆၊၅၇၊ ၅၈၊၅၉၊၆၀၊၆၁၊၆၂၊၆၃)** တို့ကိုလည်းကောင်း၊ အခန်း(၁၄) နစ်နာကြေး၊ လျော်ကြေး အခန်းတွင် **ပုဒ်မ(၆၅၊၆၆၊၆၇၊၆၈)** တို့ကိုလည်းကောင်း၊ အခန်း(၁၆) အထွေထွေတွင် **ပုဒ်မ(၇၁)**အရ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ခြင်းတို့ကို သိရှိလိုက်နာပါမည်။

၃-၁-ဃ။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ထုတ်အရင်းအနှီးများမြှုပ်နှံလုပ်ကိုင်ရခြင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများထူထောင်ရာတွင် သက်ဆိုင်လျက်ရှိသည့်မူဝါဒ၊ အဖွဲ့.အစည်းဆိုင်ရာမူဘောင်များ

ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ထုတ်အရင်းအနှီးများမြှုပ်နှံလုပ်ကိုင်ရခြင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများထူထောင်ရာတွင် သက်ဆိုင်သည့်မူဝါဒ၊ အဖွဲ့.အစည်းဆိုင်ရာမူဘောင်များကိုအောက်ပါအတိုင်းတင်ပြအပ်ပါသည်။

၃-၁-ဃ-(၁)။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ(၁၉၉၀)

ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (၁၉၉၀)ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့.က (၁၉၉၀)ပြည့်နှစ် နိုဝင်ဘာလ(၂၆)ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၂/၉၀ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပါ အခန်း(၃) ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းတွင် **ပုဒ်မ (၄၅)**ပါ မှတ်ပုံတင်ခြင်း၊ လျှောက်ထားခြင်းတို့ကိုလည်းကောင်း၊ အခန်း (၆) လုပ်ငန်းရှင်၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များပါ **ပုဒ်မ(၁၃၊၁၄)**ပါ တာဝန်များ၊ လိုအပ်ချက်များ၊ လျှောက်ထားခြင်း၊ ဆောင်

ရွက်နိုင်ခွင့် များတို့ကိုလည်းကောင်း၊ အခန်း(၉) မှတ်ပုံတင်ပျက်ပြယ်ခြင်းတွင် **ပုဒ်မ(၂၀)**ပါ မှတ်ပုံတင် ပျက်ပြယ်သည့်အခြေအနေများ၊ အခန်း(၁၀) အယူခံခြင်းတွင် **ပုဒ်မ(၂၁)** ညွှန်ကြားမှုးချုပ်၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ဝန်ကြီးထံအယူခံနိုင်ခွင့် တို့ကိုလည်း ကောင်း၊ အခန်း (၁၂) တားမြစ်ချက်များတွင် **ပုဒ်မ (၂၆၊၂၇)** တို့ကိုလည်းကောင်း၊ အခန်း(၁၃) ပြစ်မှု နှင့် ပြစ်ဒဏ်တွင် **ပုဒ်မ(၂၈၊၂၉၊၃၀)**တို့ပါ ငွေဒဏ်၊ ဒဏ်ကြေးနှင့် မှတ်ပုံတင်ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း တို့ကို သိရှိလိုက်နာပါမည်။

၃-၁-ဃ-(၂)။ ပို့ကုန်သွင်းကုန်ဥပဒေ(၂၀၁၂)

ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)ကို ပြည်ထောင်စုလွှတ်တော်က (၂၀၁၂) ခုနှစ် စက်တင်ဘာလ (၇)ရက်-ရက်စွဲပါ (၂၀၁၂)ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၇)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ယင်း ဥပဒေပါ အခန်း(၄) တားမြစ်ချက်များပါ **ပုဒ်မ(၅၊၆၊၇)** တားမြစ်ချက်များ၊ အခန်း(၅) ပြစ်မှုပြစ်ဒဏ်များပါ **ပုဒ်မ (၈၊၉၊၁၀)**တွင် ထောင်ဒဏ်၊ ငွေ ဒဏ် နှင့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းတို့ကို သိရှိ လိုက်နာပါမည်။

၃-၁-ဃ-(၃)။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)

မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)ကို ပြည်ထောင်စုလွှတ်တော်က (၂၀၁၆)ခုနှစ် အောက်တိုဘာလ(၁၈)ရက်-ရက်စွဲပါ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၄၀/၂၀၁၆) ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ အခန်း(၈) အဆိုပြုလွှာ တင်သွင်းခြင်းတွင် **ပုဒ်မ(၃၆)**၊ အခန်း(၉) လျှောက်လွှာတင်သွင်းခြင်းတွင် **ပုဒ်မ(၃၇၊၃၈)** တို့ကိုလည်းကောင်း၊ အခန်း (၁၂) မြေအသုံးချခွင့်တွင် **ပုဒ်မ(၅၀)**ကိုလည်းကောင်း၊ အခန်း(၁၃) အလုပ်သမားခန့် ထားခြင်းတွင် **ပုဒ်မ(၅၁)**၊ အခန်း(၁၆) ရင်းနှီးမြှုပ်နှံသူ၏ ဝတ္တရားများတွင် **ပုဒ်မ(၆၅၊၆၇၊၆၈၊ ၆၉၊ ၇၀၊၇၁၊၇၂)** တို့ကိုလည်းကောင်း၊ အခန်း(၁၇) အာမခံထားခြင်းတွင် **ပုဒ်မ(၇၃)** တို့ကို လည်းကောင်း၊ အခန်း(၁၈) ကင်းလွတ်ခွင့်များတွင် **ပုဒ်မ(၇၉၊၈၀၊၈၁)** တို့ကိုလည်း ကောင်း၊ အခန်း(၂၀) စီမံခန့်ခွဲမှုပြစ်ဒဏ်များတွင် **ပုဒ်မ(၈၆၊၈၇၊၈၈)**တို့ကို လည်းကောင်း သိရှိလိုက်နာပါမည်။

၃-၁-ဃ-(၄)။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ (၂၀၁၇)

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ (၂၀၁၇) ကို ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက (၂၀၁၇)ခုနှစ် မတ်လ (၃၀) ရက်-ရက်စွဲ ပါ အမိန့်ကြော်ငြာစာ အမှတ်၃၅၅/၂၀၁၇ဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေ အခန်း (၂) ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများတွင် **ပုဒ်မ(၃)** ခွင့်ပြုမိန့် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ၊ **ပုဒ်မ(၄၊၅၊၆၊၇၊၈၊၉၊၁၀၊၁၁)** တို့ကို လည်းကောင်း၊ တားမြစ်ထားသော ရင်းနှီးမြှုပ်နှံမှုများကို **ပုဒ်မ(၁၂၊၁၃၊၁၄၊၁၅)** တို့ကိုလည်းကောင်း၊ ကြီးကြပ်ကန့်သတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုပါ **ပုဒ်မ(၁၇၊၁၉၊၂၀၊၂၁၊၂၂)** တို့ကိုလည်းကောင်း၊ အခန်း(၅) ရင်းနှီးမြှုပ်နှံရန် လျှောက်ထား

ခြင်းတွင် **ပုဒ်မ(၃၆၊၃၇၊၃၈၊၃၉)** တို့ကိုလည်းကောင်း၊ အခန်း(၂၀) ရင်းနှီးမြှုပ်နှံသူ၏ ဝတ္တရားများတွင် **ပုဒ်မ (၁၈၆၊၁၈၇၊ ၁၈၈၊၁၈၉၊ ၁၉၀၊၁၉၁၊ ၁၉၂၊၁၉၆၊ ၁၉၇၊၁၉၈၊၁၉၉၊ ၂၀၀၊၂၀၂၊၂၀၃)** စသည်တို့ကိုလည်းကောင်း၊ အခန်း(၂၃) အာမခံထားခြင်းတွင် **ပုဒ်မ(၂၁၂၊ ၂၁၃)** တို့ကိုလည်းကောင်း၊ အခန်း(၂၄) စီမံခန့်ခွဲခြင်းဆိုင်ရာ ပြစ်ဒဏ်များတွင် **ပုဒ်မ (၂၁၆၊ ၂၁၇၊၂၁၈၊၂၁၉)** တို့ကိုလည်းကောင်း သိရှိလိုက်နာပါမည်။

၃-၁-ဃ-(၅)။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

ပြည်ထောင်စုလွှတ်တော်က (၂၀၁၁)ခုနှစ် စက်တင်ဘာလ (၂၉)ရက်-ရက်စွဲပါ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၃)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေပါ **ပုဒ်မ(၃၊ ၄၊၅၊၆၊၇၊၈၊၉၊၁၀၊၁၁၊ ၁၂၊၁၃၊၁၄၊ ၁၅၊၁၆)**တို့၏ အစားထိုးပြင်ဆင် ဖြည့်စွက်ချက်များကို သိရှိလိုက်နာပါမည်။

၃-၁-ဃ-(၆)။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၄)

ပြည်ထောင်စုလွှတ်တော်က (၂၀၁၄)ခုနှစ်၊ မတ်လ (၂၄)ရက် ရက်စွဲပါ ပြည် ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆/၂၀၁၄ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြင် ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ **ပုဒ်မ(၃)**တွင် ပြင်ဆင်မှုများ၊ **ပုဒ်မ (၄၊၅၊၆၊၇၊၉၊၁၀၊၁၁၊၁၂၊၁၃၊၁၄)** စသည်တို့တွင် အစားထိုးမှုများကို သိရှိလိုက်နာပါမည်။

၃-၁-ဃ-(၇)။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၅)

ပြည်ထောင်စုလွှတ်တော်က (၂၀၁၅)ခုနှစ်၊ ဧပြီလ (၂)ရက် ရက်စွဲပါ (၂၀၁၅)ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၈)ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြင်ဆင် သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပါ **ပုဒ်မ(၃၊၄၊၅)** တို့ပါ အစားထိုးမှုများ၊ ဒဏ်ကြေးများ၊ ဖြည့်စွက်ခြင်းတို့ကို သိရှိလိုက်နာပါမည်။

၃-၁-ဃ-(၈)။ UNION TAX LAW (2018)

ပြည်ထောင်စုလွှတ်တော်က (၂၀၁၈)ခုနှစ် မတ်လ (၃၀)ရက်-ရက်စွဲပါ (၂၀၁၈) ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀)ဖြင့် UNION TAX LAW (2018) ကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ အခန်း(၅) အထူးကုန်စည်ခွန်ပါ **ပုဒ်မ (၁၁၊၁၂၊၁၃)**ပါ သတ် မှတ်ချက်များ၊ အခန်း(၆)ပါ ကုန်သွယ်လုပ်ငန်းခွန်ပါ **ပုဒ်မ (၁၄)** ဖြည့်စွက်ချက်များ၊ ဝန်ဆောင်မှုအမျိုးအစားများ၊ **ပုဒ်မ(၁၅၊၁၆၊၁၇)**တို့ပါ လှူဒါန်း၊ ထောက်ပံ့၊ ချေးငွေများ၊ ရောင်းရငွေ၊ ဝန်ဆောင်ခငွေ၊ ကုန်ရောင်း ကုန်ဝယ်များနှင့် စပ်လျဉ်းသည်များ၊ နိုင်ငံခြား သုံးငွေဖလှယ်နှုန်းများ၊ လျှပ်စစ်ဓာတ်အား၊ ရေနံစိမ်းပြည်ပပို့မှုများ စသည်တို့ကို လည်း ကောင်း၊ အခန်း(၇) ဝင်ငွေခွန်များပါ **ပုဒ်မ(၁၉၊၂၀၊၂၁၊၂၂၊၂၃၊၂၄၊ ၂၅၊၂၆၊၂၇၊၂၈၊၂၉၊၃၀၊ ၃၁၊၃၂)**ပါ အခြေခံလျှော့ပေါ့မှုများ၊ မိဘ၊ ဇနီး/ ခင်ပွန်း/ သားသမီးများနှင့် စပ်လျဉ်းသည် များ၊ နိုင်ငံခြား ဝင်ငွေရရှိမှုများ၊ ဝင်ငွေအပေါ်အခွန်တွက်ချက်မှုများ၊ ရင်းနှီးမြှုပ်နှံမှု တိုး

တက်မှုအပေါ် အခွန်မကောက်ခြင်း၊ ကောက်ခြင်းသတ်မှတ်ခြင်းများ စသည်တို့ကို သိရှိလိုက်နာပါမည်။

၃-၁-၎ လုပ်သားဝန်ထမ်းများ၊ အလုပ်ရုံ၏အဆောက်အဦများ၊ သယ်ယူပို့ဆောင်ခြင်းများ၊ သဘာဝဘေးအန္တရာယ်များ၊ မတော်တဆထိခိုက်မှုများ၊ မီးဘေးအန္တရာယ်များနှင့်စပ်လျဉ်းသည့် ဥပဒေများ၊ အဖွဲ့အစည်းဆိုင်ရာမူဘောင်များ

လုပ်သားဝန်ထမ်းများ၏ လုပ်အားရယူခြင်းများ၊ ကျန်းမာရေး၊ လူမှုရေး၊ လုပ်ခလစာပေးချေခြင်းများ၊ အဆောက်အဦများတိုးချဲ့၊ ဖျက်သိမ်းခြင်းများ၊ သယ်ယူပို့ဆောင်ရာတွင်မော်တော်ယာဉ်၊ လမ်း၊ တံတားများအသုံးပြုခြင်း၊ ရေကြောင်းအသုံးပြုမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများ၊ မီးဘေးအန္တရာယ်များ၊ အာမခံစနစ်များတို့နှင့်စပ်လျဉ်းသည့်ဥပဒေ၊ အဖွဲ့အစည်းဆိုင်ရာမူဘောင်များတို့ကိုအောက်ပါအတိုင်းတင်ပြအပ်ပါသည် -

၃-၁-၎-(၁)။ အလုပ်ရုံများအက်ဥပဒေ (၁၉၅၁)

အလုပ်ရုံများအက်ဥပဒေ (၁၉၅၁)ကို ၁၉၅၂ခုနှစ် ဇန်နဝါရီလ (၁)ရက်-ရက်စွဲပါ ၁၉၅၁ခုနှစ် အက်ဥပဒေအမှတ်(၆၅)ဖြင့် မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေပါ **ပုဒ်မ ၈** လုပ်ငန်းမစတင်မီအဆောက်အဦအသုံးပြုရန် လျှောက်လွှာတင်ခြင်း၊ မန်နေဂျာအသစ်ခန့်ထားခြင်း၊ အလုပ်ရုံပိတ်ရန်ကြိုတင်တင်ပြခြင်း၊ လုပ်ငန်းပြန်လည်စရန်လျှောက်လွှာတင်ခြင်းတို့ကို လည်းကောင်း၊ အခန်း(၃)ကျန်းမာရေးတွင် **ပုဒ်မ ၁၃** အလုပ်ရုံတိုင်း၊ အလုပ်ရုံဝင်းတိုင်းကိုသန့်ရှင်းထားခြင်းများကိုလည်းကောင်း၊ **ပုဒ်မ ၁၄** စွန့်ပစ်ပစ္စည်းများ၊ **ပုဒ်မ ၁၅** လေကောင်းလေသန့်၊ အပူအအေး၊ **ပုဒ်မ ၁၆** ဘေးအန္တရာယ်ဖြစ်နိုင်သောပစ္စည်းများကိုလည်းကောင်း၊ **ပုဒ်မ ၁၇** လေကိုစိုထိုင်းစေခြင်း၊ **ပုဒ်မ ၁၈** လူထူထပ်ခြင်း၊ **ပုဒ်မ ၁၉** အလင်းရောင်ရရှိစေခြင်း၊ **ပုဒ်မ ၂၀** သောက်ရေ၊ **ပုဒ်မ ၂၁** အိမ်သာများနှင့်ကျင်ငယ်စွန့်ရန်နေရာများ၊ **ပုဒ်မ ၂၂** ထွေးခံများတို့ကိုလည်းကောင်း၊ အခန်း(၄) ဘေးရန်ကင်းရှင်းမှုတွင် **ပုဒ်မ ၂၃** စက်ကိရိယာများကိုကာရံထားခြင်း၊ **ပုဒ်မ ၂၄** လည်နေသောစက်ကိရိယာနှင့်အနီးပတ်ဝန်းကျင်တွင်အလုပ်လုပ်ခြင်း၊ **ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀** တို့ကိုလည်းကောင်း၊ အခန်း(၅) သက်သာချောင်ချိရေးတွင် **ပုဒ်မ ၄၄၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀** တို့ကိုလည်း ကောင်း၊ အခန်း(၆) အထူးသက်ဆိုင်စေခြင်းအခန်းတွင် **ပုဒ်မ ၅၂ မှ ၅၈** တို့ကိုမိမိလုပ်ငန်းနှင့်ဆက်စပ်လာပါကလိုက်နာဆောင်ရွက်ခြင်း၊ အခန်း(၇) လူကြီးများအလုပ်လုပ်ချိန်နာရီများတွင် **ပုဒ်မ ၅၉ မှ ၆၄** အထိတို့ကိုလည်းကောင်း၊ အခန်း (၈) လူငယ်များခိုင်းစေခြင်းအခန်းတွင် **ပုဒ်မ ၆၅ မှ ၈၄**အထိလိုက်နာခြင်း၊ အခန်း(၉) ပြစ်ဒဏ်များနှင့် လိုက်နာဆောင်ရွက်ရန်နည်းလမ်းတွင် **ပုဒ်မ ၈၅ မှ ၉၈**အထိကိုလည်းကောင်း၊ အခန်း(၁၀) နောက်ထပ်ပြဋ္ဌာန်းချက်များတို့ကိုလည်းကောင်းသိရှိလိုက်နာပါမည်။

၃-၁-၄-(၂)။ ၁၉၅၁ခုနှစ် အလုပ်ရုံများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၆ခုနှစ် ဇန်နဝါရီလ (၂၀)ရက်နေ့တွင် ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၂)ဖြင့် ၁၉၅၁ခုနှစ် အလုပ်ရုံများအက်ဥပ ဒေကိုပြင်ဆင်သည့်ဥပဒေကိုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေတွင် **ပုဒ်မ ၂** အစားထိုးသည့် စကားရပ်များ၊ **ပုဒ်မ ၃၊ ၄** တွင်ဖြည့်စွက်ချက်များ၊ **ပုဒ်မ ၅** တွင် ပယ်ဖျက်ချက်များ၊ **ပုဒ်မ ၇။ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄** တို့တွင်ပြင်ဆင်ဖြည့်စွက်ချက်များ၊ **ပုဒ်မ ၁၅** တွင်ပယ် ဖျက်မှုများ၊ **ပုဒ်မ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆** တို့တွင်ဖြည့်စွက် အစားထိုးမှုများ၊ **ပုဒ်မ ၂၈** တွင် ပယ်ဖျက်မှု၊ **ပုဒ်မ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆** တို့တွင်ပြင်ဆင်ဖြည့်စွက်မှုများတို့ကိုသိရှိလိုက်နာပါမည်။

၃-၁-၄-(၃)။ ၁၉၅၁ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ

၂၀၁၈ခုနှစ် ဖေဖြေလ (၂၆)ရက်-ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၈ဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ခွင့်ရက်နှင့်အလုပ် ပိတ်ရက်နည်းဥပဒေများကိုထုတ်ပြန်ခဲ့ပါသည်။

ယင်းဥပဒေပါ **ပုဒ်မ ၂(၄)** အကျုံးဝင်သောအလုပ်သမားများ၊ **ပုဒ်မ ၂(၄)** အကျုံး မဝင်သောအလုပ်သမားများ၊ **ပုဒ်မ ၅** ရှောင်တခင်ခွင့်၊ **ပုဒ်မ ၆** ဆေးလက်မှတ်ခွင့်၊ **ပုဒ်မ ၄** လုပ်သက်ခွင့်၊ **ပုဒ်မ ၃** အများပြည်သူအလုပ်ပိတ်ရက်များတို့ကိုသိရှိလိုက်နာပါမည်။

၃-၁-၄-(၄)။ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)

အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)ကို ပြည်ထောင် စုလွှတ်တော်သည် ၂၀၁၃ခုနှစ် ဩဂုတ်လ (၃၀)ရက်နေ့တွင် ၂၀၁၃ခုနှစ် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၂၉)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေတွင် အခန်း(၃) အလုပ် ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ချုပ်ဆိုခြင်းပါ **ပုဒ်မ ၅** ကိုလည်းကောင်း၊ အခန်း(၅) အလုပ်သမားများကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ရေး အစီအစဉ် များဆောင်ရွက်ခြင်းပါ **ပုဒ်မ ၁၄၊ ၁၅** တို့ကိုလည်းကောင်း၊ အခန်း(၆) သင်တန်းကျောင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးအဖဲွ့ဖြတ် ဌာနမှတ်ပုံတင်ခြင်းနှင့် တည်ထောင်ဖွင့်လှစ်ခြင်းပါ **ပုဒ်မ ၅ ၁၆၊ ၁၈၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃** တို့ကိုလည်းကောင်း၊ အခန်း(၉) ပြစ်မှုနှင့်ပြစ်ဒဏ်များတွင် **ပုဒ်မ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉** တို့ပါထောင်ဒဏ်၊ ငွေဒဏ် များတို့ကိုလည်းကောင်း သိရှိလိုက်နာပါမည်။

၃-၁-၄-(၅)။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)ကို ၂၀၁၃ခုနှစ် ဇူလိုင်လ (၃၁)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၂၁)ဖြင့်ထုတ်ပြန်ခဲ့ပါသည်။ ရည်ရွယ်ချက်များကိုသိရှိနားလည်ခြင်း၊ အခန်း

(၈) ပြစ်မှုနှင့်ပြစ်ဒဏ်များတွင် **ပုဒ်မ ၂၅** တွင်သုံးနှစ်ထက်မပိုသောထောင်ဒဏ်၊ ထို့ပြင်ငွေဒဏ်ချမှတ်ခြင်း၊ **ပုဒ်မ ၂၆** နောင့်ယှက်ခြင်း၊ **ပုဒ်မ ၂၇** မဟုတ်မမှန်သောသတင်းလွှင့်ခြင်း၊ **ပုဒ်မ ၂၈** တာဝန်ပေးအပ်ခံသူက ဖောက်ဖျက်သဖြင့် ပြစ်ဒဏ်များကို **ပုဒ်မ ၂၈၊ ၂၉၊ ၃၀** တို့ကိုလည်းကောင်း၊ **ပုဒ်မ ၃၁** ညွှန်ကြားချက်ကိုလိုက်နာရန် ပျက်ကွက်ခြင်းတို့ကို သိရှိလိုက်နာမည်။

၃-၁-၄-(၆)။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေ (၂၀၁၄)

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၄ခုနှစ် ဒီဇင်ဘာလ (၅)ရက်-ရက်စွဲဖြင့် ၂၀၁၄ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၃ဖြင့် **ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေ**ကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပါ အခန်း(၂) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာစောင့်ရှောက်ရန်တာဝန်ပါ **ပုဒ်မ ၃** တွေ့ရှိသူ၏ တာဝန်၊ **ပုဒ်မ ၄** ဆေးရုံဆေးခန်းသို့မပို့မီ ဆောင်ရွက်ရန်တာဝန်၊ **ပုဒ်မ ၅** ပါ ကူညီစောင့်ရှောက်နိုင်ပါက ဆောင်ရွက်ထားရန်၊ **ပုဒ်မ ၁၀** အကူအညီတောင်းခံပါက ကူညီရန်တာဝန်တို့ကိုလည်းကောင်း၊ အခန်း(၃) ပြစ်မှုနှင့်ပြစ်ဒဏ်တွင် ထောင်ဒဏ်၊ ငွေဒဏ်တို့ကိုလည်းကောင်း သိရှိလိုက်နာပါမည်။

၃-၁-၄-(၇)။ ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂)

ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ(၁၉၇၂) ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်လှုန်ရေးကောင်စီက ၁၉၇၂ခုနှစ် ဇန်နဝါရီလ (၁၂)ရက်နေ့ ပါ ၁၉၇၂ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံတော်လှုန်ရေးကောင်စီဥပဒေအမှတ်(၁)ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေ **အခန်း (၃) လုပ်ပိုင်ခွင့်နှင့်တာဝန်များ**ပါ **ပုဒ်မ ၅** အရ အချိန်အခါမရွေးဝင်ရောက်စစ်ဆေးမှုခံယူခြင်း၊ **အခန်း (၅) ပြစ်ဒဏ်နှင့်အရေးယူနည်းများဆိုင်ရာပြဋ္ဌာန်းချက်များ** ပါ **ပုဒ်မ ၉၊ ပုဒ်မ ၁၀** တို့ကိုသိရှိလိုက်နာပါမည်။

၃-၁-၄-(၈)။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၉၅ခုနှစ် မတ်လ (၂၀)ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၅ဖြင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေကိုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေတွင် အခန်း(၄) ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်းတွင် **ပုဒ်မ ၈** ပါပြည်သူတို့၏ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်တာဝန်၊ အခန်း(၅) ကူးစက်ရောဂါဖြစ်ပွားကြောင်း တိုင်ကြားခြင်းတွင် **ပုဒ်မ ၉** ကျန်းမာရေးဌာန သို့မဟုတ် ဆေးရုံသို့ချက်ခြင်း တိုင်ကြားရန်တာဝန်တို့ကို လည်းကောင်း၊ အခန်း(၈) ပြစ်ဒဏ်များတွင် **ပုဒ်မ ၁၅၊ ၁၆၊ ၁၇၊ ၁၈** တို့တွင် သတ်မှတ်ထားသည့် ဒဏ်ပေးဆောင်ခံယူရမည်တို့ကို သိရှိလိုက်နာပါမည်။

၃-၁-၄-(၉)။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ(၂၀၁၅)

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ခုနှစ် မတ်လ (၁၇) ရက်နေ့တွင် ၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၁)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေပါ **အခန်း(၆) အရန်မီးသတ်တပ်ဖွဲ့ဖွဲ့စည်းခြင်း**တွင် ပြည်သူလူထုအနေဖြင့် စေတနာဝန်ထမ်းပါဝင်ခြင်းဖြင့်လည်းကောင်း၊ **အခန်း(၇) သီးသန့်မီးသတ်တပ်ဖွဲ့ဖွဲ့စည်းခြင်း**ပါ စက်ရုံအလုပ်ရုံများတွင် သီးသန့်မီးသတ်တပ်ဖွဲ့များဖွဲ့စည်းထားရှိရန်ညွှန်ကြားလာပါက လိုက်နာဆောင်ရွက်ခြင်း၊ **ပုဒ်မ ၁၄** အရ သီးသန့်မီးသတ်တပ်ဖွဲ့၏ လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များ၊ **ပုဒ်မ ၁၇** အရ မီးဘေးလုံခြုံရေးဆိုင်ရာစစ်ဆေးထောက်ခံချက်ရယူခြင်း၊ **အခန်း(၉) မီးလောင်မှုနှင့်စပ်လျဉ်းသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ** အရ မီးသတ်တပ်ဖွဲ့ကိုအကူအညီပေးခြင်း (ပုဒ်မ ၂၀)၊ **အခန်း(၁၁) တားမြစ်ချက်များ**ပါ **ပုဒ်မ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂** တို့ကိုလည်းကောင်း၊ **အခန်း(၁၂) ပြစ်ဒဏ်များ** တို့ကိုသိရှိလိုက်နာပါမည်။

၃-၁-၄-(၁၀)။ မော်တော်ယာဉ်ဥပဒေ(၂၀၁၅)

မော်တော်ယာဉ်ဥပဒေ ၂၀၁၅ ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ခုနှစ် စက်တင်ဘာလ (၇)ရက်-ရက်စွဲပါ ၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၅၅) ဖြင့်ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပါ အခန်း(၃) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းတွင် **ပုဒ်မ ၄၊ ၅** မှတ်ပုံတင်ခြင်း၊ စံချိန်စံညွှန်းအညီထိန်းသိမ်းပြုပြင်ထားခြင်း၊ **ပုဒ်မ ၈** ယာယီမှတ်ပုံတင်ခြင်း၊ **ပုဒ်မ ၁၀** ပြောင်းလဲပြင်ဆင်လိုလျှင်လျှောက်ထားခြင်း၊ **ပုဒ်မ ၁၁၊ ၁၂၊ ၁၃၊ ၁၅** စီးပွားရေးလုပ်ငန်းသုံးယာဉ်၊ ပိုင်ရှင်ပြောင်း၊ လိပ်စာပြောင်းကိစ္စရပ်များ၊ ခွင့်ပြုချက်မရရှိဘဲပြောင်းလဲပြင်ဆင်ခြင်းများ မပြုရတို့ကိုလည်းကောင်း၊ **ပုဒ်မ ၁၉** ပါယာဉ်မှတ်ပုံတင်ကိစ္စနှင့်စပ်လျဉ်း၍အယူခံဝင်ခွင့်၊ **ပုဒ်မ ၂၆** ယာဉ်အကူလက်မှတ်လျှောက်ထားခြင်း၊ အခန်း (၅) တားမြစ်ချက်များတွင် **ပုဒ်မ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၆၊ ၅၇** ပါယာဉ်မှတ်ပုံတင်မရှိခြင်း၊ ဖျက်/ရပ်စဲထားပါကမောင်းနှင်ခွင့်မရှိခြင်း၊ ရပ်နားခွင့်မရှိ ခြင်း၊ သူတပါးထိခိုက်မှုအာမခံမထားရှိခြင်း၊ယာဉ်မောင်းလိုင်စင်မရှိဘဲမောင်းနှင်ခြင်း၊ မြန်နှုန်းပို/ လျော့မောင်းနှင်ခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်ယာဉ်ကို မောင်းနှင်ခြင်း၊ မူးယစ်/ စိတ်ပြောင်းဆေးဝါး/ အရက်သုံးစွဲ၍မောင်းနှင်ခြင်း၊ မော်တော်ယာဉ်မောင်းသင်တန်းဖွင့်လှစ်ခြင်း၊ နံပါတ်ပြားမထင်မရှားဖြစ်စေခြင်းစသည့် တားမြစ်ချက်များတို့ကိုလည်းကောင်း၊ အခန်း(၁၀) ပြစ်ဒဏ်များတွင် **ပုဒ်မ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆** တို့ပါ ထောင်ဒဏ်ငွေဒဏ်များတို့ကိုလည်းကောင်း၊ အခန်း(၁၁) လျော်ကြေးငွေပေးဆောင်ခြင်းတွင် **ပုဒ်မ ၆၇** လျော်ကြေးပေးဆောင်ရမည့်စနစ်၊ **ပုဒ်မ ၆၈** တရားမမှုစွဲခွင့်တို့ကိုလည်းကောင်း၊ အခန်း(၁၂) စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူခြင်းတွင် **ပုဒ်မ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊**

၇၄ ပါ ဝရမ်းမပါဘဲဖမ်းဆီးနိုင်ခွင့်၊ ယာဉ်မောင်းလိုင်စင်သိမ်းပိုင်ခွင့်၊ မော်တော်ယာဉ်ကို အနီးဆုံးရဲစခန်းတွင် အပ်နှံနိုင်မှုတို့ကိုလည်းကောင်း သိရှိလိုက်နာပါမည်။

၃-၁-၄-(၁၁)။ ၁၉၆၄ခုနှစ် မော်တော်ယာဉ်ဥပဒေ

၁၉၆၄ခုနှစ် မော်တော်ယာဉ်ဥပဒေကို ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီက ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီဥပဒေအမှတ် (၉၇)ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပါ အခန်း(၂) မော်တော်ယာဉ်များမှတ်ပုံတင်ခြင်း တွင် **ပုဒ်မ ၃** မှတ်ပုံတင်ရှိခြင်း၊ သက်တမ်းကုန်ခြင်း၊ စပ်လျဉ်းသည့်အချက်များ၊ **ပုဒ်မ ၄** ယာယီမှတ်ပုံတင်ခြင်း၊ **ပုဒ်မ ၅** တည်ဆောက်ပြုပြင်မှု၊ **ပုဒ်မ ၆** မှတ်ပုံတင်ခွင့်မပြုခြင်း၊ **ပုဒ်မ ၇** ပိုင်ရှင်ပြောင်းလဲခြင်း၊ **ပုဒ်မ ၈** ပြောင်းလဲပြင်ဆင်ခြင်း၊ **ပုဒ်မ ၉၊ ၁၀** မှတ်ပုံတင်ရပ်ဆိုင်း၊ ဖျက်သိမ်းခြင်းများ၊ **ပုဒ်မ ၁၁** အပျူခံဝင်ခြင်း၊ အခန်း(၃) သူတပါးထိခိုက်မှု အန္တရာယ် အတွက် မော်တော်ယာဉ်များအာမခံခြင်းတွင် **ပုဒ်မ ၁၂၊ ၁၃၊ ၁၄** တို့ပါအာမခံပေါ်လစီ၏ အကြောင်းအရာများ၊ တရားစွဲဆိုခွင့်နှင့် စပ်လျဉ်းသည်တို့ကိုလည်းကောင်း၊ အခန်း(၄) မော်တော်ယာဉ်ယာဉ်မောင်းသူများအား လိုင်စင်ထုတ်ပေးခြင်းတွင် **ပုဒ်မ ၁၅** မောင်းနှင်ခွင့် နှင့်လိုင်စင်၊ အမောင်းသင်လိုင်စင်အတွက် စည်းကမ်းချက်များ၊ **ပုဒ်မ ၁၆** မောင်းနှင်ခွင့် ပျက်ယွင်းခြင်း၊ အပျူခံဝင်ခြင်းတို့ကိုလည်းကောင်း၊ အခန်း(၅) ယာဉ်အသွားအလာ ကြီး ကြပ်ခြင်းတွင် **ပုဒ်မ ၁၇၊ ၁၈၊ ၁၉** တို့ပါ အမြန်နှုန်း၊ မတော်တဆဖြစ်မှု၊ စစ်ဆေးမှု၊ နေရာ ရွှေ့ပြောင်းနိုင်မှုတို့ကိုလည်းကောင်း၊ အခန်း(၆) ပြစ်မှုများ၊ ပြစ်ဒဏ်များနှင့်လိုက်နာဆောင် ရွက်ရမည့် စည်းကမ်းနည်းလမ်းများတွင် **ပုဒ်မ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁**တို့တွင်ပါရှိသော ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ လျော်ကြေးငွေများ၊ ပြစ်မှုကျူးလွန်သူကို ကူညီအားပေးမှုများ၊ ကုမ္ပဏီအပေါ်မှတ်ယူခြင်းများ၊ ရဲဝတ်စုံဝတ်ဆင်ထားသော အရာရှိ၏ လုပ်ပိုင်ခွင့်များ၊ အစိုးရအာဏာအပ်နှင်းထားသူ၏ လုပ်ပိုင်ခွင့်များ၊ ရဲအုပ်ရာထူးထက်မနိမ့် သောရဲအရာရှိ၏လုပ်ပိုင်ခွင့်များစသည်တို့ကို သိရှိလိုက်နာပါမည်။

၃-၁-၄-(၁၂)။ ၁၉၆၄ခုနှစ် မော်တော်ယာဉ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၉၈၉ခုနှစ် နိဝင်ဘာလ (၂၇) ရက်-ရက်စွဲပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၇/၈၉ဖြင့် ၁၉၆၄ခုနှစ် မော်တော်ယာဉ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်း ဥပဒေပါ **ပုဒ်မ ၂** တွင် ငွေဒဏ်၊ ထောင်ဒဏ်များအပေါ် အစားထိုးပြင်ဆင်ချက်များကို သိရှိ လိုက်နာပါမည်။

၃-၁-၄-(၁၃)။ အမြန်လမ်းမကြီးများဥပဒေ (၂၀၁၅)

ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ခုနှစ် ဇူလိုင် (၉)ရက်-ရက်စွဲပါ ၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၂၄)ဖြင့် အမြန်လမ်းမကြီးများဥပဒေကို ပြဋ္ဌာန်းခဲ့ ပါသည်။ ယင်းဥပဒေပါ အခန်း(၅) စည်းကမ်းချက်များနှင့်ကန့်သတ်ချက်များပါ **ပုဒ်မ ၈**

အမြန်လမ်းမကြီးသို့ဝင်ထွက်၊ ဖြတ်သန်းခြင်း၊ သတ်မှတ်ချက်နှင့်ကိုက်ညီသောမော်တော်ယာဉ်များမောင်းနှင်ခြင်း၊ စည်းကမ်းချက်များကို လိုက်နာခြင်းတို့ကိုလည်းကောင်း၊ **ပုဒ်မ ၉** အမြန်နှုန်းကန့်သတ်ချက်များ၊ အခန်း(၈) တားမြစ်ချက်များတွင် **ပုဒ်မ ၁၄** ခြေလျင်၊ စက်ဆီ၊ မော်တော်ဆိုင်ကယ်စသည်တို့ ဖြတ်သန်းသွားလာ နားနေခြင်းများမပြုရကို လည်းကောင်း၊ **ပုဒ်မ ၁၅** လမ်းမကြီးအဂါရပ်များနှင့် စပ်လျဉ်းသည့်အချက်များကိုလည်းကောင်း၊ **ပုဒ်မ ၁၆** ခွင့်ပြုချက်မရှိဘဲဖောက်လုပ်၊ ဆောက်လုပ်၊ မြေတူးခြင်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ **ပုဒ်မ ၁၇** ပါတားမြစ်ချက်များတို့ကိုလည်းကောင်း၊ အခန်း(၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် **ပုဒ်မ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂** ပါထောင်ဒဏ်၊ ငွေဒဏ်နှင့် ဆုံးရှုံးမှုတန်ဖိုး ပေးလျော်ခြင်းများကိုလည်းကောင်း သိရှိလိုက်နာပါမည်။

၃-၁-၄-(၁၄)။ အမြန်လမ်းမကြီးများဥပဒေကိုပြင်ဆင်သည့်ဥပဒေ

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၅ခုနှစ် နိဝင်ဘာလ (၂၇)ရက်-ရက်စွဲပါ ၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၆၀)ဖြင့် အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကိုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေတွင် **ပုဒ်မ ၂** ပါအစားထိုးခြင်းကို သိရှိလိုက်နာပါမည်။

၃-၁-၄-(၁၅)။ အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)

အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁) ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၁ခုနှစ် အောက်တိုဘာလ (၁၁)ရက်-ရက်စွဲပါ ၂၀၁၁ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၇)ဖြင့်ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေပါ **အခန်း(၂) အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းခြင်း ပုဒ်မ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈** တို့ဖွဲ့စည်းနိုင်မှုများ၊ အလုပ်သမား၏ မည်သည့်ရာခိုင်နှုန်းက ထောက်ခံလိုအပ်ချက်များ၊ ကိုယ်ပိုင်ယာဉ်တံဆိပ်တို့ဖြင့်ဆောင်ရွက်ပိုင်ခွင့်၊ အလုပ်အမှုဆောင်အဖွဲ့ကို '**မ**' ဂဏန်းဖြင့် ဖွဲ့စည်းမှု၊ အလုပ်ရှင်များသည်လည်း အလုပ်ရှင်အဖွဲ့အစည်းများ အပြိုင်ဖွဲ့စည်းနိုင်မှုတို့ကိုလည်းကောင်း၊ **အခန်း(၅)** အလုပ်သမားအဖွဲ့အစည်း၏ အခွင့်အရေးနှင့်တာဝန်များပါ **ပုဒ်မ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃** တို့ကိုလည်းကောင်း၊ အခန်း(၇) အလုပ်ရှင်၏တာဝန်များတွင် **ပုဒ်မ ၂၉** အဖွဲ့အစည်းများကိုအသိအမှတ်ပြုခြင်း၊ **ပုဒ်မ ၃၀** တစ်လလျှင် နှစ်ရက်ထက်မပိုဘဲမူလတာဝန်ထမ်းဆောင်စေသကဲ့သို့ပုံမှတ်ယူခြင်း၊ **ပုဒ်မ ၃၁** တွင်အကူအညီတောင်းလျှင်တတ်နိုင်သလောက်ပေးရန်တို့ကိုလည်းကောင်း၊ **အခန်း(၁၀)** အလုပ်ပိတ်ခြင်းနှင့်သပိတ်မှောက်ခြင်းဆိုင်ရာပုဒ်မများ၊ **အခန်း(၁၂)** တားမြစ်ချက်များတွင် လိုက်နာရမည့် **ပုဒ်မ ၄၃၊ ၄၄ မှ ၅၀** အထိကိုလည်းကောင်း၊ **အခန်း(၁၃)** ပြစ်ဒဏ်များတွင် **ပုဒ်မ ၅၁** ဖြင့်အလုပ်ရှင်အတွက် တားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ပါက ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေချမှတ်ခြင်း၊ **ပုဒ်မ ၅၂** တွင်

အလုပ်သမားအတွက်နှင့် **ပုဒ်မ ၅၃၊ ၅၄၊ ၅၅** တို့တွင် ဖောက်ဖျက်သူများအတွက်ပြစ်ဒဏ်များတို့ကိုသိရှိလိုက်နာပါမည်။

၃-၁-၎-(၁၆)။ အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေများ (၂၀၁၂)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမားဝန်ကြီးဌာနသည် ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလ (၂၉)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့် **'အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေ'**များကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းနည်းဥပဒေ အခန်း(၂) အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းခြင်းတွင် **ပုဒ်မ ၃၊ ၄၊ ၅၊ ၆၊ ၇** တို့ပါဖွဲ့စည်းခြင်းနှင့် သက်တမ်းတို့ကိုလည်းကောင်း၊ အခန်း(၃) ဖွဲ့စည်းပုံစည်းမျဉ်းရေးဆွဲခြင်းပါ **ပုဒ်မ ၈၊ ၉** တို့ကိုလည်းကောင်း၊ အခန်း(၄) မှတ်ပုံတင်ခြင်းပါ **ပုဒ်မ ၁၀၊ ၁၁၊ ၁၇၊ ၁၉၊ ၂၁** တို့ကိုလည်းကောင်း၊ အခန်း(၅) အခွင့်အရေးနှင့်တာဝန်များတွင် **ပုဒ်မ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉**၊ အခန်း(၆) အလုပ်ရှင်အဖွဲ့အစည်းများတွင် **ပုဒ်မ ၃၀၊ ၃၁** တို့ကိုလည်းကောင်း၊ အခန်း(၇)တွင် အလံ၊ ဆိုင်းဘုတ်၊ ကိုယ်ပိုင်တံဆိပ်စသည်တို့ သတ်မှတ်ချက်များနှင့်သက်ဆိုင်သော **ပုဒ်မ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈** တို့ကိုလည်းကောင်းသိရှိလိုက်နာပါမည်။

၃-၁-၎-(၁၇)။ The Workmen's Compensation Act; 1923

၁၉၂၃ခုနှစ် မတ်လ (၅) ရက်နေ့တွင် Act No. VIII of 1923 ဖြင့် The Workmen's Compensation Act; 1923 ကိုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပါ အခန်း(၂) အလုပ်သမားလျော်ကြေးတွင် **ပုဒ်မ ၃** ပါလျော်ကြေးပေးမှုအပေါ် လုပ်ငန်းရှင်၏တာဝန်ရှိ မှု၊ တာဝန်မရှိမှုတို့ကိုလည်းကောင်း၊ **ပုဒ်မ ၄** တွင်လျော်ကြေးပမာဏ၊ **ပုဒ်မ ၅** လစာငွေတွက်ချက်သည့်နည်းလမ်းများ၊ **ပုဒ်မ ၇** ပါလစာဝက်ပြောင်းလဲနိုင်ခြင်း၊ **ပုဒ်မ ၈** လျော်ကြေးငွေပေးအပ်ခြင်းစနစ်၊ **ပုဒ်မ ၁၀** မတော်တဆပြစ်မှုမှတ်တမ်းတင်ပြခြင်း၊ **ပုဒ်မ ၁၂** စာချုပ်ချုပ်ဆိုခြင်း၊ **ပုဒ်မ ၁၈** အသက်အတွက် အထောက်အထားတို့ကို သိရှိလိုက်နာပါမည်။

၃-၁-၎-(၁၈)။ အလုပ်သမားလျော်ကြေးအက်ဥပဒေ(၁၉၂၃)ကိုပြင်ဆင်သည့်ဥပဒေ

၂၀၁၅ခုနှစ် မေလ (၁၁)ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၄/၂၀၁၅ဖြင့် ၁၉၂၃ခုနှစ် အလုပ်သမားလျော်ကြေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပါ အစားထိုးခြင်းများ၊ ငွေကြေးပြောင်းလဲသတ်မှတ်ခြင်းတို့ကို သိရှိလိုက်နာပါမည်။

၃-၁-၄-(၁၉)။ THE TAX OF THE UNITON LAW (2014)

ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ခုနှစ် မတ်လ (၂၈)ရက်-ရက်စွဲပါ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀/၂၀၁၄ဖြင့် THE TAX OF THE UNION LAW 2014 ကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပါ အခန်း(၅) ကုန်သွယ်လုပ်ငန်းခွန်တွင် **ပုဒ်မ ၁၁** ပါသတ်မှတ်ထားသောအခွန်နှုန်းထားများ၊ **ပုဒ်မ ၁၂** ပါကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်သည့် ကိစ္စရပ်များ၊ **ပုဒ်မ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁** တို့ပါနိုင်ငံ့ငွေဖြင့်ရရှိငွေများ၊ နိုင်ငံခြားပို့ကုန်သတ်မှတ်ချက်များ၊ သွင်းကုန်အစားထိုးအားပေးသည့်အနေဖြင့်ကုန်သွယ်လုပ်ငန်းခွန်လျော့ပေါ့ခြင်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး၊ ရေလုပ်ငန်းထွက်ကုန်စသည်တို့ ဆောင်ရွက်ခြင်းအတွက် မြေနှင့်ပတ်သက်သော ကုန်ကျစရိတ်အပေါ် ကင်းလွတ်ခွင့်များ၊ ကင်းလွတ်ခွင့်ပြုသောပစ္စည်းများ (ကာကွယ်ရေး၊ သံရုံးသုံးမော်တော်ယာဉ်များ) စသည်တို့အပေါ် ကင်းလွတ်ခွင့်များ၊ လေယာဉ်ဆီနှင့်စပ်လျဉ်းသည့်သတ်မှတ်ချက်များ၊ အခန်း(၆) ဝင်ငွေခွန်တွင် **ပုဒ်မ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅** တို့ပါဝင်ငွေခွန်နှင့်စပ်လျဉ်းသည့်အချက်များ၊ အခန်း(၇)တွင် အခြားဆက်စပ်လျက်ရှိသည့်အခွန်များပါ **ပုဒ်မ ၃၈** ပါအခွန်သတ်မှတ်ချက်များတို့ကို သိရှိလိုက်နာပါမည်။

၃-၁-၄-(၂၀)။ မြန်မာ့အာမခံလုပ်ငန်းဥပဒေ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၉၃ခုနှစ် ဇူလိုင်လ (၂၃)ရက်-ရက်စွဲပါ မြန်မာ့အာမခံလုပ်ငန်းဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးဥပဒေအမှတ် ၁၀/၉၃ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပါ အခန်း(၄) အာမခံလုပ်ငန်းများ အမျိုးအစားများကိုလည်းကောင်း၊ အခန်း(၆) Effecting Insurance and Granting of Benefits ပါ **ပုဒ်မ ၁၃၊ ၁၄၊ ၁၅၊ ၁၆** ပါမဖြစ်မနေ အာမခံထားရမည့် ပုဂ္ဂိုလ်များတို့ကို သိရှိလိုက်နာပါမည်။

၃-၁-၄-(၂၁)။ ၁၉၅၄ခုနှစ်လူမှုဖူလုံရေးနည်းဥပဒေများ

အလုပ်သမားဝန်ကြီးဌာနက ၁၉၅၅ခုနှစ် ဒီဇင်ဘာလ (၃)ရက်-ရက်စွဲပါ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁) ၁၉၅၅ ခုနှစ် ဒီဇင်ဘာလ(၁၀)ရက် စာမျက်နှာ (၁၉၈၂ မှ ၁၉၉၃ အထိ)တွင်ပါရှိသော ယင်းဥပဒေတွင် အခန်း(၂) အမြဲတမ်းကော်မတီတွင် **ပုဒ်မ ၁၄** အရ အလုပ်သမား ကိုယ်စားလှယ်နှင့် အလုပ်ရှင်ကိုယ်စားလှယ်ပါဝင်ခြင်း၊ **ပုဒ်မ ၁၈** မိမိအလုပ်သမားများအတွက် သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ **ပုဒ်မ ၁၄** တွင် အငြင်းပွားမှုဆုံးဖြတ်ချက် မကျေနပ်ပါက နိုင်ငံတော်သမ္မတထံ အယူခံဝင်ခြင်းတို့ကို သိရှိလိုက်နာပါမည်။

၃-၁-၄-(၂၂)။ အမိန့်ကြော်ငြာစာ (၆၄/၂၀၁၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ၂၀၁၃ခုနှစ် ဇူလိုင်လ (၁၂)ရက်-ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၆၄/၂၀၁၃ ဖြင့် အနည်းဆုံးအခကြေးငွေနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းနည်းဥပဒေတွင် အခန်း(၅) သက်ဆိုင်သည့်လုပ်ငန်းအမျိုးအစားများတွင် **ပုဒ်မ ၁၉၊ ၂၀၊ ၂၁** ပါလုပ်ငန်းအမျိုးအစားများကိုလည်းကောင်း၊ အလုပ်သမား(၅)ဦးအထက်ဆိုသည့်သတ်မှတ်ချက်ကိုလည်းကောင်း၊ အခန်း(၉) အလုပ်ရှင်၏ပါဝါနှင့် တာဝန်သိစိတ် တွင် **ပုဒ်မ ၄၃** ပါ အလုပ်သမားများ၏ ကျွမ်းကျင်မှုဖြင့်ပေးရေး၊ ကျွမ်းကျင်မှုအလိုက် လုပ်ခလစာတိုးမြှင့်ပေးရေး၊ ၁၉၅၁ခုနှစ် အလုပ်ရုံအက်ဥပဒေ၊ ၁၉၅၁ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေတို့နှင့်အညီ ဆောင်ရွက်ရေး၊ အလုပ်သမားမကျန်းမာ၊ အလုပ်ခွင်ထိခိုက်မှုများနှင့် စပ်လျဉ်း၍ဆောင်ရွက်ရန်ကိစ္စများ၊ သတ်မှတ်ချက်ပြည့်မီသည်အထိပေးရေး၊ အချိန်ပိုင်း၊ နာရီပိုင်းအလိုက် သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေပေးရေး စသည်တို့ကိုလည်းကောင်း၊ အခန်း(၁၀) အလုပ်သမားများ၏ ပါဝါနှင့်တာဝန်သိစိတ်တွင် **ပုဒ်မ ၄၄** ပါ မိမိကျွမ်းကျင်မှုအဆင့်အညီ ဆောင်ရွက်ခြင်း၊ သင်တန်းတက်ရောက်ပြီးနောက် ကျွမ်းကျင်မှုအဆင့်နှင့် လျော်ညီစွာ ဆက်လက်တာဝန်ထမ်းဆောင်ခြင်း၊ မကျန်းမာခြင်း၊ အလုပ်ခွင်ထိခိုက်မှုများကြောင့် အလုပ်မလုပ်ကိုင်နိုင်သည့်အချိန်တို့ကို သိရှိလိုက်နာပါမည်။

၃-၁-၄-(၂၃)။ အမိန့်ကြော်ငြာစာ ၂/၂၀၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားအနည်းဆုံးအခကြေးငွေကော်မတီက ၂၀၁၅ခုနှစ် သြဂုတ်လ (၂၈)ရက်-ရက်စွဲပါ အမိန့်ကြော်ငြာစာ ၂/၂၀၁၅ ကိုထုတ်ပြန်ခဲ့ပါသည်။ ယင်းကြော်ငြာစာပါ **ပုဒ်မ ၅** တွင် အနည်းဆုံးလုပ်ခသတ်မှတ်ချက်ကိုလည်းကောင်း၊ **ပုဒ်မ ၉** တွင်လုပ်သား(၁၅)ဦးထက်နည်းသော အလုပ်ရုံများအတွက်လည်းကောင်း သတ်မှတ်ချက်များကိုသိရှိလိုက်နာပါမည်။

၃-၁-၄-(၂၄)။ အမိန့်ကြော်ငြာစာ ၂/၂၀၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးကော်မတီ (NCDMW) က ၂၀၁၈ခုနှစ် မေလ (၁၄) ရက်-ရက်စွဲပါ အမိန့်ကြော်ငြာစာ ၂/၂၀၁၈ကိုထုတ်ပြန်ခဲ့ပါသည်။ ယင်းထုတ်ပြန်ချက် **ပုဒ်မ ၃** ပါသတ်မှတ်ချက်ကိုလည်းကောင်း၊ **ပုဒ်မ ၄** ပါ လုပ်သား (၁၀)ဦးအောက် သတ်မှတ်ချက်ကိုလည်းကောင်း သိရှိလိုက်နာပါမည်။

၃-၁-၄-(၂၅)။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၄)

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၄ခုနှစ် စက်တင်ဘာလ (၄)ရက်နေ့တွင် ၂၀၁၄ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၀)ဖြင့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကိုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ **ပုဒ်မ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀** ပါ ပြင်ဆင်အစားထိုးဖြည့်စွက်ချက်များကို သိရှိလိုက်နာပါမည်။

၃-၁-၄-(၂၆)။ အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆)

အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆) ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၆ခုနှစ် ဇန်နဝါရီလ (၂၅)ရက်-ရက်စွဲပါ ၂၀၁၆ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၇)ဖြင့်ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေပါ အခန်း(၂) အခကြေးငွေပေးရမည့် နည်းလမ်းများနှင့်အချိန်ကာလပါ **ပုဒ်မ ၃၊ ၄၊ ၅** ၊ အခန်း(၃) အခကြေးငွေမှ နှုတ်ယူဖြတ်တောက်ခြင်းတွင် **ပုဒ်မ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃-ခ၊** အခန်း(၄) အချိန်ပိုအခကြေး ငွေတွင် **ပုဒ်မ ၂၂၊ ၂၃** တို့ကိုလည်းကောင်း၊ အခန်း(၈) ပြစ်မှုနှင့်ပြစ်ဒဏ်များတွင် **ပုဒ်မ ၂၄၊ ၂၅၊ ၂၆၊ ၂၇** တို့တွင်သတ်မှတ်ထားသော ထောင်ဒဏ်၊ ငွေဒဏ်တို့ကိုလည်းကောင်း သိရှိလိုက်နာပါမည်။

၃-၁-၄-(၂၇)။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၂ခုနှစ် မတ်လ (၃၀)ရက်နေ့တွင် ၂၀၁၂ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၀)ဖြင့်ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေအခန်း(၃) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပါ **ပုဒ်မ ၅** တွင်သတ်မှတ်ချက်များနှင့်အညီ အသုံးပြုခွင့်လျှောက်ထားခြင်းများ၊ အခန်း(၄) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များတွင် **ပုဒ်မ ၁၀** တွင်ဇကသတ်မှတ်ချက်များ၊ **ပုဒ်မ ၁၁** တွင်အချိန်သတ်မှတ်ချက်များ၊ အခန်း(၆) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင် ခွင့်၊ အသုံးပြုခွင့်ရရှိသူကလိုက်နာရမည်စည်းကမ်းချက်များပါ **ပုဒ်မ ၁၆** တွင် ကန့်သတ်ချက်များ၊ **ပုဒ်မ ၂၂** တွင်ဤဥပဒေမထုတ်ပြန်မီက လုပ်ပိုင်ခွင့်ရသူတို့၏တာဝန်များ၊ အခန်း(၉) ပြစ်မှုနှင့်ပြစ်ဒဏ်များပါ **ပုဒ်မ ၂၆၊ ၂၇၊ ၂၈၊ ၂၉** တွင်ငွေဒဏ်၊ ထောင်ဒဏ် တို့ကို သိရှိလိုက်နာပါမည်။

၃-၁-၄-(၂၈)။ စံချိန်စံညွှန်းဥပဒေ (၂၀၁၄)

ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ခုနှစ် ဇူလိုင်လ (၃)ရက်-ရက်စွဲပါ ၂၀၁၄ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၈)ဖြင့် **'စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ'**ကိုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ အခန်း(၂)ပါ ရည်ရွယ်ချက်များကိုသိရှိနားလည်

ခြင်း၊ အခန်း(၅) အသိအမှတ်ပြုလွှာလျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်းတွင် **ပုဒ်မ ၉** အသိအမှတ်ပြုလွှာရရှိရန် လျှောက်ထားခြင်း၊ **ပုဒ်မ ၁၂** သုံးစွဲခြင်း၊ **ပုဒ်မ ၁၄** သက်တမ်းတိုးခြင်း၊ **ပုဒ်မ ၁၆** မှတ်ပုံတင်ခြင်း၊ အခန်း(၉) ပြစ်မှုနှင့်ပြစ်ဒဏ်များပါ **ပုဒ်မ ၂၄၊ ၂၅၊ ၂၆** တို့ကိုလည်းကောင်းသိရှိလိုက်နာပါမည်။

၃-၁-၎-(၂၉)။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ (၂၀၁၄)

ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ခုနှစ် ဒီဇင်ဘာလ (၅)ရက်-ရက်စွဲပါ ၂၀၁၄ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅၁)ဖြင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ အခန်း(၉) တားမြစ်ချက်များတွင် **ပုဒ်မ ၃၅** လက်မှတ်အဟောင်း၊ ရေယာဉ်ခမပေးခြင်း၊ ခရီးကျော်သည်ကိုသိလျက် ထပ်မံငွေပေးဆောင်ခြင်းမပြုခြင်း စသည့်အချက်များကိုလည်းကောင်း၊ အခန်း(၁၀) ပြစ်ဒဏ်များတွင် **ပုဒ်မ ၃၆** ပါထောင်ဒဏ်၊ ငွေဒဏ်များတို့ကိုလည်းကောင်း သိရှိလိုက်နာပါမည်။

၃-၁-၎-(၃၀)။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၂)ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၂ခုနှစ် နိုဝင်ဘာလ (၂)ရက်-ရက်စွဲပါ ၂၀၁၂ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၁) ဖြင့်ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေတွင်အခန်း(၂) သက်ဆိုင်သည့်စီးပွားရေးလုပ်ငန်းများတွင် **ပုဒ်မ ၄** ပါကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့်လုပ်ငန်းများကိုလည်းကောင်း၊ အခန်း(၅) ရင်းနှီးမြှုပ်နှံမှုပုံစံတွင် **ပုဒ်မ ၉၊ ၁၀** မတည်ငွေကိစ္စရပ်များ၊ အခန်း(၈) ရင်းနှီးမြှုပ်နှံသူ၏တာဝန်နှင့်အခွင့်အရေးများတွင် **ပုဒ်မ ၁၇** တာဝန်များ၊ **ပုဒ်မ ၁၈** အခွင့်အရေးများ၊ အခန်း(၉)ခွင့်ပြုမိန့်လျှောက်ထားခြင်းတွင် **ပုဒ်မ ၁၉** အဆိုပြုချက်တင်သွင်းခြင်း၊ **ပုဒ်မ ၂၁** လုပ်ငန်းတည်ထောင်ခြင်း၊ အခန်း(၁၀) အာမခံထားရှိခြင်းတွင် **ပုဒ်မ ၂၃** အာမခံထားရှိခြင်း၊ အခန်း(၁၁) အမှုထမ်းများနှင့်အလုပ်သမားများခန့်ထားခြင်းတွင် **ပုဒ်မ ၂၄** ပါနိုင်ငံသားအလုပ်သမားများနှင့်စပ်လျဉ်းသည့်အချက်များ၊ **ပုဒ်မ ၂၅** ပါ နိုင်ငံခြားသားများနေထိုင်ခွင့်၊ **ပုဒ်မ ၂၆** အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ချုပ်ဆိုခြင်းတို့ကိုလည်းကောင်း၊ အခန်း(၁၂) ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များတွင် **ပုဒ်မ ၂၇** လျှောက်ထား ခြင်း၊ အခန်း(၁၃) အာမခံချက်များတွင် **ပုဒ်မ ၂၈** နိုင်ငံပိုင်ပြုလုပ်ခြင်းမပြုကြောင်း၊ **ပုဒ်မ ၂၉** ခွင့်ပြုချက်သက်တမ်းမကျော်မီရပ်ဆိုင်းခြင်းမပြုကြောင်း၊ **ပုဒ်မ ၃၀** ပဋိဉာဉ်သက်တမ်းကုန်လျှင်ထည့်ဝင်ငွေပြန်လည်ထုတ်ပေးခြင်းတို့ကိုလည်းကောင်း၊ အခန်း(၁၄) မြေအသုံးပြုခွင့်တွင် **ပုဒ်မ ၃၁** အသုံးပြုခွင့်နှစ်အပိုင်းအခြား၊ **ပုဒ်မ ၃၂** သက်တမ်းတိုးခြင်း၊ **ပုဒ်မ ၃၃** ခွင့်ပြုခြင်းတို့ကိုလည်းကောင်း၊ အခန်း(၁၆) နိုင်ငံခြားငွေလွှဲပြောင်းနိုင်ခွင့်တွင် **ပုဒ်မ ၃၉** နိုင်ငံခြားသို့လွှဲပြောင်းခွင့်၊ အခန်း(၁၇) နိုင်ငံခြားငွေရေးကြေးရေးကိစ္စတွင် **ပုဒ်မ ၄၀** နိုင်ငံခြားငွေလွှဲပြောင်းခွင့်၊ **ပုဒ်မ ၄၁** နိုင်ငံခြားသားများငွေစာရင်းဖွင့်ခွင့်၊ အခန်း(၁၈) စီမံခန့်

ခွဲရေးဆိုင်ရာပြစ်ဒဏ်များတွင် **ပုဒ်မ ၄၂၊** အခန်း (၁၉) အငြင်းပွားမှုဖြေရှင်းခြင်းတွင် **ပုဒ်မ ၄၃** တို့ကိုသိရှိလိုက်နာပါမည်။

၃-၁-၎-(၃၁)။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၅)ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ခုနှစ် ဒီဇင်ဘာလ (၂၂)ရက်နေ့တွင် ၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၆၇)ဖြင့်ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပါ **ပုဒ်မ ၂** တွင် အစားထိုးခြင်း၊ **ပုဒ်မ ၃**တွင်ဖြည့်စွက်ခြင်းတို့ကို သိရှိလိုက်နာပါမည်။

၃-၁-စ။ စက်ရုံအလုပ်ရုံ၊ ကုန်ထုတ်လုပ်ငန်းဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများကြောင့် ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများက ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများနှင့် လျော့နည်းအောင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် မူဝါဒ၊ အဖွဲ့အစည်းဆိုင်ရာမူဘောင်များ

၃-၁-စ-(၁)။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ (၁၉၉၄)

၁၉၉၄ခုနှစ် ဒီဇင်ဘာလ (၅)ရက်-ရက်စွဲပါ ထုတ်ပြန်ချက် ၂၆/၉၄ဖြင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ(၁၉၉၄)ကိုထုတ်ပြန်ခဲ့ပါသည်။ ယင်းထုတ်ပြန်ချက်ပါ ပြည်သူလူထုယဉ်ကျေးမှုအမွေအနှစ်များ၊ ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတများတို့ကို ညီညွတ်စွာပေါင်းစပ်၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ဘဝတိုးတက်ရေးရည်ရွယ်ချက်များကိုသိရှိလိုက်နာပါမည်။

၃-၁-စ-(၂)။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)နှင့်နည်းဥပဒေ(၂၀၁၄)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၂ခုနှစ် မတ်လ (၃၀)ရက်နေ့တွင် ၂၀၁၂ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၉)ဖြင့်ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေ အခန်း(၁၀) **ကြိုတင်ခွင့်ပြုချက်** ပါ **ပုဒ်မ ၂၂** တွင် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစား၏ပိုင်ရှင်သို့မဟုတ် လက်ရှိဖြစ်သူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန်သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ လျှောက်ထားရမည်ကိုလည်းကောင်း၊ အခန်း (၁၀) **အာမခံ**တွင် **ပုဒ်မ ၂၆** ၌ တည်ဆဲဥပဒေနှင့်အညီအာမခံထားရှိခြင်း၊ အခန်း(၁၂) **တားမြစ်ချက်များ**ပါ **ပုဒ်မ ၂၈၊ ၂၉၊ ၃၀** တို့တွင် ကြိုတင်ခွင့်ပြုချက်မရှိဘဲလုပ်ကိုင်ခြင်း၊ တားမြစ်ချက်များကိုဖောက်ဖျက်ခြင်း၊ တားမြစ်ထားသောပစ္စည်းများ တင်သွင်း/တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ရောင်းဝယ်ခြင်းများတို့ကိုလည်းကောင်း၊ အခန်း(၁၃) **ပြစ်မှုနှင့်ပြစ် ဒဏ်များ** ပါ **ပုဒ်မ ၃၁၊ ၃၂၊ ၃၃၊ ၃၄** တို့ကိုလည်းကောင်းသိရှိလိုက်နာပါမည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ(၂၀၁၄)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက အမိန့်ကြော်ငြာအမှတ်၅၀/၂၀၁၄ကို ၂၀၁၄ခုနှစ် ဖွန်လ (၅)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ယင်းနည်းဥပဒေများပါ **အခန်း (၇) ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ** တွင် **ပုဒ်မ ၃၈-ခ**ပါ အစိုးရမဟုတ်သောအဖွဲ့အစည်းများအဖြစ် ညှိနှိုင်းပူးပေါင်းရာတွင် လည်း ကောင်း၊ **အခန်း(၁၁) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း** ပါ **ပုဒ်မ ၅၄-က** ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း၊ **ပုဒ်မ ၅၄-ခ** တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုတင်ပြခြင်း၊ **ပုဒ်မ ၅၄-ဂ** အစီရင်ခံစာကိုဝန်ကြီးဌာနသို့ တင်ပြခြင်းကိုလည်းကောင်း၊ **ပုဒ်မ ၅၅-က** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲ၍ ဝန်ကြီးဌာနသို့တင်ပြခြင်း၊ သတ်မှတ်ချက်များ ကို ဝန်ကြီးဌာနကသတ်မှတ်သည့် အချိန်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ **ပုဒ်မ ၅၆** ဝန်ကြီးဌာနက လက်ခံသောအရည်အချင်း ပြည့်မီသော တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ဆောင်ရွက်ခြင်းတို့ကိုလည်းကောင်း၊ **အခန်း (၁၂) ကြိုတင်ခွင့်ပြုချက်** ပါ **ပုဒ်မ ၆၃** ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် လျှောက်ထားခြင်း၊ **ပုဒ်မ ၆၇** ဝန်ကြီးဌာန၏ ကြိုတင်သဘောတူညီချက်ရရှိရန် ဆောင်ရွက်ခြင်း၊ **ပုဒ်မ ၆၈** အသေးစားပုဂ္ဂလိကလုပ်ငန်း၊ စက်ရုံအလုပ်ရုံများသည် ခွင့်ပြုချက်လိုင်စင်လျှောက်ထား ခြင်း မပြုမီဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူခြင်းတို့ကိုလည်းကောင်း၊ **အခန်း(၁၃) တားမြစ်ချက်များ** ပါ **ပုဒ်မ ၆၉-က** အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသော ဘေး အန္တရာယ်ရှိပစ္စည်းများကို စွန့်ပစ်ခြင်းမပြုရန်နှင့် **ပုဒ်မ၆၉-ခ** အများပြည်သူအကျိုးဌာ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်အရမှတပါး ဂေဟစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် ပြုလုပ်မှု များကို မည်သူမျှဆောင်ရွက်ခြင်းမပြုရတို့ကိုလည်းကောင်း၊ **အခန်း(၁၄) အထွေထွေ** ပါ **ပုဒ်မ ၇၄** သတိပေးပို့ခြင်းတို့ကိုလည်းကောင်း သိရှိလိုက်နာပါမည်။

၃-၁-စ-(၃)။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅)

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်သစ်တောရေးရာဝန်ကြီးဌာနက ၂၀၁၅ခုနှစ် ဒီဇင်ဘာလ(၂၉)ရက်နေ့တွင် အမိန့်ကြော် ငြာစာအမှတ်(၆၁၅/၂၀၁၅)ဖြင့်ထုတ်ပြန်ခဲ့ပါသည်။ ယင်းအမိန့်ကြော်ငြာစာပါ **နောက် ဆက်တွဲ(က) ထုတ်လွှတ်မှုလမ်းညွှန်ချက်များ** ၁။ အထွေထွေလမ်းညွှန်ချက်များ၏ ထုတ်လွှတ်အခိုးအငွေ့၊ စွန့်ပစ်ရည်၊ ဆူညံသံ၊ အနံ့ တို့၏လမ်းညွှန်ချက်များကိုလည်း ကောင်း၊ လုပ်ငန်းအလိုက်လမ်းညွှန်ချက်များပါ ၂-၃။ ကုန်ထုတ်လုပ်မှု၊ ၂-၃-၇-၄။ သတ္တု၊ ပလတ်စတစ်နှင့် ရာဘာထုတ်ကုန်လုပ်ငန်းပါ လမ်းညွှန်ချက်များကို စံနှုန်းအဖြစ်သတ် မှတ်ပြီး စက်ရုံကထုတ်လွှတ်မှုများကို ပြုပြင်လိုက်နာပါမည်။

၃-၁-စ-(၄)။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ (၂၀၁၅)

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(၂၀၁၅)ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၂၉)ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅ ဖြင့်ထုတ်ပြန်ခဲ့ပါသည်။ **အခန်း(၂) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်ချမှတ်ခြင်း** ပါ **ပုဒ်မ ၃** အရ EIA, IEE, EMP တစ်ခုခုကိုပြုလုပ်ခြင်း၊ သက်သေခံလက်မှတ်ရယူခြင်း၊ **ပုဒ်မ ၄** ကြိုတင်ခွင့်ပြုချက်ရယူခြင်း၊ **ပုဒ်မ ၅** ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူခြင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာခြင်း၊ **ပုဒ်မ ၈-က** EMP ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ **ပုဒ်မ ၈-ခ** သက်သေခံလက်မှတ်ရယူခြင်း၊ **ပုဒ်မ ၉** အရွယ်အစား၊ ထုတ်လုပ်မှုပမာဏ တိုးချဲ့ပြင်ဆင်ပါက EMP အချိန်မီရေးဆွဲတင်ပြ သက်သေခံလက်မှတ်ရယူခြင်း၊ **ပုဒ်မ ၁၁၊ ၁၃** တို့ကိုလည်းကောင်း၊ **အခန်း (၅) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပုဒ်မ ၄၅** တတိယအဖွဲ့အစည်း၏ အကြောင်းအချက်ကိုဦးစီးဌာနသို့တင်ပြခြင်း၊ **နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း** တို့ကိုလည်းကောင်း၊ **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် စုံစမ်းစစ်ဆေးခြင်း** တို့ကိုလည်းကောင်း၊ **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအတွက် လိုအပ်ချက်များ**ကိုလည်းကောင်း၊ **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတင်ပြခြင်း၊ အခန်း(၇) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု**တို့ကိုလည်းကောင်း၊ **အခန်း(၈) စီမံကိန်းကို အတည်ပြုရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းစဉ်းစားခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု၊ သက်သေခံလက်မှတ်၊ စည်းကမ်းချက်များနှင့် ယင်းစည်းကမ်းချက်များကို ပြင်ဆင်မှုများ**တို့ကိုလည်းကောင်း၊ **ဆိုးကျိုးသက်ရောက်မှုများအားလုံးအတွက် တာဝန်**တို့ကိုလည်းကောင်း၊ **အခန်း(၉) စောင့်ကြပ်ကြည့်ရှုခြင်း** တို့ကိုလည်းကောင်း၊ **ပုဒ်မ ၁၁၃-က၊ ၁၁၃-ခ** စစ်ဆေးရန် တာဝန်ရှိသူများ အလုပ်ချိန်အတွင်းဝင်ရောက်ခွင့်ပြုမှု၊ အခြားနေရာများသို့ ဝင်ရောက်ခွင့်ပြုရေးတို့ကိုလည်းကောင်း၊ **ပုဒ်မ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၉** စီမံကိန်း၏ ဝက်ဘ်ဆိုက်တွင်လွှင့်တင်ခြင်းတို့ကို သိရှိလိုက်နာပါမည်။

၃-၁-စ-(၅)။ လူမှုဖူလုံရေးဥပဒေ (၂၀၁၂)

လူမှုဖူလုံရေးဥပဒေ (၂၀၁၂) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်က ၂၀၁၂ခုနှစ် ဩဂုတ်လ (၃၁)ရက်-ရက်စွဲပါ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၅)ဖြင့်ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေပါ **အခန်း(၁)** တွင်၁၉၅၄ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေအရ အကျုံးဝင်သက်ဆိုင်ခဲ့သည့် အရပ်ဒေသများတွင် ဆက်လက် အကျုံးဝင်ခြင်းကိုလည်းကောင်း၊ **လူမှုဖူလုံရေးအတွက် မှတ်ပုံတင်ပြီး အာမခံထားရှိခြင်းနှင့် ထည့်ဝင်ကြေးများ**ပါ **ပုဒ်မ ၁၆-က** အရ အလုပ်သမားများအတွက်

အာမခံထားရှိခြင်း၊ **ပုဒ်မ ၁၈-က** လူမှုဖူလုံရေးရန်ပုံငွေပေးသွင်းခြင်း၊ ကုန်ကျစရိတ် ကျခံခြင်း၊ ပျက်ကွက်ကြေးသတ်မှတ်ခြင်း၊ အလုပ်တွင်ထိခိုက်မှုအာမခံစနစ်အတွက် ထည့်ဝင်ကြေးများပါ **ပုဒ်မ ၅၀၊ ၅၁** အရ ထည့်ဝင်ကြေးပေးသွင်းခြင်း၊ **လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး** ပါ **ပုဒ်မ ၅၃-က** အရပူးပေါင်းဆောင်ရွက်ခြင်း၊ **ပုဒ်မ ၅၃-ခ** အလုပ်ရှင်၏ ပျက်ကွက်မှုကြောင့် အလုပ်တွင် ထိခိုက်မှုအတွက် ဆေးကုသမှုကုန်ကျ စရိတ်များတို့ကိုကျခံခြင်း၊ **ပုဒ်မ ၅၄-က** ပြင်းထန်သည့်မတော်တဆထိခိုက်မှု အလုပ် သမားတွင်ဖြစ်ပွားပါက လူမှုဖူလုံရေးရုံးသို့ ချက်ခြင်းအစီရင်ခံခြင်း၊ အလုပ်နှင့်စပ်လျဉ်း၍ တားမြစ်ချက်ပါ **ပုဒ်မ ၆၆-က (၁၊ ၂)**၊ ထည့်ဝင်ကြေးငွေနှင့် အကျိုးခံစားခွင့်မှတ်တမ်းများ ထားရှိခြင်းနှင့်တင်ပြခြင်း၊ **ပုဒ်မ ၇၄၊ ၇၅** တို့ကိုလည်းကောင်း၊ **စုံစမ်း စစ်ဆေးခြင်း** ပါ **ပုဒ်မ ၇၆-က** စစ်ဆေးခံခြင်း၊ **ပုဒ်မ ၇၆-ခ** လိုအပ်ချက်များ တင်ပြခြင်းတို့ကိုလည်းကောင်း၊ အလုပ်ရှင်များ၏ တာဝန်နှင့်စပ်လျဉ်း၍တားမြစ်ချက်များပါ **ပုဒ်မ ၇၇** အရ မှတ်တမ်းများ ပြင်ဆင်ပယ်ဖျက်ခြင်း၊ မမှန်မကန်တင်ပြခြင်း၊ တင်ပြရန်ငြင်းဆိုခြင်း၊ လာရောက်ရန်ပျက် ကွက်ခြင်းတို့ကို မဖြစ်ပေါ်စေရန်သော်လည်းကောင်း၊ **အခန်း(၁၀) စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူခြင်း၊ အငြင်းပွားမှုများကို ဖြေရှင်းဆုံး ဖြတ်ခြင်းနှင့်အယူခံခြင်း** အခန်းပါ **ပုဒ်မ ၈၈** ထည့်ဝင်ကြေးပေးသွင်းရန် ပျက်ကွက်မှုအတွက် ပျက်ကွက်ကြေးတို့ကိုလည်းကောင်း၊ **အခန်း(၁၁) ပြစ်မှုနှင့်ပြစ်ဒဏ်များ** ပါ **ပုဒ်မ ၉၃၊ ၉၄** ပြစ်ဒဏ်ပမာဏများတို့ကို လည်းကောင်းသိရှိလိုက်နာပါမည်။

၃-၁-စ-(၆)။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၀ပြည့်နှစ် မတ်လ (၃၁) ရက်-ရက်စွဲပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၈/၉၀ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေတွင် အခန်း(၁၂) ပြစ်မှု နှင့် ပြစ်ဒဏ်များတွင် **ပုဒ်မ ၂၁၊ ၂၁-က၊ ၂၁-ခ၊ ၂၃** ပါ မှတ်ပုံတင်ရန်ပျက်ကွက်ခြင်းများ၊ တံစိုးလက်ဆောင်ပေးခြင်းများတို့နှင့် စပ်လျဉ်း၍သိရှိလိုက်နာပါမည်။

၃-၁-စ-(၇)။ အနည်းဆုံးအခကြေးငွေဥပဒေ၊ နည်းဥပဒေ (၂၀၁၃)

အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခုနှစ် မတ်လ (၈)ရက်-ရက်စွဲပါ ၂၀၁၃ခုနှစ်ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၇) ဖြင့်ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေပါ **အခန်း(၇)** အလုပ်ရှင်၏တာဝန်များပါ **ပုဒ်မ ၁၂** သတ်မှတ်ချက်ထက်လျော့မပေးရန်၊ ပိုပေးနိုင်ခြင်း၊ အခြားအခကြေးငွေနှုတ်ယူခွင့်မရှိ ခြင်းစသည်များ၊ **ပုဒ်မ ၁၃** တွင် အလုပ်သမားများအားအသိပေးခြင်း၊ ကြော်ငြာထားခြင်း၊ မှတ်တမ်းပြုစုခြင်း၊ အစီရင်ခံခြင်း၊ စစ်ဆေးရေးအရာရှိက တောင်းခံလျှင်စာရင်းနှင့် မှတ် တမ်းများတင်ပြခြင်းစသည်တို့ကိုလည်းကောင်း၊ **အခန်း(၈)** အနည်းဆုံးအခကြေးငွေနှင့် စပ်လျဉ်း၍အလုပ်သမားများ၏ အခွင့်အရေးများပါ **ပုဒ်မ ၁၄၊ ၁၅၊ ၁၆** တို့ကိုလည်း ကောင်း၊

အခန်း(၁၀) တားမြစ်ချက်နှင့်ပြစ်ဒဏ်များပါ အလုပ်ရှင်အတွက် **ပုဒ်မ ၂၂၊ ၂၃** တို့တွင် **ပုဒ်မ ၂၂** ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားသည့်အလုပ်ရှင်အတွက် တစ်နှစ်ထက်မပို သော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ် စေချမှတ်ခံရကြောင်းနှင့် **ပုဒ်မ ၂၄** တွင် ဤအမိန့်ကြော်ငြာစာပါ စည်းကမ်းချက်ကို ဖောက် ဖျက်လျှင် ကျခံရမည့်ပြစ်ဒဏ်များတို့ကို သိရှိလိုက်နာပါမည်။

၃-၁-စ-(၈)။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်က ၂၀၁၂ခုနှစ် မတ်လ (၂၈)ရက်-ရက်စွဲပါ ၂၀၁၂ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၅)ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပါ **အခန်း(၈)** တားမြစ်ချက်များ **ပုဒ်မ ၃၈** တွင်အလုပ်ရှင်အတွက် ဆွေးနွေး ညှိနှိုင်းဖြေရှင်းရန်ခိုင်လုံသောအကြောင်းပြချက်မရှိဘဲမပျက်ကွက်ခြင်း၊ **ပုဒ်မ ၃၉** စစ်ဆေး နေစဉ်ဝန်ထမ်းစည်းကမ်းများရုတ်တရက်မပြုလုပ်ရခြင်း၊ **ပုဒ်မ ၄၀** အလုပ်ပိတ်ခြင်း၊ သ ပိတ်မှောက်ခြင်းမပြုခြင်း၊ **ပုဒ်မ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅** တို့ကိုလည်းကောင်း၊ **အခန်း(၉)** ပြစ်ဒဏ်များပါ **ပုဒ်မ ၃၈၊ ၃၉**ကိုဖောက်ဖျက်လျှင် ဒဏ်ငွေအနည်းဆုံးကျပ်တစ်သိန်း၊ **ပုဒ်မ ၄၀၊ ၄၂** ကိုဖောက်ဖျက်လျှင်ကျပ်သုံးသောင်း၊ **ပုဒ်မ ၄၀၊ ၄၃** နှင့် **၄၄၊ ၄၅** တို့ကို ဖောက်ဖျက်၍အနည်းဆုံးကျပ်တစ်သိန်းချမှတ်သည့်ပုဒ်မများကိုလည်းကောင်း၊ **ပုဒ်မ ၅၁** တွင်ဖြေရှင်းစဉ်ကာလတွင် အလုပ်သမားအကျိုးခံစားခွင့်လျော့နည်းရန်ပြုလုပ်ပါက ခုံအ ဖွဲ့ဆုံးဖြတ်သည့် လျော်ကြေးငွေပေးအပ်ရမည်တို့ကို သိရှိလိုက်နာပါမည်။

၃-၁-စ-(၉)။ ဘွိုင်လာဥပဒေ (၂၀၁၅)

ဘွိုင်လာဥပဒေ (၂၀၁၅)ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ခုနှစ် ဇူလိုင်လ (၁၄)ရက်-ရက်စွဲဖြင့် ၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၉) ဖြင့် ထုတ် ပြန်ခဲ့ပါသည်။ ယင်းဥပဒေပါ အခန်း(၄) ဘွိုင်လာမှတ်ပုံတင်ခြင်းတွင် **ပုဒ်မ ၅၊ ၆၊ ၇** တို့ ကိုလည်းကောင်း၊ အခန်း(၅) ပိုင်ရှင်၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များတွင် **ပုဒ်မ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၈၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၄** တို့တွင်မှတ်ပုံတင်ခြင်း၊ အသုံး ပြုခြင်း၊ တားမြစ်ချက်များတို့ကို လည်းကောင်း၊ အခန်း (၆) ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များအခန်းတွင် **ပုဒ်မ ၂၉၊ ၃၀၊ ၃၁**တို့ကိုလည်းကောင်း၊ အခန်း(၁၁) အသုံးပြုခွင့်လက်မှတ်နှင့်ယာယီ အသုံးပြုခွင့်လက်မှတ်ပျက်ပြယ်ခြင်းတွင် **ပုဒ်မ ၅၃** ကိုလည်းကောင်း၊ အခန်း(၁၂) အယူခံခြင်းတွင် **ပုဒ်မ ၅၅** ကိုလည်းကောင်း၊ အ ခန်း(၁၃) တားမြစ်ချက်တွင် **ပုဒ်မ ၅၉၊ ၆၀၊ ၆၁၊ ၆၂** တို့ကိုလည်းကောင်း၊ အခန်း(၁၄) ပြစ်မှုနှင့်ပြစ်ဒဏ်တွင် **ပုဒ်မ ၆၄** တွင် ငွေဒဏ် ငါးသိန်းမှဆယ်သိန်းအထိလည်းကောင်း၊ **ပုဒ်မ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃** တို့ကိုလည်းကောင်းလိုက်နာပါမည်။

၃-၁-စ-(၁၀)။ မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ (၂၀၁၉)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ၂၀၁၉ခုနှစ်တွင် **'မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ'**ကိုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းပြဋ္ဌာန်းချက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က **ဥယျာဇဉ်**ရေးသားပြီး **နိဒါန်း**တွင် မြန်မာနိုင်ငံ၏ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သဘာဝသယံဇာတများအကြောင်းနှင့် ယင်းတို့အပေါ် သက်ရောက်သည့်ဖိအားများရှိကြောင်းနှင့်ခိုင်မာအားကောင်းသည့်စီမံအုပ်ချုပ်မှုမရှိပါက ပြဿနာပိုမိုကြီးထွားမည်ဖြစ်ကြောင်း၊ စွန့်ပစ်ပစ္စည်းများ၏စိန်ခေါ်မှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်စိန်ခေါ်မှုများကိုအစိုးရ၊ အရပ်ဖက်၊ ပုဂ္ဂလိကအဖွဲ့အစည်းများက မိတ်ဖက်အဖွဲ့အစည်းများအား လမ်းညွှန်ချက်ချမှတ်ရန်နှင့် လူမှုဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်လျော့ပါးစေရေးတို့ ပဓာနကျကြောင်း၊ အလေးအနက်ထားကြောင်းဖော်ပြထားပါသည်။ မူဝါဒချဉ်းကပ်ပုံနည်းလမ်းအဖြစ် ၁၉၄၄ခုနှစ် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အခြေပြုကြောင်းဖော်ပြထားပါသည်။ တဆက်တည်းမှာပင် **ရေရှည်မျှော်မှန်းချက်၊ ရည်ရွယ်ချက်**များကိုဖော်ပြထားပါသည်။ ထို့ပြင် **အခြေခံမူများ**တွင် အခြေခံမူ (၂၃)ခုကိုဖော်ပြထားပြီး **အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကိုအကောင်အထည်ဖော်ဆောင်ခြင်း**တို့ကိုဖော်ပြထားပါသည်။

၃-၁-စ-(၁၁)။ လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်သက်ဆိုင်သောဥပဒေ (၂၀၁၉)

ပြည်ထောင်စုလွှတ်တော်က ၂၀၁၉ခုနှစ် မတ်လ (၁၅)ရက်-ရက်စွဲပါ ၂၀၁၉ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၈)ဖြင့် အထက်ဖော်ပြပါ ဥပဒေကိုပြဋ္ဌာန်းခဲ့ပါသည်။

ယင်းဥပဒေကို အခန်း(၁) **အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်**တွင် ပုဒ်မ (၁)၊ (၂) တို့ဖြင့်ဖော်ပြထားပါသည်။ အခန်း(၂) **ရည်ရွယ်ချက်**များကို ပုဒ်မ (၃)ဖြင့်ဖော်ပြထားပါသည်။ အခန်း(၃) **အကျုံးဝင်သက်ဆိုင်သည့်လုပ်ငန်းများသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း**ကို ပုဒ်မ (၄)တွင် လုပ်ငန်း(၁၈)မျိုးဖြင့်ဖော်ပြထားပြီး ဝန်ကြီးဌာန၏လုပ်ပိုင်ခွင့်ကို ပုဒ်မ(၅)ဖြင့်ပြဋ္ဌာန်းထားပါသည်။ အခန်း(၅) **မှတ်ပုံတင်ခြင်း**ကို ပုဒ်မ (၆)၊ (၉)၊ (၁၀)တို့တွင် လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စတင်လုပ်ကိုင်သူတို့၏မှတ်ပုံတင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်လိုခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ ပိတ်သိမ်းခြင်းကိစ္စရပ်များအတွက် လိုက်နာရန်ဖော်ပြထားပါသည်။ အခန်း(၆) **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာတာဝန်ခံများခန့်အပ်တာဝန်ပေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း**တွင် ပုဒ်မ(၁၂)၊ (၁၃)၊ (၁၄)တို့၌ ကျန်းမာရေးဆိုင်ရာတာဝန်ခံခန့်အပ်ထားခြင်း၊ ကျန်းမာရေးဆိုင်ရာတာဝန်ခံခန့်ထားခြင်း၊ ကျန်းမာရေးဆိုင်ရာကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များကိုဖော်ပြ

ထားပါသည်။ အခန်း(၈) **အလုပ်ရှင်နှင့်အလုပ်သမားတို့၏တာဝန်များ**တွင် ပုဒ်မ (၂၆)၊ (၂၇)၊ (၂၈)၊ (၂၉)တို့ဖြင့် အလုပ်ရှင်၏တာဝန်များကိုလည်းကောင်း၊ ပုဒ်မ (၃၀)တွင် အလုပ်သမားအတွက်လည်းကောင်းပြဋ္ဌာန်းထားပါသည်။ အခန်း(၉)**ထုတ်လုပ်သူ၊ တင်သွင်းရောင်းချသူ၊ တပ်ဆင်သူ သို့မဟုတ် ဖြူတ်သိမ်းသူနှင့် တည်ဆောက်သူ သို့မဟုတ် ဖြိုဖျက်သူတို့၏တာဝန်များ**ကို ပုဒ်မ (၃၁)၊ (၃၂)၊ (၃၃) တို့တွင်ပြဋ္ဌာန်းထားပါသည်။ အခန်း(၁၀) **အကြောင်းကြားခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့်အစီရင်ခံခြင်း**တွင် ပုဒ်မ (၃၄)၊ (၃၅)၊ (၃၆)၊ (၃၇)၊ (၃၈)တို့တွင် အလုပ်ရှင်ကအစီရင်ခံခြင်း၊ မှတ်ပုံတင်ဆရာဝန်၏အကြောင်းကြားစာအားကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့မိတ္တူပေးပို့ခြင်း၊ စစ်ဆေးရေးအရာရှိ၏တာဝန်များတို့ကိုဖော်ပြထားပါသည်။ အခန်း(၁၁) **စိမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူအဖြစ်ဆောင်ရွက်ခြင်းနှင့် သင်တန်းကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း**တွင် ပုဒ်မ (၃၉) မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းကို ပြဋ္ဌာန်းထားပါသည်။ အခန်း(၁၂) **စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း** ပုဒ်မ (၄၃)တွင် ညွှန်ကြားရေးမှူးချုပ်၏လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားပါသည်။ အခန်း(၁၃) **အယူခံကော်မတီသို့အယူခံတင်ခြင်း၊ မှတ်ပုံတင်ပြန်လည်အပ်နှံရမည့်ရက်အပိုင်းအခြား**တို့ကိုဖော်ပြထားပါသည်။ အခန်း(၁၄) **တားမြစ်ချက်များ**တွင်ပုဒ်မ (၄၈)၊ (၄၉)၊ (၅၀)၊ (၅၁) တို့ဖြင့်ပြဋ္ဌာန်းထားပါသည်။ အခန်း(၁၅) **ပြစ်မှုနှင့်ပြစ်ဒဏ်များ**တွင် ပုဒ်မ (၅၂)၊ (၅၃)၊ (၅၄)၊ (၅၅)၊ (၅၆)၊ (၅၇)၊ (၅၈)၊ (၅၉)၊ (၆၀)၊ (၆၁)၊ (၆၂)၊ (၆၄)၊ (၆၅) တို့တွင်ကျူးလွန်ဖောက်ဖျက်ခြင်းအတွက် ထောင်ဒဏ်၊ ငွေဒဏ်ပမာဏများကို ပြဋ္ဌာန်းထားပါသည်။ ယင်းဥပဒေပါ အလုပ်ရှင်နှင့်အလုပ်သမားများလိုက်နာဆောင်ရွက်ရမည့်ပုဒ်မများကို လိုက်နာပါမည်။

၃-၁-စ-(၁၂)။ ရန်ကုန်မြို့ တော်မြူနီစီပယ်အက်ဥပဒေကိုပြင်ဆင်သည့်အက်ဥပဒေ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က (၁၉၉၁)ခုနှစ် ဧပြီလ (၂၂) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ ၈/၉၁ ဖြင့် ရန်ကုန်မြို့တော် မြူနီစီပယ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေတွင် **ပုဒ်မ(၂၊၃၊၄၊၅)** တို့တွင် ထောင်ဒဏ် တိုးချဲ့သတ်မှတ်ခြင်း၊ **ပုဒ်မ(၆)**တွင် ငွေဒဏ်တိုးမြှင့် သတ်မှတ်ခြင်းများတို့ကို သိရှိလိုက်နာပါမည်။

၃-၁-စ-(၁၃)။ ရန်ကုန်မြို့ တော်စည်ပင်သာယာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က (၁၉၉၆)ခုနှစ် ဇန်နဝါရီလ (၂၅) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥပဒေ အမှတ် ၁/၉၆ ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်း ဥပဒေ **ပုဒ်မ(၂၊၃)** တို့တွင် အစားထိုးဖြည့်စွက်ချက် တို့ကို သိရှိလိုက်နာပါမည်။

၃-၁-စ-(၁၄)။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ(၂၀၁၈)

၃	ကုန်သွယ်မှုတန်ဖိုး	၆၅၅၁၆.၁	၇၁၁၉၆.၄	၆၆၃၁၉.၆	၉၃.၂	၁.၂

၄	အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး	၃၁၈၄၉၂.၇	၃၄၆၄၃၉၉.၀	၃၂၇၁၉၆၆.၇	၉၄.၄	၂.၇

တစ်ဦးချင်းဝင်ငွေ

မုဒုံမြို့နယ်၏ တစ်ဦးချင်းဝင်ငွေကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည် -

စဉ်	၂၀၁၇-၁၈	၂၀၁၈-၁၉	၂၀၁၉-၂၀
၁	၁၇၆၆၈၄၃	၂၀၂၈၈၆၄	၂၁၆၈၃၈၂

အလုပ်လုပ်နိုင်သူဦးရေနှင့်အလုပ်လက်မဲ့ဦးရေ

မုဒုံမြို့နယ်တွင်ရှိသော အလုပ်လုပ်နိုင်သူဦးရေနှင့် အလုပ်လက်မဲ့နှုန်းကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည် -

စဉ်	အလုပ်လုပ်နိုင်သူဦးရေ	လုပ်ငန်းခွင်ရှိလုပ်သားဦးရေ	အလုပ်လက်မဲ့ဦးရေ	အလုပ်လက်မဲ့ရာခိုင်နှုန်း
၁	၁၅၅၆၃၂	၁၅၀၉၃၂	၄၇၀၀	၃.၀၁%

၅-၁၁-၀။ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာအချက်အလက်များ

ဗုဒ္ဓဘာသာဆိုင်ရာအဆောက်အဦများနှင့်သာသနာဝင်ပုဂ္ဂိုလ်များ

မုဒုံမြို့နယ်ရှိ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦများနှင့် သာသနာဝင်ပုဂ္ဂိုလ်များ ဆိုင်ရာ အချက်အလက်များအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည် -

(က) သာသနိကအဆောက်အဦများ

စဉ်	ဘုရား	စေတီ	ပုထိုး	ဘုန်းကြီးကျောင်း	သီလရှင်ကျောင်း	ဓမ္မာရုံ
၁	၅၁၇	၂၁၈	-	၂၈၂	၅၀	၄

(ခ) ရဟန်းသံဃာနှင့်သီလရှင်များ

စဉ်	ရဟန်း	သာမဏေ	သီလရှင်
၁	၂၁၉၉	၁၅၅၉	၅၅၄

(ဂ) ထင်ရှားသည့်ဘုရား၊ စေတီနှင့်ပုထိုးများ

စဉ်	ဘုရား၊စေတီ ၊ပုထိုးအမည်	တည်နေရာ
၁	ကန်ကြီးစေတီတော်	မြို့မ(၄)ရပ်ကွက်
၂	ကျိုက်ဇေယ်စေတီတော်	သိမ်ကုန်းရပ်ကွက်၊ ကမာဝက်မြို့
၃	ကျိုက္ကမော့ကြီးစေတီတော်	သိမ်ကုန်းရပ်ကွက်၊ ကမာဝက်မြို့
၄	ဇီနသုခရန်အောင်ချမ်းသာအတောင် (၄၀၀)ပြည့် လျောင်းတော်မူဘုရား	ကျောက်တလုံး ကျေးရွာ
၅	ကျိုက္ကမော့လေးစေတီတော်	မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့
၆	ဘင်လှိုင်စေတီတော်	ကော့ခပုံကျေးရွာ
၇	ငါးပျံတောင်စေတီတော်	ညောင်ကုန်းကျေးရွာ

(ဃ) ထင်ရှားသည့်ဘုန်းတော်ကြီးကျောင်းများ

စဉ်	ဘုန်းကြီး ကျောင်းအမည်	ဆရာတော်ဘွဲ့ အမည်	တည်နေရာ
၁	ဝင်းစိန်တောရကျောင်း	သောဟုလာ	ကျောက်တလုံးကျေးရွာ
၂	မူလမင်းကွန်သတိပဋ္ဌာန်ကျောင်း	ဘဒ္ဒန္တဥက္ကံသ	မြို့မ(၄)ရပ်ကွက်
၃	ဂျုံးဂျုံးကျတောရ ကျောင်း	ဘဒ္ဒန္တကိတ္တိဝဏ္ဏ	မြို့မ(၄)ရပ်ကွက်
၄	ခါတ်တော်တိုက်ကျောင်း	ဘဒ္ဒန္တပါလိတ	သိမ်ကုန်းရပ်ကွက်၊ ကမာဝက်မြို့
၅	ကျိုက္ကမော့လေးကျောင်း	ဘဒ္ဒန္တခမ္မဝီယ	မြို့မ(၄)ရပ်ကွက်

အခြားဘာသာရေးအဆောက်အဦများ

မုဒုံမြို့နယ်ရှိ အခြားဘာသာရေး အဆောက်အဦများနှင့် ဆိုင်သော အချက်အလက်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

စဉ်	ခရစ်ယာန်		အစ္စလာမ်		ဟိန္ဒူဘုရားကျောင်း		တရုတ်ဘုရားကျောင်း	
	မြို့	ကျေးလက်	မြို့	ကျေးလက်	မြို့	ကျေးလက်	မြို့	ကျေးလက်
၁	၃	၅	၂	၁	၂	၂	၁	-

သမိုင်းဝင်ထင်ရှားသောအဆောက်အဦနှင့်နေရာများ

မုဒုံမြို့နယ်ရှိသော သမိုင်းဝင်ထင်ရှားသော အဆောက်အဦနှင့် နေရာများမှာ မြို့မ (၄)ရပ်ကွက်တွင် ကန်ကြီးစေတီတော်၊ ကျိုက်ကမော့ကြီးစေတီတော်နှင့် ကျိုကမော့လေးစေတီတော်၊ ကျုံဖိုက်ကျေးရွာတွင် ကန်ကလေး စေတီတော်၊ ကော့ခပုံကျေးရွာတွင် ဘင်လှိုင်စေတီတော်တို့ တည်ရှိပါသည်။

၆။ ထိခိုက်မှုများကိုသတ်မှတ်ဖော်ထုတ်ခြင်းနှင့်လျော့နည်းစေရေးနည်းလမ်းများ

ရွှေမာယာခရမ်းရာဘာစက်ရုံ သည် **ခွက်ကပ်** (CUP LUMP)၊ **ဆွဲဖတ်** (Treelace)၊ **ရာဘာအစိမ်းပြားများ (Unsmoked Sheet)** တို့ကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြုပြီး ခရမ်းရာဘာ မြန်မာစတင်းဒတ်ရာဘာ (M.S.R မြန်မာစတင်းဒတ်ရာဘာ) ထုတ်လုပ်ဖြန့်ဖြူးသော စက်ရုံဖြစ်ပါသည်။ ယင်းစက်ရုံ၏ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ်တွင် သက်ရောက်မှုများတစ်နည်းအားဖြင့် လေထု၊ ရေထု၊ မြေထုအတွင်းသို့ ထုတ်လွှတ်မှုများ ပတ်ဝန်းကျင်သို့ သက်ရောက်စေမည့် ဆူညံသံများ၊ အနံ့အသက်များတို့ကို တင်ပြသွားမည်ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် ဘေးအန္တရာယ်ရှိပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများနှင့် ထိခိုက်မှုများအား လျော့ချမည့်နည်းလမ်းနှင့် နည်းပညာများ၊ လျော့ချပြီးနောက် လျော့နည်းနိုင်မှုများကို ခန့်မှန်းတွက်ချက်ခြင်း၊ လုပ်ငန်းများမှ ရေထု၊ လေထုသို့ ထုတ်လွှတ်အရာဝတ္ထုများ၊ ဆူညံသံများနှင့်စပ်လျဉ်း၍ လိုက်နာရမည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ဆူညံသံသတ်မှတ် စံနှုန်းများတို့ကိုလည်းကောင်း တင်ပြထားပါသည်။

၆-၁။ ထုတ်လွှတ်မှုများ

၆-၂။ ဘေးအန္တရာယ်ရှိပစ္စည်းများနှင့်စွန့်ပစ်ပစ္စည်းများ

၆-၃။ ထိခိုက်မှုများအားလျော့ချမည့်နည်းလမ်းနှင့်နည်းပညာများ

၆-၄။ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာထိခိုက်မှုများ၊ ထိခိုက်မှုပမာဏ၊ လျော့ချခြင်းလုပ်ငန်းများဆောင်ရွက်ပြီးနောက် လျော့ပါးမည့်ထိခိုက်မှုပမာဏများ ခန့်မှန်းတွက်ချက်ခြင်း

၆-၅။ လုပ်ငန်းမှရေထု၊ လေထုထဲသို့ ထုတ်လွှတ်အရာဝတ္ထုများ၊ ဆူညံမှုနှင့်ပတ်သက်၍ လိုက်နာရမည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

၆-၁။ ထုတ်လွှတ်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ မှ ပတ်ဝန်းကျင်သို့ သက်ရောက်မှုများ တစ်နည်းအားဖြင့် ထုတ်လွှတ်မှုများတို့ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

၆-၁-က။ လေထုအတွင်းသို့ထုတ်လွှတ်မှုများ

၆-၁-ခ။ ရေထုအတွင်းသို့ထုတ်လွှတ်မှုများ

၆-၁-ဂ။ မြေထုအတွင်းသို့ထုတ်လွှတ်မှုများ

၆-၁-ဃ။ ဆူညံသံများ၊ တုန်ခါမှုများ

၆-၁-င။ အနံ့အသက်များ တို့ဖြစ်ကြပါသည်။

၆-၁-က။ လေထုအတွင်းသို့ထုတ်လွှတ်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ မှ လေထုအတွင်းသို့ထုတ်လွှတ်မှုများမှာ-

၆-၁-က-(၁)။ သယ်ယူပို့ဆောင်ရေးယာဉ်များမှထွက်ရှိသောဓာတ်ငွေ့များ

၆-၁-က-(၂)။ အရန်လျှပ်စစ်ထုတ်စက်မောင်းနှင်ရာမှထွက်ရှိသောဓာတ်ငွေ့များ

၆-၁-က-(၃)။ ဓာတ်ငွေ့ယိုစိမ့်မှုများ

၆-၁-က-(၄)။ ရာဘာကုန်ကြမ်းများမှအငွေ့ပျံနိုင်သောဒြပ်ပေါင်းများ

၆-၁-က-(၅)။ ခရမ်းရာဘာထုတ်ရန်လေပူမီးဖိုမှမီးခိုးများ

၆-၁-က-(၆)။ အခြောက်ခံကိရိယာမှအငွေ့ပျံနိုင်သောဒြပ်ပေါင်းများ

၆-၁-က-(၇)။ ဝန်ထမ်းစားဖိုဆောင်တွင် ချက်ပြုတ်ရာမှထွက်ရှိသည့်အခိုးအငွေ့များ

၆-၁-က-(၁)။ သယ်ယူပို့ဆောင်ရေးယာဉ်များမှထွက်ရှိသောဓာတ်ငွေ့များ

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် ကုန်ကြမ်းများ၊ ကုန်ချောများ၊ သယ်ယူပို့ဆောင်ရာတွင် မော်တော်ယာဉ်များ အသုံးပြုရပါသည်။ မော်တော်ယာဉ်များတွင် အသုံးပြုသောဓာတ်ဆီ၊ ဒီဇယ်ဆီများ အင်ဂျင်ခန်းအတွင်း ပေါက်လောင်ကျွမ်းပြီး အိပ်ဇောများမှတဆင့် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့် ရေခိုးရေငွေ့များ ထုတ်လွှတ်ပါသည်။ အရည်အသွေးမပြည့်မီသော ဓာတ်ဆီ၊ ဒီဇယ်ဆီများ အသုံးပြုမိခြင်း၊ အင်ဂျင်ပါဝါကျဆင်းနေပြီး အင်ဂျင်ဝိုင်များ ရောနှောပါဝင်ခြင်း၊ ပြီးပြည့်စုံသော လောင်ကျွမ်းမှုမဖြစ်ခြင်းများကြောင့် ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ၊ ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့များ၊ ကာဗွန်အမှုန်များ လေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၆-၁-က-(၂)။ အရန်လျှပ်စစ်ထုတ်စက်မောင်းနှင်ရာမှထွက်ရှိသောဓာတ်ငွေ့များ

အဆိုပါစက်ရုံတွင် လိုအပ်သည့်အချိန်များတွင် မောင်းနှင်ရန် အရန်လျှပ်စစ်ထုတ်စက်ထားရှိပါသည်။ ဒီဇယ်ဆီသုံး ၅၀၀ KVA နှစ်လုံး ဖြစ်ပါသည်။ ဒီဇယ်ဆီများ အင်ဂျင်ခန်းအတွင်းလောင်ကျွမ်းရာတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့် ရေခိုးရေငွေ့များ၊ အိပ်ဇောပိုက်မှ လေထုအတွင်းသို့ ထုတ်လွှတ်ပါသည်။ အရည်အသွေးညံ့ဖျင်းသော ဒီဇယ်ဆီများအသုံးပြုမိခြင်း၊ အင်ဂျင်ပါဝါကျဆင်းနေခြင်းများ ဖြစ်ပေါ်ပါက ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့၊ ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့် ကာဗွန်အမှုန်များ ထွက်ရှိပါသည်။

၆-၁-က-(၃)။ ဓာတ်ငွေ့ယိုစိမ့်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားကိုရယူပြီး ထရန်စဖော်မာဖြင့် ဖြန့်ဖြူးသုံးစွဲပါသည်။ (33/0.4) kV, (1000 kVA) ထရန်စဖော်မာဖြစ်ပါသည်။ ထရန်စဖော်မာဆီများသည် အပူချိန်လွန်ကဲမှုကြောင့် လည်းကောင်း၊ ရေခိုးရေငွေ့များ ဝင်ရောက်မှုများကြောင့်လည်းကောင်း လျှပ်တားဂုဏ်သတ္တိကျဆင်းပြီး ထရန်စဖော်မာဆီများ လေထုအတွင်းသို့ အငွေ့ပျံထွက်ရှိနိုင်ပါသည်။

၆-၁-က-(၄)။ ရာဘာကုန်ကြမ်းများမှအငွေ့ပျံနိုင်သောဒြပ်ပေါင်းများ

အဆိုပါစက်ရုံတွင် ရာဘာအစိမ်းပြားများ၊ ခွက်ကပ်၊ ဆွဲဖတ်များတို့ကို ဝယ်ယူသိုလှောင်ထားစဉ်သော် လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်၍ သယ်ယူရွှေ့ပြောင်းရာတွင် လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်သည့် အဆင့်များတွင်လည်းကောင်း အငွေ့ပျံနိုင်သည့် ဒြပ်ပေါင်းများသည် လေထုအတွင်းသို့ ထုတ်လွှတ်ပါသည်။

၆-၁-က-(၅)။ ခရမ်းရာဘာထုတ်လုပ်ရန်လေယူမီးဖိုမီးခိုးများ

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် ခွက်ကပ်၊ ဆွဲဖတ် နှင့် ရာဘာအစိမ်းပြား (အထူ-အပါး)တို့ကို ကြိတ်ချေဖြတ်တောက်ဆေးကြောပြီး ရေဖြင့်အထပ်ထပ်ဆေးကြော၍ အမှိုက်သရိုက်အနည်အမှုန်များ ဖယ်ရှားပါသည်။ ရရှိသည့် ရာဘာအတုံးငယ်များကို ပုံစံခွက်ထဲတွင်ထည့်ပြီး လေယူဖြင့်အခြောက်ခံရပါသည်။ လေယူထုတ်လုပ်ရန် ထင်းမီးကို အသုံးပြုပါသည်။ ထင်းမီးခိုးများသည် လေထုအတွင်းသို့ ထုတ်လွှတ်ပါသည်။

၆-၁-က-(၆)။ အခြောက်ခံကိရိယာမှအငွေ့ပျံနိုင်သောဒြပ်ပေါင်းများ

ရာဘာအစိမ်းပြား၊ ခွက်ကပ်၊ ဆွဲဖတ် ရာဘာကုန်ကြမ်းတို့ကို ဖြတ်တောက် ခုတ်ထစ် ကြိတ်ချေဆေးကြောသန့်ရှင်းပြီး ရရှိသော ရာဘာအတုံးငယ်များကို ပုံစံခွက်တွင် ထည့်၍ လေယူဖြင့်ခြောက်သွေ့ရာတွင် ရာဘာကုန်ကြမ်းများမှ အငွေ့ပျံနိုင်သော ဒြပ်ပေါင်းများတို့သည် လေထုအတွင်းသို့ ထုတ်လွှတ်ပါသည်။

၆-၁-က-(၇)။ ဝန်ထမ်းစားဖိုဆောင်တွင်ချက်ပြုတ်ရာမှထွက်ရှိသည့်အခိုးအငွေ့များ

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် ဝန်ထမ်းများအား နေ့စဉ် ထမင်းသုံးကြိမ် ကျွေးမွေးရန် ဝန်ထမ်းစားဖိုဆောင်တွင် ချက်ပြုတ်ကြော်လှော်ရာမှ အခိုးအငွေ့များသည် လေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၆-၁-ခ။ ရေထုအတွင်းသို့ထုတ်လွှတ်မှုများ

အဆိုပါစက်ရုံ၏ ကုန်ထုတ်လုပ်မှု၊ ကုန်ကြမ်းကုန်ချော၊ ဝန်ထမ်းများ သယ်ယူ ပို့ဆောင်မှု၊ ဖြန့်ဖြူးရောင်းချမှုများကြောင့် ရေထုအတွင်းသို့ ထုတ်လွှတ်နိုင်မှုများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည် -

၆-၁-ခ-(၁)။ ဝန်ထမ်းများနေ့စဉ်သုံးစွဲရာမှထွက်ရှိသောရေဆိုးများ

၆-၁-ခ-(၂)။ ခရမ်းရာဘာ(MSR-မြန်မာစတင်းဒတ်ရာဘာ) ထုတ်လုပ်ရာမှ ဆေးကြောရေများ

၆-၁-ခ-(၃)။ ထရန်စဖော်မာဆီ၊ စက်ဆီချောဆီ၊ မတော်တဆဖိတ်စင်မှုများ

၆-၁-ခ-(၄)။ လေထုအတွင်းရောက်ရှိသွားသည့် အခိုးအငွေ့များနှင့် အမှုန်အမွှားများ မိုးရေတွင်ပျော်ဝင်ခြင်း၊ မိုးရေနှင့်အတူပါလာပြီး ရေထုအတွင်း ရောက်ရှိလာသည့်အရည်များ

၆-၁-ခ-(၅) ခရမ်းရာဘာအခြောက်ခံကိရိယာမှ အငွေ့များသန့်စင်ရာမှ ထွက်ရှိသောရေများ

၆-၁-ခ-(၆)။ စွန့်ပစ်ရည်သန့်စင်သည့်ဌာနမှ ဖိတ်စင်မှုများ၊ ထုတ်လွှတ်မှုများ

၆-၁-ခ-(၇)။ ဝန်ထမ်းစားဖိုဆောင်မှထွက်ရှိသည့်စွန့်ပစ်ရည်များ

၆-၁-ခ-(၁)။ ဝန်ထမ်းများနေ့စဉ်အသုံးပြုရာမှထွက်ရှိသောရေဆိုးများ

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းလုပ်သားများ နေ့စဉ်သုံးစွဲရာမှ ထွက်ရှိသည့်ဆေးကြောရေ၊ သန့်စင်ရေးဆောင်ရွက်ရာတွင် အသုံးပြုပြီးထွက်ရှိသော ရေဆိုးများသည် Septic Tank များ၊ ရေနွတ်မြောင်းများမှတဆင့် ပတ်ဝန်းကျင်ရေထုအတွင်းသို့ ရောက်ရှိနိုင်ပါသည်။

၆-၁-ခ-(၂)။ ခရမ်းရာဘာ(MSR-မြန်မာစတင်းဒတ်ရာဘာ) ထုတ်လုပ်ရာမှဆေးကြောရေများ

အဆိုပါစက်ရုံတွင် ရာဘာအစိမ်းပြား၊ ခွက်ကပ်၊ ဆွဲဖတ်တို့ကို ရေစိမ်နူးစေခြင်း၊ ခုတ်စက်၊ ဖြတ်စက်၊ ကြိတ်စက်၊ ချေစက်များဖြင့် အဆင့်ဆင့်ဖြတ်တောက်ခြင်း၊ ရေအထပ်ထပ်ဆေးကြောခြင်း ယင်းရေကန်များမှ ဖိတ်စင်မှုများ၊ ရာဘာနှင့်ရေများကို Filling Station သို့ပန့်ဖြင့်မောင်းနှင်ပို့ရာတွင် ဖိတ်စင်မှုများ၊ Filling Station မှ ဖိတ်စင်မှုများတို့သည်လည်းကောင်း၊ နေ့စဉ်လုပ်ငန်းပြီးဆုံးပါက ကန်များမှရေများကို ဖောက်သွန်ခြင်းဖြင့် ပတ်ဝန်းကျင်ရေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၆-၁-ခ-(၃)။ ထရန်စဖော်မာဆီ၊ စက်ဆီချောဆီ၊ မတော်တဆဖိတ်စင်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် ထရန်စဖော်မာဆီများ ဖြည့်တင်းလဲလှယ်ခြင်း၊ စက်ပစ္စည်းကိရိယာများ၊ အရန်လျှပ်စစ်ဓာတ်အားပေးစက်များ၊ မော်တော်ယာဉ်များပြုပြင်ရာတွင် စက်ဆီချောဆီ၊ ဘက်ထရီအက်ဆစ်များ ဖြည့်တင်းလဲလှယ်ခြင်းများ ဆောင်ရွက်ရာတွင် ဖိတ်စင်ယိုဖိတ်မှုများသည် ရေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၆-၁-ခ-(၄)။ လေထုအတွင်းသို့ ရောက်ရှိသွားသည့် အခိုးအငွေ့များနှင့် အမှုန်အမွှားများ မိုးရေတွင်ပျော်ဝင်ခြင်း၊ မိုးရေနှင့်အတူပါလာပြီး ရေထုအတွင်းရောက်ရှိလာသည့်အရည်များ

အဆိုပါစက်ရုံတွင် သယ်ယူပို့ဆောင်ရေးယာဉ်များ၊ အရန်လျှပ်စစ်ထုတ်စက်များတို့၏ အိပ်ဇောပိုက်မှထွက်ရှိသော အမှုန်အမွှားများ၊ အခိုးအငွေ့များ၊ ထင်းမီးခိုး အမှုန်အမွှားများ၊ ခရမ်းရာဘာ အခြောက်ခံစက် ထင်းမီးဖိုမှ အမှုန်အမွှားများ၊ ထင်းမီးဖိုပြာမှုန်များတို့သည် လေထုအတွင်းသို့ ရောက်ရှိသွားပြီး မိုးရွာသွန်းသည့်အချိန်တွင် မိုးရေတွင်ပျော်ဝင်၍သော်လည်းကောင်း၊ မိုးရေနှင့်အတူပါဝင်လာ၍ သော်လည်းကောင်း ပတ်ဝန်းကျင်ရေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၆-၁-ခ-(၅)။ ခရမ်းရောဘာအခြောက်ခံကိရိယာမှအငွေ့များသန့်စင်ရာမှထွက်ရှိသောရေများ

ရွှေမာယာခရမ်းရောဘာစက်ရုံတွင် ခရမ်းရောဘာထုတ်လုပ်ရာတွင် လေပူဖြင့် ရောဘာအတုံးငယ်များကို အခြောက်ခံကိရိယာတွင် ခြောက်သွေ့စေပါသည်။ အခြောက်ခံကိရိယာမှ ထွက်ရှိလာသည့်လေများတွင် ရောဘာနံ့များပါဝင်လာသဖြင့် ယင်းတို့ကို Cooling System မှ Blower Fan ဖြင့်စုပ်ယူကာ (အလျား၂၀-ပေ၊ အနံ ၆-ပေ၊ အမြင့်-၅ပေ)ရှိ ရေလုံပိတ်ကန်ထဲသို့ ဖြတ်သန်းစေလျက် ပါလာသော ရောဘာအနံ့များကို ရေပန်းဖြင့် ဆေးကြောသန့်ရှင်းစေပါသည်။ ယင်းအဆေးခံ၊ ဆေးကြောရေများသည် ပတ်ဝန်းကျင်ရေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၆-၁-ခ-(၆)။ စွန့်ပစ်ရည်သန့်စင်သည့်ဌာနမှဖိတ်စင်မှုများ၊ထုတ်လွှတ်မှုများ

အဆိုပါစက်ရုံတွင် ခရမ်းရောဘာထုတ်လုပ်ရာတွင် ကုန်ကြမ်းများကို ခုတ်ထစ်ဖြတ်တောက် ကြိတ်ချေဆေးကြောရေများ၏ ဖိတ်စင်မှုများ၊ လုပ်ငန်းပြီးဆုံးပါက စွန့်ထုတ်မှုများ၊ ရောဘာအခြောက်ခံကိရိယာမှ ထွက်ရှိသည့် ရောဘာအနံ့များ ပါဝင်သည့် လေပူများကို အအေးခံခြင်း၊ ရေဖျန်းစုပ်ယူခြင်းများ ဆောင်ရွက်ရာတွင် ထွက်ရှိသည့်ရေများ ဖိတ်စင်မှုများ၊ လုပ်ငန်းပြီးဆုံးပါက စွန့်ထုတ်မှုများတို့တွင် စွန့်ပစ်ရည်များ ထွက်ရှိပါသည်။ ယင်းစွန့်ပစ်ရည်များကို အုတ်ရေမြောင်းများဖြင့် သွယ်တန်းကာ စွန့်ပစ်ရေကန်အတွင်းသို့ စွန့်ပစ်ပါသည်။။ စွန့်ပစ်ရည်များသည် ပတ်ဝန်းကျင်ရေထုအတွင်းသို့ ထုတ်လွှတ်ပါသည်။

၆-၁-ခ-(၇)။ ဝန်ထမ်းစားဖိုဆောင်မှထွက်ရှိသည့်စွန့်ပစ်ရည်များ

ရွှေမာယာခရမ်းရောဘာစက်ရုံတွင် ဝန်ထမ်းများအတွက် နေ့စဉ် အစားအသောက် ကျွေးမွေးရန် ချက်ပြုတ်ကြော်လှော်သော စားဖိုဆောင်တွင် ထွက်ရှိသော သားငါးဟင်းသီးဟင်းရွက် ဆေးကြောရေများ၊ အိုးခွက်ပန်းကန်ဆေးကြောရေများ၊ ဝန်ထမ်းများ သန့်ရှင်းရေးသုံးစွဲရာတွင် ထွက်ရှိသည့် အရည်စွန့်ပစ်ရည်များတို့သည် ပတ်ဝန်းကျင်ရေထုအတွင်းသို့ ထုတ်လွှတ်ပါသည်။

၆-၁-၈။ မြေထုအတွင်းသို့ထုတ်လွှတ်မှုများ

အဆိုပါစက်ရုံ၏ ခရမ်းရောဘာ (MSR-မြန်မာစတင်းဒတ်ရောဘာ) ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းများလုပ်ဆောင်မှုကြောင့် ပတ်ဝန်းကျင်မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်မှုများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည် -

၆-၁-၈-(၁)။ လုပ်သားဝန်ထမ်းများ၏စွန့်ပစ်ပစ္စည်းများ

၆-၁-၈-(၂)။ ရုံးလုပ်ငန်းသုံးပစ္စည်းအပျက်အစီးများ

၆-၁-၈-(၃)။ ခရမ်းရောဘာထုတ်လုပ်ရာမှထွက်ရှိသည့် ရောဘာမဟုတ်သည့် အမှိုက်သရိုက်အညစ်အကြေးများ

၆-၁-၈-(၄)။ ရေထုလေထုများမှတဆင့်ရောက်ရှိလာသောထုတ်လွှတ်မှုများ

၆-၁-၈-(၅)။ ကုန်ကြမ်းကုန်ချောထုပ်ပိုးအပျက်အစီးများ

၆-၁-၈-(၆)။ ဝန်ထမ်းစားဖိုဆောင်မှထွက်ရှိသောစွန့်ပစ်အစိုင်အခဲများ

၆-၁-၈-(၁)။ လုပ်သားဝန်ထမ်းများ၏စွန့်ပစ်ပစ္စည်းများ

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လုပ်သားဝန်ထမ်းများ၏ နေ့စဉ်သုံးစွဲရာမှ ထွက်ရှိသည့် ထုပ်ပိုးပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပြီး စွန့်ပစ်ပစ္စည်းများ၊ သန့်ရှင်းရေးသုံးပြီး စွန့်ပစ်ပစ္စည်းများ တို့သည် ပတ်ဝန်းကျင်မြေထုသို့ ထုတ်လွှတ်နိုင်ပါသည်။

၆-၁-၈-(၂)။ ရုံးလုပ်ငန်းသုံးပစ္စည်းအပျက်အစီးများ

အဆိုပါစက်ရုံ၏ ရုံးလုပ်ငန်းသုံး စာရွက်စာတမ်းအပျက်အစီးများ၊ စာရေးကိရိယာအပျက်အစီးများ၊ ကွန်ပျူတာပစ္စည်းများ၊ စာကူးစက်အပျက်အစီးများ၊ မီးလုံးမီးချောင်းအကျွမ်းအကွဲတို့သည် ပတ်ဝန်းကျင်မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၆-၁-၈-(၃)။ ခရမ်းရာဘာထုတ်လုပ်ရာမှ ထွက်ရှိသည့်ရာဘာမဟုတ်သည့် အမှိုက်သရိုက်အညစ်အကြေးများ

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် ရာဘာအစိမ်းပြား၊ ခွက်ကပ်၊ ဆွဲဖတ်များတို့ကို ခုတ်ထစ်ဖြတ်တောက် ကြိတ်ချေ ဆေးကြောရာမှ ထွက်ရှိလာသည့် ရာဘာမဟုတ်သည့် အညစ်အကြေး အမှိုက်သရိုက်များသည် ရေကန်များ၊ ရေစစ်ကန်များ၊ အနယ်ထိုင်ကန်များမှတဆင့် မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၆-၁-၈-(၄)။ ရေထု၊လေထုများမှတဆင့်ရောက်ရှိလာသောထုတ်လွှတ်မှုများ

အဆိုပါစက်ရုံ လေထုအတွင်းသို့ ရောက်ရှိသွားသည့်အခိုးအငွေ့ အမှုန်အမွှားများ (ဥပမာ-မော်တော်ယာဉ်၊ လျှပ်စစ်ထုတ်စက်၊ ဖဲ့ါကလစ်၊ wheel Loader များ၏ အင်ဂျင်အိပ်ဇောတို့မှ ဓာတ်ငွေ့နှင့် အမှုန်အမွှားများ)၊ ထင်းမီးပြာမှုန်များ၊ စားဖိုဆောင်မှ မီးခိုးအမှုန်အမွှားများတို့သည် မိုးရေထဲတွင်ပျော်ဝင်၍သော်လည်းကောင်း၊ မိုးရေနှင့်အတူ ရောနှောပါဝင်လာခြင်းဖြင့် မြေထုသို့ထုတ်လွှတ်နိုင်ပါသည်။

၆-၁-၈-(၅)။ ကုန်ကြမ်းကုန်ချောထုပ်ပိုးအပျက်အစီးများ

ရွှေမာယာခရမ်းရာဘာစက်ရုံ ၏ ကုန်ကြမ်းထုပ်ပိုးပစ္စည်းများ (ဥပမာ-ထုံးအိတ်ခွံများ) ကုန်ချောထုပ်ပိုးပစ္စည်းများ (ပလပ်စတစ်အိတ်များ)တို့သည် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်စဉ် ပျက်စီးမှုများဖြစ်ပါက ပတ်ဝန်းကျင်မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၆-၁-ဂ-(၆)။ ဝန်ထမ်းစားဖိုဆောင်မှထွက်ရှိသောစွန့်ပစ်အစိုင်အခဲများ

အဆိုပါစက်ရုံတွင် ဝန်ထမ်းများအား အစားအသောက်ကျွေးမွေးရန် ချက်ပြုတ်ကြော်လှော်ရာတွင် သားငါးဟင်းသီးဟင်းရွက် ထုပ်ပိုးပစ္စည်းများ၊ စားကြွင်းစားကျန်၊ အကြွင်းအကျန်များ ဆေးကြောရတို့တွင် ပါဝင်လာနိုင်သည့် အစိုင်အခဲများတို့သည် ပတ်ဝန်းကျင်မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၆-၁-ဃ။ ဆူညံသံများ၊ တုန်ခါမှုများ

ရွှေမာယခရမ့်ရာဘာစက်ရုံ တွင် ကုန်ကြမ်း၊ ကုန်ချောများ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်များ၊ လုပ်ငန်းခွင်တွင် ရွှေ့ပြောင်းသယ်ယူရန် ဖဲ့ါကလစ်များ၊ Wheel Loader မောင်းနှင်မှုများ၊ အရန်လျှပ်စစ်မာတ်အားပေးစက်လိုအပ်၍ မောင်းနှင်မှုများ၊ ခရမ့်ရာဘာ ထုတ်လုပ်ရန် ကုန်ကြမ်းများကို ကြိတ်ချေခုတ်ဖြတ်ကြိတ်ချေခြင်းများ၊ အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်းများအတွက် စက်ကိရိယာများ မောင်းနှင်မှုများ၊ ထင်းမီးဖိုလေဆွဲပန်ကာများ မောင်းနှင်မှုများတို့ကြောင့် ဆူညံသံတုန်ခါမှုများသည် ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်ပါသည်။ ယင်းတို့ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

၆-၁-ဃ-(၁)။ ကုန်ကြမ်း၊ ကုန်ချော သယ်ယူပို့ဆောင်သော ယာဉ်များမောင်းနှင်မှုကြောင့် ဆူညံသံနှင့်တုန်ခါမှုများ

၆-၁-ဃ-(၂)။ အရန်လျှပ်စစ်မာတ်အားပေးစက်များ မောင်းနှင်မှုများကြောင့် ဆူညံသံနှင့် တုန်ခါမှုများ

၆-၁-ဃ-(၃)။ ခရမ့်ရာဘာထုတ်လုပ်ရန် စက်ပစ္စည်းကိရိယာများ မောင်းနှင်မှုများကြောင့် ဆူညံသံနှင့်တုန်ခါမှုများ

၆-၁-ဃ-(၁)။ ကုန်ကြမ်း၊ ကုန်ချော သယ်ယူပို့ဆောင်သော ယာဉ်များမောင်းနှင်မှုကြောင့် ဆူညံသံနှင့်တုန်ခါမှုများ

အဆိုပါစက်ရုံတွင် ရာဘာအစိမ်းပြားများ၊ ခွက်ကပ်၊ ဆွဲဖတ်များ၊ ထင်းတုံးများ၊ ထုံးအိတ်များစသော ကုန်ကြမ်းပစ္စည်း ဝယ်ယူလက်ခံရာတွင်လည်းကောင်း၊ ကုန်ကြမ်းများကို နေရာတနေရာမှတနေရာ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း၊ မော်တော်ယာဉ်များ၊ ဖဲ့ါကလစ်များ၊ Wheel Leader များမောင်းနှင်မှုများကြောင့် ဆူညံသံတုန်ခါမှုများတို့သည် ပတ်ဝန်းကျင်သို့သက်ရောက်ပါသည်။

၆-၁-ဃ-(၂)။ အရန်လျှပ်စစ်ထုတ်စက်များမောင်းနှင်မှုများကြောင့် ဆူညံသံနှင့် တုန်ခါမှုများ

ရွှေမာယခရမ့်ရာဘာစက်ရုံတွင် လျှပ်စစ်မာတ်အား လိုအပ်သည့်အချိန်များတွင် အရန်လျှပ်စစ်ထုတ်စက်များ မောင်းနှင်ရာတွင် ဆူညံသံ တုန်ခါမှုများ ပတ်ဝန်းကျင်အပေါ် သက်ရောက်ပါသည်။

၆-၁-ဃ-(၃)။ ခရမ်းရောဘာထုတ်လုပ်ရန် စက်ပစ္စည်းကိရိယာများ မောင်းနှင်မှုများကြောင့် ဆူညံသံနှင့်တုန်ခါမှုများ

အဆိုပါစက်ရုံတွင် ခရမ်းရောဘာထုတ်လုပ်ရန် လိုအပ်သောရေရရှိရန် ရေပန့်များ၊ လေပူမီးဖိုမှ လေဆွဲပန်ကာများ၊ ရာဘာကုန်ကြမ်းများကို ဖြတ်တောက် ခုတ်ထစ်ကြိတ်ချေသည့် စက်ပစ္စည်းကိရိယာများ၊ မွှေကန်များ ဒလတ်မော်တာများ၊ မွှေကန်များမှ ဆယ်ယူသည့် Bucket Elevator များ၊ Rubber Belt Conveyor မောင်းနှင်မှုများကြောင့် ဆူညံသံ တုန်ခါမှုများ ပတ်ဝန်းကျင်အပေါ် သက်ရောက်ပါသည်။

၆-၁-င။ အန္တရာယ်များ

ရွှေမာယာခရမ်းရောဘာစက်ရုံ ၏ ခရမ်းရောဘာထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများ ဆောင်ရွက်ရာတွင် အန္တရာယ်များ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

၆-၁-င-(၁)။ မော်တော်ယာဉ်၊ ဖဲ့ါကလစ်၊ Wheel Loader များ၊ အိပ်ဇောပိုက်များမှ အန္တရာယ်များ

၆-၁-င-(၂)။ အရန်လျှပ်စစ်ထုတ်စက် အိပ်ဇောပိုက်များမှ အန္တရာယ်များ

၆-၁-င-(၃)။ ရာဘာကုန်ကြမ်းများ၏အန္တရာယ်များ

၆-၁-င-(၄)။ ခရမ်းရောဘာထုတ်လုပ်ရန်လေပူမီးဖိုမှလောင်ကျွမ်းအန္တရာယ်များ

၆-၁-င-(၅)။ ခရမ်းရောဘာထုတ်လုပ်ရန်အခြောက်ခံကိရိယာမှရာဘာအန္တရာယ်များ

၆-၁-င-(၆)။ စွန့်ပစ်ရည်သန့်စင်မှုမှအန္တရာယ်များ

၆-၁-င-(၇)။ ဝန်ထမ်းစားဖိုဆောင်၊လိုင်းခန်းများမှအန္တရာယ်များ

၆-၁-င-(၁)။ မော်တော်ယာဉ်၊ ဖဲ့ါကလစ်၊ wheel loader များ၊ အိပ်ဇောပိုက်များမှ အန္တရာယ်များ

အဆိုပါစက်ရုံတွင် ကုန်ကြမ်းကုန်ချောသယ်ယူသည့် မော်တော်ယာဉ်များ ဖဲ့ါကလစ်၊ wheel loader များ မောင်းနှင်ရာတွင် အိပ်ဇောပိုက်များမှ ထွက်ရှိသော အန္တရာယ်များသည် ပတ်ဝန်းကျင်အပေါ် သက်ရောက်ပါသည်။

၆-၁-င-(၂)။ အရန်လျှပ်စစ်ထုတ်စက်အိပ်ဇောပိုက်များမှအန္တရာယ်များ

ရွှေမာယာခရမ်းရောဘာစက်ရုံတွင် လိုအပ်သည့်အချိန်တွင် အရန်လျှပ်စစ်ထုတ်စက်များမောင်းနှင်ရာတွင် ဒီဇယ်ဆီများ၊ အင်ဂျင်ခန်းအတွင်း ပေါက်လောင်ပြီး အိပ်ဇောပိုက်များမှထွက်ရှိသည့် အန္တရာယ်များသည် ပတ်ဝန်းကျင်သို့ သက်ရောက်ပါသည်။

၆-၁-၄-(၃)။ ရာဘာကုန်ကြမ်းများ၏အန္တရာယ်များ

ရွှေမာယခရမ့်ရာဘာစက်ရုံ တွင် အသုံးပြုသည့် ရာဘာအစိမ်းပြား၊ ခွက်ကပ်၊ ဆွဲဖတ် ကုန်ကြမ်းတို့၏ အန္တရာယ်များသည် ပတ်ဝန်းကျင်သို့ သက်ရောက်ပါသည်။

၆-၁-၄-(၄)။ ခရမ့်ရာဘာထုတ်လုပ်ရန်လေပူမီးဖို့မလောင်ကျွမ်းအန္တရာယ်များ

အဆိုပါစက်ရုံတွင် ရာဘာအတုံးငယ်များကို ခြောက်သွေ့စေရန် လေပူဖြင့် ဆောင်ရွက်ပါသည်။ ထင်းမီးလောင်ကျွမ်းဓာတ်ငွေ့များ ဖြတ်သန်းနေသည့် ပိုက်များ အပြင်ဘက်တွင် လေကိုပန်ကာဖြင့်မှုတ်ပေးပြီး လေပူကိုထုတ်ယူပါသည်။ ထင်းမီးလောင်ကျွမ်းအန္တရာယ်များသည် ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်ပါသည်။

၆-၁-၄-(၅)။ ခရမ့်ရာဘာထုတ်လုပ်ရန်အခြောက်ခံကိရိယာမှရာဘာအန္တရာယ်များ

ရွှေမာယခရမ့်ရာဘာစက်ရုံ တွင် ရာဘာအစိမ်းပြား၊ ခွက်ကပ်နှင့် ဆွဲဖတ် များကို အချိုးကျကျရောစပ်၍ ခုတ်ထစ်ဖြတ်တောက် ကြိတ်ချေဆေးကြော သန့်ရှင်းထားပြီး သန့်စင်သော ရာဘာအတုံးငယ်များ ရရှိပါသည်။ ရာဘာအတုံးငယ်များကို ပုံစံခွက်ထဲတွင် ထည့်သွင်းပြီး အခြောက်ခံကိရိယာတွင် လေပူဖြင့်ထိတွေ့စေလျက် ခြောက်သွေ့တွင်ကပ်စေပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ရာဘာအတုံးငယ်များမှ အန္တရာယ်များ လေပူနှင့်အတူ ပတ်ဝန်းကျင်အပေါ် သက်ရောက်ပါသည်။

၆-၁-၄-(၆)။ စွန့်ပစ်ရည်သန့်စင်မှုမှအန္တရာယ်များ

အဆိုပါစက်ရုံတွင် ရာဘာကုန်ကြမ်းများ၏ ဆေးကြောသန့်စင်သည့် ရေများနှင့် အခြောက်ခံကိရိယာမှ ထွက်ရှိသည့် ရာဘာအန္တရာယ်ပါဝင်သော လေပူကို ဖျန်းချအန္တရာယ်ရှားရာတွင် အသုံးပြုသည့် ဆေးကြောရေများနှင့် ပေါင်းစပ်၍ စွန့်ပစ်ကန်အတွင်းသို့ စွန့်ပစ်ပါသည်။ စွန့်ပစ်ကန်များတွင် သဘာဝအလျောက် လေနှင့်ထိတွေ့သော အရပ်မျက်နှာပြင်သည် လေလိုအပ်ဓာတ်ရှိများဖြင့် ပြုကွဲခြင်း၊ ရေမျက်နှာပြင်အောက်ပိုင်းတွင် လေမဲ့အဏုဇီဝသက်ရှိများဖြင့် ပြုကွဲခြင်း ဖြစ်စေပါသည်။ ယင်းသို့ပြုကွဲရာတွင် အန္တရာယ်များ ထွက်ရှိပါသည်။

၆-၁-၄-(၇)။ ဝန်ထမ်းစားဖို့ဆောင်၊လိုင်းခန်းများမှအန္တရာယ်များ

ရွှေမာယခရမ့်ရာဘာစက်ရုံတွင် အဆောင်နေသူ ဝန်ထမ်းများအတွက် ချက်ပြုတ်ကျော်လှော်သော မီးဖိုဆောင်မှ အန္တရာယ်များတို့သည် ပတ်ဝန်းကျင်အပေါ် သက်ရောက်ပါသည်။

၆-၂။ ဘေးအန္တရာယ်ရှိပစ္စည်းများနှင့်စွန့်ပစ်ပစ္စည်းများ

ရွှေမာယခရမ့်ရာဘာစက်ရုံ တွင် ဘေးအန္တရာယ်ရှိ ပစ္စည်းများကို အောက်ပါအတိုင်း တွေ့ရပါသည်။

- ထုံးမှုန့်

- ဘက်ထရီအက်ဆစ်
- စက်ဆီချောဆီ
- ဒီဇယ်ဆီ

အန္တရာယ်ရှိ ထုတ်လွှတ်မှုများအဖြစ် အောက်ပါပစ္စည်းများ ထုတ်လွှတ်ကြပါသည်။

- လောင်ကျွမ်းမှတ်ငွေ့များ
- ကာဗွန်မိုနောက်ဆိုဒ်မှတ်ငွေ့
- ဆာလဖာဒိုင်အောက်ဆိုဒ်မှတ်ငွေ့
- ထရန်စဖော်မာဆီ
- ကာဗွန်ဒိုင်အောက်ဆိုဒ်မှတ်ငွေ့များ

ဘေးအန္တရာယ်ရှိပစ္စည်းများ၏ ယေဘူယျဂုဏ်သတ္တိများကို အောက်ပါအတိုင်း တင်ပြထားပြီး အသေးစိတ်ကို M.S.D.S အဖြစ် နောက်ဆက်တွဲ (၁)တွင် တင်ပြထားပါသည်။

ထုံးမှုန့်

မာတုဗေဒအမည်ခွဲများ	ဟိုက်ဒြိတ်၊ ဟိုင်ကယ်လ်ဆီယမ်၊ ဟိုက်ဒြိတ်လိုင်း Hydrate, High Calcium Hydrated lime; HL, Calcium Hydrochloride
မာတုဖွဲ့စည်းပုံ	$Ca(OH)_2$
အသွင်အပြင်	အဖြူရောင် သို့မဟုတ် မွဲပြာရောင် အဖြူမှုန့်
ရေတွင်ပျော်ဝင်မှု	ရေတွင်အနည်းငယ်သာပျော်ဝင်
ရှောင်ကျဉ်ရမည့် အချက်များ	အောက်ဖော်ပြပါ ဝတ္ထုပစ္စည်းများနှင့် ရောစပ်မိလျှင် ပြင်းထန်စွာမာတ်ပြုခြင်းနှင့် အပူများ ထွက်ရှိစေပါသည်။ အက်ဆစ်များ၊ မာတ်ပြုမှုကောင်းသော ဖူလူရိုးရှိဒ်၊ ဘရိုမိုက်ဒြပ်ပေါင်းများ၊ သတ္တုများ၊ အော်ဂဲနစ်အက်ဆစ်/ရေမဲ့၊ နိုက်ထြိုဂျင်အော်ဂဲနစ်ဒြပ်ပေါင်းများ၊ မာတ်ပြုမှုပြင်းထန်သော ဖော့စဖော်ရပ်ဒြပ်ပေါင်းများ interhalazended ဒြပ်ပေါင်းများ
အရေပြားအကာအကွယ်	သင့်တော်သောလက်အိတ်၊ ဘိနပ်များ ဝတ်ဆင်ခြင်း၊ ခြေ၊ လက်များကို လုံခြုံသော အဝတ်အစားများ ဝတ်ဆင်ခြင်း၊
မျက်စေ့အကာအကွယ်	Safety Plan အသုံးပြုခြင်း၊ မျက်စေ့အကာ၊ ထုံးများ ကိုင်တွယ်စဉ် မျက်ကပ်မှန် မတပ်သင့်ပါ။
ကိုင်တွယ်ပုံ	ပလတ်စတစ်နှင့် အလူမီနီယမ် မဟုတ်သော ထည့်စရာ ကိုင်တွယ်စရာများ အသုံးပြုနိုင်သည်။ ပျက်ဆီးပေါက်ပြဲနေသော ခွက်များမသုံးရပါ။ အရေပြားနှင့် တိုက်ရိုက်မထိတွေ့စေရပါ။
သိုလှောင်ပုံ	အေးချမ်းခြောက်သွေ့၊ လေဝင်လေထွက်ကောင်းမွန်သော နေရာတွင် ထားသိုရပါမည်။ အက်ဆစ်နှင့် အခြားမသင်တော်သော ပစ္စည်းများနှင့် အနီးကပ်စွာ မထားရပါ။ ရေငွေ့မဝင်ရပါ။ ဒန်သတ္တု ထည့်စရာနှင့် သိုလှောင်ခြင်း၊ သဘော်တင်ခြင်း မပြုရပါ။

ဘက်ထရီအက်ဆစ်

မော်တော်ယာဉ်များ၊ လျှပ်စစ်ထုတ်စက်များတွင်အသုံးပြုပါသည်။

ဘေးအန္တရာယ်ဖြစ်နိုင်မှု	• ဘက်ထရီအက်ဆစ်သည် မျက်စိ၊ အရေပြားနှင့်ထိမိပါက မျက်စိပျက်စီးခြင်း၊ အရေပြားလောင်ကျွမ်းခြင်း ဖြစ်နိုင်ပါသည်။ • ရှူမိ၊ မျိုမိပါက မျိုးပွားအင်္ဂါများပျက်စီးစေပါသည်။ • ကင်ဆာဖြစ်စေနိုင်ပါသည်။ • မကြာခဏနှင့် ရေရှည်ထိတွေ့ပါက ကျောက်ကပ်၊ သွေး၊ ဗဟိုအာရုံခံစနစ်ကို ပျက်စီးစေပါသည်။ • နို့တိုက်ကလေးများအပေါ်အန္တရာယ်ရှိစေပါသည်။

စက်ဆီချောဆီ

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် ရာဘာကြိတ်ချေစက်များ၊ ခုတ်ထစ်ဖြတ်တောက် စက်ကိရိယာများတို့နှင့် ချိန်းကွန်ဗေယာများ၊ ရာဘာဖိသိပ်စက်များ၏ ချောဆီစနစ်များတွင် စက်ဆီချောဆီများ အသုံးပြုပါသည်။ စက်ဆီချောဆီတို့၏ ယေဘူယျ ဂုဏ်သတ္တိများ အကျဉ်းချုပ်ကို အောက်ပါဇယားဖြင့် ဖော်ပြပြီး M.S.D.S အသေးစိတ်ကို နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

ဘေးအန္တရာယ်ဖြစ်နိုင်မှု	• မျက်စိနှင့်အရေပြားမခံမရပ်နိုင်ဖြစ်ခြင်း • မြင့်မားသောအပူချိန်တွင်မီးလောင်နိုင်ခြင်
Flash Point	• 204.44˚C

ဒီဇယ်ဆီ

လျှပ်စစ်ထုတ်စက်၊ မော်တော်ယာဉ်များတွင် အသုံးပြုပါသည်။

ဘေးအန္တရာယ်ဖြစ်နိုင်မှု	• မီးလောင်လွယ်သောအရည်နှင့်အငွေ့ဖြစ်ပါသည်။ • အသက်ရှူလမ်းကြောင်းနှင့်အစာလမ်းကြောင်းမှခန္ဓာကိုယ်အတွင်းရောက်ရှိပါကသေနိုင်ပါသည်။ • အိပ်ချင်စိတ်၊ ဝိုက်မြည်းစိတ်ဖြစ်စေပါသည်။ • ကင်ဆာဖြစ်နိုင်ခြေရှိကြောင်းသံသယရှိပါသည်။ • မကြာခဏထိတွေ့ခြင်း၊ ရေရှည်ထိတွေ့ခြင်းများကြောင့် အသည်း၊ အရိုး၊ သိုင်းမတ်ဂလင်း (THYMUS GLAND)များ ပျက်စီးစေနိုင်ပါသည်။

အထွေထွေပစ္စည်းများ

အဆိုပါစက်ရုံတွင် စက်ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်များ၊ ဖော့ကလစ်များမှ လဲလှယ်ဖြည့်တင်းသော စက်ဆီချောဆီ၊ အမဲဆီများကိုင်တွယ် အသုံးပြုရပါသည်။ စနစ်တကျ စုဆောင်းသိမ်းဆည်း စွန့်ပစ်ခြင်းမပြုပါက ပတ်ဝန်းကျင်ရေထု၊ မြေထုသို့ ရောက်ရှိပြီး ရေအောက်၊ မြေအောက်သို့ အလင်းရောင်နှင့်လေဝင်ရောက်မှုကို တားဆီးနိုင်ပါသည်။ ထို့ပြင်စက်ရုံရှိ မော်တော်ယာဉ်များတွင် အသုံးပြုသော ဘက်ထရီအိုးများမှ ဘက်ထရီအက်ဆစ်များကို စနစ်တကျ မကိုင်တွယ်ပါက လုပ်သားဝန်ထမ်းများအပေါ် ထိခိုက်ခြင်း၊ ပတ်ဝန်းကျင်ရေထု၊ မြေထု၏ ချဉ်ဖန်ကိန်းကို ပြောင်းလဲစေပါသည်။ မော်တော်ယာဉ်များ၊ အရန်လျှပ်စစ်ထုတ်စက်များတို့မှ လောင်ကျွမ်းဓာတ်ငွေ့များတွင် ပါဝင်လာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့သည် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေပါသည်။ မပြည့်ဝသော လောင်ကျွမ်းမှုများနှင့် အရည်အသွေးညံ့ဖျင်းသော လောင်စာဆီများ အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆာလဖာဒိုင်အောက်ဆိုဒ်နှင့် ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့များသည် အဆိပ်ဓာတ်ငွေ့များ ဖြစ်ကြပါသည်။ ထရန်စဖော်မာဆီများသည် ကင်ဆာဖြစ်စေရန် အလားအလာရှိပါသည်။

၆-၃။ ထိခိုက်မှုများအားလျော့ချမည့်နည်းလမ်းနှင့်နည်းပညာများ

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် ကုန်ထုတ်လုပ်မှုများ၊ ဖြန့်ဖြူးရောင်းချမှုများကြောင့် ပတ်ဝန်းကျင်သို့ ထုတ်လွှတ်မှုများ၊ သက်ရောက်မှုများ၊ ဘေးအန္တရာယ်ရှိပစ္စည်းများကိုတင်ပြခဲ့ပြီး၊ ဆက်လက်၍ ယင်းထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်လျက်ရှိသည့် နည်းလမ်းများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည် -

၆-၃-က။ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေသော အခိုးအငွေ့၊ အနံ့အသက်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

၆-၃-ခ။ စက်ရုံမှထုတ်လွှတ်နိုင်သည့် စွန့်ပစ်ရည်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

၆-၃-ဂ။ စက်ရုံမှထုတ်လွှတ်နိုင်သည့် စွန့်ပစ်အစိုင်အခဲများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-ဃ။ ဆူညံသံ၊ တုန်ခါမှုများကြောင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

၆-၃-က။ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေသောအခိုးအငွေ့၊ အနံ့အသက်များကြောင့် ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေနိုင်သော အခိုးအငွေ့၊ အနံ့အသက်များကို လျော့နည်းစေရန်ဆောင်ရွက်ခြင်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည် -

၆-၃-က-(၁)။ မော်တော်ယာဉ်အိပ်ဇောပိုက်များမှ အနံ့အသက်များကြောင့် ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-က-(၂)။ အရန်လျှပ်စစ်ထုတ်စက် အိပ်ဇောပိုက်များမှ အနံ့အသက်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-က-(၃)။ ဓာတ်ငွေ့ယိုစိမ့်မှုများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-က-(၄)။ ရာဘာကုန်ကြမ်းများဖြစ်သည့် ခွက်ကပ်၊ ဆွဲဖတ်၊ ရာဘာ အစိမ်းပြားများ ထားသိုစဉ် အခိုးအငွေ့အနံ့အသက်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

၆-၃-က-(၅)။ ခရမ်းရာဘာ (MSR-မြန်မာစတင်းဒတ်ရာဘာ)ထုတ်လုပ်ရာတွင် ထွက်ရှိသည့် အခိုးအငွေ့အနံ့အသက်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-က-(၆)။ လေပူမီးဖိုမှထွက်ရှိသည့် အခိုးအငွေ့အနံ့အသက်များကြောင့် ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-က-(၇)။ ခရမ်းရာဘာအခြောက်ခံကိရိယာမှ ထွက်ရှိသည့် အခိုးအငွေ့ အနံ့အသက်များကြောင့်ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-က-(၈)။ ရာဘာကုန်ချော၊ ခရမ်းရာဘာများမှ ထွက်ရှိသည့် အခိုးအငွေ့ အနံ့အသက်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

၆-၃-က-(၉)။ ဝန်ထမ်းစားဖိုဆောင်တွင် ချက်ပြုတ်ရာမှထွက်ရှိသည့် အခိုးအငွေ့၊ အနံ့အသက်များကြောင့် ထိခိုက်မှုများကိုလျော့နည်းစေရန် ဆောင်ရွက်ခြင်း

၆-၃-က-(၁)။ မော်တော်ယာဉ်အိပ်ဇောပိုက်များမှ အနံ့အသက်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် ကုန်ကြမ်း၊ ကုန်ချော၊ စက်ပစ္စည်းကိရိယာများ၊ လောင်စာများသယ်ယူရာတွင် မော်တော်ယာဉ်များ အသုံးပြုရပါသည်။ မော်တော်ယာဉ်များသုံးစွဲမှုကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် လေထုအတွင်းသို့ အခိုးအငွေ့ထုတ်လွှတ်မှု လျော့နည်းစေပါသည်။ ဥပမာ - လမ်းကြောင်းတူများကို ပူးပေါင်းအသုံးပြုခြင်း၊ မော်တော်ယာဉ်သုံးစွဲမှုများကို လျှော့ချခြင်း၊ မော် တော်ယာဉ်များ၏ အင်ဂျင်စွမ်းရည် မြင့်မားစေရန် အစဉ်ကြီးကြပ်ဆောင်ရွက်နေခြင်းဖြင့် သဘာဝမဟုတ်သော အခိုးအငွေ့များ ထုတ်လွှတ်မှုများ လျော့ကျစေခြင်း၊ အရည်အသွေးပြည့်မီသော လောင်စာဆီများ အသုံးပြုခြင်းဖြင့် ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထွက်ရှိမှု လျော့ကျစေခြင်းများ ဆောင်ရွက်လျက်ရှိပါ

သည်။ ပုံမှန်ထွက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့် ရေခိုးရေငွေ့များ လေထုအတွင်းလျော့နည်းစေရန် စက်ရုံအရပ်လေးမျက်နှာတွင် ရာဘာပင်များ၊ စက်ရုံအတွင်း သစ်ပင်များစိုက်ပျိုးလျက်ရှိပါသည်။ သစ်ပင်များစိုက်ပျိုးထားသည့် ပုံကို ပုံ(၆-၁) ဖြင့်ဖော်ပြထားပါသည်။



ပုံ(၆-၁) သစ်ပင်များစိုက်ပျိုးထားပုံ။

စိုက်ပျိုးထားသောသစ်ပင်စာရင်း

စဉ်	သစ်ပင်အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	မှတ်ချက်
၁။	ဇန်ဒါ	ပင်	၃	ထပ်မံစိုက်ပျိုးမည့် အစီစဉ်ရှိပါသည်
၂။	သရက်	ပင်	၅	
၃။	ငှက်ပျော	ပင်	၂၀	
၄။	ရာဘာ	ပင်	၅၀	

၆-၃-က-(၂)။ အရန်လျှပ်စစ်ထုတ်စက်အိပ်ဇောပိုက်များမှ အန္တရာယ်များကြောင့် ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် လိုအပ်သည့် အချိန်များတွင် အရန်လျှပ်စစ်ထုတ်စက် မောင်းနှင်ရာ၌ အိပ်ဇောပိုက်မှထွက်ရှိသော အခိုးအငွေ့များတွင် သဘာဝမဟုတ်သော ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များထွက်ရှိမှုကို အရည်အသွေးပြည့်မီသော လောင်စာဆီများအသုံးပြုခြင်းဖြင့် လျော့နည်းစေပါသည်။ အင်ဂျင်စွမ်းအင်ပြည့်ဝစွာ လုပ်ငန်းလုပ်ကိုင်နိုင်

ရန် အချိန်မီပြုပြင်ခြင်း၊ စက်ဆီချောဆီ အချိန်မှန်လဲလှယ်ခြင်း၊ ပုံမှန်စက်ပြုပြင် ထိန်းသိမ်းမှုကို စနစ်တကျ ဆောင်ရွက်ထားခြင်းတို့ဖြင့် ကာဗွန်မိုနောက်ဆိုဒ်မာတ်ငွေ့ကဲ့သို့သော သဘာဝမဟုတ်သော ထုတ်လုပ်မှုလျော့နည်းစေပါသည်။ ပုံမှန်ထွက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်မာတ်ငွေ့၊ ရေခိုးရေငွေ့များ လေထုအတွင်းလျော့နည်းစေရန် သစ်ပင်များစိုက်ပျိုးထားလျက်ရှိပါသည်။

၆-၃-က-(၃)။ ဓာတ်ငွေ့ယိုစိမ့်မှုများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် အသုံးပြုလျက်ရှိသော ထရန်စဖော်မာများနှင့် လေအေးပေးစက် ရေခဲသေတ္တာများမှ ဓာတ်ငွေ့များ ယိုစိမ့်မှုလျော့နည်းစေရန် ထရန်စဖော်မာဆီများ၏ အခြေအနေကို ကျွမ်းကျင်သူများနှင့် အစဉ်စစ်ဆေးနေခြင်း၊ ဆီများလျော့နည်းနေပါက ဖြည့်တင်းခြင်း၊ ရေငွေ့စုပ်ကိရိယာများ အစဉ်စစ်ဆေးလဲလှယ်ခြင်း၊ လေအေးစက်၊ ရေခဲသေတ္တာများကို ကိုင်တွယ်ထိန်းသိမ်းရာတွင် စနစ်တကျဆောင်ရွက်ခြင်း လေထုအတွင်းသို့ သက်ရောက်မှုများ လျော့နည်းစေပါသည်။

၆-၃-က-(၄)။ ရာဘာကုန်ကြမ်းများဖြစ်သည့် ခွက်ကပ်၊ ဆွဲဖတ်၊ ရာဘာအစိမ်းပြားများထားသိုစဉ် အရိုးအငွေ့အနှံ့အသက်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ခွက်ကပ်၊ ဆွဲဖတ်၊ ရာဘာအစိမ်းပြားများတို့ကို စက်ရုံ ရက်ရှည်လည်ပတ်နိုင်ရန် ရာဘာတောင်သူများထံမှရရှိလျှင် ရရှိသလို ဝယ်ယူစုဆောင်းထားရပါသည်။ ယင်းသို့ဝယ်ယူစုဆောင်းထားရာတွင် နေအပူရှိန်ကြောင့် အရိုးအငွေ့ အနှံ့အသက်များ ထွက်ပေါ်မှုလျော့နည်းစေရန် နေရောင်ကာ အဆောက်အဦများဖြင့်ထားပါသည်။ အဆောက်အဦများဖြင့် ထားသိုပုံကို ပုံ(၆-၂)ဖြင့်ဖော်ပြထားပါသည်။



ပုံ(၆-၂) နေရောင်ကာအဆောက်အဦများဖြင့်ထားသိုပုံ။

၆-၃-က-(၅)။ ခရမ်ရာဘာ (MSR-မြန်မာစတင်းဒတ်ရာဘာ) ထုတ်လုပ်ရာတွင်ထွက်ရှိသည့် အခိုးအငွေ့အန္တရာယ်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ခရမ်ရာဘာ (MSR-မြန်မာစတင်းဒတ်ရာဘာ) ထုတ်လုပ်ရာတွင် ရာဘာအစိမ်းပြား၊ ခွက်ကပ်၊ ဆွဲဖတ်၊ တို့ကိုရေစိမ်ခြင်း၊ စက်ကိရိယာအမျိုးမျိုးဖြင့် ခုတ်ထစ်ဖြတ်တောက် ကြိတ်ချေမှုများပြုလုပ်ခြင်း၊ ရေဆေးခြင်းများ အဆင့်ဆင့် ဆောင်ရွက်ရာတွင် ရာဘာများအပူလွန်ကဲပြီး ညှော်နှံများမထွက်ရှိနိုင်ရန် ရာဘာကုန်ကြမ်းထည့်သည့်ပမာဏကို ထိန်းချုပ်ခြင်း၊ အသုံးပြုသည့် စက်ပစ္စည်းကိရိယာများကို စက်ဆီချောဆီစစ်ဆေးဖြည့်တင်းခြင်းဖြင့် အပူလွန် အခိုးအငွေ့ အန္တရာယ်များ ထွက်ရှိမှုလျော့နည်းစေပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ထိခိုက်မှုများကို လျော့နည်းစေပါသည်။

၆-၃-က-(၆)။ လေပူမီးဖို မှ ထွက်ရှိသည့် အခိုးအငွေ့အန္တရာယ်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ခရမ်ရာဘာထုတ်လုပ်ရန် အခြောက်ခံကိရိယာတွင် အသုံးပြုမည့်လေများကို အပူပေးရန် လေပူမီးဖိုကို အသုံးပြုရပါသည်။ လေပူမီးဖိုတွင် ထင်းများကို လောင်ကျွမ်းစေ၍ ထွက်ရှိသည့်အပူဖြင့် လေကိုအပူပေးပါသည်။ ထင်းမီးဖိုတွင် ထင်းတုံးများမီးလောင်ကျွမ်းရာတွင် လေနှင့် လောင်စာအချိုးကျစေခြင်း၊ ခြောက်သွေ့သော ထင်းများကိုအသုံးပြုစေခြင်း၊ လောင်ကျွမ်းမှတ်ငွေ့များမှ ထင်းမီးပြာများ ပြင်ပသို့လွှင့်ထွက်ခြင်းမရှိစေရန် မီးဖိုခေါင်းတိုင်ကို ရေဖျန်းစနစ်တပ်ဆင်ပြီး လုံလောက်သော အမြင့်တွင် တင်ထားခြင်းဖြင့် အခိုးအငွေ့ အန္တရာယ်များကြောင့် ထိခိုက်မှုလျော့နည်းရန် ဆောင်ရွက်လျက် ရှိပါသည်။ လေပူမီးဖို၊ လေဆွဲပန်ကာ၊ မီးခိုးခေါင်းတိုင်တို့၏ ပုံကို ပုံ(၆-၃) တွင် ဖော်ပြထားပါသည်။ ခေါင်းတိုင်မှ အဝအကျယ်နှစ်ပေ နှင့် အမြင့်ပေ ၆၀ ရှိပါသည်။



ပုံ(၆-၃) လေပူမီးဖို၊ လေဆွဲပန်ကာ၊ မီးခိုးခေါင်းတိုင်ပုံ။

၆-၃-က-(၇)။ ခရမ်းရာဘာ အခြောက်ခံကိရိယာမှ ထွက်ရှိသည့်အခိုးအငွေ့ အန္တရာယ်များကြောင့်ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ရာဘာကုန်ကြမ်းအမျိုးမျိုးတို့ကို ခုတ်ထစ်ဖြတ်တောက် ကြိတ်ချေဆေးကြော်ပြီး ရာဘာအတုံးငယ်များကို ပုံစံခွက်အတွင်း ထည့်သွင်း လေပူဖြတ်သန်းစေပြီးခြောက်သွေ့စေပါသည်။ ယင်းသို့လေပူဖြင့် ဖြတ်သန်းခြောက်သွေ့စေရာတွင် လေပူနှင့်အတူ ရေခိုးရေငွေ့များ၊ ရာဘာအနံ့များပါဝင်သွားပါသည်။ ယင်းရာဘာအနံ့များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် အလုံပိတ်ရေကန်ထဲဖြတ်သန်းစေခြင်း၊ ရေပန်းစနစ်ဖြင့် အနံ့ဆိုးများ ဆေးကြောသန့်စင်စေခြင်းဖြင့် အနံ့ဆိုးများ လျော့နည်းပပျောက်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ထားခြင်းကို ပုံ(၆-၄)ဖြင့် တင်ပြထားပါသည်။



ပုံ(၆-၄) ခရမ်းရာဘာအခြောက်ခံစက်မှ ထွက်လာသောအခိုးအငွေ့အန္တရာယ်များ လျော့နည်းစေရန် စီစဉ်ဆောင်ရွက်ထားမှု။

၆-၃-က-(၈)။ ရာဘာကုန်ချော၊ ခရမ်းရာဘာများမှ ထွက်ရှိသည့် အခိုးအငွေ့အန္တရာယ်များကြောင့်ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ရာဘာကုန်ချောဖြစ်သော ခရမ်းရာဘာများကို ပလပ်စတစ်များ ထုပ်ပိုးပြီး စောလျင်စွာ တင်ပို့ရောင်းချခြင်းဖြင့် ကုန်ချောများမှ ထွက်ရှိသည့် အခိုးအငွေ့အန္တရာယ်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေပါသည်။ မော်တော်ယာဉ်ကြီးများနှင့် တင်ပို့ဖြန့်ဖြူးနေပုံကို ပုံ(၆-၅)ဖြင့် ဖော်ပြထားပါသည်။



ပုံ(၆-၅) မော်တော်ယာဉ်ကြီးများဖြင့်တင်ပို့ဖြန့်ဖြူးရန်ပြင်ဆင်နေပုံ။

၆-၃-က-(၉)။ ဝန်ထမ်းစားဖိုဆောင်တွင် ချက်ပြုတ်ရာမှထွက်ရှိသည့် အခိုးအငွေ့၊ အနံ့အသက်များကြောင့် ထိခိုက်မှုများကိုလျော့နည်းစေရန် ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ဝန်ထမ်းများအတွက် နေ့စဉ်ချက်ပြုတ်ကျွေးမွေးရာတွင် ဝန်ထမ်းစားဖိုဆောင်မှ ချက်ပြုတ်သည့်အချိန်ကို ဝန်ထမ်းများတာဝန် ထမ်းဆောင်ချိန်များနှင့် လွဲဖယ်နိုင်ပါက လွဲဖယ်ချက်ပြုတ်ခြင်း၊ မီးဖိုလေဝင်လေထွက်ကောင်းစေခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် ချက်ပြုတ်ရာမှ ထွက်ရှိသော အခိုးအငွေ့၊ အနံ့အသက်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်လျက်ရှိပါသည်။

၆-၃-ခ။ စက်ရုံမှထုတ်လွှတ်နိုင်သည့် စွန့်ပစ်ရည်များကြောင့် ထိခိုက်မှုများကိုလျော့နည်းစေရန် ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံ၏ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများ ဆောင်ရွက်ရာတွင် ထုတ်လွှတ်နိုင်သော စွန့်ပစ်ရည်များကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည်များကို လျော့နည်းစေရန် ဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

၆-၃-ခ-(၁)။ ဝန်ထမ်းလုပ်သားများ နေ့စဉ်သုံးစွဲရာမှထွက်ရှိသော စွန့်ပစ်ရည်များကြောင့် ထိခိုက်မှုကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-ခ-(၂)။ ထရန်စဖော်မာဆီ၊ စက်ဆီချောဆီ၊ ဘက်ထရီအက်ဆစ်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-ခ-(၃)။ ခရမ်းရာဘာထုတ်လုပ်ရာမှ ထွက်ရှိသော စွန့်ပစ်ရည်များကြောင့် ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-ခ-(၄)။ ဝန်ထမ်းစားဖိုဆောင်မှ ထုတ်လွှတ်သည့် စွန့်ပစ်ရည်များကြောင့် ထိခိုက်မှုများကိုလျော့နည်းစေရန် ဆောင်ရွက်ခြင်း

၆-၃-ခ-(၁)။ ဝန်ထမ်းလုပ်သားများ နေ့စဉ်သုံးစွဲရာမှထွက်ရှိသောစွန့်ပစ်ရည်များကြောင့် ထိခိုက်မှုကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

ရွှေမာယခရမ့်ရာဘာစက်ရုံတွင် စက်ရုံဝန်ထမ်းများတို့ သန့်စင်ခန်းများ အသုံးပြုရာမှထွက်ရှိသော စွန့်ပစ်ရည်များသည် Septic Tank များအတွင်း စုဆောင်းပြီး သဘာဝအလျောက် ပြိုကွဲသန့်စင်သည့်စနစ်ဖြင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့နည်းစေပါသည်။ အခြားသုံးစွဲသည့် သန့်ရှင်းရေးသုံးရေများသည် စက်ရုံရေမြောင်းမှတစ်ဆင့် ပြင်ပသို့စွန့်ပစ်ပါသည်။ ဝန်ထမ်းများရေသုံးစွဲရာတွင် အလေအလွင့်မရှိစေရန်နှင့် လိုအပ်သည် ထက်ပိုမိုသုံးစွဲရန် စည်းရုံးပညာပေးခြင်းဖြင့် ထိခိုက်မှုလျော့နည်းစေပါသည်။

၆-၃-ခ-(၂)။ ထရန်စဖော်မာဆီ၊ စက်ဆီချောဆီ၊ ဘက်ထရီအက်ဆစ်များကြောင့် ထိခိုက်မှုများ ကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ထရန်စဖော်မာဆီများ ဖြည့်တင်းလဲလှယ်ခြင်း၊ အရန်လျှပ်စစ်ထုတ်စက်၊ မော်တော်ယာဉ်များ၊ ဖဲ့ါကလစ်၊ Wheel Loader၊ စက်ပစ္စည်းကိရိယာများတို့၏ စက်ဆီချောဆီဖြည့်တင်းလဲလှယ်မှုများ၊ ဘက်ထရီအက်ဆစ် ဖြည့်တင်းလဲလှယ်မှုများဆောင်ရွက်ရာတွင် ကျွမ်းကျင်သူအခွင့်အာဏာ ရှိသူများ၏ ကြီးကြပ်ဆောင်ရွက်မှုကို ခံယူခြင်း၊ အယိုအဖိတ်မရှိစေရန် ဝန်ထမ်းများကို ပညာပေးစည်းရုံးခြင်း၊ စက်ဆီချောဆီအဟောင်းများကို စနစ်တကျသိမ်းဆည်းပြီး ထုခွဲရောင်းချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ စနစ်တကျစွန့်ပစ်ခြင်း (စည်ပင်သာယာရေးကော်မတီ ခွင့်ပြုသည့်နေရာများ)များဆောင်ရွက်ခြင်းဖြင့် ယင်းစွန့်ပစ်ရည်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်လျက်ရှိပါသည်။

၆-၃-ခ-(၃)။ ခရမ့်ရာဘာထုတ်လုပ်ရာမှ ထွက်ရှိသောစွန့်ပစ်ရည်များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

ရွှေမာယခရမ့်ရာဘာစက်ရုံတွင် ရာဘာကုန်ကြမ်းများဖြစ်သော ရာဘာအစိမ်းပြားများ၊ ခွက်ကပ်၊ ဆွဲဖတ်များကို ခုတ်ထစ်ဖြတ်တောက် ကြိတ်ချေဆေးကြောရာတွင် ဆေးရေတွင် ရာဘာကုန်ကြမ်းများမှ ရေတွင်ပျော်ဝင်နိုင်သည့် ဒြပ်ပေါင်းများ ပျော်ဝင်လျက်ရှိသဖြင့် BOD, COD တန်ဖိုးများ အတော်အသင့်မြင့်မားပါသည်။ Green Myanmar Environmental Services Co., Ltd. နှင့် Ecological Laboratory မှတ်ခွဲရလဒ်များအရ COD တန်ဖိုးများ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) စံနှုန်းထက်ကျော်လွန်နေကြောင်းတွေ့ရပါသည်။ စွန့်ပစ်ရည်သန့်စင်မှုစနစ်ကို ကျွမ်းကျင်ပညာရှင်များထံမှ အကြံဉာဏ်များတောင်းခံ၍ စတင်တည်ဆောက်လျက် ရှိပါသည်။ စွန့်ပစ်ရည်နမူနာကောက်ယူနေပုံ၊ မှတ်ခွဲခန်းရလဒ်များ၊ နမူနာကောက်ယူသည့် နေရာဖော်ပြချက်၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)စံနှုန်း နှိုင်းယှဉ်ချက်များကို

ပူးတွဲတင်ပြထားပါသည်။ စွန့်ပစ်ရည်သန့်စင်မှုစနစ်အတွက် စွန့်ပစ်ရည်ကန်များ စတင်တည်ဆောက်နေပုံကို ပုံ(၆-၆)ဖြင့်တင်ပြထားပါသည်။



ပုံ(၆-၆) စွန့်ပစ်ရည်ကန်များတည်ဆောက်နေပုံ။



ပုံ(၆-၇) စွန့်ပစ်ရည်နမူနာကောက်ယူနေပုံ။

Green Myanmar
Environmental Services Co., Ltd

No.115,Kanaung Min Thar Gyi Road, Industrial Zone (1),Hlaing Thar Yar Industrial City, Yangon, Myanmar

Tel: 09 897 978 296, 09-5081451 E-mail: info@gmes-mm.com

Project Name: Shwe Marga Crumb Rubber Factory
Sampling Location: မုဒိုမြို့နယ်။

Sample ID: Wastewater
Latitude: N 16° 21' 10.746"
Longitude: E 97° 40' 55.902"

Date of Collection: 3.2.2020
Date of Arrival at Lab: 4.2.2020
Date of Issue of Results: 15.2.2020

Laboratory Analysis Results of Ambient Water

Sr. No.	Parameters	Unit	Analysis Value	National Environmental Quality (Emission) Guidelines (2015) Metal, Plastic and Rubber Products Manufacturing
1.	Aluminum	mg/l	ND	3
2.	Ammonia	mg/l	41	10
3.	Arsenic	mg/l	0.05	0.1
4.	Chemical Oxygen Demand	mg/l	480	250
5.	Chromium (Hexavalent)	mg/l	ND	0.1
6.	Chromium (Total)	mg/l	0.27	0.5
7.	Copper	mg/l	ND	0.5
8.	Cyanide (Total)	mg/l	ND	1
9.	Iron	mg/l	<0.1	3
10.	Nickel	mg/l	ND	0.5
11.	Oil and Grease	mg/l	30	10
12.	pH	-	6.05	6~9
13.	Phenols	mg/l	ND	0.5
14.	Sulfide	mg/l	1.9	1
15.	Total Nitrogen	mg/l	12.8	15
16.	Total Phosphorous	mg/l	21	5
17.	Total Suspended Solids	mg/l	285	50
18.	Zinc	mg/l	ND	2

ND – Not Detected

Analyzed By
U Thet Min Paing
Technician (Laboratory)

Approved By
Daw Cherry Thwin
Manager (Laboratory)

ပုံ(၆-၈) စွန့်ပစ်ရည်နမူနာဓာတ်ခွဲရလဒ်။(GMES Laboratory Results)



ALARM Ecological Laboratory
Water Testing Result Report

Report Number : EL-WR-20-00425 **Date : 19-02-20**

Client Information

Client Name : **Green Myanmar Environmental Services**
Organization : **Shwe Marga Crumb Rubber Industry**
Client ID : **LC-10-001**
Registration Date & Time : **11-02-20** **2:54PM**
Contact :
Testing Purpose : **Monitoring**

Sample Information

Sample ID : WS-20-00412
Sample Name : **ID - 3**
Sample Type / Source : **Waste Water**
Sampling Date & Time : **03-02-20**
Sample Location : **Mudon Tsp**
Latitude : **N-16°21' 10.746"**
Longitude : **E-97°40' 55.902"**

Testing Results

This laboratory analysis report is based solely on the sample submitted by the client unless client took our sampling service.
This report shall not be reproduced except in full, without written approval of the laboratory

Sr.	Quality Parameters	Results	Units	Emission Standard	Remarks
1	pH	**6.7**	**S.U**	6.0 - 9.0 (d)	Normal
2	Iron	**0.1**	**mg/L**	≤3.5 (d)	Normal
3	TSS	**50**	**mg/L**	≤50 (d)	Normal
4	COD	**2900**	**mg/L**	≤250 (d)	Above the limit

"ND"= Not Detected | "LOD"= Lower limit of detection | "-" = No Reference Standard

Tested by: Daw Myat Myat Khine, Lab. Technician II, Ecological Laboratory
Checked by: Daw Lin Myat Myat Aung, Lab. Technician I
Approved by: Dr. [illegible] Win, Laboratory In-Charge, Ecological Laboratory, ALARM

Building A-2, Kan Street, Hlaing Township, Yangon, Myanmar Tel: 01-503301, 01-503302, 09 407496078

ပုံ(၆-၉) စွန့်ပစ်ရည်နမူနာတော်ခွဲရလဒ်။(Eco-Lab Results)



ပုံ(၆-၁၈) စွန့်ပစ်ရည်နမူနာကောက်ယူသည့်နေရာဖော်ပြချက်ပုံ။

စွန့်ပစ်ရည်ဓာတ်ခွဲရလဒ်များနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါစံနှုန်းများတို့နှိုင်းယှဉ်ဖော်ပြချက်ဇယား

စဉ်	Parameters	ယူနစ်	စွန့်ပစ်ရည် ဓာတ်ခွဲ ရလဒ်များ	အမျိုးသားပတ်ဝန်း ကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်တန်ဖိုးများ (Metal Plastic and Rubber Products Manufacturing)	လျော့/ပို	မှတ်ချက်
1	Aluminium (Al)	mg/l	ND	3	-3	GMES ဓာတ်ခွဲရလဒ်များ
2	Ammonia (NH_3)	mg/l	41	19	+22	
3	Arsenic	mg/l	0.05	0.1	-0.05	
4	Chemical Oxygen Demand	mg/l	480	250	+230	
5	Chromium (Hexavalent)	mg/l	ND	0.1	-0.1	
6	Chromium (Total)	mg/l	0.27	0.5	+0.23	
7	Copper (Cu)	mg/l	ND	0.5	-0.5	
8	Cyanide (Total)	mg/l	ND	1	-1	
9	Iron	mg/l	<0.1	3	-2.9	
10	Nickel	mg/l	ND	0.5	-0.5	
11	Oil & Grease	mg/l	30	10	+20	
12	pH	-	6.05	6 ~ 9	စံနှုန်းဝင်	
13	Phenols	mg/l	ND	0.5	-0.5	
14	Sulphide	mg/l	1.9	1	+0.9	
15	Total Nitrogen	mg/l	12.8	15	-2.2	
16	Total Phosphorous	mg/l	21	5	+16	
17	Total Suspended Solids (TSS)	mg/l	285	50	+235	
18	Zinc (Zn)	mg/l	ND	2	-2	
1	pH	-	6.7	6 ~ 9	စံနှုန်းဝင်	Eco lab ရလဒ်များ
2	Total Suspended Solids	mg/l	50	50	-	
3	Iron	mg/l	58	3	+55	
4	Chemical Oxygen Demand	mg/l	2900	250	+2650	

၆-၃-ခ-(၄)။ ဝန်ထမ်းစားဖိုဆောင်မှ ထုတ်လွှတ်သည့် စွန့်ပစ်ရည်များကြောင့်ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ဝန်ထမ်းများ နေ့စဉ် အစားအသောက်ကျွေးမွေးရာတွင် ချက်ပြုတ်ကြော်လှော်ဆေးကြောရေများကို လိုအပ်သည်ထက် ပိုမသုံးရန် စည်းရုံးပညာပေးခြင်းဖြင့် စွန့်ပစ်ရည်ထွက်ရှိမှု လျော့နည်းစေလျက် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်လျက်ရှိပါသည်။

၆-၃-ဂ။ စက်ရုံမှထုတ်လွှတ်နိုင်သည့် စွန့်ပစ်အစိုင်အခဲများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် စွန့်ပစ်အစိုင်အခဲများကြောင့် ထိခိုက်မှုများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည် -

၆-၃-ဂ-(၁)။ အထွေထွေစွန့်ပစ်ပစ္စည်းများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

၆-၃-ဂ-(၂)။ စွန့်ပစ်ရည်များတွင် ပါဝင်လာသော စွန့်ပစ်ပစ္စည်းများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-ဂ-(၃)။ လေပူမီးဖို ထင်းမီးပြာများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

၆-၃-ဂ-(၄)။ ခရမ်းရာဘာထုတ်လုပ်ရန် ကုန်ကြမ်းကုန်ချော ထုပ်ပိုးပစ္စည်း အပျက်အစီးများကြောင့်ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-ဂ-(၅)။ ဝန်ထမ်းစားဖိုဆောင်နှင့် ဝန်ထမ်းလိုင်းခန်းများမှ အစိုင်အခဲစွန့်ပစ်ပစ္စည်းများကြောင့်ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

၆-၃-ဂ-(၁)။ အထွေထွေစွန့်ပစ်ပစ္စည်းများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ရုံးလုပ်ငန်းအသုံးပြုပြီး စွန့်ပစ်အစိုင်အခဲပစ္စည်းများ၊ ဥပမာ-စက္ကူအပျက်အစီး၊ စာရေးကိရိယာအပျက်အစီး၊ အပေါင်းများနှင့် ဝန်ထမ်းလုပ်သားများ၏ တစ်ကိုယ်ရေသုံးပြီးစွန့်ပစ်ပစ္စည်းများ ဥပမာ-စားသောက်ဖွယ်ထုပ်ပိုးပစ္စည်းများ၊ စားကြွင်းစားကျန်များတို့ကို အဖုံးပါအမှိုက်ပုံးများတွင် စုဆောင်းသိမ်းဆည်းပြီး စည်ပင်သာယာရေးကော်မတီ ခွင့်ပြုသည့်နေရာများတွင် စွန့်ပစ်ခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းစေပါသည်။

၆-၃-ဂ-(၂)။ စွန့်ပစ်ရည်များတွင် ပါဝင်လာသော စွန့်ပစ်ပစ္စည်းများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံ၏ စွန့်ပစ်ရည်များတွင် အများဆုံးပါဝင်လာနိုင်သည့် ပစ္စည်းများမှာ ရာဘာမဟုတ်သော ဒြပ်ပစ္စည်းများ (ပလပ်စတစ်အစများ၊ ရာဘာသစ်သားစများ၊ အနယ်အနှစ် အမှိုက်သရိုက်များ)နှင့် ရာဘာအတုံး အပိုင်းအစငယ်များတို့ဖြစ်ပါသည်။ ယင်းတို့ကို စက်ရုံအတွင်းမြောင်းများမှ ဆန်ကာများဖြင့် စုယူပြီး ပြန်လည်အသုံးပြုခြင်း၊ အနယ်ထိုင်ကန်များ၊ အရည်ကြည်စစ်ကန်များမှ ပြန်လည်စုယူပြီး ရာဘာမဟုတ်သော အမှိုက်သရိုက်အနယ်အမှိုက်များဖြင့် ရောနှော၍ စနစ်တကျမြေဖို့စွန့်ပစ်ခြင်းဖြင့် စွန့်ပစ်အစိုင်အခဲများကြောင့် ထိခိုက်မှုများကိုလျော့နည်းစေပါသည်။ ရာဘာအတုံးအစအနများ ပြန်လည်စုစည်းပုံကို ပုံ(၆-၁၁)ဖြင့်ဖော်ပြထားပါသည်။



ပုံ(၆-၁၁) ရာဘာအတုံးအစများပြန်လည်စုယူထားပုံ။

၆-၃-ဂ-(၃)။ လေပူမီးဖိုထင်းမီးပြာများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ခရမ်းရာဘာထုတ်လုပ်သည့်ဌာန လေပို့မီးဖိုများမှ ထင်းမီးဖိုပြာများတို့ကို စနစ်တကျသိမ်းဆည်း၍ သင့်လျော်သည့် စက်ရုံဝင်းအတွင်း မြေဖို့ခြင်း၊ ရာဘာစိုက်ကွင်းများတွင် ဖြည့်တင်းပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ယင်းစွန့်ပစ်ပြာများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်လျက်ရှိပါသည်။

၆-၃-ဂ-(၄)။ ခရမ်းရာဘာထုတ်လုပ်ရန် ကုန်ကြမ်းကုန်ချော ထုပ်ပိုးပစ္စည်း အပျက်အစီးများကြောင့်ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ခရမ်းရာဘာထုတ်လုပ်ရန် ခွက်ကပ်၊ ဆွဲဖတ်၊ ရာဘာ အစိမ်းပြားတို့၏ထုပ်ပိုးပစ္စည်းများ၊ ထုံးအိတ်ထုပ်ပိုးပစ္စည်းများ၊ ကုန်ချောရာဘာ ထုပ်ပိုးရန် ပလပ်စတစ်အိတ်များတို့သည် လုပ်ငန်းဆောင်ရွက်စဉ် အပျက်အစီးများ၊ စက်ဆီ၊ ချောဆီ ထည့်သည့်ဘူးများ၊ စက်ပစ္စည်းအဟောင်းအပျက်များတို့ကို စနစ်တကျစုဆောင်းပြီး ထုခွဲရောင်းချ၍ရသည်များကို ထုခွဲရောင်းချခြင်း၊ ရောင်းချ၍မရသည်များကို စည်ပင်သာယာ

ရေးကော်မတီ ခွင့်ပြုသည့်နေရာများတွင် စွန့်ပစ်ခြင်းဖြင့် ယင်းပစ္စည်းများကြောင့် ထိခိုက်မှုများကို လျော့နည်းစေပါသည်။

၆-၃-ဂ-(၅)။ ဝန်ထမ်းစားဖိုဆောင်နှင့် ဝန်ထမ်းလိုင်းခန်းများမှ အစိုင်အခဲစွန့်ပစ်ပစ္စည်းများကြောင့်ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ဝန်ထမ်းများစားသောက်ရန် ချက်ပြုတ်ကြော်လှော်သော စားဖိုဆောင်များမှ ဟင်းသီးဟင်းရွက်ထုပ်ပိုးပစ္စည်များ၊ စွန့်ပစ်သားငါး ဟင်းသီးဟင်းရွက် အပိုင်းအစများ၊ စားကြွင်းစားကျန်များ ဆေးကြောရာမှ ထွက်ရှိသည့် အစိုင်အခဲစွန့်ပစ်ပစ္စည်းများတို့ကို စနစ်တကျစုစည်းပြီး စည်ပင်သာယာရေး ကော်မတီခွင့်ပြုသည့် နေရာများတွင် စွန့်ပစ်ခြင်းဖြင့် ထိခိုက်မှုများလျော့နည်းအောင် ဆောင်ရွက်လျက်ရှိပါသည်။

၆-၃-ဃ။ ဆူညံသံ၊ တုန်ခါမှုများကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံသည် လူနေရပ်ကွက်နှင့် ဝေးကွာစွာတည်ရှိပြီး စက်ရုံ ပတ်ဝန်းကျင်သည် မော်လမြိုင်-သံဖြူဇရပ်ကားလမ်းမကြီး၏မြောက်ဘက်၊ ရာဘာစိုက်ခင်းများ ဖြစ်သဖြင့် စက်ရုံ၏ ဆူညံသံတုန်ခါမှုများသည် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု အလွန်နည်းပါသည်။ စက်ရုံဂိတ်ဝတွင် ဆူညံသံတိုင်းတာမှုအရ အနိမ့်ဆုံးတန်ဖိုး 59.56 dBA နှင့် အမြင့်ဆုံးတန်ဖိုး 62.74 dBA ဖြစ်၍ စံနှုန်းသတ်မှတ်ချက် 70dBA အတွင်းရှိနေပါသည်။ လုပ်ငန်းခွင်အတွင်းတွင် အမြင့်ဆုံးတန်ဖိုးများသည် စံနှုန်းသတ်မှတ်ချက်ထက် ပိုမိုများပြားနေပါသည်။ ယင်းဆူညံသံများကြောင့် လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအပေါ် အတော်အသင့် သက်ရောက်မှုရှိနိုင်မည်ဖြစ်သဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ခြင်းဖြင့် ထိခိုက်မှုလျော့နည်းရန် ဆောင်ရွက်လျက်ရှိပါသည် -

၆-၃-ဃ-(၁)။ သယ်ယူပို့ဆောင်ရေးယာဉ်များ၏ ဆူညံသံ၊ တုန်ခါမှုများကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့နည်းစေရန် ဆောင်ရွက်ခြင်း

၆-၃-ဃ-(၂)။ စက်ရုံအတွင်း စက်ပစ္စည်းကိရိယာများ လည်ပတ်မှုများကြောင့် ဆူညံသံ၊ တုန်ခါမှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-ဃ-(၃)။ ဝန်ထမ်းများအတွက် အကာအကွယ်ပစ္စည်းများ တပ်ဆင်ခြင်းနှင့် နေရာရွှေ့ပြောင်းတာဝန်ချထားခြင်းဖြင့် ဆူညံသံ၊ တုန်ခါမှုများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

၆-၃-ဃ-(၁)။ သယ်ယူပို့ဆောင်ရေးယာဉ်များ၏ ဆူညံသံ၊ တုန်ခါမှုများကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့နည်းစေရန် ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် ရာဘာကုန်ကြမ်းများဖြစ်သော ရာဘာအစိမ်းပြား၊ ခွက်ကပ်၊ ဆွဲဖတ်၊ ထုံးအိတ်များ၊ စက်ဆီချောဆီ၊ ဒီဇယ်ဓာတ်ဆီစသော ကုန်ကြမ်းများ၊ စက်ပစ္စည်း

ကိရိယာများ၊ ခရမ်းရာဘာကုန်ချောများ သယ်ယူရွှေ့ပြောင်းရာတွင် ဖော့ကလစ်၊ Wheel Loder နှင့် မော်တော်ယာဉ်များ အသုံးပြုရပါသည်။ မော်တော်ယာဉ် ယန္တရားများ အသုံးပြုမှုကြောင့် ဆူညံသံ၊ တုန်ခါမှုများ ဖြစ်ပေါ်စေပါသည်။ မော်တော်ယာဉ်များ၏ စက်ကြုံခိုင်ရေး၊ အင်ဂျင်စွမ်းရည်မြင့်မားရေး၊ အောက်ပိုင်းဘော်ဒီကြုံခိုင်ရေး၊ အိပ်ဇောပိုက်များ၊ ဆိုင်လင်ဆာများ ကောင်းမွန်စွာပြုပြင်ထားခြင်းဖြင့် ဆူညံသံ၊ တုန်ခါမှုများ လျော့နည်းစေပါသည်။ ပတ်ဝန်းကျင်ပြည်သူလူထု၊ ဝန်ထမ်းများ နားနေချိန်ဖြစ်သည့် ညဉ့်နက်ပိုင်း အချိန်များနှင့် ရှောင်လွှဲအသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်လျက်ရှိပါသည်။

၆-၃-ဃ-(၂)။ စက်ရုံအတွင်း စက်ပစ္စည်းကိရိယာများ လည်ပတ်မှုများကြောင့် ဆူညံသံ၊ တုန်ခါမှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် လည်ပတ်မောင်းနှင်လျက်ရှိသော ရေပန့်များ၊ ရာဘာကုန်ကြမ်းသယ် Belt Conveyor များ၊ Bucket Elevator နှင့် ရာဘာကုန်ကြမ်းများကို ခုတ်ထစ်ဖြတ်တောက်ကြိတ်ချေပြုလုပ်သည့် စက်ပစ္စည်းကိရိယာ၊ ရေကန်များတွင် ရာဘာပစ္စည်းများ ဆေးကြောရန် ဒလက်မွှေကန်မော်တာများ၊ ပန့်များ၊ လေဆွဲပန်ကာများ၊ အရန်လျှပ်စစ်ထုတ်စက်များ မောင်းနှင်မှုများကြောင့် ပတ်ဝန်းကျင်အပေါ် ဆူညံသံ တုန်ခါမှုများ သက်ရောက်ပါသည်။ အသုံးပြုသည့်စက်ပစ္စည်း ကိရိယာများ၏ ကြုံခိုင်မှု၊ စက်ဆီချောဆီဖြည့်တင်းလဲလှယ်မှု၊ စက်ချိန် သားကိုက်မှု၊ စက်ပတ်ကြိုးများမလျော့မတင်းရှိမှု၊ ဖောင်ဒေးရှင်းပို့နပ်များ ချောင်မနေမှုတို့ကို စစ်ဆေးကြပ်မတ်ပြုပြင်ခြင်းများဖြင့် ပတ်ဝန်းကျင်အပေါ် ဆူညံသံ၊ တုန်ခါမှုများကြောင့် ထိခိုက်မှုများလျော့နည်းစေရန် ဆောင်ရွက်လျက်ရှိပါသည်။

၆-၃-ဃ-(၃)။ ဝန်ထမ်းများအတွက် အကာအကွယ်ပစ္စည်းများတပ်ဆင်ခြင်းနှင့် နေရာရွှေ့ပြောင်းတာဝန်ချထားခြင်းဖြင့် ဆူညံသံ၊ တုန်ခါမှုများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် နားအကာ၊ ဖိနပ်၊ ဦးထုပ်စသော လုပ်ငန်းခွင် အကာအကွယ်ပစ္စည်းများ ဝတ်ဆင်စေရန် စီမံဆောင်ရွက်ခြင်း၊ ဆူညံသည့်နေရာများတွင် ဝန်ထမ်းတစ်ဦးကို ကြာရှည်စွာတာဝန် ထမ်းဆောင်စေခြင်းမပြုဘဲ နေရာလဲလှယ်တာဝန်ပေးခြင်းဖြင့် ဆူညံသံများ၊ တုန်ခါမှုများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်လျက်ရှိပါသည်။

၆-၄။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုများ၊ ထိခိုက်မှုပမာဏ၊ လျော့ချခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် လျော့ပါးမည့်ထိခိုက်မှုပမာဏများ ခန့်မှန်းတွက်ချက်ခြင်း

ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုများ ဆန်းစစ်ခြင်းကို PLOMP (2004) Matrix နည်းစနစ်ကို အသုံးပြုထားပါသည်။ ယင်းစနစ်၏ပုံသေနည်းမှာ

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်ပမာဏ) × ဖြစ်နိုင်ချေ

ဖြစ်ပါသည်။

ယင်းပုံသေနည်းတွင် အသုံးပြုထားသည့် အဓိပ္ပာယ်သတ်မှတ်ချက်များကို ရှင်းလင်းချက် နှင့် ကြိမ်နှုန်းများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

၆-၄-က။ အရေးပါမှု (Significance)

အရေးပါမှုသည် သက်ရောက်မှု၏ အရေးပါမှု (ပြင်းထန်မှု)ကို ဖော်ပြပါသည်။ ယင်း၏ကြိမ်နှုန်းကို အောက်ပါဇယားဖြင့် ရှင်းလင်းဖော်ပြ သတ်မှတ်ပါသည်။

ဝုဏ်အရည်အသွေး သတ်မှတ်ချက်	ဖော်ပြချက်	ကြိမ်နှုန်း
လစ်လျူရှုနိုင်	သက်ရောက်မှု မရှိခြင်း (သို့မဟုတ်) မကြာရှည်ခြင်း (သို့မဟုတ်) အနည်းငယ်သာ သက်ရောက်ခြင်း	< ၂၀
နိမ့်	သက်ရောက်မှုသည် Stakeholder အပေါ်၌ ထိခိုက်မှုပမာဏ နည်းခြင်း၊ ပိုမိုသုံးစွဲခြင်းဖြင့် စီမံခန့်ခွဲမှုပြုနိုင်ခြင်း	< ၄၀
အသင့်အတင့်	Stakeholder များအပေါ် သက်ရောက်မှုသည် အတော်အသင့်မှ မြင့်မားစွာ သက်ရောက်ပြီး စီမံခန့်ခွဲမှုပြုလုပ်ရန် လိုအပ်ခြင်း	< ၆၀
မြင့်မားပြင်းထန်	သက်ရောက်မှုသည် အငြင်းပွားဘွယ်အခြေအနေ ဖြစ်စေခြင်း သို့မဟုတ် လက်ခံမရနိုင်အောင် ပြင်းထန်ပြီး လျော့နည်းရန် ဆောင်ရွက်ရာတွင် စရိတ်များပြားခြင်း	> ၆၀ < ၈၀

၆-၄-ခ။ သက်ရောက်သည့်ကာလ (Duration)

သက်ရောက်သည့်ကာလကို အောက်ပါဇယားဖြင့် သတ်မှတ်ပါသည်။

ဝုဏ်အရည်အသွေး သတ်မှတ်ချက်	ဖော်ပြချက်	ကြိမ်နှုန်း
တိုတောင်း	သက်ရောက်မှုကို လျော့နည်းစေရန် ဆောင်ရွက်ခြင်းဖြင့် ပျောက်ကွယ်သွားခြင်း (သို့မဟုတ်) သဘာဝနည်းစနစ်ဖြင့် လျော့နည်းသွားခြင်း	၁

အတော်အသင့်ကြာ	သက်ရောက်မှုကို လျော့နည်းစေရန် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းလုပ်ကိုင်မှု ပြီးသည့်အခါ ပျောက်ကွယ်သွားခြင်း	၃
ရှည်ကြာ	သက်ရောက်မှုသည် လုပ်ငန်းလုပ်ကိုင်စဉ် တစ်လျောက်လုံး ရှိနေပြီး၊ လုပ်ငန်းပြီးစီးပါက သဘာဝအတိုင်း (သို့မဟုတ်) လူသားတို့၏ ဆောင်ရွက်မှုဖြင့် ပျောက်ကွယ်သွားခြင်း	၄
အမြဲတမ်း	သက်ရောက်မှုသည် သဘာဝနည်း (သို့မဟုတ်) လူသားတို့၏ ဆောင်ရွက်မှုဖြင့် ဆောင်ရွက်သော်လည်း မပျောက်ပျက်သွားခြင်း	၅

၆-၄-ဂ။ နေရာဒေသ (Scale)

နေရာဒေသ အရွယ်အစား၊ ကြိမ်နှုန်းကို အောက်ပါဇယားဖြင့် ဖော်ပြပါသည်။

ဝုက်အရည်အသွေး သတ်မှတ်ချက်	ဖော်ပြချက်	ကြိမ်နှုန်း
လုပ်ငန်းခွင်	သက်ရောက်သည့် နယ်ပယ်သည် လုပ်ငန်းခွင်အတွင်းသာ ဖြစ်ပေါ်သည်။	၁
လုပ်ငန်းခွင် အနီးတဝိုက်	သက်ရောက်သည့် နယ်ပယ်သည် လုပ်ငန်းခွင်အနီးတဝိုက်သာ ဖြစ်ပေါ်သည်။	၂
ဒေသတွင်း	သက်ရောက်သည့် နယ်ပယ်သည် အနီးပတ်ဝန်းကျင်ဒေသအတွင်း ဖြစ်ပေါ်သည်။	၃

၆-၄-ဃ။ သက်ရောက်ပမာဏ (Magnitude)

သက်ရောက်ပမာဏကို ပတ်ဝန်းကျင်ပျက်စီးမှု (သို့မဟုတ်) ပြောင်းလဲမှုဖြင့် အောက်ပါအတိုင်း ကြိမ်နှုန်းကို ဖော်ပြပါသည်။

ဝုက်အရည်အသွေး သတ်မှတ်ချက်	ဖော်ပြချက်	ကြိမ်နှုန်း
နိမ့်	သက်ရောက်မှုသည် ပတ်ဝန်းကျင်ပြောင်းလဲစေပြီး သဘာဝနည်းစဉ်အပေါ် မသက်ရောက်ခြင်း	၂
အတော်အသင့်	သက်ရောက်မှုသည် ပတ်ဝန်းကျင်ကို ပြောင်းလဲစေပြီး ကုစားမှုနည်းလမ်းဖြင့် ပြန်လည်ရရှိခြင်း	၆
မြင့်	သက်ရောက်မှုသည် ပတ်ဝန်းကျင်ကို ယာယီ (သို့မဟုတ်) အစဉ်ပြောင်းလဲစေခြင်း	၈

၆-၄-င။ ဖြစ်နိုင်စွမ်း (Probability)

ဖြစ်နိုင်စွမ်းကို အောက်ပါကြိမ်နှုန်းဖြင့် သတ်မှတ်ပါသည်။

ဝုက်အရည်အသွေး	ဖော်ပြချက်	ကြိမ်နှုန်း

သတ်မှတ်ချက်		
မဖြစ်နိုင်	သက်ရောက်မှု ဖြစ်နိုင်စွမ်းသည် စက်ပိုင်းဆိုင်ရာ ဒီဇိုင်း (သို့မဟုတ်) အတွေ့အကြုံအရ အလွန်နည်းခြင်း	၁
ဖြစ်နိုင်	သက်ရောက်မှုသည် အတိုင်းအတာတစ်ခုအထိ ဖြစ်ပေါ်ရခြင်း	၂
ဖြစ်နိုင်ချေများ	သက်ရောက်ဖြစ်ရန် အများဆုံးဖြစ်နိုင်ချေရှိခြင်း	၄
သေချာ	ကြိုတင်ကာကွယ်မှုပြုလုပ် ပမာဏသက်ရောက်မှု ဖြစ်ပေါ်ပြီး လျော့နည်းစေရန် ဆောင်ရွက်နိုင်ခြင်း	၅

၆-၄-စ။ သက်ရောက်မှုများကို လျော့နည်းစေရန် မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီးအခြေအနေများတွင် လေထုအပေါ် သက်ရောက်မှု အရေးပါမှု တွက်ချက်ခြင်း

လျော့နည်းရန်မဆောင်ရွက်မီ

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + မြင့်(၈)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၈) × ၄

= ၅၆

လျော့နည်းစေရန်ဆောင်ရွက်ပြီး

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + အတော်အသင့်(၆)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၆) × ၄

= ၄၈

လေထုအပေါ် သက်ရောက်မှုမှာ လျော့နည်းစေရန် ဆောင်ရွက်မှုများကြောင့် အရေးပါမှု တန်ဖိုး ၅၆ မှ ၄၈ သို့ **စဉ့်တိ** လျော့နည်းသွားနိုင်ပြီး အရေးပါမှုအဆင့်အတန်းမှာ **အတော်အသင့်** ဖြစ်ပါသည်။

၆-၄-ဆ။ သက်ရောက်မှုများကို လျော့နည်းစေရန် မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး အခြေအနေများတွင် ရေထုအပေါ် သက်ရောက်မှု အရေးပါမှု တွက်ချက်ခြင်း

လျော့နည်းရန်မဆောင်ရွက်မီ

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + အတော်အသင့်(၆)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၆) × ၄

= ၄၈

လျော့နည်းစေရန်ဆောင်ရွက်ပြီး

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + နိမ့်(၂)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၂) × ၄

= ၃၂

ရေထုအပေါ် သက်ရောက်မှုမှာ လျော့နည်းစေရန် ဆောင်ရွက်မှုများကြောင့် အရေးပါမှုတန်ဖိုး ၄၈ မှ ၃၂ သို့ **၁၆မှတ်** လျော့နည်းသွားနိုင်ပြီး အရေးပါမှု အဆင့်အတန်းမှာ **နိမ့်** ဖြစ်ပါသည်။

၆-၄-ဇ။ သက်ရောက်မှုများကို လျော့နည်းစေရန် မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး အခြေအနေများတွင် မြေထုအပေါ် သက်ရောက်မှု အရေးပါမှု တွက်ချက်ခြင်း

လျော့နည်းရန်မဆောင်ရွက်မီ

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + အတော်အသင့်(၆)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၆) × ၄

= ၄၈

လျော့နည်းစေရန်ဆောင်ရွက်ပြီး

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + နိမ့်(၂)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၂) × ၄

= ၃၂

မြေထုအပေါ် သက်ရောက်မှုမှာ လျော့နည်းစေရန် ဆောင်ရွက်မှုများကြောင့် အရေးပါမှုတန်ဖိုး ၄၈ မှ ၃၂ သို့ **၁၆မှတ်** လျော့နည်းသွားနိုင်ပြီး အရေးပါမှု အဆင့်အတန်းမှာ **နိမ့်** ဖြစ်ပါသည်။

၆-၄-ဈ။ သက်ရောက်မှုများကို လျော့နည်းစေရန် မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး အခြေအနေများတွင် ဆူညံသံ သက်ရောက်မှု အရေးပါမှု တွက်ချက်ခြင်း

လျော့နည်းရန်မဆောင်ရွက်မီ

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + အတော်အသင့်(၆)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၆) × ၄

= ၄၈

လျော့နည်းစေရန်ဆောင်ရွက်ပြီး

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + နိမ့်(၂)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၂) × ၄

= ၃၂

ဆူညံသံအပေါ် သက်ရောက်မှုမှာ လျော့နည်းစေရန် ဆောင်ရွက်မှုများကြောင့် အရေးပါမှုတန်ဖိုး ၄၈ မှ ၃၂ သို့ **၁၆မှတ်** လျော့နည်းသွားနိုင်ပြီး အရေးပါမှု အဆင့်အတန်းမှာ **နိမ့်** ဖြစ်ပါသည်။

၆-၄-ည။ သက်ရောက်မှုများကို လျော့နည်းစေရန် မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး အခြေအနေများတွင် အနုံအသက်အပေါ် သက်ရောက်မှု အရေးပါမှု တွက်ချက်ခြင်း

လျော့နည်းရန်မဆောင်ရွက်မီ

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + မြင့်(၈)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၈) × ၄

= ၅၆

လျော့နည်းစေရန်ဆောင်ရွက်ပြီး

အရေးပါမှု = (သက်ရောက်သည့်ကာလ + နေရာဒေသ + သက်ရောက်မှုပမာဏ) × ဖြစ်နိုင်ချေ

= [ရှည်ကြာ(၄) + လုပ်ငန်းခွင်အနီးတဝိုက်(၂) + အတော်အသင့်(၆)] × ဖြစ်နိုင်ချေများ (၄)

= (၄+၂+၆) × ၄

= ၄၈

အနုံအသက်အပေါ် သက်ရောက်မှုမှာ လျော့နည်းစေရန် ဆောင်ရွက်မှုများကြောင့် အရေးပါမှုတန်ဖိုး ၅၆ မှ ၄၈ သို့ **၈မှတ်** လျော့နည်းသွားနိုင်ပြီး အရေးပါမှုအဆင့်အတန်းမှာ **အတော်အသင့်** ဖြစ်ပါသည်။

လျော့နည်းမှုများကို အောက်ပါဇယားဖြင့် တင်ပြအပ်ပါသည်။

ရွှေမာယာခရမ်းရောဘာစက်ရုံတွင် သက်ရောက်မှုများ လျော့နည်းစေရန် ဆောင်ရွက်ပြီးနှင့် မဆောင်ရွက်မီ သက်ရောက်မှု အရေးပါမှုများတို့၏ အခြေအနေများ နှိုင်းယှဉ်ချက်ဇယား

စဉ်	သက်ရောက်မှုများ	အရေးပါမှု					မှတ်ချက်
		လျော့နည်းရန် မဆောင်ရွက်မီ		လျော့နည်းရန် ဆောင်ရွက်ပြီး		လျော့နည်းသွား သည့်တန်ဖိုး	
		တန်ဖိုး	အဆင့်	တန်ဖိုး	အဆင့်	တန်ဖိုး	
၁။	လေထုအပေါ်	၅၆	အသင့်အတင့်	၄၈	အသင့်အတင့်	၈	
၂။	ရေထုအပေါ်	၄၈	အသင့်အတင့်	၃၂	နိမ့်	၁၆	
၃။	မြေထုအပေါ်	၄၈	အသင့်အတင့်	၃၂	နိမ့်	၁၆	
၄။	ဆူညံသံ	၄၈	အသင့်အတင့်	၃၂	နိမ့်	၁၆	
၅။	အနှံ့အသက်	၅၆	အသင့်အတင့်	၄၈	အသင့်အတင့်	၈	

၆-၅။ လုပ်ငန်းမှရေထု၊ လေထုထဲသို့ ထုတ်လွှတ်အရောဝတ္ထုများနှင့်ပတ်သက်၍ လိုက်နာရမည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

ရွှေမာယာခရမ်းရောဘာစက်ရုံ မှ လေထု၊ ရေထုအတွင်းသို့ ထုတ်လွှတ်မှုများ၊ ဆူညံသံများတို့သည် အောက်ဖော်ပြပါ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉-ရက်-ရက်စွဲဖြင့် အမိန့်ကြော်ငြာစာ အမှတ် (၆၁၅/၂၀၁၅) ပါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန)၏ ထုတ်ပြန်ချက်ပါ စံချိန်စံညွှန်းများကို လိုက်နာရန်ဖြစ်ပါသည်။

၆-၅-က။ လေထုအတွင်းသို့ထုတ်လွှတ်မှုများ

၆-၅-ခ။ ရေထုအတွင်းသို့ထုတ်လွှတ်မှုများ

၆-၅-ဂ။ ဆူညံသံများ

၆-၅-က။ လေထုအတွင်းသို့ထုတ်လွှတ်မှုများ

၆-၅-က-(၁)။ ယေဘူယျညွှန်ကြားချက်စံသတ်မှတ်ချက်များ

Parameter	Averaging Period	Guideline Value µg/m^3
Nitrogen Dioxide	1-year	40
	1-hour	200
Ozone	8-hour daily	100

	Maximum	
Particulate Matter PM_{10}[a]	1-year 24-hour	20 50
Particulate Matter $PM_{2.5}$[b]	1-year 24-hour	10 25
Sulfur Dioxide	24-hour 10-minute	20 500

[a] Particulate matter 10 micrometers or less in diameter

[b] Particulate matter 2.5 micrometers or less in diameter

၆-၅-က-(၂)။ လောင်ကျွမ်းမှုဆိုင်ရာညစ်ညမ်းစေသောဒြပ်ပေါင်းများ

Combustion Technology/ Fuel	Particulate matter PM_{10}[a]	Sulfur Dioxide	Nitrogen Oxides
Gas	-	-	200[b] mg/Nm^3[c] 400[d] mg/Nm^3 1,600[e] mg/Nm^3
Liquid	100	3 %	1,600-1,850[f] mg/Nm^3
Natural gas (3-<15 MW[g])	-	-	200[h] mg/Nm^3 310[i] mg/Nm^3
Natural gas (3-<15 MW)	-	-	50 mg/Nm^3
Fuels other than natural gas (3-<15 MW)	-	0.5 % sulfur	200[h] mg/Nm^3 310[j] mg/Nm^3
Fuels other than natural gas (15-<50 MW)	-	0.5 % sulfur	150 mg/Nm^3

Gas	-	-	320 mg/Nm^3
Liquid	150 mg/Nm^3	2,000 mg/Nm^3	460 mg/Nm^3
Solid [j]	150 mg/Nm^3	2,000 mg/Nm^3	650 mg/Nm^3

[a] Particulate matter 10 micrometers or less in diameter

[b] Spark ignition

[c] Milligrams per normal cubic meter at specified temperature and pressure

[d] dual fuel

[e] compression ignition

[f] higher value applies if bore size > 400 m

[g] Megawatt

[h] Electric generation

[i] mechanical drive

[j] Includes biomass

Note: mg/Nm^3 = mg/m^3 because temperature is same.

၆-၅-ခ။ ရေထုအတွင်းသို့ထုတ်လွှတ်မှုများ

ရွှေမာယာခရမ်းရောဘာစက်ရုံ အတွက် စွန့်ပစ်ရည်၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်နှင့် မိလ္လာရေစွန့်ထုတ်မှု (General Application)

Parameter	Unit	Guideline Value
5-day Biochemical Oxygen Demand	mg/l	50
Ammonia	mg/l	10
Arsenic	mg/l	0.1
Cadmium	mg/l	0.1
Chemical Oxygen Demand	mg/l	250
Chlorine (Total residual)	mg/l	0.2

Chromium (Hexavalent)	mg/l	0.1
Chromium (Total)	mg/l	0.5
Copper	mg/l	0.5
Cyanide (Free)	mg/l	0.1
Cyanide (Total)	mg/l	1
Fluoride	mg/l	20
Heavy Metals (Total)	mg/l	10
Iron	mg/l	3.5
Lead	mg/l	0.1
Mercury	mg/l	0.01
Nickel	mg/l	0.5
Oil and Grease	mg/l	10
pH	S.U[a]	6~9
Phenols	mg/l	0.5
Selenium	mg/l	0.1
Silver	mg/l	0.5
Sulfide	mg/l	1
Temperature Increase	˚C	<3[b]
Total Coliform Bacteria	100ml	400
Total Phosphorous	mg/l	2

Total Suspended Solids	mg/l	50
Zinc	mg/l	2

[a] Standard Unit

[b] At the edge of a scientifically established mixing zone which takes into account ambient water quality, receiving water use, potential receptors and assimilative capacity; when the zone is not defiend, use 100 meters from the point of discharge

ရွှေမာယာခရမ်းရောဘာစက်ရုံ အတွက် စွန့်ပစ်ရည်၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်နှင့် မိလ္လာရေစွန့်ထုတ်မှု (Metal, Plastic and Rubber Products Manufacturing)

Parameter	Unit	Guideline Value
Aluminum	mg/l	3
Ammonia	mg/l	10 20 (electroplating)
Arsenic	mg/l	0.1
Cadmium	mg/l	0.1
Chemical oxygen demand	mg/l	250
Chromium (hexavalent)	mg/l	0.1
Chromium (total)	mg/l	0.5
Copper	mg/l	0.5
Cyanides (free)	mg/l	0.2
Cyanides (total)	mg/l	1
Fluorides	mg/l	20
Iron	mg/l	3
Lead	mg/l	0.2
Mercury	mg/l	0.01
Nickel	mg/l	0.5
Oil and grease	mg/l	10
pH	S.U.[a]	6-9

Phenols	mg/l	0.5
Silver	mg/l	0.2
Sulfide	mg/l	1
Temperature increase	°C	<3[b]
Tin	mg/l	2
Total nitrogen	mg/l	15
Total phosphorus	mg/l	5
Total Suspended Solids	mg/l	50
		25 (electroplating)
Volatile organic halogens	mg/l	0.1
Zinc	mg/l	2

ဇ-၅-ဂ။ ဆူညံသံများ

Receptor	One Hour L_{Aeq}, dB (A)[a]	
	Day time 07:00 ~ 22:00 (10:00 ~ 22:00 for Public holidays)	Night time 22:00 ~ 07:00 (22:00 ~ 10:00 for Public holidays)
Residential, Institutional, Educational	55	45
Industrial, Commercial	70	70

[a] Equivalent continuous sound level in decibels

၇။ ဘေးအန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်း

ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ဆန်းစစ်ခြင်းပြုရာတွင် ယေဘူယျအားဖြင့် (က) ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်နိုင်သည့် အဖြစ်အပျက်များကို ဖော်ထုတ်သတ်မှတ်ခြင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် (ခ) ဖြစ်ပေါ်လာနိုင်သည့် အခြေအနေကို ကျော်လွှားနိုင်မှုရှိမရှိ စိစစ်ခြင်းတို့ဖြစ်ပါသည်။ ဘေးအန္တရာယ်ဆန်းစစ်ခြင်းကို အောက်ပါအတိုင်းနှစ်ပိုင်း ခွဲခြားထားပါသည် -

၇-၁။ ရာသီဥတုပြောင်းလဲမှု အပါအဝင် အခြားဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များ ဆန်းစစ်ခြင်း

၇-၂။ **ရွှေမာယာခရမ်းရာဘာစက်ရုံ** မှ ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်း

၇-၁။ ရာသီဥတုပြောင်းလဲမှုအပါအဝင် အခြားဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များ ဆန်းစစ်ခြင်း

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များ (ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မြစ်ရေလျှံခြင်း၊ လေမုန်တိုင်းတိုက်ခြင်း၊ တောမီးလောင်ခြင်း)နှင့် ရင်ဆိုင်ရလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ ၁၉၉၀ခုနှစ်၊ ၂၀၁၄ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုနှင့် ထိခိုက်ပျက်စီးမှုမှတ်တမ်းကို ဖော်ပြအပ်ပါသည် -

စဉ်	သဘာဝဘေးအန္တရာယ်	ဖြစ်ပွားမှု အကြိမ် (ပြင်းထန်)	လူသေဘေးက စာရင်း	ထိခိုက်သူ လူဦးရေ	ပျက်စီးဆုံးရှုံးမှု × 1000 USD
၁။	ငလျင်လှုပ်ခြင်း	၇	၆၆၃	၂၂၉၂၃	၄၇၇၀
၂။	ဆူနာမီ	၁	၇၁	၁၅၇၀၀	၅၀၀၀၀၀
၃။	ရေလွှမ်းမိုးခြင်း (Unspecified) Flash Flood	၇ ၃	၁၆၁ ၂၆၃	၃၈၆၉၈၈ ၈၅၇၃၄	၅၅၁၁၅ ၁၇၀၀
၄။	မြေပြိုခြင်း	၄	၁၂၅	၁၄၆၃၆၇	-
၅။	လေမုန်တိုင်းကျခြင်း	၁၇	၉၀၈၂၇	၃၉၃၅၈၄၄	၄၀၇၉၃၈၈
၆။	တောမီးလောင်ခြင်း	၂	၈	၇၈၅၈၈	၁၁၀၀၀

ဖော်ပြပါဇယားအရ လူအသေအပျောက်အများဆုံးမှာ လေမုန်တိုင်းကျခြင်းကြောင့်ဖြစ်ပြီး ၉၀,၈၂၇ ဦးရှိခဲ့ပါသည်။ တောမီးလောင်ခြင်းကြောင့် အသေအပျောက်မှာ ၈ဦးသာ ရှိပြီး အနည်းဆုံး ဖြစ်ပါသည်။ ခန့်မှန်းခြေလူဦးရေ ၈၇၀,၀၀၀ ခန့်သည် လေမုန်တိုင်းနှင့်ကြုံတွေ့နိုင်သော နေရာ

ဒေသတွင် နေထိုင်ကြပါသည်။ ယင်းလူဦးရေလောက်ပင် လျင်ဒေသတွင်နေထိုင်ကြပြီး လျင်ပြတ်ရွေ့ကြော၂ခုသည် လူဦးရေထူထပ်သည့် နေရာဒေသကို ဖြတ်သန်းလျက်ရှိပါသည်။ ထို့ပြင် လူဦးရေ ၄၄၀,၀၀၀ ဦးခန့်သည် ရေကြီးခြင်း၊ ၃၉၀,၀၀၀ ခန့်သည် မိုးခေါင်ရေရှားဒဏ်ခံနိုင်ဖွယ် အခြေအနေရှိပါသည်။ ယင်းဘေးအန္တရာယ်များသည် ရာသီဥတုပြောင်းလဲခြင်းကြောင့် ပိုမိုကြုံတွေ့ရန် အခွင့်အလမ်းတိုးပွားစေပါသည်။ မိုးလေဝသဌာန၏ အချက်အလက်များအရ မကြာခင်နှစ်များအတွင်း မိုးရာသီတိုတောင်းခြင်း၊ ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်ခြင်း၊ မိုးခေါင်မှုနှင့် အပူချိန်ညွှန်ကိန်းများမြင့်တက်ခြင်း၊ နေသာရက်များတိုးလာခြင်း၊ ရေကြီးရန်အခွင့်အလမ်း တိုးလာခြင်း၊ လေမုန်တိုင်းနှင့် လေပြင်းတိုက်ခတ်မှုတိုးလာခြင်း၊ လှိုင်းကြီးခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုများ ရှိခဲ့ကြောင်းသိရပါသည်။

၇-၂။ ရွှေမာယာခရမ်းရာဘာစက်ရုံမှ ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံ သည် ခွက်ကပ်၊ ဆွဲဖတ်၊ ရာဘာအစိမ်းပြားများကို ကုန်ကြမ်းအဖြစ် အသုံးပြုပြီး M.S.R ခရမ်းရာဘာ (Myanmar Standard Rubber) ထုတ်လုပ်ဖြန့်ဖြူးသော စက်ရုံဖြစ်ပါသည်။ ယင်းသို့ ထုတ်လုပ်ဖြန့်ဖြူးမှုများကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်မှုများကို အပိုဒ်(၆)တွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုအပိုဒ်တွင် အဆိုပါစက်ရုံ၏ ကုန်ထုတ်လုပ်မှုဖြန့်ဖြူးမှုများကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ ဘေးအန္တရာယ်ရှိမှု၊ နယ်ပယ်အချိန်နှင့် ကုစားမှုနည်းလမ်းများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

၇-၂-က။ လေထုအပေါ် ဘေးအန္တရာယ်သက်ရောက်မှုများ

၇-၂-ခ။ ရေထုအပေါ် ဘေးအန္တရာယ်သက်ရောက်မှုများ

၇-၂-ဂ။ မြေထုအပေါ် ဘေးအန္တရာယ်သက်ရောက်မှုများ

၇-၂-ဃ။ ဆူညံသံများကြောင့်ဘေးအန္တရာယ်သက်ရောက်မှုများ

၇-၂-က။ လေထုအပေါ် ဘေးအန္တရာယ်သက်ရောက်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- အမှုန်အမွှားများလွင့်ထွက်ခြင်း၊ လောင်ကျွမ်းဓာတ်ငွေ့များနှင့် ယိုစိမ့်ဓာတ်ငွေ့ထုတ်လွှတ်ခြင်း၊ အနံ့များထွက်ရှိခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များထွက်ရှိခြင်း။
ဘေးအန္တရာယ်ဆန်းစစ်မှု	- အမှုန်အမွှား၊ လေ၊ မီးပွားကြုံတွေ့ပါက ပေါက်ကွဲနိုင်ခြင်း။ - ကာဗွန်မှုန်၊ Particulate Matter များသည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်စေနိုင်ပါသည်။ - ပေါက်လောင်ဓာတ်ငွေ့နှင့် လောင်ကျွမ်းဓာတ်ငွေ့များထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များသည် ကမ္ဘာကြီးပူနွေးစေပါသည်။ ပြီးပြည့်စုံသော လောင်ကျွမ်းမှုမရှိသောကြောင့် ထွက်ပေါ်လာသော ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့သည် အဆိပ်ဓာတ်ငွေ့ဖြစ်ပါသည်။ အရည်အသွေးမပြည့်သော လောင်စာ

	ကြောင့် ထွက်ရှိသော ဆာလဖာဒိုင်အောက်ဆိုဒ်သည် အဆိပ်ဓာတ်ငွေ့ဖြစ်ပါသည်။ - ထရန်စဖော်မာဆီအငွေ့များသည် ကင်ဆာဖြစ်ရန် အလားအလာရှိပါသည်။ - ကုန်ကြမ်းရာဘာအနံ့များသည် ဓာတ်မတည့်သူများအတွက် အလာဂျီဖြစ်စေပါသည်။ - ထုတ်လုပ်မှုတွင် အသုံးပြုသော ထုံးမှုန့်သည် မျက်စေ့အတွင်း ဝင်ရောက်ပါက မျက်စေ့ကျိန်းစပ်ခြင်း၊ အရေပြားနှင့် ကြာရှည်ထိတွေ့ပါက မခံမရပ်နိုင်ဖြစ်ခြင်း တို့ဖြစ်ပေါ်စေပါသည်။
သက်ရောက်စေသောအကြောင်းအရင်းများ	- ကုန်ကြမ်း၊ ကုန်ချော၊ စက်ပစ္စည်းကိရိယာများ သယ်ယူသော မော်တော်ယာဉ်များ နှင့် အရန်လျှပ်စစ်ထုတ်စက်များ၏ အိပ်ဇောပိုက်များမှ အခိုးအငွေ့အနံ့အသက်များ ထရန်စဖော်မာဆီနှင့် Refrigerantများ ယိုစိမ့်မှုဖြစ်ခြင်း။ - အသုံးပြုသော ဒီဇယ်ဆီများသည် အရည်အသွေးမပြည့်ပါက ထွက်ရှိသော ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ။ - အင်ဂျင်စွမ်းရည်ကျဆင်းပြီး လောင်ကျွမ်းမှုမပြီးပြည့်စုံပါက ထွက်ရှိသော ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့နှင့် ကာဗွန်မှုန်များ။ - ရာဘာကုန်ကြမ်းမှ အငွေ့ပျံနိုင်သော အော်ဂဲနစ်ဒြပ်ပေါင်းများ။ - ဝန်ထမ်းစားဖိုဆောင်မှ ချက်ပြုတ်ကြော်လှော်သည့်အနံ့များ။
သက်ရောက်မှုနယ်ပယ်	- ကုန်ကြမ်း၊ ကုန်ချော၊ စက်ပစ္စည်းကိရိယာများ သယ်ယူသည့်ခရီးလမ်းတစ်လျှောက်ရှိပြည်သူလူထု။ - စက်ရုံဝင်းအတွင်းရှိလုပ်သားဝန်ထမ်းများ။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- ပြည်သူလူထုအပေါ် သက်ရောက်မှုအတိုင်းအတာနည်းပြီး သက်ရောက်မှုအချိန်ကာလတိုတောင်းပါသည်။ - စက်ရုံအတွင်းရှိ ဝန်ထမ်းများအတွက် သက်ရောက်မှု အတော်အတန်ရှိပြီး အချိန်ကာလ အတော်အတန်ကြာပါသည်။
ကုစားမှုနည်းလမ်းများ	- မော်တော်ယာဉ်များ၊ အရန်လျှပ်စစ်ထုတ်စက်များကို စက်စွမ်းအားပြည့်လည်ပတ်နိုင်စေရန် စက်ပြုပြင်မှုများကို စနစ်တကျဆောင်ရွက်ခြင်း၊ စက်ဆီချောဆီများမှန်မှန်ဖြည့်တင်းလဲလှယ်ခြင်း၊ စက်ကြံ့ခိုင်ရေးဆောင်ရွက်ခြင်း၊ အရည်အသွေးပြည့်မီသော လောင်စာဆီများအသုံးပြုခြင်း။ - ထရန်စဖော်မာဆီများ၏ အခြေအနေကို ကျွမ်းကျင်သော လျှပ်စစ်ဌာန၏ စစ်ဆေးမှုခံယူခြင်း၊ ရေငွေ့စုပ်ပစ္စည်း၊ လျှပ်စစ်ဝန်နှင့် ခံနိုင်ရည်ကို စစ်ဆေးနေခြင်း။ - လျှပ်စစ်ထုတ်စက်များ၏ စွမ်းရည်ပြည့်ဝစေရေး၊ စက်ကြံ့ခိုင်မှု၊ စက်ဆီချောဆီ ဖြည့်တင်းလဲလှယ်မှုများ ကြိုတင်စစ်ဆေးပြုပြင်ခြင်း။ - ရာဘာကုန်ကြမ်းများကို စက်ရုံတွင် စုပုံမနေစေရန် စီမံခန့်ခွဲခြင်း၊ လေစုပ်ပန်ကာများဖြင့် အနံ့များစုပ်ထုတ်ခြင်း။ - ရာဘာအခြောက်ခံရာတွင် ရာဘာများကို အကျက်မလွန်စေရန် အဝင်တွင်

	လုံလောက်အောင်ရေဖျန်းခြင်း။ - အခြောက်ခံကိရိယာတွင် လိုအပ်သည်ထက်ပိုမကြာမြင့်စေခြင်း၊ အခြောက်ခံကိရိယာ၏အပူချိန်ကို ချိန်ဆခြင်း။ - ဝန်ထမ်းစားဖိုဆောင်တွင် လေဝင်လေထွက်ကောင်းစေခြင်း၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်ချိန်နှင့် ရှောင်လွှဲ၍ရပါက ရှောင်လွှဲဆောင်ရွက်ခြင်း။

၇-၂-ခ။ ရေထုအပေါ် ဘေးအန္တရာယ်သက်ရောက်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- ဝန်ထမ်းလုပ်သားများ၏ စနစ်တကျစွန့်ပစ်ခြင်းမရှိသည့် ရေဆိုးများ။ - စက်ဆီချောဆီ၊ ထရန်စဖော်မာဆီ၊ ဘက်ထရီအက်ဆစ် ဖြည့်တင်းလဲလှယ်ရာတွင် မတော်တဆဖိတ်စင်မှုများ။ - ခွက်ကပ်၊ ဆွဲဖတ်၊ အစိမ်းပြားများကိုရေစိမ်ခြင်း၊ ကြိတ်ခြေဆေးကြောခြင်း၊ ရာဘာအတုံးငယ်များနှင့် ရေခွဲထုတ်ခြင်းတို့မှ ဆေးကြောရေများ။ - ရာဘာရေဖျန်းရေများ။ - ဝန်ထမ်းစားဖိုဆောင်မှဆေးကြောရေများ။
ဘေးအန္တရာယ်ဆန်းစစ်မှု	- ထရန်စဖော်မာဆီများသည် ကင်ဆာဖြစ်ရန် အလားအလာရှိပါသည်။ - စက်ဆီချောဆီများသည် ရေ၊ မြေအတွင်းသို့ အလင်းရောင်နှင့် လေဝင်ရောက်မှု တားဆီးပါသည်။ - ဘက်ထရီအက်ဆစ်များသည် အရေပြားလောင်ကျွမ်းခြင်း၊ သတ္တုတိုက်စားခြင်းများ ဖြစ်ပေါ်စေပါသည်။ - စွန့်ပစ်ရည်များသည် BOD, COD, TSS တန်ဖိုးများမြင့်မားပါက ဂေဟစနစ်ပျက်စီးစေနိုင်ပါသည်။
သက်ရောက်စေသောအကြောင်းအရင်းများ	- စနစ်မကျခြင်း၊ စည်းကမ်းမလိုက်နာခြင်း၊ ညွှန်ကြားချက်များချိုးဖောက်ခြင်း၊ ပိုက်လိုင်းများ၊ ပိုက်ဆက်ပိုက်တပ်များမှ ယိုစိမ့်ခြင်း။
သက်ရောက်မှုနယ်ပယ်	- စက်ရုံမှစွန့်ပစ်ရည်မြောင်းတစ်လျှောက်။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- စက်ရုံအနီးပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအတော်အတန်ရှိပြီး အချိန်ကာလ အတော်အတန်ကြာရှည်ပါသည်။ - စက်ရုံဝန်ထမ်းများအပေါ် သက်ရောက်မှုနည်းပြီး အချိန်ကာလတိုတောင်းပါသည်။
ကုစားမှုနည်းလမ်းများ	- စနစ်တကျဆောင်ရွက်ခြင်း၊ ညွှန်ကြားချက်များ၊ စည်းကမ်းလိုက်နာခြင်း၊ ကြပ်မတ်စစ်ဆေးခြင်း၊ မလိုက်နာပါက ပညာပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ စနစ်တကျ စုဆောင်းသိမ်းဆည်းပြီး ထုခွဲရောင်းချ၍ရပါက ထုခွဲရောင်းချခြင်း၊ ထုခွဲရောင်းချ၍ မရသည့်ပစ္စည်းများကို စည်ပင်သာယာရေးကော်မတီက ခွင့်ပြုသည့်နေရာများတွင် စွန့်ပစ်ခြင်း၊ အရည်စွန့်ပစ်ပစ္စည်း

	များကို Guideline တန်ဖိုးအတိုင်းရရှိရန် ကြိုးပမ်းဆောင်ရွက်ခြင်း။

၇-၂-၈။ မြေထုအပေါ် ဘေးအန္တရာယ်သက်ရောက်မှုများ

ရွှေမာယခရမ့်ရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- ဝန်ထမ်းများနေ့စဉ်သုံးစွဲရာမှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းအစိုင်အခဲများ။ - ရုံးလုပ်ငန်းသုံးစာရေးကိရိယာများ၊ မီးလုံးမီးချောင်းအပျက်အစီးများ။ - ရာဘာကြိတ်ခွေ ခုတ်ထစ်ဆေးကြောရေများတွင် ပါဝင်လာသော ရာဘာအပိုင်းအစများ။ - မြန်မာစတင်းဒတ်ရာဘာ ထုတ်လုပ်ရာတွင် အခြောက်ခံခွက်များ၊ ဖြတ်စက်များ၊ ဖိသိပ်စက်များမှ ရာဘာအပိုင်းအစများ။ - ရာဘာကုန်ကြမ်းများတွင် ပါဝင်လာနိုင်သော အနယ်၊ အမှိုက်သရိုက်များ။ - ထုံးမှုန့်အိတ်ခွံများ။ - ပလပ်စတစ်ထုပ်ပိုးအပျက်အစီးများ။ - စက်ဆီချောဆီပုံးခွံများ။ - ဝန်ထမ်းစားဖိုဆောင်မှ စားကြွင်းစားကျန်များ၊ သားငါးထုပ်ပိုးပစ္စည်းများ။ - ဓာတ်ခွဲခန်းတွင် စမ်းသပ်ပြီး ရာဘာအပိုင်းအစများ။
ဘေးအန္တရာယ်ဆန်းစစ်မှု	- ပြုကွဲရန်ခက်ခဲသော ပလပ်စတစ်ပစ္စည်းများသည် မြေ၏ အရည်အသွေးကို ထိခိုက်စေပါသည်။ (ဥပမာ - ပလပ်စတစ်ထုပ်ပိုးပစ္စည်းများ) - ရာဘာအပိုင်းအစများသည် မြေထု၏ဂေဟစနစ်ကို ထိခိုက်စေပါသည်။
သက်ရောက်စေသောအကြောင်းအရင်းများ	- စနစ်မကျခြင်း၊ စည်းကမ်းညွှန်ကြားချက်များမလိုက်နာခြင်း။
သက်ရောက်မှုနယ်ပယ်	- စက်ရုံအနီးပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်သည့်နေရာ အနီးပတ်ဝန်းကျင် ပြည်သူလူထုနှင့် စက်ရုံဝန်ထမ်းများ။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- သက်ရောက်မှုအတိုင်းအတာနည်းပါသည်။ အချိန်ကာလတိုတောင်းပါသည်။
ကုစားမှုနည်းလမ်းများ	- စနစ်တကျဆောင်ရွက်ရန်ပညာပေးခြင်း၊ ကြပ်မတ်ခြင်း၊ စစ်ဆေးအရေးယူအပြစ်ပေးခြင်း။ - စနစ်တကျစုဆောင်းသိမ်းဆည်းပြီး ထုခွဲရောင်းချခြင်း၊ ထုခွဲရောင်းချ၍ မရသည်များကို စည်ပင်သာယာရေးကော်မတီခွင့်ပြုသည့် နေရာများတွင် စွန့်ပစ်ခြင်း။ - ပြန်လည်အသုံးပြု၍ရသည်များကိုပြန်လည်အသုံးပြုခြင်း။

၇-၂-ဃ။ ဆူညံသံများကြောင့်ဘေးအန္တရာယ်သက်ရောက်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- ကုန်ကြမ်၊ ကုန်ချော၊ စက်ပစ္စည်းကိရိယာများ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်များ၊ အရန်လျှပ်စစ်ထုတ်စက်များ မောင်းနှင်ရာမှ ထွက်ပေါ်လာသော ဆူညံသံနှင့်တုန်ခါမှုများ။ - ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သည့် ခွက်ကပ်၊ ဆွဲဖတ်ရာဘာနှင့် ရေရောမွှေစက်များ၊ ရာဘာကြိတ်ခွဲခုတ်ထစ်စက်များ၊ ရာဘာနှင့် ရေပို့ပန့်များ၊ ရာဘာအခြောက်ခံစက်မှ ကွန်ဗေယာများ၊ ရာဘာဖြတ်စက်၊ ဖိစက်များ မောင်းနှင်သံများ။ - ထင်းမီးဖိုလေသွင်းပန်ကာများ။ - လေပူပို့ပန်ကာများ။ - ရာဘာအခိုးအငွေ့များရေဖျန်းပန့်များ။
ဘေးအန္တရာယ်ဆန်းစစ်မှု	- သာယာနာပျော်ဖွယ်လူနေမှုစနစ်ပျက်ပြားခြင်း။ - အကြားဆိုင်ရာရောဂါများရရှိနိုင်ခြင်း။
သက်ရောက်စေသောအကြောင်းအရင်းများ	- စက်ပြုပြင်ထိန်းသိမ်းမှု ညှံ့ဖျင်းခြင်း (ဥပမာ - အိပ်ဇောဆိုင်လင်ဆာများ ချို့ယွင်းမှု၊ စက်ချိန်သားကိုက်မှုမရှိခြင်း၊ စက်ဆီချောဆီများ လဲလှယ်မှုမဆောင်ရွက်ခြင်း၊ ဖောင်ဒေးရှင်းဘို့နပ်များ ချောင်နေခြင်း၊ စက်ပတ်ကြိုးများ ချို့ယွင်းခြင်း)။
သက်ရောက်မှုနယ်ပယ်	- ကုန်ကြမ်း၊ ကုန်ချော၊ စက်ပစ္စည်းကိရိယာများ သယ်ယူရာ လမ်းတစ်လျှောက်ရှိ ပြည်သူလူထု။ - စက်ရုံအတွင်းတာဝန်ထမ်းဆောင်သည့်ဝန်ထမ်းလုပ်သားများ။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- ပြည်သူလူထုအပေါ် သက်ရောက်မှုနည်းပါးပြီး အချိန်ကာလ တိုတောင်းပါသည်။ - စက်ရုံအတွင်း ဝန်ထမ်းများအပေါ် သက်ရောက်မှု အတော်အတန်ရှိပြီး အချိန်ကာလ ရှည်ကြာပါသည်။
ကုစားမှုနည်းလမ်းများ	- မော်တော်ယာဉ်၊ အရန်လျှပ်စစ်ထုတ်စက်များ၏ အိပ်ဇောစနစ်ပြုပြင်ကောင်းမွန်စေခြင်း၊ စက်ပြုပြင်ထိန်းသိမ်းမှု၊ စက်ဆီချောဆီ လဲလှယ်မှုကောင်းမွန်စေခြင်းနှင့် အချိန်မီပြုပြင်ခြင်း၊ ဝန်ထမ်းများနားနေချိန်နှင့် ရှောင်လွဲလုပ်ကိုင်ခြင်း၊ ဝန်ထမ်းများအတွက် အကာအကွယ်ပစ္စည်းများ ထုတ်ပေးခြင်း။ - သစ်ပင်များစိုက်ပျိုးခြင်း။

၈။ ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့်ဖွံ့ဖြိုးရေးအစီအစဉ်

ရွှေမာယာခရမ်းရာဘာစက်ရုံ အတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ်ကို အောက်ပါလုပ်ငန်း (ခြောက်)ရပ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၈-၁။ စက်ရုံလုပ်သားဝန်ထမ်းများ၏သဘောထားရယူခြင်းနှင့်သတင်းအချက်အလက်ထုတ်ပြန်ခြင်း

၈-၂။ ရပ်ကွက်နေရပ်မိရပ်ဖများ၏သဘောထားရယူခြင်းနှင့်သတင်းအချက်အလက်ထုတ်ပြန်ခြင်း

၈-၃။ စက်ရုံဝန်ထမ်းများ ကျေးရွာသူကျေးရွာသားများ၏ ဆန္ဒသဘောထားများအပေါ် စက်ရုံမှ ဆောင်ရွက်ပေးမည့်အစီအစဉ်တင်ပြခြင်း

၈-၄။ ဒေသခံပြည်သူများ၏လူမှုရေးဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့်အစီအစဉ်

၈-၅။ CSR ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်နှင့်အသုံးပြုမည့်ရန်ပုံငွေလျာထားချက်

၈-၆။ မကျေနပ်ချက်များနှင့်လိုလားချက်များဖြေရှင်းပေးမည့်အစီအစဉ်

၈-၁။ စက်ရုံလုပ်သားဝန်ထမ်းများ၏ သဘောထားရယူခြင်းနှင့် သတင်းအချက်အလက်ထုတ်ပြန်ခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံတွင် အမြဲတမ်းဝန်ထမ်း အမျိုးသား (၃၄)ဦး နှင့် အမျိုးသမီး အမြဲတမ်းဝန်ထမ်း (၂၁)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ စိမ်းလန်းမြန်မာပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်အဖွဲ့ဝင်များသည် ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် စက်ရုံမန်နေဂျာရုံးတွင် စက်ရုံဝန်ထမ်းများနှင့်တွေ့ဆုံပြီး စက်ရုံအပေါ် အလုပ်လုပ်ကိုင်ရမှုအခြေအနေ၊ အနှံ့အသက်များရရှိမှု၊ ဆူညံသံများဖြစ်ပေါ် ခံစားရမှုများနှင့် အခြားအကြံပြုဆွေးနွေးရန် ကိစ္စများရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်နှင့် ဆွေးနွေးမှုများကို စက်ရုံ တာဝန်ရှိသူများထံ တင်ပြဆွေးနွေးပေးမည်ဖြစ်ကြောင်း ဖိတ်ခေါ်ခဲ့ပါသည်။ ဝန်ထမ်း(၂၆)ဦး စာရင်းပေးတက်ရောက်ပြီး ဆွေးနွေးအကြံပြုလွှာ (၂၄)စောင် ရရှိခဲ့ပါသည်။ ယင်းအကြံပြုလွှာများကို **နောက်ဆက်တွဲ(၂)**တွင် တင်ပြထားပါသည်။ စက်ရုံ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးနေပုံကို ပုံ(၈-၁)ဖြင့် ဖော်ပြထားပါသည်။

အကြံပြုချက်များမှာ -

- လုပ်ငန်းခွင်သုံး အကာအကွယ်ပစ္စည်း အသုံးပြုမှုနှင့်ပတ်သက်၍ တက်ရောက်လာသူအများစုမှာ ပြည့်စုံလုံလောက်မှုမရှိကြောင်း အကြံပြုထားပါသည်။
- သောက်သုံးရေနှင့်ပတ်သက်၍ သောက်ရေသန့်ဖြစ်ကြောင်းအကြံပြုထားပါသည်။
- ဆေးကြောသန့်ရှင်းရေးနှင့်ပတ်သက်၍ တက်ရောက်လာသူအားလုံးမှာ သန့်ရှင်းမှုရှိကြောင်း၊ အကြံပြုထားပါသည်။
- သန့်စင်ခန်းများ အသုံးပြုမှုနှင့်ပတ်သက်၍ တက်ရောက်လာသူအများစုမှာ လုံလောက်မှုရှိကြောင်း၊ အကြံပြုထားပါသည်။

- လုပ်ငန်းခွင် ဆူညံသံနှင့်ပတ်သက်၍ တက်ရောက်လာသူ အများစုမှာ ဆူညံသံရှိကြောင်း အကြံပြုထားပါသည်။
- လုပ်ငန်းခွင် အနံ့အသက်နှင့်ပတ်သက်၍ တက်ရောက်လာသူအများစုမှာ အနံ့ရှိကြောင်း အကြံပြုထားပါသည်။
- လုပ်ငန်းခွင်အလင်းရောင် လုံလောက်မှုနှင့်ပတ်သက်၍ တက်ရောက်လာသူအားလုံးမှာ ကောင်းမွန်ကြောင်း အကြံပြုထားပါသည်
- လုပ်ငန်းခွင် လေဝင်လေထွက်စနစ်နှင့်ပတ်သက်၍ တက်ရောက်လာသူ အားလုံးမှာ အဆင်ပြေကောင်းမွန်ကြောင်း အကြံပြုထားပါသည်။
- လုပ်ငန်းခွင် အမှုန်အမွှားအခြေအနေနှင့်ပတ်သက်၍ တက်ရောက်လာသူ အားလုံးမှာမရှိကြောင်း အကြံပြုထားပါသည်။
- လုပ်ငန်းခွင်လူမှုဆက်ဆံရေးနှင့်ပတ်သက်၍ တက်ရောက်သူ ဝန်ထမ်းများအားလုံး အဆင်ပြေကောင်းမွန်ကြောင်း အကြံပြုထားပါသည်။




ပုံ(၈-၁) စက်ရုံဝန်ထမ်းများနှင့်တွေ့ဆုံပြီးဆွေးနွေးသဘောထားရယူနေပုံ။

၈-၂။ ရပ်ကွက်နေရပ်မိရပ်ဖများ၏ သဘောထားရယူခြင်းနှင့် သတင်းအချက်အလက် ထုတ်ပြန်ခြင်း

အဆိုပါစက်ရုံ၏ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချမှုများနှင့်စပ်လျဉ်း၍ ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၄)ရက်နေ့တွင် သာယာကုန်းကျေးရွာရှိ (ရာမညနိကာယ-ဘားတိုက်) ဘုန်းကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးပွဲသို့ အုပ်ချုပ်ရေးအဖွဲ့အစည်းဝင်များ၊ ဒေသခံ ရပ်မိရပ်ဖ ပြည်သူများ စုစုပေါင်း (၆၅)ဦးခန့် တက်ရောက်ခဲ့ပြီး အကြံပြုစာရွက်(၄၉)စောင် ရရှိခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်သူများစာရင်းနှင့် အကြံပြုလွှာများကို **နောက်ဆက်တွဲ(၃)**တွင် ဖော်ပြထားပါသည်။ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်အတွင်း တက်ရောက်လာသူအသီးသီးက အဓိကထား ဆွေးနွေးသည့်အချက်များနှင့် ပြန်လည်ဖြေကြားချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဓာတ်ပုံမှတ်တမ်းများကို ပုံ(၈-၂) တွင် တင်ပြထားပါသည်။

ဇယား(၁)တက်ရောက်လာသူများမှဆွေးနွေးချက်များနှင့်ပြန်လည်ရှင်းလင်းဖြေကြားချက်များ

ဆွေးနွေးအကြံပြုချက်များ	ရှင်းလင်းဖြေကြားချက်များ
ဦးထွန်းလင်း • စက်ရုံမှ အနံ့ဆိုးများ မထွက်ရှိစေရန် • စက်ရုံမှ ထွက်ရှိသော ရေဆိုးများ ထိန်းသိမ်းစေရန် • ပတ်ဝန်းကျင်ကို မထိခိုက်စေရန် ဆောင်ရွက်ပေးစေချင်ပါသည်။	**ဦးနေဦး - မန်နေဂျာ** (ရွှေမာယာခရမ်းရောဘာစက်ရုံ) • ယနေ့ကျင်းပ ပြုလုပ်သော အစည်းအဝေးသည် စက်ရုံအနေဖြင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များကို ရေးဆွဲရန်အတွက် တတိယအဖွဲ့အစည်းဖြစ်သော စိမ်းလန်းမြန်မာ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ • ပတ်ဝန်းကျင်သို့ အနံ့အသက်များနှင့်ရေဆိုးများ ထွက်ရှိမှုလျော့နည်းစေရန်အတွက် လက်ရှိတွင် စက်ရုံအနေဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ • ဆက်လက်၍လည်း ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။
ဦးဝင်းဆွေ • စက်ရုံမှထွက်ရှိသော အနံ့အသက် ပျောက်ကင်းပြီး အခြားအငွေ့များထွက်ရှိနိုင်ပါသလား။ • ၎င်းအငွေ့အသက်များ ရှူရှိုက်ခဲ့ရပါက ဒေသခံ ပြည်သူလူထု၏ ကျန်းမာရေးအတွက် အန္တရာယ် ရှိနိုင်ပါသလား။	**ဦးကျော်စိုးဝင်း - အုပ်ချုပ်မှုဒါရိုက်တာ** (စိမ်းလန်းမြန်မာ ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်) • Green Myanmar Environmental Services Company Limited အနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲရန်အတွက် လက်ရှိတွင် စက်ရုံနှင့် ပတ်သက်သော အချက်အလက်များကို လေ့လာ စီစစ်ခြင်း၊ စက်ရုံ ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင် ဇရိယာအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအချက်အလက်များကိုတိုင်းတာခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်း၍ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးကာ အကြံပြုချက်များရယူခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ • ထို့အပြင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းတစ်ရပ်အနေဖြင့် ပါဝင်သော အများပြည်သူထံမှ အကြံပြုချက်များရယူခြင်းလုပ်ငန်းစဉ်အတွက် ယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါသည်။ • အများပြည်သူထံမှ အကြံပြုချက်များ ရယူရာတွင် ဆွေးနွေးသူများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးခြင်းနှင့် အကြံပြုစာရွက်များပေါ်တွင် ရေးသားခြင်းဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ပါကြောင်း။
ဦးကျော်မိုး • စက်ရုံမှ အနံ့ဆိုးများမထွက်အောင် ဆောင်ရွက်ပေးစေချင်ပါသည်။ • ရေဆိုးများ မြေထဲသို့စိမ့်ဝင်မှုမရှိစေရန် ဆောင်ရွက်ပေးစေချင်ပါသည်။	
ဦးမင်းဆွေ • စက်ရုံမှ ထွက်ရှိသော အနံ့ဆိုးများကြောင့် ကျေးရွာရှိ ပြည်သူလူထုများ ရှူရှိုက်နေရပါသည်။ • စက်ရုံမှ ကားကြီးများ သွားလာမှုကြောင့် လမ်းပျက်နေပါသဖြင့် ဘုရားဖူးများအတွက် အဆင်မပြေနိုင်ပါ။ • စက်ရုံ၏ မီးခိုးခေါင်းတိုင်သည် အမြင့်ပေ မည်မျှရှိပါက သင့်တော်မည်နည်း။	
ဒေါ်သန်းသန်းဦး • စက်ရုံမှ အနံ့ဆိုးများမထွက်အောင် ဆောင်ရွက်	

ပေးစေချင်ပါသည်။	
ဦးသက်စိုး • စက်ရုံမှ ထွက်ရှိသော အနံ့ဆိုးများသည် မည့်သည့် အချိန်တွင် လျော့နည်းသွားမည်ကို သိရှိလိုပါသည်။	
ဒေါ်အုန်းမြင့် • စက်ရုံမှထွက်ရှိသော ရာဘာအနံ့ဆိုးကြောင့် ဇက်ကြောတက်ခြင်း၊ ခေါင်းမူးခြင်းများ ဖြစ်ပါသည်။ • ကျန်းမာရေးအန္တရာယ် မဖြစ်အောင် ဆောင်ရွက်ပေးစေချင်ပါသည်။	
ဦးသီဟကျော် • စက်ရုံမှ ထွက်ရှိသော အနံ့ဆိုးများကို ပျောက်ကင်းစေရန် မည့်သည့်အချိန်တွင် လုပ်ဆောင်ပေးမည်ကို သိရှိလိုပါသည်။	

ဇယား(၂)ဒေသခံရပ်မိရပ်ဖများ၏အကြံပြုစာရွက်များမှဖော်ပြချက်များ

အကြံပြုဆွေးနွေးသူ	အကြံပြုချက်များ
ဦးအောင်ဆန်း	• စက်ရုံမှထွက်ရှိသော အနံ့ဆိုးများ မထွက်ရှိစေရန် • စက်ရုံမှ ထွက်ရှိသော ရေဆိုးများ ထိန်းသိမ်းစေရန် • ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရန် • စက်ရုံဝင်း လမ်းအတွင်း ဖုန်မထစေရန် ကွန်ကရစ်လမ်းခင်းပေးပါရန် • စက်ရုံထွက်ရှိသော အနံ့ဆိုးများကြောင့် အသက်ရှူမဝခြင်း
ဦးစိန်ဟန် ဦးဇော်လွင်ဦး ဦးဝင်းပိုင် ဦးနောင် ဦးထိန်ဝင်း ဒေါ်စန်းနွယ်	• အနံ့ဆိုးများမထွက်စေရန် • ရေဆိုးများ မြေကြီးထဲတွင် မစိမ့်ဝင်စေရန် • ပတ်ဝန်းကျင်မထိခိုက်စေရန်
ဦးဇော်ဦး	ခရမ်းရာဘာစက်ရုံမှ- • အနံ့ဆိုးများမထွက်အောင်လုပ်ပေးပါ • ရေဆိုးမထွက်အောင်လုပ်ပေးပါ • ဆူညံသံမထွက်အောင်လုပ်ပေးပါ • စက်ရုံဝင်လမ်းတစ်လျှောက်မထွက်အောင်လုပ်ပေးပါ
ဦးတင်အောင်	• အနံ့မနံအောင်လုပ်ပေးပါ • ရေဆိုးမှာမြေထဲတွင်မစိမ့်ဝင်ရန်

	• ဆူညံခြင်းမရှိစေရန်
ဦးသိန်းမြင့် ဦးကျော်စိုး ဦးသန်းဝေ	• အနှံ့ဆိုးများမထွက်အောင်လုပ်ပေးပါ • ရေဆိုးများ မြေထဲသို့ စိမ့်ဝင်မှုမရှိစေရန်
ဦးအောင်လွင် ဦးသိန်းထွန်း	• အနှံ့ဆိုးမထွက်အောင်လုပ်ပေးပါ • ညစ်ညမ်းရေစိမ့်ဝင်မှုမဖြစ်အောင်လုပ်ပေးပါ • လမ်းမပျက်စီးအောင်လုပ်ပေးပါ
ဦးမောင်ရွှေ	• အနှံ့ဆိုးရေဆိုးကာကွယ်ပေးပါ
ဒေါ်တင်ကြည်	• အနှံ့ဆိုးမထွက်စေရန်
ဦးညွှန့်ဝင်း ဦးစိုးသိန်း	• အနှံ့ဆိုး မနံအောင်လုပ်ပေးပါရန် • ရေဆိုးများမြေထဲတွင် မစိမ့်ဝင်ရန် • ဆူညံခြင်းမရှိစေရန်
ဦးသီဟကျော်	• အနှံ့ဆိုးများထိန်းပေးပါ • ရေဆိုးရေညစ်များ မစီးကျအောင် ကာကွယ်ပေးပါ • လမ်းများကောင်းမွန်အောင် ပြုပြင်ပေးပါ • သာသနာ အခွန်ရှည်ဖို့အတွက် အကောင်းဖက်မှမြင်ပေးပါ
ဦးသန်းဝင်း ဦးအောင်သိန်း ဒေါ်မြကြည်	• အနှံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်ပါသည်။
ဒေါ်သန်းသန်းဦး	• အနှံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်ပါသည်။ • စက်ရုံမှ စွန့်ပစ်ရည်ကြောင့် ရွာအတွင်းရှိ ရေတွင်းများ မပျက်စီးစေရန်
ဒေါ်လှတင် ဒေါ်လှသွယ် ဒေါ်လှမြင့် ဒေါ်သန်းညွှန့် ဒေါ်မလိုင် ဒေါ်တင်လှ	• အနှံ့ဆိုးနှင့် ရေဆိုးများထိရောက်စွာ ထိန်းသိမ်းပေးပါရန်။
ဒေါ်မြင့်မြင့်ခိုင် ဒေါ်သိန်းကျင် ဒေါ်မြင့်မြင့်အေး ဒေါ်ညွှန့်သိန်း ဒေါ်လှတင် ဒေါ်စန်းစန်းအေး ဒေါ်ဝင်းဝင်းချို	• ရာဘာအနှံ့မထွက်ပါစေနဲ့ • ရာဘာ စွန့်ပစ်ရည် အညစ်အကြေးမထွက်စေရန် • ရာဘာအမှုန် ပျံ့လွင့်မှုမရှိစေရန် • ရာဘာစက်ရုံမှ ဆူညံခြင်းမရှိစေရန် • ရာဘာအတင်အချကား အဝင်အထွက်များကြောင့် လမ်းပျက်စီးမှု မရှိစေရန်
ဒေါ်သန်းစိန်	• စက်ရုံတွင် ပြုလုပ်ထားသော စွန့်ပစ်ရည်ကန်ကို စနစ်တကျလုပ်ဆောင်ပေးပါရန်
ဒေါ်မစိန်	• စက်ရုံမှ ထုတ်လွှတ်သော အနှံ့ဆိုးနှင့် ရေဆိုးများကို ထိန်းသိမ်းပေးပါရန်

ဒေါ်ကျင်လှိုင်	• အနှံ့ဆိုးများထွက်နေပါသည်။ မထွက်အောင်စီစဉ်ပေးပါ • စက်ရုံအဝင်လမ်းတွင် လမ်းပျက်ပြီး ဖုန်ထနေပါသည်။ • စွန့်ပစ်ရည်များ မြေအောက်ထဲစိမ့်မဝင်စေရန် စီစဉ်ပေးပါ • စက်ရုံအဝင်လမ်းမှာ ဘုန်းကြီးကျောင်းဘေးတွင် ရှိသောကြောင့် ကားလမ်းမပျက်စီးရန် • စက်ရုံအဝင်လမ်းတွင် လမ်းမီးထွန်းပေးပါ
ဒေါ်ခင်စီ	• ရေဆိုး၊ အနှံ့ဆိုးများ မထွက်စေရန် • အနားယူညအိပ်ချိန် အနှံ့ဆိုး ရှောင်ပေးပါ • ဘုန်းကြီးကျောင်းဘေး မြေနီလမ်းတောလမ်းဖြစ်၍ ရာဘာတင် ကားကြီးကားငယ် အဆက်မပြတ် ဝင်ထွက်နေပါသဖြင့် လမ်းများဖုန်ထပြီး ပျက်စီးနေခြင်း • ရာဘာပေါင်းရာမှထွက်သော အနှံ့ဆိုး ဘယ်တော့ပျောက်မလဲ • ကျေးရွာအေးချမ်းအောင်ဆောင်ရွက်ပေးပါ • အနှံ့ဆိုးမထွက်ရှိအောင်ဆောင်ရွက်ပေးပါ
ဦးထွန်းလင်း	• အနှံ့ဆိုးများ မထွက်စေရန်။ • ရေဆိုးများ၊ မသန့်ရှင်းသောရေများ မြေထဲတွင် မစိမ့်ဝင်စေရန်။ • ပတ်ဝန်းကျင်မထိခိုက်စေရန်။
ဦးအေးမင်းနိုင်	• အနှံ့ဆိုးမထွက်အောင်လုပ်ပေးပါ
ဒေါ်ကျင်ဆုံ	• ပတ်ဝန်းကျင်ထိခိုက်ပါသည်။ • ရောဂါအမျိုးမျိုးထိခိုက်ပါသည်။
ဦးဉာဏ်သိန်း	• ရာဘာအနှံ့ဆိုးကြောင့် ကျေးရွာပြည်သူလူထု ကျန်းမာရေးထိခိုက်ခြင်း။ • စွန့်ပစ်ရေဆိုးကြောင့် သောက်ရေတွင်းများ ပျက်စီးပါက ရေကောင်းရေသန့်မရရှိနိုင်ခြင်း။ • ရာဘာအနှံ့ဆိုးများကို မထွက်ရှိစေရန်။
ဦးမြင့်စိုး	• ကျန်တော်တို့ကျေးရွာ ပြည်သူများအတွက် စက်ရုံမှထွက်ရှိသော အနှံ့ဆိုးများကို ပပျောက်အောင် ဆောင်ရွက်ပေးပါရန်။
ဦးသိန်းဦး	• အနှံ့ဆိုးကင်းစင်စေရန်။ • စွန့်ပစ်ရည်ညစ်ညမ်းမှုကြောင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန်။
ဦးဝင်းအောင်	• စက်ရုံမှ အနှံ့ဆိုးများကို တားဆီးပေးပါ
ဦးထွန်းငွေ	• ကျေးရွာမှ ပြည်သူလူထုများ၏ ကျန်းမာရေးကို ဦးစားပေးပါ။







ပုံ(၈-၂) ရပ်မိရပ်ဖပြည်သူတို့နှင့်တွေ့ဆုံပြီးဆန္ဒသဘောထားရယူနေပုံ။

၈-၃။ စက်ရုံဝန်ထမ်းများ ကျေးရွာသူကျေးရွာသားများ၏ ဆန္ဒသဘောထားများအပေါ် စက်ရုံမှ ဆောင်ရွက်ပေးမည့်အစီအစဉ်တင်ပြခြင်း

ရွှေမာယာခရမ့်ရာဘာစက်ရုံ ၏ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများအပေါ် စက်ရုံ ဝန်ထမ်းများ၊ စက်ရုံဝန်းကျင်ရပ်မိရပ်ဖ၊ ပြည်သူများတို့၏ အကြံပြုချက်များကို စက်ရုံက ဆောင်ရွက်ပေးမည့်အစီအစဉ်ကို စိမ်းလန်းမြန်မာပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်က စက်ရုံသို့ ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၁၆)ရက်-ရက်စွဲပါစာဖြင့် မေးမြန်းခဲ့ပါသည်။ စက်ရုံကဆောင်ရွက်ပေးမည့် အစီအစဉ်များကို ၂၀၂၀ပြည့်နှစ်၊ မေလ(၆)ရက်တွင် ပြန်ကြားလာခဲ့ပါသည်။ စက်ရုံသို့ ပေးပို့စာနှင့် စက်ရုံမှပြန်စာများကို **နောက်ဆက်တွဲ(၄)**တွင်တင်ပြထားပါသည်။

၈-၄။ ဒေသခံပြည်သူများ၏လူမှုရေးဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့်အစီအစဉ်

ရွှေမာယာခရမ့်ရာဘာစက်ရုံတွင် ဝန်ထမ်းအင်အား အမြဲတမ်း အမျိုးသားဝန်ထမ်း(၃၆)ဦး၊ အမျိုးသမီးဝန်ထမ်း(၂၁)ဦးနှင့် လုပ်ငန်းအခြေအနေပေါ်မူတည်၍ နေ့စားဝန်ထမ်းများကို ခေါ်ယူလုပ်ကိုင် တာဝန်ထမ်းဆောင်ပါသည်။ ဝန်ထမ်းများ၏တာဝန်ချိန်မှာ နံနက်-ဂုဏ၀နာရီ မှ ညနေ-၅း၀၀နာရီ ဖြစ်ပါသည်။ ထမင်းစားချိန် ၁း၅၀ နာရီ မှ ၁း၃၀ နာရီအထိ ခွင့်ပြုပါသည်။ အများပြည်သူရုံးပိတ်ရက်နှင့် တနင်္ဂနွေနေ့များတွင် အလုပ်ရပ်နားပါသည်။ သာရေး/နာရေး ထောက်ပံ့ကြေးများ ပံ့ပိုးပေးပါသည်။ လုပ်ငန်းခွင်ကာကွယ် ပစ္စည်းမျိုးများ၊ နားကျပ်အကာ၊ နှာခေါင်းစည်း၊ ခေါင်းစွပ်၊ မျက်မှန်၊ ဦးထုပ်၊ လက်အိတ်အမျိုးမျိုး ဝတ်ဆင်အသုံးပြုစေပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်ပေးခြင်း၊ လမ်းခင်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ အလှူငွေများထည့်ဝင်နေပုံ၊ သာယာကုန်းကျေးရွာရှိ (ရာမညနိကာယ-ဘားတိုက်) ဘုန်းကြီးကျောင်းဘေးမှ ရာဘာခြံအတွင်း လမ်းခင်းထားပုံများကို ဓာတ်ပုံမှတ်တမ်းများဖြင့် ပူးတွဲဖော်ပြထားပါသည်။



ပုံ(၈-၃) ဘုန်းတော်ကြီးကျောင်းဆွမ်းကပ်အလှူငွေထည့်ဝင်နေပုံ။



ပုံ(၈-၄) လမ်းခင်းထားပုံ။

၈-၅။ CSR ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်နှင့်အသုံးပြုမည့်ရန်ပုံငွေလျာထားချက်

အပိုဒ်(၈-၄)တွင် တင်ပြထားသည့် လူမှုရေးဆောင်ရွက်သည့် လှုပ်ဒါန်းပံ့ပိုးမှုများကို နောင်နှစ်များတွင် အလျဉ်းသင့်သလို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂%ကို လျာထားကြောင်းတင်ပြထားပါသည်။ ယင်းရန်ပုံငွေဖြင့် မလုံလောက်ပါက ထပ်မံတိုးမြှင့်ပါမည်။

၈-၆။ မကျေနပ်ချက်များနှင့်လိုလားချက်များဖြေရှင်းပေးမည့်အစီအစဉ်

ရွှေမာယာခရမ်းရာဘာစက်ရုံ၏ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများ ဆောင်ရွက်ရာတွင် စက်ရုံဝန်ထမ်းလုပ်သားများ၊ ပတ်ဝန်းကျင်ရပ်မိရပ်ဖများ၊ အဖွဲ့အစည်းများတို့က မကျေနပ်ချက်များ၊ လိုလားချက်များ ဖော်ပြတောင်းဆိုလာခဲ့လျှင် ဆောင်ရွက်မည့်အစီအစဉ်ကို အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ထားပါသည်။

၈-၆-က။ တာဝန်ယူဖြေရှင်းပေးမည့်အဖွဲ့.ဖွဲ့.စည်းခြင်း

မကျေနပ်ချက်များနှင့် လိုလားချက်များ တာဝန်ယူဖြေရှင်းမည့်အဖွဲ့.

စဉ်	အမည်	ရာထူး	လုပ်သက် (နှစ်)	ပညာအရည်အချင်း	ပေးအပ်မည့်တာဝန်
၁။	ဦးနေဦး	မန်နေဂျာ	၂	-	အဖွဲ့ခေါင်းဆောင်
၂။	ဦးမင်းသိုက်	မန်နေဂျာ	၂	B.E (EC)	အဖွဲ့ဝင် (လျှပ်စစ်)
၃။	ဦးအောင်မျိုးဝင်း	မန်နေဂျာ	၂	B.E (MP)	အဖွဲ့ဝင် (စက်မှု)
၄။	ဒေါ်သွယ်သွယ်ထွန်း	စာရင်းကိုင်	၂	-	အဖွဲ့ဝင် (ရုံးပိုင်း)
၅။	ဦးမာဂမ်	မန်နေဂျာ	၂	-	အဖွဲ့ဝင် (ကုန်ထုတ်)

၈-၆-ခ။ မကျေနပ်ချက်များ၊ လိုလားချက်များ ရယူစုဆည်းခြင်းနှင့် ပြန်ကြားခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံလုပ်ငန်းအပေါ် မကျေနပ်ချက်များ နှင့် လိုလားချက်များကို အောက်ပါနည်းလမ်းများဖြင့် ရယူစုဆည်းပါမည်။

- စက်ရုံတွင် အကြံပြုလွှာစာပုံးချိတ်ဆွဲထားခြင်း
- အဖွဲ့ခေါင်းဆောင် နှင့် အဖွဲ့ဝင်များနှင့်ဆက်သွယ်ရန် တယ်လီဖုန်း နံပါတ်များကို ဝန်ထမ်းစားသောက်ဆိုင်တွင် ချိတ်ဆွဲထားခြင်း
- စက်ရုံရုပ်မိရုပ်ဖများထံ တယ်လီဖုန်းနံပါတ်များ ပေးပို့ထားခြင်း

တိုင်ကြား/ဆွေးနွေးရရှိသည့် အချက်များကို တာဝန်ယူဖြေရှင်းပေးမည့်အဖွဲ့က လေ့လာ ဖတ်ရှုညှိနှိုင်းပြီး တိုင်ကြား/ဆွေးနွေးသူထံ ဆက်သွယ်ရေးနည်းလမ်းများဖြင့် ပြန်ကြားဖြေရှင်းပေး မည် ဖြစ်ပါသည်။

၈-၆-ဂ။ တိုင်ကြား/ဆွေးနွေးမှုများကိုဖြေရှင်းရန်ခန့်မှန်းအချိန်ကာလ

ရွှေမာယာခရမ်းရာဘာစက်ရုံလုပ်ငန်းအပေါ် မကျေနပ်ချက်များနှင့် လိုလားချက်များကို တိုင်ကြား/ဆွေးနွေးမှုများကို ဖြေရှင်းပေးရန် အောက်ပါအတိုင်း အချိန်ကာလ ကြာမြင့်မည် ခန့်မှန်း ပါသည်။

တိုင်ကြားမှု/ဆွေးနွေးမှုများဖြေရှင်းရန်အချိန်ကာလ(ခန့်မှန်း)

စဉ်	ကြာချိန်	မှတ်ချက်
၁။	ရက်သတ္တတစ်ပတ်	စက်ရုံတာဝန်ခံကဖြေရှင်းနိုင်ပါက
၂။	ရက်သတ္တလေးပတ်	ကုမ္ပဏီရုံးချုပ်မှဖြေရှင်းနိုင်ပါက
၃။	ရက်သတ္တလေးပတ်ကျော်	တရားရုံး၊ ဥပဒေရေးရာများ၏ အကူအညီရယူရမည်ဆိုပါက

၉။ စက်ရုံပိတ်သိမ်းရေးအစီအစဉ်

ရွှေမာယာခရမ်းရာဘာစက်ရုံသည် အကြောင်းအမျိုးမျိုးကြောင့် ပိတ်သိမ်းရမည်ဆိုပါက ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာများ မထိခိုက်စေရန် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို အောက်ပါအစီအစဉ်များအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

၉-၁။ ရည်ရွယ်ချက်

၉-၂။ ပတ်ဝန်းကျင်နှင့် လူမှုရေးဝန်းကျင်ထိခိုက်မှုများအပေါ် ပြန်လည်ကုစားမည့်နည်းလမ်းနှင့် လုပ်ငန်းပိတ်သိမ်းချိန်ဇယား

၉-၃။ ရန်ပုံငွေလျာထားချက်

၉-၁။ ရည်ရွယ်ချက်

ရွှေမာယာခရမ်းရာဘာစက်ရုံသည် အကြောင်းအမျိုးမျိုးကြောင့် ပိတ်သိမ်းရမည်ဆိုပါက ပတ်ဝန်းကျင်လေ၊ ရေ၊ မြေ၊ အသံဆူညံမှု နှင့် တုန်ခါမှုများ၊ ပတ်ဝန်းကျင်လူမှုစီးပွားရေး သက်ရောက်မှုများ၏ ဆိုးကျိုးတရားများကို အနည်းဆုံးဖြစ်စေရန် စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

၉-၂။ ပတ်ဝန်းကျင်နှင့် လူမှုရေးဝန်းကျင် ထိခိုက်မှုများအပေါ် ပြန်လည်ကုစားမည့်နည်းလမ်းနှင့် လုပ်ငန်းပိတ်သိမ်းချိန်ဇယား

ပတ်ဝန်းကျင်နှင့်လူမှုရေးဝန်းကျင်ထိခိုက်မှုအပေါ် ပြန်လည်ကုစားမှုနည်းလမ်းနှင့် လုပ်ငန်းအချိန်ဇယားကို အောက်ပါအတိုင်းဆောင်ရွက်ပါမည်။

၉-၂-က။ လုပ်ငန်းပိတ်သိမ်းရန်အဖွဲ့ဖွဲ့စည်းခြင်း

၉-၂-ခ။ အဖွဲ့ဝင်များ၏ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ

၉-၂-ဂ။ လုပ်ငန်းပိတ်သိမ်းချိန်၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ နယ်ပယ်၊ အချိန်နှင့် ကုစားမှုနည်းလမ်းများ

၉-၂-ဃ။ လုပ်ငန်းပိတ်သိမ်းချိန်ဇယား

၉-၂-က။ လုပ်ငန်းပိတ်သိမ်းရန်အဖွဲ့ဖွဲ့စည်းခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံ ပိတ်သိမ်းရန် လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် တာဝန်ပေးအပ်ခြင်းခံရသူက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သောအဖွဲ့ကို ဖွဲ့စည်းပါသည်။ စက်ရုံလုပ်ငန်းတွင် ကျွမ်းကျင်သည့်ဝန်ထမ်းများရှိသဖြင့် မိမိဝန်ထမ်းများဖြင့်သာ လုပ်ငန်းလုပ်ဆောင်ပါမည်။

- အဖွဲ့ခေါင်းဆောင်
- ရုံးလုပ်ငန်းကျွမ်းကျင်သူ
- လျှပ်စစ်ပိုင်းကျွမ်းကျင်သူ

- စက်မှုပိုင်းကျွမ်းကျင်သူ
- လူမှုစီးပွားရေးနှင့်ငွေကြေးဆိုင်ရာကျွမ်းကျင်သူ

၉-၂-ခ။ အဖွဲ့ဝင်များ၏ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ

❖ အဖွဲ့ခေါင်းဆောင်၏လုပ်ငန်းတာဝန်များ

အဆိုပါစက်ရုံ လုပ်ငန်းပိတ်သိမ်းခြင်းကို ပတ်ဝန်းကျင်အပေါ် သက်ရောက်စေမည့် ကောင်းကျိုးတရားများကို တိုးပွားစေရန်နှင့် ဆိုးကျိုးတရားများကို လျော့နည်းစေရန် ဆောင်ရွက်ရန်အတွက် ကျန်အဖွဲ့ဝင်များနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းကိုဆောင်ရွက်ရပါမည်။ ပိတ်သိမ်းရန်အဖွဲ့ဖွဲ့စည်းခြင်းကို အပိုဒ် ၁၈-၁-က တွင် ဖွဲ့စည်းထားသည့်အဖွဲ့ဝင်များကို အခြေခံပြီး တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

❖ ရုံးလုပ်ငန်းကျွမ်းကျင်သူ၏လုပ်ငန်းတာဝန်များ

- သက်ဆိုင်ရာအဖွဲ့အစည်း၏ခွင့်ပြုမိန့်များတောင်းခံခြင်း
  (ဥပမာ - စက်မှုကြီးကြပ်ရေး၊ စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေး၊ အခွန်ဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ)
- လုပ်ငန်းအလိုက် အသိအမှတ်ပြု ကျွမ်းကျင်လက်မှတ်များရရှိထားသော ကန်ထရိုက်တာများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း
  (ဥပမာ - သံတိုင်ကီများ ဖြတ်တောက်ရာတွင် ဂဟေဆော်လုပ်ငန်း ကျွမ်းကျင်လက်မှတ်၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ကျွမ်းကျင်လက်မှတ်ရ ကန်ထရိုက်တာများ (Health, Safety and Environment)
- ကန်ထရိုက်တာများထံမှ သင့်တော်သည့် ကန်ထရိုက်တာများကို ရွေးချယ်တင်ပြခြင်း၊ အတည်ပြုပါက လုပ်ငန်းစာချုပ်ချုပ်ဆိုခြင်း
- လုပ်ငန်းပြီးစီးမှုအခြေအနေများ မှတ်တမ်းပြုစုခြင်း၊ Time Line ဝင်မဝင်စစ်ဆေးခြင်း၊ နှိုးဆော်စာပို့ခြင်း
- ကျန်အဖွဲ့ဝင်များနှင့်ညှိနှိုင်း၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ခြင်း
- အဖွဲ့ခေါင်းဆောင်ထံအစီရင်ခံစာတင်ပြခြင်း

❖ လျှပ်စစ်ပိုင်းကျွမ်းကျင်သူ၏လုပ်ငန်းတာဝန်များ

- လုပ်ငန်းလည်ပတ်စဉ်က အသုံးပြုခဲ့သည့် လျှပ်စစ်ပိုင်းဆိုင်ရာများကို လုပ်ငန်းဖျက်သိမ်းချိန်တွင် အန္တရာယ်ကင်းစေရန် စီစဉ်ဆောင်ရွက်ခြင်း

  - (ဥပမာ - ဖျက်သိမ်းမည့်အဆောက်အဦတွင် လျှပ်စစ်ဝိုင်ယာကြိုးများကို ဓာတ်အားဖြတ်တောက်ခြင်း၊ နံရံတွင်းမြှုပ်ထားသော ဝါယာကြိုးများကို ပျက်စီးလေလွင့်မှုမရှိစေရန် ဖြုတ်သိမ်းခြင်း၊ လိုအပ်ပါက ယာယီပါဝါလိုင်း၊ အရန်မီးစက် အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ မီးကြိုးများ၏ လိုင်းများကို ဖော်ပြပေးခြင်း)

- လျှပ်စစ်နှင့်ပတ်သက်သော လုပ်ငန်းသုံးပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန်ဆောင်ရွက်ခြင်း (ဥပမာ-မော်တာများဖြုတ်သိမ်းခြင်း၊ မော်တာပန့်များအတွင်းမှ အရည်ကျန်များ၊ အန္တရာယ်ရှိပစ္စည်းများဖိတ်စင်မှုမရှိရန် ကြိုတင်ပြင်ဆင်ခြင်း၊ ထရန်စဖော်မာများ ဖြုတ်သိမ်းပါက ထရန်စဖော်မာဆီများကို စနစ်တကျသိမ်းဆည်း စုဆောင်းခြင်း၊ လေအေးပေးစက်များမှ Refrigerant များ ပတ်ဝန်းကျင်သို့ထွက်ရှိမှု လျော့နည်းရန် မောင်းနှင်စုဆောင်းခြင်း)
- ကျန်အဖွဲ့ဝင်များနှင့်ညှိနှိုင်း၍လိုအပ်သည်များစီစဉ်ဆောင်ရွက်ခြင်း
- အဖွဲ့ခေါင်းဆောင်ထံအစီရင်ခံတင်ပြခြင်း

❖ **စက်မှုပိုင်းကျွမ်းကျင်သူ၏လုပ်ငန်းတာဝန်များ**

- အဆောက်အဦဖျက်သိမ်းရာတွင် ပတ်ဝန်းကျင်သို့ အန္တရာယ်ရှိပစ္စည်းများထွက်ရှိခြင်းကို ထိန်းသိမ်းဆောင်ရွက်ရန် လက်မှတ်ရကန်ထရိုက်တာများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း (ဥပမာ - ကျောက်ဂွမ်း (Asbestos)) ပါဝင်နိုင်သော မျက်နှာကျက် ကျောက်ပြားများကို စနစ်တကျကိုင်တွယ်စေခြင်း၊ လေပူထုတ်စက် အပူကာပစ္စည်းများကို စနစ်တကျကိုင်တွယ် ထိန်းသိမ်းခြင်း၊ ခဲမာတ်ပါဝင်သော သုတ်ဆေးအပေါ်ယံများ ပတ်ဝန်းကျင်သို့ မရောက်ရှိစေရန် စီစဉ်ဆောင်ရွက်ခြင်း)
- အန္တရာယ်ကင်းရှင်းရေး တာဝန်ခံအဖြစ် (Safety Officer) အဖြစ် တာဝန်ယူခြင်း၊ (ဥပမာ - လုပ်ငန်းခွင် အကာအကွယ်ပစ္စည်းများ မဝတ်ဆင်ဘဲ လုပ်ငန်းခွင်ဝင်ရောက်ခြင်းကို တားဆီးခြင်း၊ အမြင့်တွင် တာဝန်ထမ်းဆောင် သူများအတွက် သက်ကယ်ကြိုးကိရိယာ ဝတ်ဆင်စေခြင်း)
- မီးဘေးအန္တရာယ်ရှိနိုင်သည်များကို ကာကွယ်တားဆီးခြင်း၊ စီမံခန့်ခွဲခြင်း (ဥပမာ - ဒီဇယ်၊ ဓာတ်ဆီတိုင်ကီများ၊ ကန်များတို့ကိုဖျက်သိမ်းရန်၊ ကြွင်းကျန်အခိုးအငွေ့များကြောင့် မီးလောင်ပေါက်ကွဲမှုများကို ကာကွယ်တားဆီးခြင်း
- လိုအပ်ပါကမော်တော်ယာဉ်ယာယီလမ်းများဖောက်ခြင်း
- ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ရန်စီမံခန့်ခွဲခြင်း
- လုပ်ငန်းခွင်တွင် ဖျက်သိမ်းခြင်းကြောင့် အမှုန်အမွှား၊ အနံ့အသက်၊ အခိုးအငွေ့များထွက်ရှိမှုကို ကာကွယ်တားဆီးခြင်း၊ လျော့နည်းစေခြင်း
- စက်ပစ္စည်းများ၊ အဆောက်အဦများ၊ အဆောက်အဦဖောင်ဒေးရှင်းများ၊ မြေအောက်ပိုက်လိုင်းများ၊ ရေတွင်းမှ သွယ်တန်းထားသော ပိုက်များနှုတ်ယူဖြုတ်သိမ်းရာတွင် စွန့်ပစ်ပစ္စည်းများထွက်ရှိမှုကို စနစ်တကျထိန်းသိမ်းခြင်း (ဥပမာ - ကွန်ကရစ်အမှုန်များ၊ သဘော်ဆေးအဖတ်များ၊ စွန့်ပစ်ဝရိန်ချောင်းများ၊ သံတိုသံစများ)

- ကျန်အဖွဲ့ဝင်များနှင့်ညှိနှိုင်း၍လိုအပ်သည်များစီစဉ်ဆောင်ရွက်ခြင်း
- အဖွဲ့ခေါင်းဆောင်ထံအစီရင်ခံစာတင်ပြခြင်း

❖ **လူမှုစီးပွားနှင့်ငွေကြေးဆိုင်ရာကျွမ်းကျင်သူ၏လုပ်ငန်းတာဝန်များ**

- အဖွဲ့၏ငွေကြေးသုံးစွဲမှုကို လုပ်ငန်းတာဝန်ခံ သို့မဟုတ် လုပ်ငန်းပိုင်ရှင်ထံမှ အချိန်မီ ခွင့်ပြုမိန့်ရရှိရန် စီစဉ်ခြင်း
- ကန်ထရိုက်တာများနှင့် ငွေကြေးကိစ္စဆောင်ရွက်ခြင်း၊ စိစစ်ခြင်း၊ အမှားအယွင်း မရှိရန်ဆောင်ရွက်ခြင်း
- အခြားနေရာများတွင် တာဝန်ထမ်းဆောင်ရန် သင့်သည့်ဝန်ထမ်းများကို ဆက်လက် တာဝန်ထမ်းဆောင်စေရန် စီစဉ်ဆောင်ရွက်ခြင်း
- လျော်ကြေးကိစ္စများဆောင်ရွက်ခြင်း
- ငွေကြေးစာရင်းဇယားထိန်းသိမ်းခြင်း
- ကျန်အဖွဲ့ဝင်များနှင့်ညှိနှိုင်း၍လိုအပ်သည်များစီစဉ်ဆောင်ရွက်ခြင်း
- အဖွဲ့ခေါင်းဆောင်ထံအစီရင်ခံစာတင်ပြခြင်း

၉-၂-၈။ လုပ်ငန်းပိတ်သိမ်းချိန်၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ နယ်ပယ်၊ အချိန်နှင့် ကုစားမှုနည်းလမ်းများ

ရွှေမာယာခရမ်းရာဘာစက်ရုံ ပိတ်သိမ်းချိန်တွင် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ နယ်ပယ်၊ အချိန်နှင့်ကုစားမှုနည်းလမ်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

၉-၂-၈-(၁)။ ပိတ်သိမ်းချိန်လေထုအပေါ် သက်ရောက်မှု

၉-၂-၈-(၂)။ ပိတ်သိမ်းချိန်ရေထုအပေါ် သက်ရောက်မှု

၉-၂-၈-(၃)။ ပိတ်သိမ်းချိန်မြေထုအပေါ် သက်ရောက်မှု

၉-၂-၈-(၄)။ ပိတ်သိမ်းချိန်ဆူညံသံများကြောင့်သက်ရောက်မှုများ

၉-၂-၈-(၅)။ ပိတ်သိမ်းချိန်လူမှုစီးပွားသက်ရောက်မှုများ

၉-၂-၈-(၁)။ ပိတ်သိမ်းချိန်လေထုအပေါ် သက်ရောက်မှု

ရွှေမာယာခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- အမှုန်အမွှားများလွင့်ထွက်ခြင်း၊ လောင်ကျွမ်းဓာတ်ငွေ့များနှင့် ယိုစိမ့် ဓာတ်ငွေ့ထုတ်လွှတ်ခြင်း၊ အနှံ့ဆိုးများထွက်ရှိခြင်း။
သက်ရောက်စေသောအကြောင်းအရင်းများ	- လုပ်ငန်းခွင်ဝန်ထမ်းများ၊ ဖျက်သိမ်းရာမှထွက်ရှိသော ပစ္စည်းများ၊ လောင်စာဆီများ၊ လုပ်ငန်းသုံးစက်ပစ္စည်း ကိရိယာများ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်များ၊ ယာယီလျှပ်စစ်ဓာတ်အားပေးစက်များ၏ အိပ်ဇောပိုက်များမှ အမှုန်အမွှားများ၊ ဓာတ်ငွေ့များနှင့် အနှံ့ဆိုးများထွက်ရှိခြင်း။ - လုပ်ငန်းတွင် သိုလှောင်ထားသော လက်ကျန်ဒီဇယ်၊ သယ်ယူရွှေ့ပြောင်းရာ

	တွင် အငွေ့ပျံမှုကြောင့် အခိုးအငွေ့အနှံ့အသက်များ လေထုအတွင်းသို့ ထုတ်လွှတ်ခြင်း။ - လေအေးစက်များမှ Refrigerant များ၊ Condenser အတွင်းစုဆောင်းရာမှ ယိုစိမ့်မှုများ။ - လေလိုအင်္ဂါဇီဝသက်ရှိချေဖျက်ကန်များမှအနှံ့အသက်များ။ - အဆောက်အဦနံရံများ ဖြိုချရာတွင်လည်းကောင်း၊ ဖောင်ဒေးရှင်းအုတ်ရိုးများ တူးဖော်ရာတွင်လည်းကောင်း၊ သံတိုင်ကီများ ခွဲစိတ်ဖြတ်တောက်ရာတွင်လည်းကောင်း၊ လေထုအတွင်းသို့ ရောက်ရှိနိုင်သည့်အမှုန်အမွှား၊ အခိုးအငွေ့ အနှံ့အသက်များ လေထုအတွင်းသို့ ထုတ်လွှတ်ခြင်း။ - မော်တော်ယာဉ်များသွားလာမှုကြောင့်မြေကြီးဖုန်ထမှုများ။ - ရာဘာကုန်ကြမ်း၊ ကုန်ချောများ သယ်ယူရွှေ့ပြောင်းရာမှ အနှံ့အသက်များ။ - ဖျက်သိမ်းရေးဝန်ထမ်းများ ချက်ပြုတ်စားသောက်ရာမှ ထွက်ရှိသောအခိုးအငွေ့အနှံ့အသက်များ။
သက်ရောက်မှုနယ်ပယ်	- ဖျက်သိမ်းသည့် ပစ္စည်းအဟောင်းအတိုအစများ သယ်ယူသည့်ခရီးလမ်းတစ်လျှောက်ရှိပြည်သူလူထု။ - လုပ်ငန်းဝင်းအတွင်း ဖျက်သိမ်းခြင်းတာဝန် ထမ်းဆောင်သည့်ဝန်ထမ်းများ။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- ပြည်သူလူထုအပေါ် သက်ရောက်မှု အတိုင်းအတာနည်းပြီး သက်ရောက်မှု အချိန်ကာလ တိုတောင်းပါသည်။ - စက်ရုံအတွင်းရှိ ဖျက်သိမ်းရေးလုပ်သားများအတွက် သက်ရောက်မှုအတော်အတန်ရှိပြီး အချိန်ကာလမကြာရှည်ပါ။
ကုစားမှုနည်းလမ်းများ	- မော်တော်ယာဉ်များ၊ လျှပ်စစ်ထုတ်စက်များ၏ အင်ဂျင်စွမ်းရည် မြင့်မားစေခြင်း၊ အရည်အသွေးကောင်းမွန်သော လောင်စာဆီများ အသုံးပြုခြင်းဖြင့် သဘာဝမဟုတ်သော ဓာတ်ငွေ့များထွက်ရှိမှုနှင့် ကာဗွန်အမှုန်အမွှားများထွက်ရှိမှု လျော့နည်းစေပါသည်။ - လက်ကျန်ဒီဇယ်၊ ရွှေ့ပြောင်းရာတွင် ဖိတ်စင်မှုမရှိရန် ကြပ်မတ်ခြင်း၊ အဖုံးအကာပါသောတိုင်ကီ၊ စည်များဖြင့်သယ်ယူခြင်း၊ သယ်ယူခြင်းကို အပူချိန်နိမ့်သည့်အချိန်များတွင် ဆောင်ရွက်ခြင်း။ - လေအေးပေးစက်များမှ Refrigerant များကို Condenser များအတွင်း စုဆောင်းရာတွင် ကျွမ်းကျင်သူဝန်ထမ်းများက စနစ်တကျဆောင်ရွက်ခြင်း။ - လေလိုအင်္ဂါဇီဝ သက်ရှိကန်များကို ကျွမ်းကျင်ပညာရှင်များနှင့် အနှံ့အသက်များမထွက်စေရန် စီစဉ်ဆောင်ရွက်ခြင်း။ - အဆောက်အဦနံရံများ၊ ဖောင်ဒေးရှင်းအုတ်ရိုးများ တူးဖော်ရာတွင် ရေဖျန်းခြင်း။ - သံတိုင်ကီများ၊ စတီးတိုင်ကီများ ဖြတ်တောက်ရာတွင် ဖြတ်ကြောင်း လျော့နည်းနိုင်သမျှ လျော့နည်းအောင် ဖြတ်တောက်ခြင်း။ - မြေပြင်ကိုရေဖျန်းထားခြင်း။

	- ဖြစ်နိုင်ပါက ဖျက်သိမ်းရေး ဝန်ထမ်းစားရေးသောက်ရေးကို ပြင်ပမှမှာယူကျွေးမွေးခြင်း။ - ရာဘာကုန်ချောများ သယ်ယူရွှေ့ပြောင်းရာတွင် လုံခြုံသော အဖုံးအကာများ၊ အပူချိန်လျော့နည်းသည့် အချိန်များတွင် ဆောင်ရွက်ခြင်း။

၉-၂-ဂ-(၂)။ ပိတ်သိမ်းချိန်ရေထုအပေါ် သက်ရောက်မှု

ရွှေမာဃခရမ့်ရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- ဖျက်သိမ်းရေးလုပ်သား ဝန်ထမ်းများ၏ စနစ်တကျ စွန့်ပစ်ခြင်းမရှိသည့် ရေဆိုးများ။ - ဓာတ်ဆီများ သယ်ယူရွှေ့ပြောင်း ဖြတ်တောက်ရာတွင် မီးလောင်ပေါက်ကွဲမှုမဖြစ်ပေါ်စေရန် လက်ကျန်များကို ဆေးကြောရေများ။ - Septic Tank များမှအရည်ကျန်များ။ - လေလိုအဏုဇီဝသက်ရှိချေဖျက်ကန်များမှအရည်များ။ - ဖျက်သိမ်းရာတွင်ဖုန်မထစေရန်ဖျန်းသည့်ရေများ။ - ဖျက်သိမ်းရေးဝန်ထမ်းများ ချက်ပြုတ်စားသောက်ရာမှ ထွက်ရှိသည့် စွန့်ပစ်ရည်များ။ - စက်ပစ္စည်းများအတွင်းမှ စက်ဆီချောဆီများ။ - ထရန်စဖော်မာဆီများ။
သက်ရောက်စေသောအကြောင်းအရင်းများ	- စနစ်မကျခြင်း၊ စည်းကမ်းမလိုက်နာခြင်း၊ ညွှန်ကြားချက်များချိုးဖောက်ခြင်း။
သက်ရောက်မှုနယ်ပယ်	- လုပ်ငန်းအတွင်းစွန့်ပစ်ရည်များထွက်ရှိသည့်မြောင်းနှင့်ပြင်ပမြောင်းများ။
ကုစားမှုနည်းလမ်းများ	- စနစ်တကျဆောင်ရွက်ခြင်း၊ ညွှန်ကြားချက်များ၊ စည်းကမ်းလိုက်နာခြင်း၊ ကြပ်မတ်စစ်ဆေးခြင်း၊ မလိုက်နာပါက ပညာပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်း။ - စွန့်ပစ်ရည်များကိုစုယူပြီး စည်ပင်သာယာရေး ကော်မတီခွင့်ပြုသည့်နေရာတွင် စွန့်ပစ်ခြင်း။ - Septic Tank များအတွင်းမှ ရေများ စည်ပင်သာယာရေးကော်မတီထံ အပ်နှံရှင်းလင်းခြင်း။

၉-၂-ဂ-(၃)။ ပိတ်သိမ်းချိန်မြေထုအပေါ် သက်ရောက်မှု

ရွှေမာဃခရမ့်ရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- ဖျက်သိမ်းရေးဝန်ထမ်းများ နေ့စဉ်သုံးစွဲရာမှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းအစိုင်အခဲများ။

	- ဖျက်သိမ်းရေး ဝန်ထမ်းများ ချက်ပြုတ်ကြော်လှော်ရာမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းအစိုင်အခဲများ။ - အဆောက်အဦ ဖျက်သိမ်းခြင်းမှ ထွက်ရှိသည့်ပစ္စည်းများ သယ်ယူရာတွင် ဖိတ်စင်မှုများ ဥပမာ - အုတ်ခဲကျိုးများ၊ ဘိလပ်မြေမဆလာအပိုင်းအစများ၊ သဲများ၊ မှုန်ကွဲများ၊ အမိုးပြားများ။ - တိုင်ကီများ ဖျက်သိမ်းရာမှ သံတိုသံစချောင်းများ၊ သဘော်ဆေး လောင်ကျွမ်းပြာများ။ - ဘို့နပ်အပျက်အစီးများ (I Beam များ၊ သံဖရိန်များ)
သက်ရောက်စေသောအကြောင်းအရင်းများ	- စနစ်မကျခြင်း၊ စည်းကမ်းညွှန်ကြားချက်များမလိုက်နာခြင်း။
သက်ရောက်မှုနယ်ပယ်	- လုပ်ငန်းပတ်ဝန်းကျင်နှင့် ဖျက်သိမ်းပစ္စည်းများ သယ်ယူရာလမ်း တစ်လျှောက် ပြည်သူလူထုနှင့် ဖျက်သိမ်းရေးဝန်ထမ်းများ။
သက်ရောက်မှုအတိုင်းအတာ နှင့် အချိန်ကာလ	- လုပ်ငန်းပတ်ဝန်းကျင်နှင့် ဖျက်သိမ်းပစ္စည်းများ သယ်ယူရာလမ်း တစ်လျှောက် ပြည်သူလူထုအပေါ် သက်ရောက်မှုအတိုင်းအတာနည်းပြီး အချိန်ကာလ တိုတောင်းပါသည်။ - ဖျက်သိမ်းရေး ဝန်ထမ်းများအပေါ် သက်ရောက်မှု အတော်အတန်ရှိပြီး အချိန်ကာလ မကြာရှည်ပါ။
ကုစားမှုနည်းလမ်းများ	- စနစ်တကျဆောင်ရွက်ရန် ပညာပေးခြင်း၊ ကြပ်မတ်ခြင်း၊ စစ်ဆေးအရေးယူ အပြစ်ပေးခြင်း။ - သယ်ယူသည့်အခါ မော်တော်ယာဉ်ပေါ် အတင်အချတွင် ဖိတ်စင်မှုမရှိရန် ကြပ်မတ်ခြင်း၊ အမိုးအကာများဖြင့်သယ်ယူခြင်း၊ ကျွမ်းကျင်ယာဉ်မောင်း၊ ကြံ့ခိုင်သောယာဉ်များ တာဝန်ပေးအသုံးပြုခြင်း။

၉-၂-ဂ-(၄)။ ဝိတ်သိမ်းခြိန်ဆူညံသံများကြောင့်သက်ရောက်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- ဖျက်သိမ်းရေးဝန်ထမ်းများ၊ ဖျက်သိမ်းသည့်ပစ္စည်းများ၊ လောင်စာများ၊ လုပ်ငန်းသုံးစက်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ လျှပ်စစ်ထုတ်စက်များ၏ မောင်းနှင်မှုများကြောင့် ဆူညံသံများ၊ တုန်ခါမှုများ။ - အဆောက်အဦဖြိုဖျက်ရာတွင် ထုရိုက်၊ ဖောက်ထုတ်၊ ဖြိုချရာမှ ဆူညံသံ၊ တုန်ခါမှုများ။ - ဖောင်ဒေးရှင်း အုတ်ရိုးများ တူးဖော်ရာမှ ဆူညံသံ၊ တုန်ခါမှုများ။ (Vibration အသံများ)။ - တိုင်ကီများဖြိုဖျက်ရာမှ ဆူညံသံ၊ တုန်ခါမှုများ။ - စက်ပစ္စည်းကိရိယာများ ဖျက်သိမ်းရာမှ ဆူညံသံ၊ တုန်ခါမှုများ။ - ရာဘာသယ် ကွန်ဗေရာ၊ ရာဘာခုတ်ထစ်ဖြတ်တောက်ချေစက်များ၊ ရာဘာ

	ပို့ပန့်၊ အခြောက်ခံစက်၊ ရာဘာဖြတ်စက်၊ ရာဘာဖိသိပ်စက်များ။ - လျှပ်စစ်ပစ္စည်းများ (ထရန်စဖော်မာ၊ ကွန်ထရိုးပင်နယ်)များ ဖြုတ်သိမ်းသယ်ယူရာမှ ဆူညံသံ၊ တုန်ခါမှုများ။ - စွန့်ပစ်ရည်သန့်စင်ကိရိယာဖြုတ်သိမ်းခြင်း။
သက်ရောက်စေသောအကြောင်းအရင်းများ	- စနစ်မကျခြင်း၊ စည်းကမ်းညွှန်ကြားချက်များ မလိုက်နာခြင်း။
သက်ရောက်မှုနယ်ပယ်	- ဖျက်သိမ်းသည့်ပစ္စည်းများ သယ်ယူပို့ဆောင်သည့် လမ်းတစ်လျှောက်ရှိ ပြည်သူလူထုနှင့် လုပ်ငန်းခွင်ဖျက်သိမ်းရေးဝန်ထမ်းများ။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- ပြည်သူလူထုအပေါ် သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ နည်းပါသည်။ - ဖျက်သိမ်းရေးဝန်ထမ်းများအပေါ် သက်ရောက်မှု အတိုင်းအတာ အတော်အသင့်ရှိပြီး သက်ရောက်မှုကာလ တိုတောင်းပါသည်။
ကုစားမှုနည်းလမ်းများ	- စနစ်တကျဆောင်ရွက်ခြင်း၊ ဖျက်သိမ်းရေးဝန်ထမ်းများအတွက် လုပ်ငန်းခွင်အကာအကွယ်ပစ္စည်းများ အသုံးပြုခြင်း။ - ဆူညံသံသတ်မှတ်ချက်ထက်ကျော်လွန်ပါက အချိန်တိုဆောင်ရွက်ခြင်းဖြင့် ကုစားခြင်း။ - ပတ်ဝန်းကျင်နားနေချိန်နှင့်ရှောင်လွှဲလုပ်ကိုင်ခြင်း။

၉-၂-ဂ-(၅)။ ပိတ်သိမ်းချိန်လှုပ်ရှားမှုစီးပွားသက်ရောက်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ	
သက်ရောက်မှုနည်းလမ်းများ	- မူလပင်မတာဝန်ထမ်းဆောင်သော ဝန်ထမ်းများအလုပ်လက်မဲ့ဖြစ်ခြင်း။ - မူလလုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းများ အလုပ်လက်မဲ့ဖြစ်ခြင်း (ဥပမာ- ကုန်တင်ကုန်ချပုတ်ပြတ်၊ အရောင်းအဝယ်သမားများ)။ - နိုင်ငံတော်အခွန်လျော့နည်းခြင်း။ - ကုန်ကြမ်းကုန်ချောသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ။ - ဖျက်သိမ်းရေးလုပ်သားများအတွက် ဝင်ငွေတစ်စိတ်တစ်ဒေသ ရရှိပါသည်။
သက်ရောက်စေသောအကြောင်းအရင်းများ	- လုပ်ငန်းဖျက်သိမ်းခြင်းသဘာဝအရဖြစ်ပါသည်။
သက်ရောက်မှုနယ်ပယ်	- မူလဆက်စပ်လုပ်သားများ။ - ဖျက်သိမ်းရေးလုပ်သားများ။
သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ	- မူလနှင့် ဆက်စပ်လုပ်သားများ အပေါ် သက်ရောက်မှု အတိုင်းအတာ အတော်အသင့်ရှိပြီး အချိန်အတော်အသင့်ကြာပါသည်။ - ဖျက်သိမ်းရေးလုပ်သားများအပေါ် သက်ရောက်မှုအတိုင်းအတာနှင့် အချိန်ကာလ တိုတောင်းပါသည်။
ကုစားမှုနည်းလမ်းများ	- မူလတာဝန် ထမ်းဆောင်သူများအတွက် ဥပဒေအရ နစ်နာကြေးပေးခြင်း၊

	- အခြားဆက်စပ်သည့်လုပ်ငန်းများအတွင် တာဝန်လွဲပြောင်းထမ်းဆောင်စေခြင်း။

၉-၂-ဃ။ လုပ်ငန်းပိတ်သိမ်းချိန်ဇယား

ရွှေမာယာခရမ်းရောဘာစက်ရုံကို အကြောင်းအမျိုးမျိုးကြောင့် ပိတ်သိမ်းရမည်ဆိုပါက အောက်ပါလုပ်ငန်းစဉ် အချိန်ဇယားဖြင့် ဆောင်ရွက်ပါမည်။

ရွှေမာယခရမ့်ရာဘာစက်ရုံပိတ်သိမ်းချိန်အချိန်ဇယား

စဉ်	လုပ်ငန်းစဉ်	ရက်သတ္တပတ်																
		၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇
၁။	ဖျက်သိမ်းအဖွဲ့ဖွဲ့စည်းခြင်း၊ တာဝန်ခွဲဝေခြင်း။																	
၂။	လုပ်ငန်းကန်ထရိုက်တာများနှင့်ဆက်သွယ်ခြင်းစာချုပ်ချုပ်ဆိုခြင်း																	
၃။	ခွက်ကပ်၊ ဆွဲဖတ်၊ အစိမ်းပြားများစသော ကုန်ကြမ်းပစ္စည်းများ ရွှေ့ပြောင်းခြင်း။																	
၄။	ရုံးစာရွက်စာတမ်း၊ စားဖိုဆောင်ပစ္စည်းများ ရွှေ့ပြောင်းခြင်း။																	
၅။	ပုံစံခွက်များ၊ ကုန်ချောလက်ကျန်များအား ရွှေ့ပြောင်းခြင်း။																	
၆။	ထင်း၊ ဒီဇယ်လက်ကျန်များ ရွှေ့ပြောင်းခြင်း။																	
၇။	လျှပ်စစ်ပိုင်းအန္တရာယ်ကင်းရှင်းရန်ဆောင်ရွက်ခြင်း။																	
၈။	ရာဘာရေစိမ်ကန်များ၊ ခုတ်ထစ်ဖြတ်တောက် ကြိတ်ချေစက်များ၊ ကွန်ဗေယာများ ဖြုတ်သိမ်းရွှေ့ပြောင်းခြင်း။																	
၉။	ရာဘာအတုံးများ၊ သယ်ယူပို့ဆောင်ပန့်များ၊ ပိုက်လိုင်းများ၊ ရေခွဲစင်များ ဖြုတ်သိမ်းရွှေ့ပြောင်းခြင်း။																	
၁၀။	လျှပ်စစ်ထုတ်စက်များဖြုတ်ရွှေ့ခြင်း။																	
၁၁။	ရေပိုက်လိုင်းများဖြုတ်သိမ်းခြင်း။																	
၁၂။	အဆောက်အဦများဖြုတ်သိမ်းခြင်း၊ (စွန့်ပစ်ရည်သန့်စင်ကိရိယာကန်များပါသည်။)																	
၁၃။	ကားကတ္တားဖြုတ်သိမ်းခြင်း။																	
၁၄။	ဖောင်ဒေးရှင်းများတူးထုတ်ခြင်း။																	

၁၅။	Spetic Tank များရှင်းလင်းခြင်း၊ မြေဖို့ခြင်း။																	
၁၆။	ချိုင့်ဝှမ်းများမြေဖို့ခြင်း။																	
၁၇။	သစ်ပင်များစိုက်ပျိုးခြင်း။																	

၉-၃။ ရန်ပုံငွေလျာထားချက်

အဆိုပါစက်ရုံလုပ်ငန်း ပိတ်သိမ်းရာတွင် အသုံးပြုရန် ငွေကြေးလျာထားငွေကို အောက်ပါအတိုင်း စီစဉ်ထားပါသည်။ လျာထားငွေဖြင့် မလုံလောက်ပါက ထပ်မံထည့်ဝင်သုံးစွဲသွားပါမည်။

စဉ်	လုပ်ငန်းအမျိုးအမည်	သုံးစွဲရန်လျာထားငွေ (ကျပ်)	မှတ်ချက်
၁။	လက်ကျန်ကုန်ကြမ်းများ သယ်ယူရွှေ့ပြောင်းထုခွဲ ရောင်းချခြင်း (ခွက်ကပ်၊ ဆွဲဖတ်၊ အစိမ်းပြား၊ ထုံးအိတ်၊ ထင်းတုံးများ၊ ထုပ်ပိုးပစ္စည်းများ)။	၂၀၀,၀၀၀	
၂။	စက်ဆီချောဆီ၊ ဒီဇယ်များ သယ်ယူရွှေ့ပြောင်းခြင်း၊ ထုခွဲရောင်းချခြင်း။	၅၀,၀၀၀	
၃။	လျှပ်စစ်ပိုင်းဆိုင်ရာ ဖြုတ်သိမ်းခြင်း၊ မီးစက်များနေရာရွှေ့ပြောင်းအသုံးပြုခြင်း။	၁,၀၀၀,၀၀၀	
၄။	အဆောက်အဦများ ဖျက်သိမ်းခြင်း၊ ထုခွဲရောင်းချခြင်း၊ အဆောက်အဦများမှာ ပင်မစက်ရုံ၊ ကုန်ကြမ်းသိုလှောင် သန့်စင်ရုံ၊ ခွက်ကပ်/ ဆွဲဖတ် ကုန်ကြမ်းရုံ၊ ရုံးခန်း- စတိုခန်း၊ ဓာတ်အားပေးရုံ၊ လုပ်သားစားသောက်ဆောင်၊ လုပ်သားတန်းလျား၊ စက်ပစ္စည်းများ ဖြုတ်ယူသယ်ဆောင်ခြင်း။	၄,၀၀၀,၀၀၀	
၅။	ရေပိုက်လိုင်းများ၊ ရေစင်များ၊ ရေတွင်းပန့်များ ဖြုတ်သိမ်းခြင်း။	၄,၀၀၀,၀၀၀	
၆။	ကားကတ္တားဖြုတ်သိမ်းသယ်ယူရွှေ့ပြောင်းခြင်း။	၁,၀၀၀,၀၀၀	
၇။	Septic Tank များကို စည်ပင်သာယာရေးကော်မတီထံ လုပ်ငန်းအပ်နှံရှင်းလင်းခြင်း။	၁,၀၀၀,၀၀၀	
၈။	ဖောင်ဒေးရှင်းများတူးဖော်ခြင်း၊ အုတ်ကျိုး/ ကောင်းများ သယ်ယူရွှေ့ပြောင်းရောင်းချခြင်း။	၅၀,၀၀၀	
၉။	ချိုင့်ပှမ်းများမြေဖို့ခြင်း။	၅၀,၀၀၀	
၁၀။	သစ်ပင်များစိုက်ပျိုးခြင်း။	၁,၀၀၀,၀၀၀	
၁၁။	လုပ်သားဝန်ထမ်းများအတွက် (၃)လစာ လျော်ကြေးပေးခြင်း (ပျမ်းမျှလစာ(၃)သိန်း × ၃လ × ဝန်ထမ်းဦးရေ - ၅၅ဦး= ၄၉၅ သိန်း)	၄၉,၅၀၀,၀၀၀	
စုစုပေါင်း		၆၂,၇၅၀,၀၀၀	

၁၀။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်

ရွှေမာယာခရမ်းရာဘာစက်ရုံ ၏ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ပါမည် -

၁၀-၁။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ခြင်းအတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ

၁၀-၂။ လိုက်နာဆောင်ရွက်မည့်ကတိကဝတ်များ

၁၀-၃။ List of Commitment

၁၀-၁။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ခြင်းအတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များ

ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ခြင်းအတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များကို အောက်ပါအတိုင်းစီစဉ်ထားပါသည် -

၁၀-၁-က။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းခြင်း

၁၀-၁-ခ။ တာဝန်ဝတ္တရားများ

၁၀-၁-ဂ။ လိုက်နာဆောင်ရွက်မှုစောင့်ကြပ်ကြည့်ရှုခြင်းနှင့်အစီရင်ခံခြင်း

၁၀-၁-ဃ။ ဖြစ်ပေါ်နိုင်သောပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာထိခိုက်မှုများအကျဉ်းချုပ်

၁၀-၁-င။ လက်ရှိထိခိုက်မှုများအား လျော့ချခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်

၁၀-၁-စ။ အနာဂတ်တွင်ဖြစ်ပေါ်နိုင်သော ထိခိုက်မှုများအား လျော့ချခြင်းအတွက် ဆောင်ရွက်မည့် အစီအစဉ်

၁၀-၁-ဆ။ အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက တုံ့ပြန်ဆောင်ရွက်မည့်အစီအစဉ်၊ ကြိုတင်ဆောင်ရွက်ထားရှိမှုများ လေ့ကျင့်သင်ကြားမှုအစီအစဉ်များ

၁၀-၁-ဇ။ ပတ်ဝန်းကျင်အရည်အသွေး စောင့်ကြပ်ကြည့်ရှုတိုင်းတာမည့် Parameterများ၊ နည်းလမ်းများ၊ အချိန်ဇယား၊ သတ်မှတ်နေရာ၊ အကြိမ်အရေအတွက်နှင့် အတည်ပြုမည့်နည်းလမ်း

၁၀-၁-ဈ။ ဒေသခံပြည်သူချိတ်ဆက်ပါဝင်ရေးနှင့်ဒေသဖွံ့ဖြိုးရေး

၁၀-၁-ည။ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးနှင့် သင်တန်းအစီအစဉ်များ အကောင်အထည်ဖော်မည့်အချိန်ဇယား

၁၀-၁-ဋ။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ပါ လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်တာဝန်ပေးမည့် ပုဂ္ဂိုလ်အဖွဲ့အစည်းနှင့် သုံးစွဲမည့်ခန့်မှန်းအသုံးစရိတ်

၁၀-၁-က။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းခြင်း

ရွှေမာယာခရမ်းရောဘာစက်ရုံ ပိုင်ရှင် သို့မဟုတ် လုပ်ငန်းတာဝန်ခံက စက်ရုံမှ သင့်တော်သည့် ဝန်ထမ်းတစ်ဦးဦးကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ် အဖွဲ့ခေါင်းဆောင်ခန့်အပ်လျက် အောက်ဖော်ပြပါ ကိုယ်စားလှယ်များဖြင့် အဖွဲ့ ဖွဲ့စည်းပေးရန်ဖြစ်ပါသည်။

စဉ်	အမည်	ရာထူး	လုပ်သက် (နှစ်)	ပညာအရည်အချင်း	ပေးအပ်မည့်တာဝန်
၁။	ဦးနေဦး	မန်နေဂျာ	၂	-	ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ခေါင်းဆောင်
၂။	ဦးမင်းသိုက်	မန်နေဂျာ	၂	B.E (EC)	အဖွဲ့ဝင် (လျှပ်စစ်)
၃။	ဦးအောင်မျိုးဝင်း	မန်နေဂျာ	၂	B.E (MP)	အဖွဲ့ဝင် (စက်မှု)
၄။	ဒေါ်သွယ်သွယ်ထွန်း	စာရင်းကိုင်	၂	-	အဖွဲ့ဝင် (ရုံးပိုင်း)
၅။	ဦးမာဂမ်	မန်နေဂျာ	၂	-	အဖွဲ့ဝင် (ကုန်ထုတ်)

၁၀-၁-ခ။ တာဝန်ဝတ္တရားများ

အဖွဲ့ဝင်များကို အောက်ပါအတိုင်း တာဝန်ဝတ္တရားများ သတ်မှတ်ပေးထားပါသည်။

၁၀-၁-ခ-(၁)။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ခေါင်းဆောင် တာဝန်ဝတ္တရားများ

၁၀-၁-ခ-(၂)။ ကုန်ထုတ်ဌာနမှကိုယ်စားလှယ်၏တာဝန်များ

၁၀-၁-ခ-(၃)။ ရုံးပိုင်းဆိုင်ရာကိုယ်စားလှယ်၏တာဝန်များ

၁၀-၁-ခ-(၄)။ ငွေကြေးပိုင်းဆိုင်ရာကိုယ်စားလှယ်၏တာဝန်များ

၁၀-၁-ခ-(၅)။ လျှပ်စစ်ဌာနမှကိုယ်စားလှယ်၏တာဝန်များ

၁၀-၁-ခ-(၆)။ စက်မှုပြုပြင်ဌာနမှကိုယ်စားလှယ်၏တာဝန်များ

၁၀-၁-ခ-(၁)။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ခေါင်းဆောင် တာဝန်ဝတ္တရားများ

- ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာကို ဖတ်ရှုလေ့လာခြင်း၊ ပြင်ဆင်ရန် လို အပ်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန၏ ညွှန်ကြား ချက်များကို တတိယအဖွဲ့အစည်း၏ ပြင်ဆင်ချက်ပြုစုပြီးသည့် အစီရင်ခံစာကို ပြန်လည်တင်ပြခြင်း။

- ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တိုင်ပင်၍ လက်ရှိထိခိုက်မှုများအား လျော့ချခြင်းအတွက် လုပ်ငန်းအစီအစဉ်အတွက် ငွေကြေးသုံးစွဲရန် ရန်ပုံငွေကို စက်ရုံတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်ထံ တင်ပြတောင်းခံခြင်း။
- အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော ထိခိုက်မှုများအား လျော့ချခြင်းအတွက် ဆောင်ရွက်မည့် အစီအစဉ်အတွက် အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း။
- အဖွဲ့ဝင်များကိုသက်ဆိုင်သည့်တာဝန်များခွဲပေးခြင်း။
  မိမိအဖွဲ့၏ ဆောင်ရွက်ချက်များကို စက်ရုံတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်ထံ တင်ပြရန်။

၁၀-၁-ခ-(၂)။ ကုန်ထုတ်ဌာနမှကိုယ်စားလှယ်၏တာဝန်များ

- လက်ရှိထိခိုက်မှုများအား လျော့ချခြင်းအတွက် ဆောင်ရွက်ရန် အစီအစဉ်များ ဆောင်ရွက်ခြင်း။
- အခြားအဖွဲ့ဝင်များနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း။
- ဆောင်ရွက်ပြီးစီးမှုကိုအဖွဲ့ခေါင်းဆောင်ထံတင်ပြရန်။
- အစည်အမြဲ စစ်ဆေးကြည့်ရှုရမည့်ကိစ္စရပ်များကို နေ့စဉ်စစ်ဆေးနေရန် - ဥပမာ - မီးသတ်ဆေးဘူးများ၊ ပိုက်လိုင်းယိုဖိတ်မှုများ၊ ကျန်းမာရေးဆေးသေတ္တာများ။

၁၀-၁-ခ-(၃)။ ရုံးပိုင်းဆိုင်ရာကိုယ်စားလှယ်၏တာဝန်များ

- အဖွဲ့ဝင်များ၏ ရုံးပိုင်းဆိုင်ရာလိုအပ်ချက်များ ဆောင်ရွက်ရန်၊ ဥပမာ - ရုံးမိန့်ထုတ်ခြင်း၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်း။
- စာရင်းဇယားများ ပြုစုထိန်းသိမ်းခြင်း၊ ဥပမာ - စွန့်ပစ်ပစ္စည်းထုတ်ပေး၊ ပြန်လည်အသုံးပြု၊ ထုခွဲရောင်းချခြင်းများ။
- စည်ပင်သာယာရေးကော်မတီနှင့် ဆက်သွယ်စွန့်ပစ်မှုများဆောင်ရွက်ခြင်း။

လိုအပ်ပါက ဆောင်ရွက်မှုများကိုအဖွဲ့လိုက်စစ်ဆေးကြပ်မတ်ခြင်း။

၁၀-၁-ခ-(၄)။ ငွေကြေးပိုင်းဆိုင်ရာကိုယ်စားလှယ်၏တာဝန်များ

- အဖွဲ့ဝင်များ၏ ငွေကြေးသုံးစွဲမှုများ၊ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ခြင်း။
- ငွေကြေးစာရင်းဇယားထိန်းသိမ်းခြင်း။
- လိုအပ်ပါက ဆောင်ရွက်မှုများကို အဖွဲ့လိုက်စစ်ဆေးကြပ်မတ်ခြင်း။

၁၀-၁-ခ-(၅)။ လျှပ်စစ်ဌာနမှကိုယ်စားလှယ်၏လုပ်ငန်းတာဝန်များ

- စက်ရုံလည်ပတ်စဉ် လျှပ်စစ်ပစ္စည်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ထိခိုက်ပျက်ဆီးမှုမရှိရန် စီစဉ်ဆောင်ရွက်ခြင်း
- လျှပ်စစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန် စီစဉ်ဆောင်ရွက်ခြင်း (ပန့်များ၊ မော်တာများ ပြုပြင်ရာတွင် အင်ဂျင်ဝိုင်၊ ချောဆီများ ယိုဖိတ်မှုမရှိရန် ဆောင်ရွက်ခြင်း)
- Monitoring Plan တွင်ပါဝင်ကူညီခြင်း
- ကျန်အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍လိုအပ်သည်များ စီစဉ်ဆောင်ရွက်ခြင်း
- အဖွဲ့ခေါင်းဆောင်ထံအစီရင်ခံတင်ပြခြင်း

၁၀-၁-ခ-(၆)။ စက်ပြုပြင်ဌာနမှကိုယ်စားလှယ်၏လုပ်ငန်းတာဝန်များ

- အန္တရာယ်ကင်းရှင်းရေးတာဝန်ခံ (Safety Officer) အဖြစ် တာဝန်ယူခြင်း၊ (ဥပမာ - လုပ်ငန်းခွင်အကာအကွယ်ပစ္စည်းများ မဝတ်ဆင်ဘဲ လုပ်ငန်းခွင်ဝင်ရောက်ခြင်းကို တားဆီးခြင်း၊ အမြင့်တွင် တာဝန်ထမ်းဆောင်သူများ အတွက် သက်ကယ်ကြိုးကိရိယာ ဝတ်ဆင်စေခြင်း)
- မီးဘေးအန္တရာယ် ရှိနိုင်သည်များကို ကာကွယ်တားဆီးခြင်း၊ စီမံခန့်ခွဲခြင်း
- Monitoring Plan တွင်ပါဝင်ကူညီခြင်း
- ကျန်အဖွဲ့ဝင်များနှင့်ညှိနှိုင်း၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ခြင်း
- အဖွဲ့ခေါင်းဆောင်ထံအစီရင်ခံစာတင်ပြခြင်း

၁၀-၁-ဂ။ လိုက်နာဆောင်ရွက်မှုစောင့်ကြပ်ကြည့်ရှုခြင်းနှင့်အစီရင်ခံခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံ က လိုက်နာဆောင်ရွက်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ပါသည် -

၁၀-၁-ဂ-(၁)။ လုပ်ငန်းခွင်အတွင်းစောင့်ကြပ်ကြည့်ရှုခြင်းနှင့်စစ်ဆေးခြင်း

၁၀-၁-ဂ-(၂)။ အသေးအဖွဲဖြစ်ရပ်များ၊ မတော်တဆကိစ္စရပ်များအစီရင်ခံခြင်း

၁၀-၁-ဂ-(၃)။ လုပ်ဆောင်ချက်များကို ညွှန်းကိန်းများဖြင့် သတ်မှတ်တိုင်းတာခြင်းနှင့် ယင်းညွှန်းကိန်းများအတိုင်း အရေးယူဆောင်ရွက်ခြင်း

၁၀-၁-ဂ-(၁)။ လုပ်ငန်းခွင်အတွင်းစောင့်ကြပ်ကြည့်ရှုခြင်းနှင့်စစ်ဆေးခြင်း

အဆိုပါစက်ရုံ၏ လုပ်ငန်းခွင်စောင့်ကြပ်ကြည့်ရှု လေ့လာရေးအစီအစဉ်များကို အောက်ပါဇယားအတိုင်း ဆောင်ရွက်ပါသည်။

ရွှေမာယခရမ်ရာဘာစက်ရုံ			
လုပ်ငန်းခွင် / ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများ	**တိုင်းတာစစ်ဆေးမည့် အမျိုးအစားများ**	**စစ်ဆေးမည့်နေရာ**	**စစ်ဆေးမှုအကြိမ် အရေအတွက်**
လေထုအရည်အသွေး (ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်)	ထုတ်လွှတ်အခိုးအငွေ့၊ Nitrogen Dioxide, Ozone, Particulate Matter PM_{10}, $PM_{2.5}$, Sulfur Dioxide	စက်ရုံရှေ့ ရာဘာစိမ်ကန်အနီး ရာဘာကြိတ်ချေဖြတ် တောက်ကန်အနီး အခြောက်ခံကိရိယာအထွက် ကုန်ချောထုပ်ပိုးနေရာ ကုန်ကြမ်းသိုလှောင်ရုံ	တစ်နှစ် နှစ်ကြိမ်
မြေအောက်ရေ	pH Aluminum Arsenic Chloride Copper Cyanide Maganese Sulfate Total Hardness Total Iron Total Alkalinity Turbidity Total Dissolved Solids	အဝိစိတွင်းရေ	တစ်နှစ် နှစ်ကြိမ်
စွန့်ပစ်ရည်အရည်အသွေး	**Metal,Plastic and Rubber Products Manufacturing** Aluminum Ammonia Arsenic Cadmium Chemical Oxygen Demand Chromium (hecavalent) Chromium (total) Copper Cyanide (free) Cyanide (total)		တစ်နှစ် တစ်ဆယ့်နှစ်ကြိမ်

	Fluoride Iron Lead Mercury Nickel Oil and Grease pH Phenols Silver Sulfide Temperature Increase Tin Total Nitrogen Total Phosphorus Total Suspended Solids Volatile Organic Halogens		
မြေအရည်အသွေး	Aluminum, Arsenic, Chloride, Cyanide, Extractable Acidity, Iron, Manganese, P-Alkalinity, pH, Total Alkalinity	စက်ရုံဝင်းအတွင်းမြေကြီး	တစ်နှစ် နှစ်ကြိမ်
ဆူညံသံများ	အသံဆူညံမှုအဆင့် (dBA)	စက်ရုံရှေ့ ရာဘာစိမ်ကန်အနီး ရာဘာကြိတ်ချေဖြတ်တောက် ကန်အနီး အခြောက်ခံကိရိယာအထွက် ကုန်ချောထုပ်ပိုးနေရာ ကုန်ကြမ်းသိုလှောင်ရုံ	တစ်နှစ် နှစ်ကြိမ်
ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေး	တစ်ကိုယ်ရေသုံး ဘေးအန္တရာယ်ကာကွယ်ရေးပစ္စည်းများအသုံးပြုမှု၊ ဥပမာ-ရာဘာလက်အိတ်၊ အဝတ်လက်အိတ်၊ မျက်မှန်၊ ရင်ကာ၊ ဒူးကာ၊ Safety Boots၊ Tester၊ ဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်အမှတ်အသားများ၊ ရှေးဦးသူနာပြုဆေးသေတ္တာ၊ မတော်တဆထိခိုက်မှု အစီရင်ခံ	စက်ရုံဝင်းအတွင်းဖြစ်ပေါ်နိုင်သည့်နေရာများအားလုံး။	အမြဲတမ်း

	စာရေးသားမှုဆေးစစ်ဆေးချက်၊ ဆေးကုသမှုမှတ်တမ်းများထားရှိမှု၊ မီးငြိမ်းသတ်ပစ္စည်းကိရိယာများထားရှိမှု၊ အရေးပေါ်ဆက်သွယ်ရန်ညွှန်ကြားချက်များ။		

၁၀-၁-၈-(၂)။ အသေးအဖွဲဖြစ်ရပ်များ၊ မတော်တဆကိစ္စရပ်များအစီရင်ခံခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံသည် ခွက်ကပ်၊ ဆွဲဖတ်၊ ရာဘာ အစိမ်းပြားများတို့ကို အခြေခံ၍ MSR ခရမ်းရာဘာထုတ်လုပ် ဖြန့်ဖြူးရောင်းချသောစက်ရုံ ဖြစ်ပါသည်။ စက်ရုံတွင် အထက်ဖော်ပြပါ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဖြန့်ဖြူးရောင်းချမှု ဆောင်ရွက်သည့် စက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းကုန်ချောများ၊ လုပ်သားဝန်ထမ်းများ၏ အသက်အိုးအိမ် စည်းစိမ်တို့သည် အကြောင်းအမျိုးမျိုးကြောင့် ထူးခြားဖြစ်စဉ်များ (အသေးအဖွဲဖြစ်ရပ်များ၊ မတော်တဆနှင့် အရေးပေါ်ကိစ္စရပ်များ) ဖြစ်ပေါ်နိုင်ပါသည်။ ယင်းဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ပါက စနစ်တကျမှတ်တမ်းတင်ခြင်း၊ အစီရင်ခံခြင်း၊ မှတ်တမ်းမှတ်ရာများမှ ညွှန်းကိန်းများ ရှာဖွေတွက်ချက်ခြင်း၊ ယင်းတွက်ချက်မှုများကို အသုံးပြု၍ နောင်အလားတူ ဖြစ်ရပ်မျိုး လျော့နည်းစေရန် နည်းလမ်းများရှာဖွေ ဆောင်ရွက်ရပါသည်။ ထူးခြားဖြစ်စဉ်တင်ပြသည့် ပုံစံကို ပူးတွဲတင်ပြထားပါသည်။ ထို့ပြင် မတော်တဆဖြစ်ပွားပါက မတော်တဆဖြစ်မှုပုံစံကို ပူးတွဲတင်ပြထားပါသည်။

ရွှေမာယာခရမ်းရောဘာစက်ရုံ

သာယာကုန်းကျေးရွာ၊ တာပသွန်ကျေးရွာအုပ်စု

မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

သို့

တာဝန်ခံ

----------ဌာန၊

မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

ရက်စွဲ။ ။ ၂၀၂၂ခုနှစ်၊ လ၊ ရက်။

အကြောင်းအရာ။ ။ ထူးခြားဖြစ်စဉ်အစီရင်ခံတင်ပြခြင်း။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ **ရွှေမာယာခရမ်းရောဘာစက်ရုံ** တွင် ၂၀၂၂ခုနှစ်၊ --------လ၊ -------ရက်၊ ---------နာရီခန့်တွင် အောက်ဖော်ပြပါ ထူးခြားဖြစ်စဉ်များဖြစ်ပေါ်သွားပါသဖြင့် လိုအပ်သလိုစီစဉ်ညွှန်ကြားနိုင်ရန်တင်ပြအပ်ပါသည်။

၁။ မီးလန့်/မီးလောင်ကျွမ်းမှုဖြစ်ပွားခြင်း

၂။ မတော်တဆထိခိုက်မှုဖြစ်ပွားခြင်း

၃။ လုပ်သားများရုန်းရင်းဆန်ခတ်ဖြစ်ပွားခြင်း

၄။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခြင်း

၅။ လူစုလူဝေးဖြင့်နှောင့်ယှက်မှုဖြစ်ပွားခြင်း

၆။ ကူးစက်ရောဂါများဖြစ်ပွားခြင်း

၇။ အစာအဆိပ်သင့်မှုဖြစ်ပွားခြင်း

၈။ ယာဉ်မတော်တဆမှုဖြစ်ပွားခြင်း

၉။ အခြားဖြစ်စဉ်များအတွက်တင်ပြခြင်း

လုပ်ငန်းတာဝန်ခံ

ရွှေမာယာခရမ်းရောဘာစက်ရုံ

သာယာကုန်းကျေးရွာ၊ တာပသွန်ကျေးရွာအုပ်စု

မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

ရှေ့မှာဃခရမ့်ရာဘာစက်ရုံ၏ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

ရှေ့မှာဃခရမ့်ရာဘာစက်ရုံ

သာယာကုန်းကျေးရွာ၊ တာပသွန်ကျေးရွာအုပ်စု

မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

မတော်တဆထိခိုက်မှုမှတ်တမ်း

အမှတ်စဉ် ----------

မတော်တဆထိခိုက်သည့်လူပုဂ္ဂိုလ်

ရက်စွဲ---------- အချိန် ---------- အစီရင်ခံသည့်ရက်စွဲ ----------

နေရာ ---------- မည်သည့်နေရာသို့အစီရင်ခံသည်----------

သက်သေ ----------

ဖြစ်ပွားပုံအသေးစိတ်(မဆန့်လျှင်သီးခြားစာရွက်ဖြင့်ရေးပါ) ----------
---

ဒဏ်ရာအခြေအနေ

ပြတ်ရှ/အတွင်းကြေ----------မီးလောင်----------အဆစ်လွဲ----------ပြတ်တောက်---------
---

ဆုတ်ပြဲ----------(အရေပြား)ဒဏ်ရာ----------အခြားပစ္စည်းစူးဖောက်မှု----------
---

အတွင်းဒဏ်ရာ----------ဦးနှောက်ထိခိုက်ခြင်း----------အဆစ်နာ/အကြောနာ----------
---

ကျိုးပဲ့----------ရောင်ရမ်းခြင်း----------အခြား----------

ဒဏ်ရာရသည့်နေရာ

ဦးခေါင်း/မျက်နှာ----------မျက်နှာ----------အတွင်းအင်္ဂါများ----------

လက်/လက်ချောင်းများ----------ပုခုံး/လက်မောင်း----------ကိုယ်ခန္ဓာ----------

တင်ပါး/ခြေထောက်----------ခြေသလုံး/ခြေချောင်းများ----------ကျောကုန်း----------

ထိခိုက်မှု

အချိန်အနားယူရမှု----------စုစုပေါင်း----------အလုပ်သမားလျော်ကြေး----------

ဆေးဝါးကုသမှု----------ရှေးဦးသူနာပြု----------ဆရာဝန်/မ----------ဆေးရုံ----------

စက်ပစ္စည်းကိရိယာ/မော်တော်ယာဉ်ပျက်စီးမှု----------

ပျက်စီးမှုပမာဏ----------

အရေးယူဆောင်ရွက်မှု

(ချက်ခြင်း)----------

(ထပ်မံဖြစ်ပွားရန်)----------

ဆောင်ရွက်သည့်ပုဂ္ဂိုလ်----------

ဆောင်ရွက်သည့်နေ့စွဲ----------

လုပ်ငန်းတာဝန်ခံ

ရွှေမာယာခရမ်းရောဘာစက်ရုံ

သာယာကုန်းကျေးရွာ၊ တာပသွန်ကျေးရွာအုပ်စု

မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

၁၀-၁-၈-(၃)။ လုပ်ဆောင်ချက်များကို ညွှန်းကိန်းများဖြင့် သတ်မှတ်တိုင်းတာခြင်းနှင့် ယင်းညွှန်းကိန်းများအတိုင်း အရေးယူဆောင်ရွက်ခြင်း

အဆိုပါစက်ရုံတွင် မတော်တဆထိခိုက်မှုများကို မှတ်တမ်းတင်ပြုစုပြီး ယင်းမှတ်တမ်းအချက်အလက်များကို မတော်တဆထိခိုက်မှုညွှန်းကိန်းများ တွက်ချက်ရပါသည်။ ယင်းတွက်ချက်မှုအရ စက်ရုံသည် ကောင်းကျိုးတရားများ တိုးတက်ခြင်း၊ လျော့နည်းခြင်း တို့ကိုလေ့လာရပါသည်။ ညွှန်းကိန်းများ တွက်ချက်သည့် တွက်ချက်ပုံများကို ပူးတွဲတင်ပြထားပါသည်။

ရွှေမာယာခရမ်းရောဘာစက်ရုံ

သာယာကုန်းကျေးရွာ၊ တာပသွန်ကျေးရွာအုပ်စု

မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

(Calculation the Accident Indices)

Accident Indices အဖြစ် Frequency Rate Severity Rate တို့ဖြင့်တိုင်းတာပါသည်။ ယင်းသို့တိုင်းတာနိုင်ရန် စက်ရုံမှ လုပ်သားဝန်ထမ်းများ၏ အလုပ်ဆင်းရက်၊ အလုပ်ချိန်၊ လူဦးရေစသည်တို့ကို မှတ်တမ်းတင်ပြီး အောက်ဖော်ပြပါဇယားတွင် ဖြည့်ထားရပါမည်။

မတော်တဆဖြစ်မှုနှင့်အလုပ်တက်ဆင်းမှတ်တမ်းများမှရယူသောအချက်အလက်များ

စဉ်	ဘဏ္ဍာနှစ်	မတော်တဆပြင်းထန်မှု		မတော်တဆအမျိုးအစား		စာရင်းဝင်မတော်တဆမှုကြောင့်ဆုံးရှုံးလူ× နာရီ	စုစုပေါင်းလူ×နာရီ	တစ်ရက်ပျမ်းမျှအလုပ်ဆင်းလူ	တစ်နှစ်အတွင်းဖြစ်ခဲ့သည့် မတော်တဆအရေအတွက်
		သေဆုံး	အသက်ရှင်	စာရင်း ဝင်	စာရင်းမဝင်				

အထက်ပါဇယားမှ

$$\text{Frequency Rate} = \frac{\text{တစ်နှစ်အတွင်းမတော်တဆဖြစ်သည့်အကြိမ်} \times ၁၀^{၆}}{\text{တစ်နှစ် (လူ} \times \text{နာရီ) အလုပ်ချိန်}}$$

$$\text{Severity Rate} = \frac{\text{တစ်နှစ်အတွင်းစာရင်းဝင်မတော်တဆမှုကြောင့်ဆုံးရှုံးလူ} \times \text{နာရီ} \times ၁၀^{၆}}{\text{တစ်နှစ် (လူ} \times \text{နာရီ) အလုပ်ချိန်}}$$

၁၀-၁-ဃ။ ဖြစ်ပေါ်နိုင်သောပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာထိခိုက်မှုများအကျဉ်းချုပ်

အဆိုပါစက်ရုံ၏ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် ဘေးအန္တရာယ်ရှိနိုင်မှုများကို အကျဉ်းချုပ် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

စဉ်	သက်ရောက်မှုဝန်းကျင်	ဆိုးကျိုးတရား	မှတ်ချက်
၁။	ပတ်ဝန်းကျင်လေထုနှင့် စက်ရုံလုပ်သားများကုန်ထုတ်အရင်းအနှီးများ	- အမှုန်အမွှားများထွက်ခြင်း၊ လောင်ကျွမ်းမှတ်ငွေ့ ယိုစိမ့်မှတ်ငွေ့များထုတ်လွှတ်ခြင်း၊ ရာဘာကုန်ကြမ်း ခွက်ကပ်၊ ဆွဲဖတ်၊ အစိမ်းပြားတို့၏ အနံ့အသက်များ၊ ကုန်ချော MSR ခရမ်းရာဘာအနံ့များ၊ အမှုန်အမွှား၊ လေ၊ မီးပွား ကြုံတွေ့ရပါက မီးလောင်ပေါက်ကွဲနိုင်ခြင်း၊ ရာဘာအခြောက်ခံရာမှအနံ့အသက်များ။ - Particulate Matter များသည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်စေနိုင်ခြင်း။ - လောင်ကျွမ်းမှတ်ငွေ့များထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ် မှတ်ငွေ့များသည် ကမ္ဘာကြီးပူနွေးမှုဖြစ်စေခြင်း။ - ကာဗွန်မိုနောက်ဆိုဒ်နှင့် ဆာလဖာဒိုင်အောက်ဆိုဒ် မှတ်ငွေ့များသည် အဆိပ်မှတ်ငွေ့များဖြစ်ခြင်း။ - လေအေးစက်များမှ HFC မှတ်ငွေ့များသည် အိုဇုန်းလွှာပျက်စီးစေခြင်း။ - ရာဘာ ကုန်ကြမ်း သည် အချို့လူပုဂ္ဂိုလ်များ အတွက် အလာဂျီ (ALLergy) ဖြစ်စေပါသည်။	
၂။	ပတ်ဝန်းကျင်ရေထုနှင့် လုပ်သားဝန်ထမ်းကုန်ထုတ်အရင်းအနှီးများ	- ထရန်စဖော်မာဆီများသည် ကင်ဆာဖြစ်ရန် အလားအလာရှိပါသည်။ - စက်ဆီချောဆီ၊ အမဲဆီများတို့သည် ရေအောက်သို့ အလင်းရောင်နှင့် လေဝင်ရောက်မှုကို တားဆီးပါသည်။	

		- ဘက်ထရီ အက်ဆစ်များသည် အရေပြား လောင်ကျွမ်းခြင်း၊ သတ္ထုတိုက်စားခြင်း၊ Corrosion ဖြစ်စေပါသည်။ - BOD, COD, TSS တန်ဖိုးမြင့်သော စွန့်ပစ်ရည်များသည် ရေထု၏ ဂေဟစနစ်ပျက်စေပါသည်။	
၃။	ပတ်ဝန်းကျင်မြေထု	- ကုန်ကြမ်း/ကုန်ချောထုတ်ပိုးပစ္စည်းပလပ်စတစ်အိတ်များ (ပလပ်စတစ်ပုံးများ၊ ခွက်ကပ်၊ ဆွဲဖတ် နှင့် ခရမ်းရာဘာထုပ်ပိုးခြင်း) သည် ပြိုကွဲရန်ခက်ခဲပြီး မြေထု၏ အရည်အသွေးကို ထိခိုက်စေပါသည်။ - စက်ဆီချောဆီ၊ အမဲဆီများသည် မြေအောက်သို့လေဝင်ရောက်မှုကိုပိတ်ပင်ပါသည်။ - ဘက်ထရီအက်ဆစ်များသည်မြေ၏pHကို ပြောင်းလဲစေပါသည်။ - BOD, COD, TSSတန်ဖိုးမြင့်သောစွန့်ပစ်ပစ္စည်းများသည် မြေ၏ ဂေဟစနစ်ကိုထိခိုက်စေပါသည်။	
၄။	လုပ်သားဝန်ထမ်းများ	- ဆူညံသံ၊ တုန်ခါမှုများကြောင့် သာယာနာပျော်ဖွယ်လူနေမှုစနစ်ပျက်ပြားခြင်း၊ အကြားဆိုင်ရာရောဂါများရရှိခြင်း။ - Particulate Matter၊ အမှုန်အမွှားများကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများရရှိခြင်း။ - ရာဘာ ကုန်ကြမ်းသည် အလာဂျီ (ALLergy) ဖြစ်စေခြင်း။	
၅။	လူမှုပတ်ဝန်းကျင်	- ဝန်ထမ်းလုပ်သားများအပေါ် အထက်ဖော်ပြပါ လေ၊ ရေ၊ မြေ ထိခိုက်မှုများမှတဆင့်ထိခိုက်ခြင်း။ (အလာဂျီဖြစ်ခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ အနှံ့ဆိုးများကြောင့်မအီမသာဖြစ်ခြင်း) - ရေရှည်ကျန်းမာရေးထိခိုက်ခြင်း။	

၁၀-၁-ငး လက်ရှိထိခိုက်မှုများအားလျော့ချခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်

ရွှေမာယာခရမ်းရာဘာစက်ရုံ ၏ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများ ဆောင်ရွက်ရာတွင် လက်ရှိထိခိုက်မှုများ လျော့နည်းခြင်းအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရန်နှင့် သုံးစွဲရန် ရန်ပုံငွေကို အောက်ပါအတိုင်း စီစဉ်ထားပါသည်။

စဉ်	ထိခိုက်မှု	လျော့ချခြင်းအစီအစဉ်	ကုန်ကျစရိတ်ခန့်မှန်း(ကျပ်)
၁။	လေထု	မော်တော်ယာဉ်၊ လျှပ်စစ်ထုတ်စက်များ စွမ်းဆောင်ရည်ပြည့်စေရန်ဆောင်ရွက်ခြင်း။ (လစဉ် ၅၀,၀၀၀ × ၁၂ လ)	၆၀၀,၀၀၀
		ရာဘာအခြောက်ခံစက်၏အပူချိန်ဆင်ဆာ၊ အချိန်များပုံမှန်စစ်ဆေးပြုပြင်ခြင်း။ (လစဉ် ၂၀,၀၀၀ × ၁၂ လ)	၂၄၀,၀၀၀

		ထရန်စဖော်မာ၊ လေအေးစက်များ၊ စစ်ဆေးပြုပြင်ခြင်း (လစဉ် ၂၀,၀၀၀ × ၁၂ လ)	၂၄၀,၀၀၀
၂။	ရေထု	စက်ဆီ၊ ချောဆီ၊ ဘက်ထရီအက်ဆစ်အဟောင်းများ စနစ်တကျ စုစည်းသိုလှောင်ရောင်းချခြင်း။ (လစဉ် ၂၀,၀၀၀ × ၁၂ လ) စွန့်ပစ်ရည်၊ ရေ၊ နမူနာများကောက်ယူခြင်း၊ ဓာတ်ခွဲဌာနများသို့ ဆက်သွယ်ပေးပို့ခြင်း။ (လစဉ် ၂၀,၀၀၀ × ၁၂ လ) စွန့်ပစ်ရည်သန့်စင်မှုစနစ်လည်ပတ်ရာတွင်လိုအပ်သည်များပံ့ပိုးခြင်း။ (လစဉ် ၂၀,၀၀၀ × ၁၂ လ)	၂၄၀,၀၀၀ ၂၄၀,၀၀၀ ၂၄၀,၀၀၀
၃။	မြေထု	စွန့်ပစ်ရည်များတွင် ပါဝင်သွားနိုင်သောအစိုင်အခဲများ ပြန်လည်စုယူ ခြင်း၊ လုပ်ငန်းစဉ်တွင်ပြန်လည်အသုံးပြုခြင်း။ (လစဉ် ၃၀,၀၀၀ × ၁၂ လ) ထုပ်ပိုးပစ္စည်းအဟောင်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းအပျက်အစီးများ စည်ပင်သာယာရေးကော်မတီများနှင့် ဆက်သွယ် ဆောင်ရွက်ခြင်း။ (လစဉ် ၅၀,၀၀၀ × ၁၂ လ)	၃၆၀,၀၀၀ ၆၀၀,၀၀၀
၄။	ဆူညံသံ	ဝန်ထမ်းများအတွက် အကာအကွယ်ပစ္စည်းများ ဝယ်ယူဝတ်ဆင်စေခြင်း။ (လစဉ် ၅၀,၀၀၀ × ၁၂ လ)	၆၀၀,၀၀၀
၅။	ဝန်ထမ်း	ဆေးသေတ္တာ၊ ဆေးခန်း၊ အရေးပေါ်ထိခိုက်သူများပြုစုရန်။ (လစဉ် ၁၀၀,၀၀၀ × ၁၂ လ)	၁,၂၀၀,၀၀၀
စုစုပေါင်း			၄,၅၆၀,၀၀၀

၁၀-၁-စ။ အနာဂတ်တွင်ဖြစ်ပေါ်နိုင်သောထိခိုက်မှုများအားလျော့ချခြင်းအတွက်ဆောင်ရွက်မည့်အစီအစဉ်

အဆိုပါစက်ရုံ၏ လုပ်ငန်းအနေဖြင့် အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအားလျော့ချခြင်းအတွက် စက်ရုံ၏ငွေရေး၊ ကြေးရေးအခြေအနေနှင့် နိုင်ငံတော်၏ပံ့ပိုးနိုင်မှုအပေါ်မူတည်၍ ဆောင်ရွက်မည့်အစီအစဉ်ကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

စဉ်	ထိခိုက်မှုဝန်းကျင်	ဆောင်ရွက်မည့်အစီအစဉ်	ထိခိုက်မှုလျော့နည်းနိုင်မှု
၁။	လေထု	ယခုလက်ရှိ အသုံးပြုနေသော ထင်းမီးဖို နေရာတွင် ဒီဇယ်ဆီ၊ မီးထိုးဆီ၊ သဘာဝ ဓာတ်ငွေ့ အသုံးပြုခြင်း။	မပြည့်ဝသော လောင်ကျွမ်းမှု ဖြစ်ပေါ်မှုများလျော့နည်းသွားပြီး လေထုအတွင်းသို့ ကာဗွန်မိုနောက်ဆိုဒ်နှင့် အမှုန်အမွှားများ ထုတ်လွှတ်မှု လျော့

			နည်းစေပါသည်။
၂။	မြေထု/ရေထု	ယခုလက်ရှိ အသုံးပြုနေသော ထင်းမီးဖို နေရာတွင် ဒီဇယ်ဆီ၊ မီးထိုးဆီ၊ သဘာဝ ဓာတ်ငွေ့ အသုံးပြုခြင်း။	ဒီဇယ်ဆီ ဖိတ်စင်မှုများကြောင့် လေထု၊ ရေထု အပေါ် သက်ရောက်မှုများလျော့နည်းစေပါသည်။
၃။	မြေအောက်ရေ	အဝီစိတွင်းရေအစား စည်ပင်သာယာရေးကော်မတီမှ ရေပြောင်းလဲအသုံးပြုခြင်း။	မြေအောက်ရေ လျော့နည်းမှုကို ကာကွယ်နိုင်ပါသည်။
၄။	ပြည်သူလူထုနှင့် ဝန်ထမ်းများ	ဝန်ထမ်းများ ခန့်ထားရာတွင် နယ်ခံများ တိုးမြှင့်ခန့်ထားခြင်းနှင့် နေစရာ အဆောင်များစီစဉ်ပေးခြင်း။	မော်တော်ယာဉ်သုံးစွဲမှု လျော့နည်းစေပါသည်။
၅။	အသံဆူညံမှု	လျှပ်စစ်ထုတ်စက်များကို SOUND PROOF များဖြင့် အစားထိုးခြင်း။	ဆူညံသံ၊ တုန်ခါမှု လျော့နည်း စေပါသည်။

၁၀-၁-ဆ။ အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက တုံ့ပြန်ဆောင်ရွက်မည့်အစီအစဉ်၊ ကြိုတင်ဆောင်ရွက်ထား ရှိမှုများလေ့ကျင့်သင်ကြားမှုအစီအစဉ်များ

ရွှေမာယခရမ့်ရာဘာစက်ရုံ အနေဖြင့် သဘာဝဘေးအရသော်လည်းကောင်း၊ လူသားတို့၏ အမှောင့်ပယောဂအရသော်လည်းကောင်း၊ ပတ်ဝန်းကျင်ဒေသ၏ အမှောင့်ပယောဂအရသော်လည်းကောင်း၊ အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ရနိုင်ပါသည်။ ကြုံတွေ့ရသည့် အခြေအနေအချိန်အခါတွင် စက်ရုံလုပ်သား ဝန်ထမ်းများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ၊ စက်ရုံပိုင် ငွေကြေးဓနနှင့် ကုန်ကြမ်းကုန်ချောများ၊ အဆောက်အဦစက်ပစ္စည်းကိရိယာများ၊ ကုန်ထုတ်အရင်းအနှီးများ၊ ဆုံးရှုံးပျက်စီးမှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်နိုင်ရန်လိုအပ်ပါသည်။ ထို့ပြင်မလွှဲမရှောင်သာ ကြုံတွေ့ရပါကလည်း အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန် လိုအပ်ပါသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အရေးပေါ်စီမံချက်ကိုရေးဆွဲထားပါသည်။ ယင်းအရေးပေါ်စီမံချက်ပါ အချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ အရေးပေါ်စီမံချက်ကို **နောက်ဆက်တွဲ(၅)**ဖြင့် တင်ပြထားပါသည်။ **ရွှေမာယခရမ့်ရာဘာစက်ရုံ** တွင် အမြဲတမ်း ဝန်ထမ်း (၅၅)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ လုပ်သားဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု၊ စိတ်ဓာတ်အင်အားမြင့်မားမှု၊ ဝန်ထမ်းအချင်းချင်း စည်းရုံးချစ်ခင်မှုရှိနေရန် ပညာပေး စည်းရုံးလျက်ရှိပါသည်။ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန် ဝါရင့်အတွေ့အကြုံရင့်ကျက်သည့် ဝန်ထမ်းများက ဝန်ထမ်းအသစ်များ၊ ဝန်ထမ်းအငယ်များကို လေ့ကျင့်ပညာပေးလျက်ရှိပါသည်။ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးနှင့် လေ့ကျင့်သင်တန်းပေးခြင်းတို့ကြောင့် စက်ရုံကုန်ထုတ်လုပ်မှုတိုးတက်ခြင်း၊ အလေအလွင့်လျော့ပါးခြင်း၊ ဝန်ထမ်းလုပ်သားများ၏ ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ လုပ်ငန်းခွင်သာယာခြင်း၊ စက်ပစ္စည်းများသက်တမ်းရှည်ခြင်း၊ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးတရားများလျော့နည်းခြင်း၊ ကောင်းကျိုးတရားများတိုးပွားခြင်း စသောအကျိုးတရားများ ရရှိမည်ဖြစ်ပါသည်။ စက်ရုံတွင် လေ့ကျင့်သင်တန်းပေးခြင်း အစီအစဉ်ကို အရေးပေါ်အခြေအနေများ

ဖြစ်ပွားခြင်း၊ မတော်တဆထိခိုက်မှုများဖြစ်ပွားခြင်း၊ ထူးခြားဖြစ်စဉ်ဖြစ်ပွားခြင်းများ ဖြစ်လျှင်ဖြစ်ခြင်း အောက်ပါလုပ်ငန်းများတို့ကို လိုက်နာပါမည်။ လိုက်နာဆောင်ရွက်နိုင်ရန် ကြိုတင်လေ့ကျင့် သင်တန်းပေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ရပါမည်။

- မည်သည့်နေရာတွင်ဖြစ်ပွားသည်ကိုသိရှိရန်ဆောင်ရွက်ခြင်း
- မည်ကဲ့သို့ဆောင်ရွက်ရမည်ကိုသိရှိခြင်း
- ကျန်ဝန်ထမ်းများသိရှိနိုင်ရန်သတိပေးအကြောင်းကြားခြင်း
- အကာအကွယ်ပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ အချိန်မီအသုံးပြုခြင်း
- လုပ်သားဝန်ထမ်းများစုရပ်သတ်မှတ်ခြင်း
- ယင်းစုရပ်မှအန္တရာယ်အနည်းဆုံးနေရာများသို့ရွှေ့ပြောင်းပေးခြင်း
- စက်ရုံပိုင်ပစ္စည်းများကာကွယ်စောင့်ရှောက်ခြင်း
- သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း

အထက်ဖော်ပြပါလုပ်ငန်းစဉ်များကို အခါအားလျော်စွာ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ထမ်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများတို့ဖြင့် ဆက်သွယ်ဆောင်ရွက်မည်ဖြစ်ပါသည်။ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ရန်စီစဉ်ထားပါသည်။

စဉ်	ပို့ချမည့်သင်တန်း	သင်တန်းသား	သင်တန်းပို့ချသူ	ကြာမြင့်ချိန်	ပို့ချမည့်ကာလ
၁။	ကုန်ထုတ်လုပ်မှုကျွမ်းကျင်မှု (ခရမ်းရာဘာထုတ်လုပ်ခြင်း)	ကုန်ထုတ်ဌာန လုပ်သားများ	ကုန်ထုတ်ကျွမ်း ကျင်သူ	၃-ရက်	အောက်တိုဘာလ
၂။	မီးဘေးအန္တရာယ်ကာကွယ် တားဆီးရေး	စက်ရုံလုပ်သား များ	မီးသတ်ဦးစီးဌာန	၂-ရက်	ဇန်နဝါရီလ

ရွှေမာယာခရမ်းရာဘာစက်ရုံ အနေဖြင့် ဘေးကင်းလုံခြုံရန် စီမံခန့်ခွဲမှုကို အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ထားပါသည်။

၁၀-၁-ဆ-(၁)။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

၁၀-၁-ဆ-(၂)။ မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေး

၁၀-၁-ဆ-(၃)။ လုပ်သားဝန်ထမ်းများအပေါ် လူမှုရေး၊ ကျန်းမာရေး၊ စောင့်ရှောက်မှုများ ဆောင်ရွက်ရေး

၁၈-၁-ဆ-(၁)။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

ရွှေမာယာခရမ်းရာဘာစက်ရုံ တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းလုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းခွင်သတိအမြဲရှိစေရန် သတိပေးချက်စာတမ်းများ၊ လမ်းညွှန်ချက်များ ရေးဆွဲလမ်းညွှန် ပြသထားပါသည်။ လုပ်ငန်းသုံး အကာအကွယ်ပစ္စည်းများကို ထုတ်ပေးထားပြီး ဝတ်ဆင်အသုံးပြုကြရန် ညွှန်ကြားထားပါသည်။ စက်ပစ္စည်းကိရိယာများ ကျွမ်းကျင်စွာမောင်းနှင် ကိုင်တွယ်ခြင်းဖြင့် ဘေးအန္တရာယ်လျော့နည်းနိုင်ရန် ဆင့်ကဲဆင့်ကဲ သင်ကြားပြသပေးလျက်ရှိပါသည်။ စက်ပစ္စည်းကိရိယာများ၏ချို့ယွင်းမှုကို ကြိုတင်ကာကွယ်နိုင်သည့် စက်ဆီချောဆီများ စစ်ဆေးလဲလှယ်ဖြည့်တင်းခြင်း၊ ထူးခြားသည့်စက်သံများကို အထူးဂရုစိုက်နားထောင်ပြီး လိုအပ်သည်များပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။ မတော်တဆထိခိုက်မှု ဖြစ်ခဲ့လျှင်လည်း နောက်ထပ်အလားတူ ဖြစ်ရပ်မျိုးမဖြစ်ပေါ်စေရန် ကာကွယ်တားဆီးသည့် အစီအမံများ ဆောင်ရွက်လျက်ရှိပါသည်။

၁၈-၁-ဆ-(၂)။ မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေး

အဆိုပါစက်ရုံသည် အရပ်လေးမျက်နှာတွင် ရာဘာဥယျာဉ်ခြံများဖြစ်ပါသည်။ ယင်းအနေအထားအရ ပြင်ပမှ မီးဘေးအန္တရာယ် ကူးစက်လောင်ကျွမ်းရန် အခွင့်အလမ်းအနည်းငယ်သာရှိသည်။ မသမာသူ အဖျက်သမားကြောင့်လည်းကောင်း၊ သီတင်းကျွတ်ကာလ မီးပုံးပျံများကျရောက်ခြင်းများကြောင့်သာ စိုးရိမ်ရသည့် အနေအထားရှိပါသည်။ ယင်းအချက်ကို စက်ရုံတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများက စောင့်ကြပ်သတင်းရယူခြင်းများဖြင့် ကာကွယ်တားဆီးလျက် ရှိပါသည်။ မိမိစက်ရုံအတွင်း ပယောဂများကြောင့်သာ စိုးရိမ်ရပါသည်။ စက်ရုံအတွင်း မီးလောင်ကျွမ်းလွယ်သော ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ဒီဇယ်၊ ဓာတ်ဆီ၊ ရေနံဆီ၊ ရာဘာကုန်ကြမ်းအမျိုးမျိုးနှင့် MSR-မြန်မာစတင်းဒတ် ခရမ်းရာဘာတို့သည် မီးလောင်ပေါက်ကွဲလွယ်သည့် ပစ္စည်းများဖြစ်ပါသည်။ လုပ်ငန်းလုပ်ကိုင်စဉ် လျှပ်စစ်ရှော့ဖြစ်၍ လောင်ကျွမ်းခြင်း၊ ထုံးအိတ်များ ကြာရှည်စုပုံထားရာမှ လောင်ကျွမ်းခြင်း၊ မီးကြွင်းမီးကျန်များ (လေယူထုတ်မီးဖိုများ၊ ဝန်ထမ်းစားဖိုဆောင်၊ လိုင်းခန်း) မိုးကြိုးပစ်ခြင်းများကြောင့် လောင်ကျွမ်းခြင်း၊ ရုံးဝန်ထမ်း၊ လုပ်ငန်းခွင်ဝန်ထမ်းများသည် မိမိတို့သုံးခဲ့သည့် လျှပ်စစ်ပစ္စည်းများကို မသုံးတော့လျှင် ပိတ်ထားရန်မေ့လျော့မှုများကြောင့် အပူလွန်ရှော့ဖြစ်၍ လောင်ကျွမ်းခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ သို့ပါ၍ မိမိဝန်ထမ်းများကို မီးဘေးအန္တရာယ်ပညာပေးခြင်းများ ဆောင်ရွက်ခြင်း (ဥပမာ - သတိပေးညွှန်ကြားချက်များ ရေးဆွဲထားခြင်း၊ အဆင့်ဆင့်သင်ကြားပြသခြင်း)၊ မီးငြိမ်းသတ်ရန် ပစ္စည်းကိရိယာများ စီမံပေးထားခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ မီးသတ်ပစ္စည်းကိရိယာများနှင့် သတိပေးဆိုင်းဘုတ်များ၏ပုံကို ပုံ(၁၈-၁)ဖြင့်တင်ပြထားပါသည်။



ပုံ(၁၈-၁) မီးသတ်ဆေးဘူးနှင့်သတိပေးဆိုင်းဘုတ်များတပ်ဆင်ထားပုံ။

၁၈-၁-ဆ-(၃)။ လုပ်သားဝန်ထမ်းများအပေါ် လူမှုရေး၊ ကျန်းမာရေး၊ စောင့်ရှောက်မှုများ ဆောင်ရွက်ရေး

ရွှေမာယခရမ်းရာဘာစက်ရုံတွင် ဝန်ထမ်းအင်အား အမြဲတမ်း အမျိုးသား(၃၄)ဦး၊ အမျိုးသမီး(၂၁)ဦးနှင့် လုပ်ငန်းအခြေအနေပေါ်မူတည်၍ နေ့စားဝန်ထမ်းများကို ခေါ်ယူ လုပ်ကိုင် တာဝန်ထမ်းဆောင်ပါသည်။ ဝန်ထမ်းများ၏ တာဝန်ချိန်မှာ နံနက်-ဂုဏ၀နာရီမှ ညနေ-၅း၀၀နာရီဖြစ်ပါသည်။ ထမင်းစားချိန် ၁း၅၀နာရီမှ ၂း၃၀နာရီအထိ ခွင့်ပြုပါသည်။ အများပြည်သူရုံးပိတ်ရက်နှင့် တနင်္ဂနွေနေ့များတွင် အလုပ်ရပ်နားပါသည်။ ရုံးပိတ်ရက်များ တွင် တာဝန်ထမ်းဆောင်ရပါက လုပ်အားခ(၂ဆ)ပေးပါသည်။ တရုတ်နှစ်ကူး၊ နှစ်ကုန်များ

တွင် ဆုကြေးငွေများ၊ သာဓေး/နာဓေး ထောက်ပံ့ကြေးများ ပံ့ပိုးပါသည်။ လုပ်ငန်းခွင် ကာကွယ်ပစ္စည်းမျိုးများ၊ နားကျပ်အကာ၊ နာခေါင်းစည်း၊ ခေါင်းစွပ်၊ မျက်မှန်၊ ဦးထုပ်၊ လက်အိတ် အမျိုးမျိုးဝတ်ဆင်အသုံးပြုစေပါသည်။

ဝန်ထမ်းများအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ကျန်းမာရေးနှင့် ကွန်မြူနီတီကျန်းမာရေး အစီအစဉ်ကို ရေးဆွဲလိုက်နာလျက်ရှိပါသည်။ ယင်းအစီအစဉ်ကို **နောက်ဆက်တွဲ(၆)**တွင် တင်ပြထားပါသည်။

၁၀-၁-၈။ ပတ်ဝန်းကျင်အရည်အသွေး စောင့်ကြပ်ကြည့်ရှုတိုင်းတာမည့် Parameter များ၊ နည်းလမ်းများ၊ အချိန်ဇယား၊ သတ်မှတ်နေရာ၊ အကြိမ်အရေအတွက်နှင့်အတည်ပြုမည့်နည်းလမ်း

ရွှေမာယာခရမ်းရာဘာစက်ရုံ၏ ပတ်ဝန်းကျင်လေထု၊ ရေထုနှင့် မြေထုအပေါ် စောင့်ကြပ်ကြည့်ရှုခြင်းအတွက် အောက်ပါနမူနာပုံစံများဖြင့် ဖြည့်စွက်စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

၁၀-၁-၈-(၁)။ ပတ်ဝန်းကျင်လေထုအပေါ် သက်ရောက်မှုစောင့်ကြပ်ကြည့်ရှုရမည့် အချက်အလက်များ

၁၀-၁-၈-(၂)။ ပတ်ဝန်းကျင်ရေထုအပေါ် သက်ရောက်မှုစောင့်ကြပ်ကြည့်ရှုရမည့် အချက်အလက်များ

၁၀-၁-၈-(၃)။ ပတ်ဝန်းကျင်မြေထုအပေါ် သက်ရောက်မှုစောင့်ကြပ်ကြည့်ရှုရမည့် အချက်အလက်များ

၁၀-၁-၈-(၄)။ ပတ်ဝန်းကျင်နှင့် ဝန်ထမ်းများအပေါ် ဆူညံသံသက်ရောက်မှု စောင့်ကြပ်ကြည့်ရှုရမည့် အချက်အလက်များ

၁၀-၁-ဇ-(၁)။ ပတ်ဝန်းကျင်လေထုအပေါ် သက်ရောက်မှုစောင့်ကြပ်ကြည့်ရှုရမည့်အချက်အလက်များ

ရွှေမာယခရမ်းရာဘာစက်ရုံ												
စဉ်	တိုင်းတာသည့်အရည်အသွေး	ယူနစ်	တိုင်းတာသည့်နည်းလမ်း	အချိန်ဇယား	သတ်မှတ်နေရာ	အကြိမ်အရေအတွက်	အတည်ပြုသည့်နည်းလမ်း					ရှိသင့်သည့်စံနှုန်းနှင့်ကိုးကားမှု *NEQEG
							ယခင်နှင့်ယခုစံနှုန်းတိုင်းယှဉ်ဖော်ပြသည့်နည်းလမ်း					
							ယခင်တိုင်းတာမှု		ယခုတိုင်းတာမှု		လျော့/ပို	
							ရက်စွဲ	တန်ဖိုး	ရက်စွဲ	တန်ဖိုး		
၁။	သေးငယ်သောအစိုင်အခဲများ $PM_{2.5}$ PM_{10}	$\mu g/m^3$ $\mu g/m^3$	HAZ Scanner Model EPA	အောက်တိုဘာလ ဇပြီလ	-စက်ရုံဂိတ်ရှေ့ -ရာဘာစိမ်ကန်အနီးနေရာ -ရာဘာကြိတ်ချေဖြတ်တောက်ကန်အနီးနေရာ -အခြောက်ခန်းရှိယာအထွက်နေရာ -ကုန်ချောထုပ်ပိုးနေရာ -ကုန်ကြမ်းသိုလှောင်ရုံနေရာ	တစ်နှစ်နှစ်ကြိမ်					၁၀ - ၁နှစ် ၂၅ - ၂၄နာရီ *NEQEG ၂၀ - ၁နှစ် ၅၀ - ၂၄နာရီ *NEQEG
၂။	ဆာလဖာဒိုင်အောက်ဆိုဒ်	$\mu g/m^3$										၂၀ - ၂၄နာရီ ၅၀၀ - ၁၀မိနစ် *NEQEG
၃။	နိုက်ထြိုဂျင်အောက်ဆိုဒ်	$\mu g/m^3$										၄၀ - ၁နှစ် ၂၀၀ - ၁နာရီ *NEQEG
၄။	အိုဇုန်း	$\mu g/m^3$										၁၀၀ - ၁ရက်လျှင်ဓနာရီအများဆုံး *NEQEG

**NEQEG – National Environmental Quality (Emission) Guidelines*

၁၀-၁-ဇ-(၂)။ ပတ်ဝန်းကျင်ရေထုအပေါ် သက်ရောက်မှုစောင့်ကြပ်ကြည့်ရှုရမည့်အချက်အလက်များ

ရေမာယခရမ်ရောဘာစက်ရုံ												
စဉ်	တိုင်းတာသည့်အရည်အသွေး	ယူနစ်	တိုင်းတာသည့်နည်းလမ်း	အချိန်ဇယား	သတ်မှတ်နေရာ	အကြိမ်အရေအတွက်	အတည်ပြုသည့်နည်းလမ်း					ရှိသင့်သည့်စံနှုန်းနှင့်ကိုးကားမှု *NEQEG
							ယခင်နှင့်ယခုစံနှုန်းတို့နှိုင်းယှဉ်ဖော်ပြသည့်နည်းလမ်း					
							ယခင်တိုင်းတာမှု		ယခုတိုင်းတာမှု		လျော့/ပို	
							ရက်စွဲ	တန်ဖိုး	ရက်စွဲ	တန်ဖိုး		
၁။	pH	-	pH meter	October	စွန့်ပစ်ရည်	တစ်နှစ်						6~9
၂။	Chemical Oxygen Demand (COD)	mg/l	APHA-AWWA-WPCF	November December		(၁၂)ကြိမ်						250
၃။	Biochemical Oxygen Demand (BOD_5)	mg/l	APHA-AWWA-WPCF	January February								50
၄။	Ammonia	mg/l	Spectrophotometer	March								10
၅။	Arsenic	mg/l	APHA-AWWA-WPCF	April May								0.1
၆။	Total Cyanide	mg/l	Spectrophotometer	June								1
၇။	Total Iron	mg/l	Color comparison	July								3.5
၈။	Oil and Grease	mg/l	APHA-AWWA-WPCF	August September								10
၉။	Phenols	mg/l	Spectrophotometer									0.5
၁၀။	Sulfide	mg/l	Spectrophotometer									1
၁၁။	Total Suspended Solids (TSS)	mg/l	APHA-AWWA-WPCF									50

** NEQEG - အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပါ General Applications လမ်းညွှန်ချက်*

၁၀-၁-ဇ-(၃)။ ပတ်ဝန်းကျင်မြေထုအပေါ် သက်ရောက်မှုစောင့်ကြပ်ကြည့်ရှုရမည့်အချက်အလက်များ

ရွှေမာယခရမ်းရောဘာစက်ရုံ													
စဉ်	တိုင်းတာသည့်အရည်အသွေး	ယူနစ်	တိုင်းတာသည့်နည်းလမ်း	အချိန်ဇယား	သတ်မှတ်နေရာ	အကြိမ်အရေအတွက်	အတည်ပြုသည့်နည်းလမ်း						ရှိသင့်သည့်စံနှုန်းနှင့်ကိုးကားမှု
							ယခင်နှင့်ယခုစံနှုန်းတို့နှိုင်းယှဉ်ဖော်ပြသည့်နည်းလမ်း						
							ယခင်တိုင်းတာမှု		ယခုတိုင်းတာမှု		လျော့/ပို		
							ရက်စွဲ	တန်ဖိုး	ရက်စွဲ	တန်ဖိုး			
၁။	Aluminum	mg/kg	Procedures for Soil Analysis, 6th Edition, ISRIC, FAO of the United Nations	အောက်တိုဘာလ ဧပြီလ	စက်ရုံအတွင်း မြေကြီး	တစ်နှစ်နှစ်ကြိမ်							
၂။	Arsenic	mg/kg											
၃။	Chloride	mg/kg											
၄။	Copper	mg/kg											
၅။	Cyanide	mg/kg											
၆။	Extractable Acidity	cmol/kg											
၇။	Manganese	mg/kg											
၈။	P-Alkalinity	mmol/l.extract											
၉။	Total Alkalinity	mmol/l.extract											
၁၀။	pH	-											
၁၁။	Total Iron	mg/kg											

၁၀-၁-ဇ-(၄)။ ပတ်ဝန်းကျင်နှင့် ဝန်ထမ်းများအပေါ် ဆူညံသံသက်ရောက်မှုစောင့်ကြပ်ကြည့်ရှုရမည့်အချက်အလက်များ

ရွှေမာယခရမ်းရာဘာစက်ရုံ												
စဉ်	တိုင်းတာသည့်အရည်အသွေး	ယူနစ်	တိုင်းတာသည့်နည်းလမ်း	အချိန်ဇယား	သတ်မှတ်နေရာ	အကြိမ်အရေအတွက်	အတည်ပြုသည့်နည်းလမ်း					ရှိသင့်သည့်စံနှုန်းနှင့်ကိုးကားမှု *NEQEG
							ယခင်နှင့်ယခုစံနှုန်းတို့နှိုင်းယှဉ်ဖော်ပြသည့်နည်းလမ်း					
							ယခင်တိုင်းတာမှု		ယခုတိုင်းတာမှု		လျော့/ပို	
							ရက်စွဲ	တန်ဖိုး	ရက်စွဲ	တန်ဖိုး		
၁။	ဆူညံသံ	dBA***	Sound Meter	October April	-စက်ရုံရှေ့ -ရာဘာစိမ်ကန်အနီးနေရာ -ရာဘာကြိတ်ချေဖြတ် တောက်ကန်အနီးနေရာ -အခြောက်ခံကိရိယာအထွက် -ကုန်ချောထုပ်ပိုးနေရာ -ကုန်ကြမ်းသိုလှောင်ရုံ	တစ်နှစ်နှစ်ကြိမ်						၇၀

**NEQ(E)G – National Environemtnal Quality (Emission) Gudielines*

၁၈-၁-စျ။ ဒေသခံပြည်သူချိတ်ဆက်ပါဝင်ရေးနှင့်ဒေသဖွံ့ဖြိုးရေး

ရွှေမာယာခရမ်းရာဘာစက်ရုံ၏ ကုန်ထုတ်လုပ်မှု၊ ကုန်ချောဖြန့်ဖြူးမှုများကြောင့် ပတ်ဝန်းကျင်အပေါ် လေထု၊ ရေထု၊ မြေထုအပေါ် သက်ရောက်မှုများ၊ ပတ်ဝန်းကျင်ပြည်သူလူထုနှင့် ဝန်ထမ်းများအပေါ် ဆူညံသံသက်ရောက်မှုများတို့ကို စောင့်ကြပ်ကြည့်ရှုရန် လုပ်ငန်းလမ်းညွှန်အဖွဲ့နှင့် လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းပေးရာတွင် ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်ရန် ဆောင်ရွက်ထားပါသည်။ အဖွဲ့ဖွဲ့စည်းခြင်းကို ၁၈-၁-ဋ္ဌ တွင် ဖော်ပြထားပါသည်။ ထို့ပြင် ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးအတွက်လည်း နိုင်ငံတော်ကညွှန်ကြားထားသည့် နှစ်စဉ်အမြတ်ငွေ (၂%)ကို ကူညီပံ့ပိုးသွားရန်နှင့် မလုံလောက်ပါက ဖြည့်စွက်သုံးစွဲရန် စီစဉ်ထားပါသည်။

၁၈-၁-ည။ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးနှင့်သင်တန်းအစီအစဉ်များ အကောင်အထည်ဖော်မည့်အချိန်ဇယား

အဆိုပါစက်ရုံလုပ်ငန်းတွင် အမြဲတမ်းဝန်ထမ်း(၅၅)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ လုပ်သားဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု၊ စိတ်ဓာတ်မြင့်မားမှု၊ ဝန်ထမ်းအချင်းချင်း စည်းလုံးချစ်ခင်မှုရှိစေရန် ပညာပေးစည်းရုံးလျက်ရှိပါသည်။ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန် ဝါရင့် အတွေ့အကြုံရင့်ကျက်သည့် ဝန်ထမ်းများက ဝန်ထမ်းအသစ်များ၊ ဝန်ထမ်းအငယ်များကို လေ့ကျင့်ပညာပေးလျက်ရှိပါသည်။ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးနှင့် လေ့ကျင့်သင်ကြား ပေးရန် အစီအစဉ်ကို ၁၈-၁-ဆတွင် စီစဉ်ထားပါသည်။ ယင်းတို့ကြောင့် စက်ရုံကုန်ထုတ်လုပ်မှု တိုးတက်ခြင်း၊ အလေအလွင့်လျော့ပါးခြင်း၊ ဝန်ထမ်းများ၏ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ လုပ်ငန်း ခွင်သာယာခြင်း၊ စက်ပစ္စည်းများသက်တမ်းရှည်ခြင်း၊ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးတရားများလျော့နည်းခြင်း၊ ကောင်းကျိုးတရားများ တိုးပွားခြင်းစသော အကျိုးတရားများရရှိမည် ဖြစ်ပါသည်။

၁၈-၁-ဋ္ဌ။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ပါ လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်တာဝန်ပေးမည့် ပုဂ္ဂိုလ်အဖွဲ့အစည်းနှင့် သုံးစွဲမည့်ခန့်မှန်းအသုံးစရိတ်

၁၈-၁-ဋ္ဌ-(၁)။ အဖွဲ့များဖွဲ့စည်းခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံ၏ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ ဖြစ်ပေါ်ပါသည်။ ယင်းသက်ရောက်မှုများကို တိုင်းတာစစ်ဆေးခြင်း၊ ရရှိသည့်ရလဒ်များအရ အပြုသဘောသို့ဦးတည်နေခြင်း၊ အပျက်သဘောသို့ဦးတည်နေခြင်းများကို ဆုံးဖြတ်ပြုပြင်ဆောင်ရွက်ရပါမည်။ ယင်းသို့ တိုင်းတာရာတွင် မိမိစက်ရုံမှဝန်ထမ်းများဖြင့် တိုင်းတာနိုင်ပါက မိမိစက်ရုံမှာပင် တိုင်းတာခြင်း၊ မတိုင်းတာနိုင်ပါက သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆက်သွယ်ငှားရမ်း တိုင်းတာရမည် ဖြစ်ပါသည်။ ထို့ပြင် မိမိစက်ရုံဝန်ထမ်းများ၊ ကုန်ထုတ်အရင်းအနှီးများ၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးစီမံစောင့်ရှောက်မှုများ၊ ပတ်ဝန်းကျင်ပျက်စီးမှု လျော့ကျရေးများတို့ကိုပါ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရန် အဖွဲ့ဖွဲ့စည်းခြင်းကို အပိုဒ် (၁၈-၁-က)တွင်အဖွဲ့ဖွဲ့စည်းခြင်း၊ (၁၈-၁-ခ)တွင် အဖွဲ့၏ တာဝန်ဝတ္တရားများ၊ (၁၈-၁-ဂ)

တွင် လိုက်နာဆောင်ရွက်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းကိုလည်းကောင်း တင်ပြထားပြီး ဖြစ်ပါသည်။ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို လုပ်ငန်းလမ်းညွှန်အဖွဲ့အဖြစ် အောက် ပါအတိုင်းဖွဲ့စည်းထားပါသည် -

- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ကိုယ်စားလှယ်တစ်ဦး
- စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ကိုယ်စားလှယ်တစ်ဦး
- မြို့နယ်ကျန်းမာရေးဦးစီးဌာန ကိုယ်စားလှယ်တစ်ဦး
- မြို့နယ်မီးသတ်ဦးစီးဌာန ကိုယ်စားလှယ်တစ်ဦး
- မြို့နယ်စည်ပင်သာယာရေးကော်မတီ ကိုယ်စားလှယ်တစ်ဦး
- စက်ရုံနှင့်ဆက်စပ်သည့်ပြည်သူလူထု ကိုယ်စားလှယ်သုံးဦး

အဆိုပါ စက်ရုံလုပ်ငန်းတာဝန်ခံသည် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု တာဝန်ခံအဖြစ် တာဝန်ယူပါသည်။

၁၈-၁-၌-(၂)။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ၏ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

- အစီရင်ခံစာပါလျာထားရန်ပုံငွေကိုခွင့်ပြုချက်ရရှိရန်ဆောင်ရွက်ခြင်း
- တိုင်းတာရမည့် လေ၊ ရေ၊ မြေနှင့်စပ်လျဉ်း၍ မိမိစက်ရုံတွင် ဆောင်ရွက် နိုင်သည်များကို ဆောင်ရွက်ခြင်း
- မိမိစက်ရုံတွင် ဆောင်ရွက်နိုင်ခြင်းမရှိသည်များကို အခြားကျွမ်းကျင်ဌာနများ နှင့်တိုင်းတာရန် ဆက်သွယ်ဆောင်ရွက်ခြင်း
- တိုင်းတာရန် ရောက်ရှိလာသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းများ ကူညီ ဆောင်ရွက်ခြင်း ဥပမာ - လေ၊ ရေ၊ မြေနမူနာများရယူခြင်း၊ နမူနာရယူမည့် နေရာများ သတ်မှတ်ပေးခြင်း
- တိုင်းတာရရှိသည့်အချက်အလက်ကိန်းဂဏန်းများကို စုစည်းပြီးတိုးတက်မှု၊ ဆုတ်ယုတ်မှုများကောက်ချက်ချခြင်း
- အပိုဒ်၁၈-၁-၌-(၁)ပါ လုပ်ငန်းလမ်းညွှန်မှုအဖွဲ့ပါ ဌာနများနှင့် ဆက်သွယ်၍ ကိုယ်စားလှယ်တောင်းခံခြင်း၊ လမ်းညွှန်မှုခံယူခြင်း
- လုပ်ငန်းလမ်းညွှန်မှုအဖွဲ့ကို ဖိတ်ကြားခြင်း၊ မိမိတို့အဖွဲ့ဆောင်ရွက်မှုများကို တင်ပြခြင်း၊ လမ်းညွှန်မှုခံယူခြင်း
- အစီရင်ခံစာပါ ကျန်းမာရေး၊ လုပ်ငန်းခွင်အန္တရာယ်ကာကွယ်ရေး၊ မီးဘေး အန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများအတွက် လမ်းညွှန် ဆိုင်း ဘုတ်များ၊ ဟောပြောပွဲများ၊ ဇာတ်တိုက်လေ့ကျင့်မှုများ၊ လုပ်ငန်းသုံးပစ္စည်း များ (ဥပမာ - PPE များ၊ မီးသတ်ဆေးဘူးများစသဖြင့်) ဝယ်ယူပံ့ပိုးခြင်း
- စက်ရုံအတွင်းသစ်ပင်များကိုစိုက်ပျိုးရန်စီစဉ်ဆောင်ရွက်ခြင်း

- EMP အစီရင်ခံစာကို အတည်ပြုချက်ရရှိပြီးပါက ဝန်ထမ်းများ၊ အနီးပတ်ဝန်းကျင်ပြည်သူလူထု ဖတ်ရှုလေ့လာနိုင်ရန် စက်ရုံအတွင်း စားသောက်ဆိုင်တွင် Hard Copy အဆင့်သင့်ထားရှိပေးခြင်း
- Monitoring Report များကိုလည်းစီစဉ်ထားရှိခြင်း
- Website ရှိပါက Website တွင်တင်ပေးခြင်း

၁၀-၁-၄-(၃)။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ပတ်ဝန်းကျင်စောင့်ကြပ်လေ့လာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာဗွန်လျှော့ချရေးဆိုင်ရာလုပ်ငန်းများတွင် ငွေကြေးသုံးစွဲရန်လျာထားငွေ

အထက်ပါလျာထားငွေကို အောက်ပါဇယားဖြင့်တင်ပြပါသည် -

ပတ်ဝန်းကျင်စောင့်ကြပ်လေ့လာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာဗွန်လျှော့ချရေးဆိုင်ရာငွေကြေးသုံးစွဲရန်လျာထားငွေ

စဉ်	လုပ်ငန်းအမျိုးအမည်	သုံးစွဲရန်လျာထားငွေ (ကျပ်)	မှတ်ချက်
၁။	**ပတ်ဝန်းကျင်လေထုအရည်အသွေးတိုင်းတာခြင်း** PM_{10}, $PM_{2.5}$, Nitrogen Dioxide, Ozone, Sulfur Dioxide, O_2, TVOC, အပူချိန်၊ အသံဆူညံမှု။	၅၀၀,၀၀၀ × ၂ = ၁,၀၀၀,၀၀၀	Green Myanmar Environmental Services Co., Ltd.၏ ဓာတ်ခွဲစမ်းသပ်ခစားနှုန်းများဖြင့်ခန့်မှန်းထားပါသည်။
၂။	**သောက်သုံးရေအရည်အသွေးတိုင်းတာခြင်း** pH, Chloride, Total Hardness, Total Iron, Sulfate, Total Alkalinity, Turbidity, Manganese, Copper, Aluminum, Cyanide, Arsenic, Total Dissolved Solids	၁၀၀,၀၀၀ × ၂ = ၂၀၀,၀၀၀	
၃။	**ပတ်ဝန်းကျင်မြေထုအရည်အသွေးတိုင်းတာခြင်း** မြေစိုစွတ်မှုပမာဏ၊ နိုက်ထြိုဂျင်၊ ဖော့စဖိတ်၊ ကလိုရိုဒ်၊ ပိုတက်ဆီယမ်၊ ဆိုဒီယမ်၊ ကြေး၊ နီကယ်၊ ကတ်ဒမီယမ်၊ လျှပ်ကူးသတ္တိ (Earth Test)၊ အင်္ဂေ့ပျံနိုင်သောအော်ဂဲနစ်ဓာတ်ပေါင်းများ၊ လေးလံသောသတ္တုများ၊ ပိုးသတ်ဆေးအကြွင်းအကျန်များ။	၁၀၀,၀၀၀ × ၃ = ၃၀၀,၀၀၀	
၄။	**စွန့်ပစ်ရည်အရည်အသွေးတိုင်းတာခြင်း** Arsenic, Biochemical Oxygen Demand,		

	Cadmium, Chemical Oxygen Demand, Heavy Metals (Total), Lead, Mercury, pH, Total Coliform Bacteria, Total Nitrogen, Total Organochlorine Pesticides, Total Phosphorous, Total Suspended Solids.	၁၀၀,၀၀၀ × ၁၂× = ၁,၂၀၀,၀၀၀	
၅။	**လုပ်ငန်းခွင်လေထုအရည်အသွေးတိုင်းတာခြင်း** PM_{10}, $PM_{2.5}$, Nitrogen Dioxide, Ozone, Sulfur Dioxide, O_2, TVOC, အပူချိန်၊ အသံဆူညံမှု။	၃၀၀,၀၀၀ ×၂× ၅ =၃၀၀,၀၀၀	
၆။	**မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေး**		
	(က) မီးလှန့်ဇာတ်တိုက်မှု	၅၀,၀၀၀	
	(ခ) မီးသတ်သင်တန်းများ	၁၀၀,၀၀၀	
	(ဂ) ဘေးအန္တရာယ်ကာကွယ်တားဆီးရေးပညာပေးဟောပြောမှု	၅၀,၀၀၀	
	(ဃ) လုပ်သားလမ်းညွှန်ပိုစတာ၊ ဆိုင်းဘုတ်များ	၅၀,၀၀၀	
		=၂၅၀,၀၀၀	
၇။	**လုပ်ငန်းခွင်ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများ**		
	(က) ဆေးခန်းသုံးပစ္စည်းများနှင့်ဆေးဝါးများ	၁၀၀,၀၀၀	
	(ခ) ကျန်းမာရေးဟောပြောပွဲစရိတ်များ	၁၀၀,၀၀၀	
	(ဂ) ကျန်းမာရေးပညာပေးပိုစတာများ	၅၀,၀၀၀	
	(ဃ) နှစ်စဉ်ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်း	၅၀၀,၀၀၀	
		=၇၅၀,၀၀၀	
၈။	**ကာဗွန်လျော့ချရေးဆောင်ရွက်ချက်များ**	၅၀,၀၀၀	
	(က) ပျိုးပင်များဝယ်ယူခြင်း	၅၀,၀၀၀	
	(ခ) မြေဩဇာ	၅၀,၀၀၀	
	(ဂ) စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ	၅၀,၀၀၀	
	(ဃ) စိုက်ပျိုးရေးဇည့်ခံစရိတ်	=၂၀၀,၀၀၀	
	စုစုပေါင်း	၆,၉၀၀,၀၀၀	

၁၀-၂။ လိုက်နာဆောင်ရွက်မည့်ကတိကဝတ်များ

ရွှေမာယာခရမ်းရာဘာစက်ရုံ အနေဖြင့် -

- ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် တိကျခိုင်မာကြောင်းနှင့် မှန်ကန်ပါကြောင်း
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)၏ လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာ ဥပဒေများကိုလိုက်နာ၍ ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲထားကြောင်း နှင့် ယင်းဥပဒေ လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာမည်ဖြစ်ပါကြောင်း
- ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များ၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချ ရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲ လိုက်နာသွားမည်ဖြစ် ကြောင်း ကတိဝန်ခံမှုပြုပါသည်။
- လုပ်ငန်းလည်ပတ်နေစဉ် အတည်ပြုပြီး - ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို တိုးတက်လာသည့် နည်းပညာများအရ နောင်အခါတွင် ပြင်ဆင်ဖြည့်စွက်ရန် ညွှန် ကြားချက်ရရှိပါက ပြင်ဆင်ပေးပါမည်ဖြစ်ကြောင်း ကတိဝန်ခံမှုပြုပါသည်။
- နိုင်ငံတော်ကထုတ်ပြန်ထားသောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ
- ငွေကြေးသုံးစွဲရန်လျာထားငွေများဖြစ်သော

ပိတ်သိမ်းချိန်ငွေကြေးလျာထားမှု	၆၂,၇၅၀,၀၀၀ ကျပ်
လက်ရှိထိခိုက်မှုများလျော့ချခြင်းအတွက် ငွေကြေးလျာထားမှု	၄,၅၆၀,၀၀၀ ကျပ်
ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုသုံးစွဲ ငွေကြေးလျာထားမှု	၆,၉၀၀,၀၀၀ ကျပ်

  နှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်အမြတ်ငွေ၏ ၂% တို့ကိုသတ်မှတ်ခဲ့ပြီး မလုံလောက်ပါက ထပ်မံဖြည့်စွက်သွားပါမည့်အကြောင်း ရရှိထားသည့် ခွင့်ပြုမိန့် လက်မှတ်များ (ဥပမာ - ပုဂ္ဂလိကစက်မှုမှတ်ပုံတင်၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ ဘွိုင်လာအသုံးပြုခွင့်လက်မှတ်) တွင်ပါဝင်သည့် စည်းကမ်းချက်များကို လိုက်နာပါ မည့်အကြောင်း ဝန်ခံကတိပြုပါသည်။

၁၀-၃။ List of Commitment

ရွှေမာယာခရမ်းရာဘာစက်ရုံ အနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အခန်းတစ်ခန်းချင်းစီ အလိုက် လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

EMPအစီရင်ခံစာအခန်းတစ်ခန်းချင်းအလိုက်လိုက်နာဆောင်ရွက်မည့်ကတိကဝတ်များ

ကတိကဝတ်အကျဉ်းချုပ်	အမှတ်စဉ်	ကတိကဝတ်အား ရှင်းလင်းဖော်ပြချက်	အစီရင်ခံစာပါ ရည်ညွှန်းချက်
စက်ရုံ၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခြင်း။	၂-၁	-ရာဘာစိုက်ပျိုးမှု ဖွံ့ဖြိုး တိုးတက်ရန် ရာဘာစိုက်ပျိုး ထုတ်လုပ်သူများကို ကူညီပံ့ပိုးရန် ကတိပြုပါသည်။ -ပြည်ပသို့ MSR များတိုးမြှင့်တင်ပို့နိုင်ရန် အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်ရန် ကတိပြုပါသည်။ -ရာဘာနည်းပညာ ဖွံ့ဖြိုး တိုးတက်ရန် ကြိုးပမ်းလေ့လာ ဆောင်ရွက်ရန် ကတိပြုပါသည်။ -ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများကို တိုးတက်ရန် ဆောင်ရွက်ရန် ကတိပြုပါသည်။ -နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများကို ပြည့်ဝစွာ ပေးဆောင်ရန် ကတိပြုပါသည်။	**အခန်း(၂) - စက်ရုံ၏ ရည်ရွယ်ချက်များ**ကို ရည်ညွှန်းပါသည်။
မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို လိုက်နာခြင်း။	၃-၁	-လုပ်ငန်း လုပ်ကိုင်သူများ၏ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒနှင့် ဖွဲ့စည်းမှုဆိုင်ရာ ဆောင်ရွက်မှု များနှင့် သက်ဆိုင်သော ဥပဒေ၊ မူဝါဒများ အားလုံးကို လိုက်နာရန် ကတိပြုပါသည်။ NEQ(E)G စံနှုန်းများနှင့် နိုင်ငံတကာ စံနှုန်းများကို လိုက်နာရန် ကတိပြုပါသည်။	**အခန်း(၃) မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ**တွင် ဖော်ပြထားသည့် ဥပဒေများ၊ မူဘောင်များ၊ နည်း ဥပဒေများကို ရည်ညွှန်းပါသည်။
စက်ရုံ၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခြင်း။	၄-၁	-ရာဘာစိုက်ပျိုးမှု ဖွံ့ဖြိုး တိုးတက်ရန် ရာဘာစိုက်ပျိုး ထုတ်လုပ်သူများကို ကူညီပံ့ပိုးရန် ကတိပြုပါသည်။ -ပြည်ပသို့ MSR များတိုးမြှင့်တင်ပို့နိုင်ရန် အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်ရန် ကတိပြုပါသည်။ -ရာဘာနည်းပညာ ဖွံ့ဖြိုး တိုးတက်ရန် ကြိုးပမ်းလေ့လာ ဆောင်ရွက်ရန် ကတိပြုပါသည်။ -ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများကို တိုးတက်ရန် ဆောင်ရွက်ရန်	**အခန်း၄-၁ လုပ်ငန်း နှင့် ရည်ရွယ်ချက်များ**ကို ရည်ညွှန်းပါသည်။

		ကတိပြုပါသည်။ -နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများကို ပြည့်ဝစွာ ပေးဆောင်ရန် ကတိပြုပါသည်။	
ဘေးအန္တရာယ်ရှိကုန်ကြမ်းပစ္စည်းစီမံခန့်ခွဲခြင်း။	၄-၂	-ဘေးအန္တရာယ်ရှိ ကုန်ကြမ်းပစ္စည်း ဖြစ်သည့် ထုံးမှန့်၏ စီမံခန့်ခွဲမှု အစီအစဉ်ကို လိုက်နာဆောင်ရွက်ရန်ကတိပြုပါသည်။	**အပိုဒ် ၄-၁၁ ကုန်ကြမ်းပစ္စည်းများ လိုအပ်ချက်နှင့် ရယူသုံးစွဲမှု**ကိုရည်ညွှန်းပါသည်။
ဝန်ထမ်း လူမှုဖူလုံရေးနှင့် သာရေးနာရေးထောက်ပံ့ခြင်း	၄-၃	-ဝန်ထမ်းများအတွက် လူမှုဖူလုံရေးထည့်ဝင်ငွေများကို စိုက်ထုတ် ထည့်ဝင်ပေးခြင်း၊ နေ့စဉ်ထမင်း(၃)နပ် ကျွေးမွေးခြင်းနှင့် သာရေးနာရေး ထောက်ပံ့ပေးငွေများကို ဆက်လက်ဆောင်ရွက်ရန် ကတိပြုပါသည်။	**အပိုဒ် ၄-၁၂ စုစုပေါင်းလုပ်ငန်းစဉ်အလိုက်၊ အဆိုင်းအလိုက် လုပ်သား အရေအတွက်**ကိုရည်ညွှန်းပါသည်။
လုပ်ငန်း၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကိုလိုက်နာခြင်း။	၄-၄	-အခိုးအငွေ့ စွန့်ပစ်ပစ္စည်း သို့မဟုတ် လေထုအတွင်းသို့ ထုတ်လွှတ်အခိုးအငွေ့ အနံ့အသက်များ၊ အရည်စွန့်ပစ်ပစ္စည်းများ သို့မဟုတ် ရေထုအတွင်းသို့ ထုတ်လွှတ် အရည် စွန့်ပစ်ပစ္စည်းများ၊ အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ (သို့မဟုတ်) မြေထုအတွင်းသို့ ထုတ်လွှတ် အစိုင်အခဲ စွန့်ပစ်ပစ္စည်းများတို့၏ စီမံခန့်ခွဲမှု အစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ကတိပြုပါသည်။	**အပိုဒ် ၄-၁၇ လုပ်ငန်း၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အကျဉ်းချုပ်** ကိုရည်ညွှန်းပါသည်။
စွန့်ထုတ်ရည်နှင့်စွန့်ပစ်ရည်များစီမံခန့်ခွဲခြင်း။	၄-၅	-စွန့်ထုတ်ရည်နှင့် စွန့်ပစ်ရည်များကို စီမံခန့်ခွဲမှုစနစ်ကို ဆောင်ရွက်ရန် ကတိပြုပါသည်။	**အပိုဒ် ၄-၁၉ စွန့်ထုတ်ရည် (effluent) စွန့်ပစ်ရည် (Wastewater) ထွက်ရှိမှု ပမာဏနှင့် စီမံခန့်ခွဲမှု**ကို ရည်ညွှန်းပါသည်။
ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကိုစီမံခန့်ခွဲခြင်း။	၄-၆	-ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများဖြစ်သည့် မီးလုံး၊ မီးခြောင်း အကျွမ်းအကွဲများနှင့် ဘက်ထရီ အက်ဆစ်များတို့ကို လုပ်သားဝန်ထမ်းများနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန် ဆောင်ရွက်ရန် ကတိပြုပါသည်။	**အပိုဒ် ၄-၂၀ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း ပမာဏ၊ အမျိုးအစားအလိုက်ပါဝင်မှုနှင့် စီမံခန့်ခွဲမှုစနစ်**ကို ရည်ညွှန်းပါသည်။
လမ်းခရီးပိတ်ဆို့မှု မရှိစေရန် လိုက်နာဆောင်ရွက်	၄-၇	-စက်ရုံသို့ ကုန်ကြမ်းပစ္စည်းများ၊ စက်ရုံမှ ကုန်ချော ပစ္စည်းများတို့ကို သယ်ယူပို့	**အပိုဒ် ၄-၂၃ လမ်းပန်းဆက်သွယ်ရေး သယ်ယူပို့**

ခြင်း။		ဆောင်ရာတွင် လမ်းခရီးပိတ်ဆို့မှု မဖြစ်စေရန် စီစဉ်ဆောင်ရွက်ရန် ကတိပြုပါသည်။	**ဆောင်ရေး**ကို ရည်ညွှန်းပါသည်။
စက်ရုံက ရရှိထားသည့် မှတ်ပုံတင်လက်မှတ်များ၊ certificate များကိုလိုက်နာဆောင်ရွက်ခြင်း။	၄-၈	-စက်ရုံက ရရှိထားသည့် ခွင့်ပြုမိန့်များ Certificate များ၊ မှတ်ပုံတင်များပါ ကန့်သတ်မှုများကို လိုက်နာ ဆောင်ရွက်ရန် ကတိပြုပါသည်။	**အပိုဒ် ၄-၂၄ စက်ရုံကရရှိထားသည့် ခွင့်ပြုမိန့် မိတ္တူများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် တာဝန်ခံမည့်ပုဂ္ဂိုလ်**ကို ရည်ညွှန်းပါသည်။
မြေအရည်အသွေး ဆန်းစစ်တင်ပြခြင်း။	၅-၁	-စက်ရုံအတွင်း ထမင်းစားဆောင် ရှေ့မှ မြေကြီးနမူနာများကို Monitoring Plan တွင်တိုင်းတာတင်ပြရန်ကတိပြုပါသည်။	**အပိုဒ် ၅-၅ မြေအရည်အသွေးနှင့် ဓာတုပစ္စည်းပါဝင်မှု**ကိုရည်ညွှန်းပါသည်။
ရေအရည်အသွေးကို ဆန်းစစ်တင်ပြခြင်း။	၅-၂	-စက်ရုံအတွင်းရှိ အဝီစိတွင်းမှ ရေနမူနာကို Monitoring Plan တွင်တိုင်းတာတင်ပြရန် ကတိပြုပါသည်။	**အပိုဒ် ၅-၆ ရေအရည်အသွေး** ကို ရည်ညွှန်းပါသည်။
လေအရည်အသွေး တိုင်းတာတင်ပြခြင်း။	၅-၃	-စက်ရုံ ပတ်ဝန်းကျင် လေထု အရည်အသွေး၊ လုပ်ငန်းခွင် လေထု အရည်အသွေး၊ လေပူထုတ်မီးခိုးခေါင်းတိုင် လေထု အရည်အသွေးနှင့် အရန်လျှပ်စစ်ထုတ်စက် Emission gas အရည်အသွေးများကို Monitoring Plan တွင် တိုင်းတာတင်ပြရန် ကတိပြုပါသည်။	**အပိုဒ် ၅-၇ လေအရည်အသွေး**ကို ရည်ညွှန်းပါသည်။
ဆူညံသံတိုင်းတာဆန်းစစ်ခြင်း။	၅-၄	-စက်ရုံအတွင်း ရာဘာစိမ်ကန်အနီး၊ ရာဘာကြိတ်ချေဖြတ်တောက်ကန်အနီး၊ အခြောက်ခံကိရိယာအထွက်၊ ကုန်ချော ထုပ်ပိုးနေရာနှင့် ကုန်ကြမ်းသိုလှောင်ရုံများတို့တွင် ဆူညံသံ တိုင်းတာခြင်းကို Monitoring Plan တွင် တိုင်းတာတင်ပြရန်ကတိပြုပါသည်။	**အပိုဒ် ၅-၈ ဆူညံသံ**ကို ရည်ညွှန်းပါသည်။
စက်ရုံအတွင်း အန္တ ဆန်းစစ်ခြင်း။	၅-၅	-စက်ရုံရှေ့၊ ရာဘာစိမ်ကန် အနီးနေရာ၊ ရာဘာကြိတ်ချေ ဖြတ်တောက်ကန်၊ အခြောက်ခံကိရိယာ အထွက်၊ ကုန်ချော ထုပ်ပိုးနေရာနှင့် ကုန်ကြမ်း သိုလှောင်ရုံ အနီးနေရာများတို့တွင် Monitoring Plan ၌ အန္တဆန်းစစ်တင်ပြရန် ကတိပြုပါသည်။	**အပိုဒ် ၅-၉ အန္တ**ကို ရည်ညွှန်းပါသည်။
ဂေဟစနစ်ကို မထိခိုက်စေ	၅-၆	-ထုတ်လွှတ်မှု တန်ဘိုးများကို NEQ(E)G	**အပိုဒ် ၅-၁၀ ဇီဝမျိုးစုံမျိုးကွဲ၊**

ရန်ဆောင်ရွက်ခြင်း။		စံနှုန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ရန် ကတိပြုပါသည်။	**ဂေဟနစ်နှင့် ရေစီးရေလာ** ကို ရည်ညွှန်းပါသည်။
ထိခိုက်မှုများကို လျော့နည်းစေမည့်နည်းလမ်းများကို အသုံးပြုလိုက်နာခြင်း။	၆-၁	-ပတ်ဝန်းကျင်အပေါ် ဆိုးကျိုး သက်ရောက်စေသည့် ထုတ်လွှတ်မှုများ (လေထု၊ ရေထု၊ မြေထု၊ ဆူညံသံ၊ အနံ့အသက်များ)တို့ကိုလျော့နည်းစေရန်ဆောင်ရွက်မှုများကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားပါမည်။	**အပိုဒ် ၆-၃ ထိခိုက်မှုများကို လျော့ချမည့် နည်းလမ်း နှင့် နည်းပညာများ**ကို ရည်ညွှန်းပါသည်။
လေထု၊ ရေထု အတွင်းသို့ ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးများနှင့် ဆူညံသံ စံနှုန်းများကိုလိုက်နာခြင်း။	၆-၂	-လုပ်ငန်းမှ ရေထု၊ လေထုအတွင်းသို့ ထုတ်လွှတ်မှုများ၊ ဆူညံသံ တန်ဖိုးများတို့ကို NEQ(E)G စံနှုန်းအတွင်း ရရှိရန် ကြိုးပမ်းဆောင်ရွက်ရန် ကတိပြုပါသည်။	**အပိုဒ် ၆-၄ လုပ်ငန်းမှ ရေထု၊ လေထုထဲသို့ ထုတ်လွှတ် အရောဝတ္ထုများ နှင့် ပတ်သက်၍ လိုက်နာရမည့် အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို** ရည်ညွှန်းပါသည်။
စက်ရုံ၏ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများကြောင့် ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်မှုများကို ဆန်းစစ်ခြင်း။	၇-၁	-စက်ရုံ၏ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများကြောင့် ဘေးအန္တရာယ်ရှိမှုများကို ကုစားမှုနည်းလမ်းများဖြင့် ဆောင်ရွက်ရန် ကတိပြုပါသည်။	**အပိုဒ် ၇-၂ ရွှေမာယရောဘာစက်ရုံမှဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ် ဖြစ်နိုင်ခြေဆန်းစစ်ခြင်း**ကို ရည်ညွှန်းပါသည်။
စက်ရုံ လုပ်သား ဝန်ထမ်းများ၏ ကျန်းမာရေး၊ လူမှုရေး၊ လုပ်ငန်းခွင် သာယာရေး ကိစ္စရပ်များ။	၈-၁	-စက်ရုံ လုပ်သား ဝန်ထမ်းများ၏ ကျန်းမာရေး၊ လူမှုရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေး လုပ်ငန်းများကို မျက်ခြေမပြတ် ကြည့်ရှုဆောင်ရွက်ပေးရန် ကတိပြုပါသည်။	**အပိုဒ် ၈-၁ စက်ရုံလုပ်သားဝန်ထမ်းများ၏ သဘောထားရယူခြင်းနှင့် သတင်းအချက်အလက် ထုတ်ပြန်ခြင်း**ကို ရည်ညွှန်းပါသည်။
ရပ်ကွက်နေ ရပ်မိရပ်ဖများ၊ ပြည်သူလူထုအပေါ် ထိခိုက်မှုများ လျော့နည်းစေရေး ကိစ္စရပ်များ။	၈-၂	-ပြည်သူလူထု၊ ရပ်မိရပ်ဖများ၏ ဆန္ဒသဘောထားများကိုအတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရန် ကတိပြုပါသည်။	**အပိုဒ် ၈-၂ ရပ်ကွက်နေ ရပ်မိရပ်ဖများ၏ သဘောထားရယူခြင်းနှင့် သတင်းအချက်အလက် ထုတ်ပြန်ခြင်း**ကို ရည်ညွှန်းပါသည်။
ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေး ကိစ္စရပ်များ။	၈-၃	-စက်ရုံဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ၏ လူမှုရေး ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးရန် ကတိပြုပါသည်။	**အပိုဒ် ၈-၄ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်**

			ကိုရည်ညွှန်းပါသည်။
CSR ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ရန်ပုံငွေ ကိစ္စရပ်များ။	၈-၄	-ဝန်ထမ်းများ၊ စက်ရုံပတ်ဝန်းကျင် ပြည်သူလူထုအပေါ် တာဝန်သိ လူမှုရေး အစီအစဉ်ကို နှစ်စဉ် အသားတင် အမြတ်ငွေ၏ ၂%ကို လျာထားကြောင်းနှင့် မလုံလောက်ပါက ဖြည့်စွက်သုံးစွဲရန် ကတိပြုပါသည်။	**အပိုဒ် ၈-၅ CSR ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်နှင့် အသုံးပြုမည့် ရန်ပုံငွေ လျာထားချက်**ကို ရည်ညွှန်းပါသည်။
စက်ရုံလုပ်သားဝန်ထမ်းများ၊ စက်ရုံပတ်ဝန်းကျင် ပြည်သူလူထုတို့၏ မကျေနပ်ချက်များနှင့် လိုလားချက်များကို ဖြည့်ဆည်းခြင်း။	၈-၅	-စက်ရုံလုပ်သား ဝန်ထမ်းများ၊ ဒေသခံပြည်သူလူထု၊ စက်ရုံ ပတ်ဝန်းကျင် လူထုတို့၏ မကျေနပ်မှုများနှင့် လိုလားချက်များကိုအတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် ကတိပြုပါသည်။	**အပိုဒ် ၈-၆ မကျေနပ်ချက်များနှင့် လိုလားချက်များ ဖြေရှင်းပေးမည့် အစီအစဉ်** ကိုရည်ညွှန်းပါသည်။
အကြောင်းအမျိုးမျိုးကြောင့် စက်ရုံပိတ်သိမ်းရပါက ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်း။	၉-၁	-လုပ်ငန်း ပိတ်သိမ်းချိန် လေထု၊ ရေထု၊ မြေထုအပေါ်နှင့် ဆူညံသံများ၊ လူမှုစီးပွားများ သက်ရောက်မှုများကို လျော့နည်းရန် အတတ်နိုင်ဆုံး ဆောင်ရွက်ရန် ကတိပြုပါသည်။	**အပိုဒ် ၉-၂-က လုပ်ငန်းပိတ်သိမ်းချိန်၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ နယ်ပယ်၊ အချိန်နှင့် ကုစားမှုနည်းလမ်းများ** ကိုရည်ညွှန်းပါသည်။
လုပ်ငန်းပိတ်သိမ်းချိန် ဆောင်ရွက်မည့် လုပ်ငန်းအချိန်ဇယားနှင့် ရန်ပုံငွေ လျာထားခြင်းကိစ္စ။	၉-၂	-လုပ်ငန်းပိတ်သိမ်းချိန်အတွက် လုပ်ငန်းဆောင်ရွက်မည့် အချိန်ဇယားနှင့် လျာထား ရန်ပုံငွေကို သုံးစွဲရန်နှင့် မလုံလောက်ပါက ဖြည့်စွက်သုံးစွဲရန် ကတိပြုပါသည်။	**အပိုဒ် ၉-၂-ဃ လုပ်ငန်းပိတ်သိမ်းချိန်ဇယား နှင့် အပိုဒ် ၉-၃ ရန်ပုံငွေလျာထားချက်** ကို ရည်ညွှန်းပါသည်။
ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ခြင်း။	၁၀-၁	-စက်ရုံလုပ်ငန်း လည်ပတ်စဉ် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများ အနည်းဆုံးဖြစ်စေရန် ရေးဆွဲထားသည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ကတိပြုပါသည်။	**အပိုဒ် ၁၀-၁ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်**ကို ရည်ညွှန်းပါသည်။
ကတိကဝတ်များကို လိုက်နာခြင်း။	၁၀-၂	-စက်ရုံလုပ်ငန်း အနေဖြင့် EMP ရေးဆွဲခြင်းနှင့် ဆိုင်သော ကတိကဝတ်များ၊ ဥပဒေများ၊ Certificate များ၊ Registration များပါ စည်းကမ်းချက်များ၊ ငွေကြေးရန်ပုံငွေ လျာထားရန်နှင့် မလုံလောက်ပါက ဖြည့်စွက်သုံးစွဲရန် ကိစ္စများကို လိုက်နာရန် ကတိပြုပါသည်။	**အပိုဒ် ၁၀-၂ လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များ**ကို ရည်ညွှန်းပါသည်။

၁၁။ နိဂုံး

ရွှေမာယခရမ်ရာဘာစက်ရုံ သည် ရာဘာအစိမ်းပြား၊ ခွက်ကပ်၊ ဆွဲဖတ်တို့ကို အသုံးပြုပြီး ခရမ်ရာဘာ (MSR-မြန်မာစတင်းဒတ်ရာဘာ) များတို့ကို ကုန်ချောအဖြစ် ထုတ်လုပ်ဖြန့်ဖြူးသော စက်ရုံဖြစ်ပါသည်။ မော်တော်ယာဉ်များ၊ ဖော့ကလစ်များ၊ wheel loader များ၊ အရန်လျှပ်စစ်ထုတ်စက်များမှ အခိုးအငွေ့ အနံ့အသက်များ၊ လေပူမီးဖို၊ ခရမ်ရာဘာအခြောက်ခံ ကိရိယာများမှ အခိုးအငွေ့များ၊ ဝန်ထမ်းစားဖိုဆောင် လိုင်းခန်းများမှ အခိုးအငွေ့အနံ့အသက်များတို့သည် လေထုအတွင်းသို့ ထုတ်လွှတ်ပါသည်။ ရာဘာကုန်ကြမ်းများကို ခုတ်ထစ်ဖြတ်တောက် ကြိတ်ချေဆေးကြောရေများ၊ စက်ပစ္စည်းကိရိယာများ ဆေးကြောရေများ၊ ဝန်ထမ်းများသုံးစွဲပြီး ထွက်ရှိသည့်ရေဆိုးများ၊ စားဖိုဆောင်၊ လိုင်းခန်းများမှ ထွက်ရှိသည့် ရေဆိုးများ၊ ထရန်စဖော်မာဆီ၊ စက်ဆီချောဆီ၊ လောင်စာဆီယိုဖိတ်မှုများတို့သည် ရေထုအတွင်းသို့ ထုတ်လွှတ်ပါသည်။ လုပ်သား ဝန်ထမ်းများ နေ့စဉ်အသုံးပြုပြီး ထွက်ရှိသော အစိုင်အခဲစွန့်ပစ်ပစ္စည်းများ၊ ကုန်ကြမ်းထုပ်ပိုးပစ္စည်းများ (ဥပမာ-ဆွဲဖတ်၊ ခွက်ကပ်၊ ထုံး)၊ ကုန်ချောထုပ်ပိုးအပျက်အစီးများ ရာဘာကုန်ကြမ်းတွင်ပါလာသည့် ရာဘာမဟုတ်သောပစ္စည်းများ၊ ထင်းမီးပြာများတို့သည် မြေထုအတွင်းသို့ ထုတ်လွှတ်ပါသည်။ ထို့ပြင် စက်ပစ္စည်းကိရိယာ၊ မော်တော်ယာဉ်၊ ဖော့ကလစ်၊ wheel loader၊ အရန်လျှပ်စစ်ထုတ်စက်များမောင်းနှင်မှုများကြောင့် ဆူညံသံများတို့သည် ပတ်ဝန်းကျင်နှင့်ဝန်ထမ်းများအပေါ် သက်ရောက်ပါသည်။ စက်ရုံ၏အနီးပတ်ဝန်းကျင်လေထုအတွက် တိုင်းတာမှုများ၊ ပတ်ဝန်းကျင်မြေထုအတွက် တိုင်းတာမှုများ၊ လုပ်ငန်းခွင် လေထုအတွက် တိုင်းတာမှုများ၊ စွန့်ပစ်ရည်ဓာတ်ခွဲတိုင်းတာမှုများအရ အချို့နေရာများတွင် အမှုန်အမွှားပါဝင်မှု PM_{10}, $PM_{2.5}$ ဆူညံသံတန်ဖိုးများ စံနှုန်းထက်များပြားနေခြင်းနှင့် စွန့်ပစ်ရည်များ၏ ဓာတ်ခွဲမှုတန်ဖိုးများသည် စံနှုန်းထက်ကျော်လွန်နေကြောင်း တွေ့ရပါသည်။ သို့ပါ၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ ပြည့်မီခြင်းမရှိသေးသော အမှုန်အမွှားပါဝင်မှု၊ ဆူညံသံများ၊ စွန့်ပစ်ရည်များတို့ကို စံနှုန်းအတွင်းရောက်ရှိရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

ရွှေမာယာခရမ်းရောဘာစက်ရုံက ရရှိထားသောခွင့်ပြုမိန့်များ၊ လုပ်ငန်းလိုင်စင်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ် တာဝန်ခံမည့်ပုဂ္ဂိုလ်နှင့် ငွေကြေးလျာထားမှု

စဉ်	အကြောင်းအရာ
၁။	**စက်ရုံကရရှိထားသောခွင့်ပြုမိန့်များ** • **ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်** မ/ကြီး/၃၄၄ မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့်နေ့ရက် - ၃၁-၈-၂၀၂၁ **စက်ရုံအမည်အသစ်ဖြင့် လုပ်ငန်းလိုင်စင်များ အသစ်လဲလှယ်ရန် စီစဉ်ဆောင်ရွက်ဆဲဖြစ်ပါသည်။** • **မုဒုံမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဘေးအန္တရာယ်ဖြစ်စေတတ်သော လုပ်ငန်း (သို့မဟုတ်) စက်ဆုတ်ရုံ့ရှာဖွယ်ဖြစ်စေတတ်သောလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဖြန့်ဖြူးတည်ခင်းရောင်းချခြင်း၊ သိုလှောင်ရုံလုပ်ငန်းလိုင်စင်၊ စားသောက်ဖွယ်ရာများ ပြုလုပ်ခြင်းနှင့်ရောင်းချခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်နှင့်အခြားလုပ်ငန်းများလိုင်စင်** လိုင်စင်အမှတ် - ၀၀၄၈၁ မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့်နေ့ရက် - ၃၀-၉-၂၀၂၀
၂။	**Metrial Safty Data Sheet** • ထုံးမှုန့် • ဘတ္ထရီအက်ဆစ် • စက်ဆီချောဆီ • ဒီဇယ်ဆီ
၃။	**ငွေကြေးလျာထားမှုများ** ငွေကြေးလျာထားမှုများသည် သုံးစွဲရာတွင် လုံလောက်မှုမရှိပါက လုပ်ငန်းရှင် သို့မဟုတ် စက်ရုံတာဝန်ခံထံ ခွင့်ပြုမိန့်ထပ်မံ တောင်းခံသုံးစွဲပါမည်။ -စက်ရုံပိတ်သိမ်းရာတွင်သုံးစွဲမည့်ငွေကြေး - ၆၂,၇၅၀,၀၀၀ ကျပ် -လက်ရှိထိခိုက်မှုများအားလျော့ချရန်လျာထားငွေ - ၄,၅၆၀,၀၀၀ ကျပ် -ပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ကာဗွန်လျော့ချရေးလျာထားမှု - ၆,၉၀၀,၀၀၀ကျပ်
၄။	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တာဝန်ခံမည့်ပုဂ္ဂိုလ် အမည် - ဦးနေဦး ရာထူး - စက်ရုံမန်နေဂျာ ဖုန်းနံပါတ် - ၀၉ - ၇၆၃၁၂၇၉၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်

စက်မှုမှတ်ပုံတင်အမှတ် မ/ကြီး/၃၄၄ ရက်စွဲ ၃၀ . ၈. ၂၀၁၈

လုပ်ငန်းအရွယ်အစား အကြီးစား ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ် မွန်

အောက်ပါလုပ်ငန်းသည် ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (ဂ)အရ မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

၁။ လုပ်ငန်းအမည် သံလွင်ဟင်္သာ အဆင့်မြင့် ခရမ်းရာဘာလုပ်ငန်း

၂။ လုပ်ငန်းအမျိုးအမည် ကုန်ကြမ်းပစ္စည်းလုပ်ငန်း

၃။ အဓိကကုန်ချောပစ္စည်းအမျိုးအမည် ခရမ်းရာဘာတုံး

မရှိ ကြိုးပြီး။
၃။ ရေကိုကာဒန်ရှိ ငါးရှဉ့်ခြင်း အနံ့ အတွေ့ကို လုံးဝမရှိအောင်။

လက်မှတ် .....
အမည် .....
မှတ်ပုံတင်အမှတ် .....
ရာထူး .....
ဖုန်းနံပါတ် .....
နေရပ်လိပ်စာ .....



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
မြေရေသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြံပြုချက်များအား ရေးသားတော်ပြပေးနိုင်ပါသည်။)

စဉ်

၁၁ ...
၁၂ ...
၁၃ ...

လက်မှတ် .....
အမည် .....
မှတ်ပုံတင်အမှတ် .....
ရာထူး .....
ဖုန်းနံပါတ် .....
နေရပ်လိပ်စာ .....



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
မြေရေသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြံပြုချက်များအား ရေးသားတော်ပြပေးနိုင်ပါသည်။)

စဉ်

၁- ...
၂- ...
၃- ...

လက်မှတ် .....
အမည် .....
မှတ်ပုံတင်အမှတ် .....
ရာထူး .....
ဖုန်းနံပါတ် .....
နေရပ်လိပ်စာ .....



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယာ ခရမ်းရာဘာစက်ရုံ " ၏ ခရမ်းရာဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
မြေရေသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်ဝင်လျှင်းသည့် အကြမ်းချက်များအား ရေးသားဖော်ပြပေးနိုင်ပါသည်။)



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယာ ခရမ်းရာဘာစက်ရုံ " ၏ ခရမ်းရာဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
မြေရေသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်ဝင်လျှင်းသည့် အကြမ်းချက်များအား ရေးသားဖော်ပြပေးနိုင်ပါသည်။)



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယာ ခရမ်းရာဘာစက်ရုံ " ၏ ခရမ်းရာဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
မြေရေသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်ဝင်လျှင်းသည့် အကြမ်းချက်များအား ရေးသားဖော်ပြပေးနိုင်ပါသည်။)



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယာ ခရမ်းရာဘာစက်ရုံ " ၏ ခရမ်းရာဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
မြေရေသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်ဝင်လျှင်းသည့် အကြမ်းချက်များအား ရေးသားဖော်ပြပေးနိုင်ပါသည်။)



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan -- EMP) အစီရင်ခံစာ
ပြုစုရေးသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြမ်းမျက်မှောအား ရေးသားဖော်ပြပေးနိုင်ပါသည်။)



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
ပြုစုရေးသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြမ်းမျက်မှောအား ရေးသားဖော်ပြပေးနိုင်ပါသည်။)



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
ပြုစုရေးသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြမ်းမျက်မှောအား ရေးသားဖော်ပြပေးနိုင်ပါသည်။)



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
ပြုစုရေးသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြမ်းမျက်မှောအား ရေးသားဖော်ပြပေးနိုင်ပါသည်။)



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယာ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
ပြုစုရေးသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြပြုချက်များအား ရေးသားဖော်ပြပေးနိုင်ပါသည်။)

စဉ်	
၁/	စက်ရုံမှ အနံ့အသက်၊ အိုင်းမှုတ်ထုတ်ခြင်း
၂/	စက်ရုံမှ ဖြည်ဆီးသုံးစွဲမှုကြောင့် အိုဇုန်းလွှာ ပျက်စီးခြင်း

လက်မှတ် .....
အမည် ဒေါ်ခင်ခင်ဦး
မှတ်ပုံတင်အမှတ် .....
ရာထူး .....
ဖုန်းနံပါတ် .....
နေရပ်လိပ်စာ ၁၁၅ ကနောင်မင်းသာလမ်း၊ ကျိုက်ထာရီမြို့နယ်



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယာ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
ပြုစုရေးသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြပြုချက်များအား ရေးသားဖော်ပြပေးနိုင်ပါသည်။)

စဉ်	
၁	အနံ့ဆိုး ကင်းစင်စေရန်
၂	မိုးရွာ၊ ပစ်ရေသာဓိုသဖြင့် မျှနေသော သဘာဝစိုးမိုးကျင်းမတိုးစေရန်
၃	ဆေးထိတွေ့ခြင်းဆိုး ကင်းစင်ရေး

လက်မှတ် .....
အမည် ဒေါ်ခင်ခင်ဦး
မှတ်ပုံတင်အမှတ် ၁၀၀၄၄၄၃(ဝ) ၀၉၂၀၀၂၂၂
ရာထူး .....
ဖုန်းနံပါတ် ၀၉၂၀၀၂၂၂၂၂
နေရပ်လိပ်စာ ၁၁၅ ကနောင်မင်းသားလမ်း၊ ကျိုက်ထာရီမြို့နယ်



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယာ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
ပြုစုရေးသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြပြုချက်များအား ရေးသားဖော်ပြပေးနိုင်ပါသည်။)

စဉ်	
၁/	အမှုန်မှုန့်ထုတ်လွှတ်မှုကြောင့် အနီးအနားရှိ စက်ရုံများမှ အဝတ်အထည်များ ညစ်ပတ်ခြင်း

လက်မှတ် .....
အမည် .....
မှတ်ပုံတင်အမှတ် .....
ရာထူး .....
ဖုန်းနံပါတ် .....
နေရပ်လိပ်စာ .....



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယာ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
ပြုစုရေးသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြပြုချက်များအား ရေးသားဖော်ပြပေးနိုင်ပါသည်။)

စဉ်	
၁/	ရော်ဘာမှုန့် ပေါက်ကွဲခြင်း
၂/	ရော်ဘာမှုန့် ပေါက်ကွဲခြင်း
၃/	ရော်ဘာမှုန့် ပေါက်ကွဲခြင်း
၄/	ရော်ဘာမှုန့် ပေါက်ကွဲခြင်း
၅/	ရော်ဘာမှုန့် ပေါက်ကွဲခြင်း

လက်မှတ် .....
အမည် .....
မှတ်ပုံတင်အမှတ် .....
ရာထူး .....
ဖုန်းနံပါတ် .....
နေရပ်လိပ်စာ .....



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယာ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
ပြုစုရေးသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြံပြုချက်များအား ရေးသားတော်ပြပေးနိုင်ပါသည်။)



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယာ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
ပြုစုရေးသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြံပြုချက်များအား ရေးသားတော်ပြပေးနိုင်ပါသည်။)



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယာ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
ပြုစုရေးသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြံပြုချက်များအား ရေးသားတော်ပြပေးနိုင်ပါသည်။)



Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

" ရွှေမာယာ ခရမ်းရောဘာစက်ရုံ " ၏ ခရမ်းရောဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ
ပြုစုရေးသားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း
အကြမ်းလွှာ
(စက်ရုံနှင့်စပ်လျဉ်းသည့် အကြံပြုချက်များအား ရေးသားတော်ပြပေးနိုင်ပါသည်။)

နောက်ဆက်တွဲ (၄)

ရွှေမာယာခရမ်းရာဘာစက်ရုံ စက်ရုံဝန်ထမ်းများ၊ ရပ်မိရပ်ဖများပြည်သူတို့၏ သဘောထားအပေါ် ဆောင်ရွက်မှုတင်ပြခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံ ၏ စက်ရုံဝန်ထမ်းများနှင့် စက်ရုံရှိ ဘုရားကျောင်းဆောင်တွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ(၃)ရက်နေ့တွင်လည်းကောင်း၊ သာယာကုန်းကျေးရွာရှိ (ရာမညနိကာယ-ဘားတိုက်) ဘုန်းကြီးကျောင်း ဓမ္မာရုံတွင် စက်ရုံရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၄)ရက်နေ့တွင် ဆောင်ရွက်ခဲ့ပြီး၊ စက်ရုံအပေါ် ယင်းတို့၏ ဆန္ဒသဘောထားများ ရယူခဲ့ပါသည်။ ယင်းဆန္ဒသဘောထားများကို ဖတ်ရှုလေ့လာပြီး စက်ရုံက ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၁၈)ရက်-ရက်စွဲဖြင့် ပေးပို့ခဲ့ပါသည်။ စက်ရုံက ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၆)ရက်နေ့တွင် ပြန်ကြားလာခဲ့ပါသည်။ စက်ရုံသို့ ပေးပို့စာနှင့် စက်ရုံမှပြန်စာများ၊ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပူးတွဲတင်ပြထားပါသည်။

Green Myanmar
Environmental Services Co., Ltd
No.115, Kanaung Min Thar Gyi Road, Industrial Zone (1), Hlaing Thar Yar Industrial City, Yangon, Myanmar
Tel: 09 897 978 296, 09-5081451 E-mail: gmescompany@gmail.com, info@gmes-mm.com

သို့

တာဝန်ခံ
Shwe Mar Ga Golden & Mining, Import & Export Co., Ltd.
မြစိမ်းတောင်ဘုရားလမ်း၊ သာယာကုန်းကျေးရွာ၊
မုဒုံမြို့နယ်၊ မွန်ပြည်နယ်၊

ရက်စွဲ - ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်

အကြောင်းအရာ။ Shwe Mar Ga Golden & Mining, Import & Export Co., Ltd. ၏ ခရမ်ရာဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက် စက်ရုံဝန်ထမ်းများနှင့် ပတ်ဝန်းကျင် ရပ်မိရပ်ဖ ဒေသခံများ ၏ အကြံပြုချက်များ ညှိနှိုင်းပြန်ကြားပေးပါရန်ကိစ္စ။

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ Green Myanmar Environmental Services Co., Ltd. နှင့် Shwe Mar Ga Golden & Mining, Import & Export Co., Ltd. တို့သည် မြစိမ်းတောင်ဘုရားလမ်း၊ သာယာကုန်းကျေးရွာ၊ တာပသွန်ကျေးရွာအုပ်စု၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်ရှိ ခရမ်ရာဘာထုတ်လုပ်ခြင်းလုပ်ငန်း စက်ရုံအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ ရေးဆွဲပေးရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ အစီရင်ခံစာတွင် အများပြည်သူသဘောထားရယူခြင်းနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း ခေါင်းစဉ်အတွက် ရေးသားဖော်ပြရန် ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် စက်ရုံဝန်ထမ်းများနှင့်၎င်း၊ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ (၄)ရက်နေ့တွင် ဒေသခံရပ်မိရပ်ဖများနှင့်၎င်း တွေ့ဆုံညှိနှိုင်း အကြံပြုချက်များ ရယူခဲ့ပါသည်။ ယင်းအကြံပြုချက်များကို ဇတ်ရှုလေ့လာခဲ့ရာတွင် ဖော်ပြပါအချက်များကို Shwe Mar Ga Golden & Mining, Import & Export Co., Ltd. မှ ပြန်လည်ရှင်းလင်းပေးစေလိုပါသဖြင့် ဖြေရှင်းရမည့် ဖမးခွန်းများကို အောက်တွင် ဖော်ပြထားပါသည်။

(က) စက်ရုံဝန်ထမ်းများ၏ အကြံပြုချက် ဆန္ဒသဘောထားများ

(၁) လုပ်ငန်းခွင်အတွင်း အကာအကွယ်ပစ္စည်းများ လုံလောက်မှုမရှိကြောင်း
(၂) သောက်သုံးရေများမှာ သောက်ရေသန့်ဖြစ်ကြောင်း
(၃) သန့်စင်ခန်းများ လုံလောက်မှုရှိကြောင်း
(၄) ဆေးကြောသန့်ရှင်းရေးစနစ်ကောင်းမွန်ကြောင်း
(၅) လုပ်ငန်းခွင်အတွင်း ဆူညံသံများနှင့် အန္တရာယ်များ ရှိကြောင်း
(၆) လုပ်ငန်းခွင်အတွင်း အလင်းရောင်လုံလောက်မှုနှင့် လေဝင်လေထွက် ရှိကြောင်း
(၇) လုပ်ငန်းခွင်အတွင်း အမှုန်အမွှားအခြေအနေ မရှိကြောင်း
(၈) လုပ်ငန်းခွင် လူမှုဆက်ဆံရေးအခြေအနေ အဆင်ပြေကောင်းမွန်ကြောင်း

(ခ) ဒေသခံရပ်ဝိရပ်ဖများ၏ အကြံပြုချက် ဆန္ဒသဘောထားများ

(၁) စက်ရုံမှ အနံ့ဆိုးများ မထွက်ရှိစေရန်။ ကျေးရွာပြည်သူများအတွက် စက်ရုံမှထွက်ရှိသော အနံ့ဆိုးများကို ပပျောက်အောင် ဆောင်ရွက်ပေးပါရန်

(၂) ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရန်

(၃) စက်ရုံမှ ထွက်ရှိသော ရေဆိုးများကို ထိရောက်စွာ ထိန်းသိမ်းပေးပါရန်

(၄) ရေဆိုးများ မြေကြီးထဲတွင် မစိမ့်ဝင်စေရန်

(၅) စက်ရုံမှ စွန့်ပစ်ရည်ကြောင့် ရွာအတွင်းရှိ ရေတွင်းများ မပျက်စီးစေရန်

(၆) ရာဘာအမှုန် ပျံ့လွင့်မှုမရှိစေရန်

(၇) ဆူညံသံမထွက်အောင်လုပ်ပေးပါ

(၈) ရာဘာအတင်အချကား အဝင်အထွက်များကြောင့် လမ်းပျက်စီးမှု မရှိစေရန်

(၉) စက်ရုံအဝင်လမ်းမှာ ဘုန်းကြီးကျောင်းဘေးတွင် ရှိသောကြောင့် ကားလမ်းမပျက်စီးရန်

(၁၀) ဘုန်းကြီးကျောင်းဘေးမြေနီလမ်း တောလမ်းဖြစ်၍ ရာဘာတင်ကားကြီးကားငယ်အဆက်မပြတ် ဝင်ထွက်ခနပါသဖြင့် လမ်းများဖုန်ထပြီး ပျက်စီးနေခြင်း

(၁၁) စက်ရုံဝင် လမ်းအတွင်း ဖုန်မထစေရန် ကွန်ကရစ်လမ်းလမ်းပေးပါရန်

(၁၂) စက်ရုံအဝင်လမ်းတွင် လမ်းမီးထွန်းပေးပါရန်

လေးစားစွာဖြင့်

Kyaw Soe Win
Managing Director
Green Myanmar
Environmental Services Co., Ltd.

မိတ္တူကို -
ရုံးလက်ခံ

သို့

မန်နေဂျင်းဒါရိုက်တာ
စိမ်းလန်းမြန်မာပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်
အမှတ်(၁၁၅)၊ ကနေ့ာင်မင်းသားကြီးလမ်း၊
လှိုင်သာယာစက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး၊

ရက်စွဲ - ၂၀၂၀ ခုနှစ်၊ မတ် လ (၂၄)ရက်

အကြောင်းအရာ ။ Shwe Mar Ga Golden & Mining, Import & Export Co., Ltd. ၏ ခရမ်းရာဘာထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ စက်ရုံဝန်ထမ်းများနှင့် ဒေသခံရပ်မိရပ်ဖများ၏ အကြိုပြုချက်များ အပေါ် ပြန်ကြားခြင်းကိစ္စ၊

ရည်ညွှန်းချက် ။ ။ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်နေ့တွင် စိမ်းလန်းမြန်မာပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ ပေးပို့စာ၊

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ရည်ညွှန်းပါစာဖြင့် Shwe Mar Ga Golden & Mining, Import & Export Co., Ltd. ၏ ခရမ်းရာဘာထုတ်လုပ်ခြင်းလုပ်ငန်း စက်ရုံအပေါ် စက်ရုံဝန်ထမ်းများနှင့် ဒေသခံရပ်မိရပ်ဖများ၏ အကြိုပြုချက်များကို ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ပြန်ကြားအပ်ပါသည်၊

ပူးတွဲ ။ စက်ရုံဝန်ထမ်းများနှင့် ဒေသခံရပ်မိရပ်ဖများ၏ အကြိုပြုချက်များအပေါ် စက်ရုံမှ ဆောင်ရွက်ပေးမည့် အစီအစဉ်၊

လက်မှတ် .....

တာဝန်ခံအမည် .....

ရာထူး .....

Shwe Mar Ga
Golden & Mining, Import & Export Co., Ltd.
မြစိမ်းတောင်ဘုရားလမ်း၊ သာယာကုန်းကျေးရွာ၊
တာပသွန်ကျေးရွာအုပ်စု၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်၊

Shwe Mar Ga Golden & Mining, Import & Export Co., Ltd. မှ စက်ရုံဝန်ထမ်းများနှင့် ဒေသခံရပ်မိရပ်ဖများ၏ အကြံပြုချက်များအပေါ် ဆောင်ရွက်ပေးမည့် အစီအစဉ်။

အကြံပြုချက်ဆန္ဒသဘောထားများ	ဆောင်ရွက်ပေးမည့်အစီအစဉ်
(က) စက်ရုံဝန်ထမ်းများ၏ အကြံပြုချက်များ	
(၁) လုပ်ငန်းခွင်အတွင်း အကာအကွယ်ပစ္စည်းများ လုံလောက်မှုမရှိကြောင်း	(၁) လုံလောက်မှုရှိအောင်ကျစိုက်ဖြည့်စည်းပေးသွားပါမည်။
(၂)သောက်သုံးရေများမှာသောက်ရေသန့် ဖြစ်ကြောင်း	(၂) လုံလောက်မှုရှိအောင်ကျစိုက်ဖြည့်စည်းပေးသွားပါမည်။
(၃) သန့်စင်ခန်းများ လုံလောက်မှုရှိကြောင်း	(၃) အစည်အမြဲသန့်ရှင်းမှုရှိအောင်ဆောင်ရွက်လျက်ရှိပါသည်။
(၄) ဆေးကြောသန့်ရှင်းရေးစနစ်ကောင်းမွန်ကြောင်း	(၄) ဆက်လက်ဆောင်ရွက်သွားပါမည်။
(၅) လုပ်ငန်းခွင်အတွင်း ဆူညံသံများနှင့် အန္တရာယ်များရှိကြောင်း	(၅) ဆူညံသံနှင့်အန္တရာယ်များလျော့အောင်ဆောင်ရွက်ပါမည်။
(၆) လုပ်ငန်းခွင်အတွင်း အလင်းရောင်လုံလောက်မှုနှင့် လေဝင်လေထွက် ရှိကြောင်း	(၆) ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပါမည်။
(၇) လုပ်ငန်းခွင်အမှုန်အမွှားအခြေအနေ မရှိကြောင်း	(၇) ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပါမည်။
(၈) လုပ်ငန်းခွင်ရှိ လူမှုဆက်ဆံရေး အခြေအနေ အဆင်ပြေကောင်းမွန်ကြောင်း	(၈) ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပါမည်။
(ခ) ဒေသခံရပ်မိရပ်ဖများ၏ အကြံပြုချက် ဆန္ဒသဘောထားများ	
(၁) စက်ရုံမှ အန္တရာယ်များ မထွက်ရှိစေရန်။ ကျေးရွာပြည်သူများအတွက် စက်ရုံမှထွက်ရှိသော အန္တရာယ်များကို ပပျောက်အောင် ဆောင်ရွက်ပေးပါရန်	(၁) ပညာရှင်များထံများထံမှအကြံဉာဏ်များရယူ၍ လျော့နည်းပပျောက်အောင်ဆောင်ရွက်ပါမည်။
(၂) ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရန်	(၂) ကြိုးစားဆောင်ရွက်ပါမည်။
(၃) စက်ရုံမှ ထွက်ရှိသော ရေဆိုးများကို ထိရောက်စွာ ထိန်းသိမ်းပေးပါရန်	(၃) ကြိုးစားဆောင်ရွက်ပါမည်။
(၄) ရေဆိုးများ မြေကြီးထဲတွင် မစိမ့်ဝင်စေရန်	(၄) ကြိုးစားဆောင်ရွက်ပါမည်။
(၅) စက်ရုံမှ စွန့်ပစ်ရည်ကြောင့် ရွာအတွင်းရှိ ရေတွင်းများ မပျက်စီးစေရန်	(၅) ကြိုးစားဆောင်ရွက်ပါမည်။
(၆) ရာဘာအမှုန် ပျံ့လွင့်မှုမရှိစေရန်	(၆) ကြိုးစားဆောင်ရွက်ပါမည်။
(၇) ဆူညံသံမထွက်အောင်လုပ်ပေးပါ	(၇) ကြိုးစားဆောင်ရွက်ပါမည်။
(၈) ရာဘာအတင်အချကား အဝင်အထွက်များကြောင့် လမ်းပျက်စီးမှု မရှိစေရန်	(၈) လမ်းပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးပါမည်။
(၉) စက်ရုံအဝင်လမ်းမှာ ဘုန်းကြီးကျောင်းသေားတွင် ရှိသောကြောင့် ကားလမ်းမပျက်စီးရန်	(၉) လမ်းပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးပါမည်။
(၁၀) ဘုန်းကြီးကျောင်းဘေးမြေနီလမ်း တောလမ်းဖြစ်၍ရာဘာတင်ကားကြီးကားငယ်အဆက်မပြတ်ဝင်ထွက်နေပါသဖြင့်လမ်းများဖုန်ထပြီးပျက်စီးခြင်း	(၁၀) လမ်းပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးပါမည်။
(၁၁) စက်ရုံဝင် လမ်းအတွင်း ဖုန်မထစေရန် ကွန်ကရစ်လမ်းလမ်းပေးပါရန်	(၁၁) ဆောင်ရွက်ပေးပါမည်။
(၁၂) စက်ရုံအဝင်လမ်းတွင် လမ်းမီးထွန်းပေးပါရန်	(၁၂) ဆောင်ရွက်ပေးပါမည်။

နောက်ဆက်တွဲ (၅)

အရေးပေါ်စီမံချက်ရေးဆွဲတင်ပြခြင်း

ရွှေမာယာခရမ်းရာဘာစက်ရုံ တွင် လူနှင့်ပတ်ဝန်းကျင်ကြောင့်လည်းကောင်း၊ သဘာဝတရားအရ သော်လည်းကောင်း၊ ဘေးအန္တရာယ်များကျရောက်ပါက ထိခိုက်မှုနည်းနိုင်သမျှ နည်းစေရန် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောလျင်စွာဆောင်ရွက်နိုင်ရန်နှင့် မူလအခြေအနေ ပြန်လည်ရောက်ရှိနိုင်ရန် **"အရေးပေါ်စီမံချက်"** ကိုရေးဆွဲထားခြင်းကို ပူးတွဲတင်ပြအပ်ပါသည်။

ရွှေမာယာခရမ်းရာဘာစက်ရုံ
သာယာကုန်းကျေးရွာ၊ တာပသွန်ကျေးရွာအုပ်စု
မုဒုံမြို့နယ်၊ မွန်ပြည်နယ်။
အရေးပေါ်စီမံချက်

၁။ နိဒါန်း

လူ၊ စက်ပစ္စည်းကိရိယာ၊ ကုန်ကြမ်းပစ္စည်းများ၊ ငွေကြေးဓနဥစ္စာပစ္စည်းတို့ကို အသုံးပြုပြီး ကုန်ချော ပစ္စည်းများကိုထုတ်လုပ်ရာတွင် အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ရပါက လူတို့၏ အသက်အိုးအိမ် စည်းစိမ်များနှင့် ရင်းနှီးမြုပ်နှံထားသည့် ပစ္စည်းဥစ္စာများ ဆုံးရှုံးမှုအနည်းဆုံးဖြင့် ပြဿနာများဖြေရှင်းနိုင်ရန် အရေးပေါ်စီမံချက်ကို ရေးဆွဲလိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။

၂။ ရည်ရွယ်ချက်

ရွှေမာယာခရမ်းရာဘာစက်ရုံ အနေဖြင့် အရေးပေါ်အခြေအနေတစ်ရပ်ရပ်ကို ကြုံတွေ့လာပါက လုပ်သားဝန်ထမ်းများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် စက်ရုံပိုင်ကုန်ကြမ်း၊ ကုန်ချော၊ စက်ပစ္စည်းကိရိယာ များ ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် အရေးပေါ်စီမံချက်ပါ အချက်အလက်များအတိုင်း လိုက်နာဆောင်ရွက် ခြင်းဖြင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် ရည်ရွယ်ပါသည်။

၃။ အရေးပေါ်အခြေအနေများ

လူသားများကြုံတွေ့နိုင်သည့် အရေးပေါ်အခြေအနေများမှာ အမြောက်အမြားတည်ရှိပါသည်။ ယင်း တို့အနက်မှ အောက်ဖော်ပြပါ အခြေအနေ(၃)ရပ်ကို ရွေးချယ်၍ စီမံချက်ရေးဆွဲထားပါသည်။ အခြားအခြေ အနေများ ဖြစ်ပေါ်ကြုံတွေ့လာလျှင်လည်း အခြေခံအချက်အလက်များကို အသုံးပြု၍ စီမံကွပ်ကဲ ဆောင် ရွက်သွားနိုင်မည်ဖြစ်ပါသည်။

၃-၁။ မီးဘေးအန္တရာယ်ကြုံတွေ့ခြင်း

၃-၂။ သဘာဝဘေးအန္တရာယ်များကြုံတွေ့ခြင်း

၃-၃။ လုပ်သားဝန်ထမ်းများ၏ကျန်းမာရေးအရေးပေါ်အခြေအနေကြုံတွေ့ခြင်း

၃-၁။ မီးဘေးအန္တရာယ်ကြုံတွေ့ခြင်း

မီးဘေးအန္တရာယ် ကြုံတွေ့ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း နှစ်ပိုင်းခွဲပြီး တင်ပြအပ်ပါ သည် -

၃-၁-က။ ကြုံတွေ့ရနိုင်မှုများ
၃-၁-ခ။ ကာကွယ်တားဆီးမှု၊ မီးငြိမ်းသတ်ခြင်းနှင့် ထိခိုက်မှုများ လျော့နည်းစေရန် ဆောင် ရွက်ခြင်း

၃-၁-က။ ကြုံတွေ့ရနိုင်မှုများ

ရွှေမာယာခရမ်းရာဘာစက်ရုံ အနေဖြင့် မီးဘေးအန္တရာယ် ကြုံတွေ့နိုင်ရန် အခြေအနေ နှစ်ရပ် ရှိနိုင်ပါသည်။ ယင်းတို့မှာ -

၃-၁-က-(၁)။ မိမိစက်ရုံအတွင်းမှကြုံတွေ့ရနိုင်မှုများ

၃-၁-က-(၂)။ အခြားပြင်ပမှကြုံတွေ့ရနိုင်မှုများ ဖြစ်ပါသည်။

၃-၁-က-(၁)။ မိမိစက်ရုံအတွင်းမှကြုံတွေ့ရနိုင်မှုများ

မိမိစက်ရုံအတွင်းမှ အောက်ပါအကြောင်းအရင်းများကြောင့် ကြုံတွေ့မှုဖြစ်ပေါ်နိုင်ပါသည် -

1) **ကုန်ကြမ်း၊ ကုန်ချောပစ္စည်းနှင့်ထုပ်ပိုးပစ္စည်းများကြောင့်လောင်ကျွမ်းခြင်း**

ခွက်ကပ်၊ ဆွဲဖတ်၊ ထုံးအိတ်ထုပ်ပိုးပစ္စည်း အပျက်အစီးများ၊ ကုန်ချော ပလပ်စတစ်အိတ်များ လုပ်ငန်းလုပ်ကိုင်စဉ် မတော်တဆ ပျက်စီးမှုစသည့် ပစ္စည်းများတို့သည် မီးလောင်လွယ်သော ပစ္စည်းများဖြစ်ကြပါသည်။ ထို့ပြင် ကုန်ကြမ်း ရာဘာအမျိုးမျိုးနှင့် ခရမ်းရာဘာကုန်ချောတို့သည်လည်း မီးလောင်လွယ်သော ပစ္စည်းများဖြစ်ကြပါသည်။ ယင်းပစ္စည်းများ၏ အနီးပတ်ဝန်းကျင်တွင် မီးလောင်နိုင်သော မီးခြစ်၊ ဆေးလိပ်၊ မီးတောက်ဖြစ်ပေါ်စေနိုင်သည့် ပစ္စည်းများ ယူဆောင်အသုံးမပြုရန် ကြပ်တည်းစွာ တားမြစ်ထားရပါမည်။ ယူဆောင်အသုံးပြုခြင်း တွေ့ရှိပါက ပေးအပ်သည့် ပြစ်ဒဏ်များကို ဝန်ထမ်းများ မြင်သာသိသာ ထင်ရှားအောင် ဆောင်ရွက်ထားပါသည်။

2) **ဒီဇယ်ဆီ၊ ရေနံဆီ၊ ဓာတ်ဆီ၊ လောင်စာဆီများကြောင့်လောင်ကျွမ်းခြင်း**

အရန်လျှပ်စစ်ထုတ်စက်များ၊ မော်တော်ယာဉ်များ၊ ဖောက်လစ်၊ wheel loader များတို့တွင် ဒီဇယ်ဓာတ်ဆီကို အသုံးပြုရပါသည်။ ယင်းလောင်စာဆီများကို သယ်ယူပို့ဆောင်ရာတွင် လည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားစဉ်တွင် လည်းကောင်း၊ အသုံးပြုစဉ်တွင်လည်းကောင်း မီးဘေးအန္တရာယ် ကြုံတွေ့နိုင်၍ တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများကို သိရှိနားလည်သဘောပေါက်စေရန် ပညာပေး ကြပ်မတ်ပေးရပါမည်။ မီးလောင်ကျွမ်းမှု ဖြစ်ခဲ့လျှင်လည်း ဆောင်ရန်ရှောင်ရန်များ၊ မီးသတ်ပစ္စည်းကိရိယာများ စီစဉ်ထားပါသည်။

3) မော်တော်ယာဉ်များ၊ ဖောက်လစ်၊ wheel loader လျှပ်စစ်ထုတ်စက်များကြောင့်လောင်ကျွမ်းခြင်း

စက်ရုံ အလုပ်ရုံအတွင်း ကုန်ကြမ်းကုန်ချော သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်ရာတွင် မော်တော်ယာဉ်များ၊ ဖောက်လစ်များ၊ wheel loader များ အသုံးပြုရပါသည်။ လျှပ်စစ်ထုတ် အင်ဂျင် ဂျင်နရေတာကိုလည်း လိုအပ်ပါက အသုံးပြုရပါသည်။ ယင်းသို့ အသုံးပြုစဉ် ဘက်ထရီအိုးရှော့ဖြစ်၍ လောင်ကျွမ်းခြင်း၊ လောင်စာပိုက်မှ လောင်စာဆီမှ ယိုစိမ့်ပေါက်ထွက်ပြီး ပူသောသံထည် စက်ကိရိယာပေါ် သက်ရောက်ပြီး လောင်ကျွမ်းခြင်း၊ ဝါယာရှော့ဖြစ်၍ လောင်ကျွမ်းခြင်းများ ဖြစ်ပေါ်လေ့ရှိသဖြင့် မော်တော်ယာဉ်ကြုံ့ခိုင်ရေး၊ စက်ပစ္စည်း ကိရိယာများ ကြုံ့ခိုင်ကောင်းမွန်စေရန် ထိန်းသိမ်းပြုပြင်ရပါမည်။ ပြုပြင်မှုများကို Log Book များဖြင့် ရေးသားမှတ်တမ်းတင်ခြင်း၊ အချိန်မှန် ဆီ၊ ရေ လဲလှယ်ခြင်းတို့ ဆောင်ရွက်ပါသည်။

4) လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်းကြောင့်လောင်ကျွမ်းခြင်း

အဆိုပါစက်ရုံတွင် အဝိစိတွင်းရေများကို ပန့်ဖြင့်စုပ်တင်ခြင်း၊ ရာဘာကုန်ကြမ်းများကို ဖြတ်တောက် ခုတ်ထစ်ကြိတ်ခွဲရာတွင် လည်းကောင်း၊ မွှေဒလက်ကန်တွင် မွှေပေးရာတွင်လည်းကောင်း၊ ရာဘာကုန်ကြမ်းများ သယ်ယူပို့ဆောင်သည့် Bucket Conveyor နှင့် Belt Conveyor များ မောင်းနှင်ရာတွင်လည်းကောင်း၊ လေပူမှုတ်ပန်ကာများ မောင်းနှင်ရာတွင် လည်းကောင်း၊ လျှပ်စစ်မော်တာများ အသုံးပြုရပါသည်။ ယင်းလျှပ်စစ်မော်တာများသည် ပါဝါကြီးမားသဖြင့် လျှပ်စီးနှုန်းအင်ပီယာမြင့်မားပါသည်။ အသုံးပြုသည့် လျှပ်စစ်ဝန်နှင့် ဝါယာကြိုးများ ဒဏ်ခံနိုင်ရည်ကို အမြဲစစ်ဆေးရပါမည်။ ဆွေးမြည့်ပေါက်ပြဲနေသော ဝါယာကြိုးများကို စစ်ဆေးပြုပြင်လဲလှယ်ရပါမည်။ လျှပ်စစ်ရှော့ဖြစ်ပွားပါက ဖြူစ်များပြတ်သွားခြင်း၊ Breaker များပြုတ်ကျစေခြင်းတို့ ဖြစ်ပေါ်စေခြင်းဖြင့် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန် အစဉ်စစ်ဆေးနေရပါမည်။ Contact များ ချောင်နေခြင်း ရှိမရှိ၊ ဖြူစ်များ၊ Breaker များ၏ ခံနိုင်ဝန်နှင့် အသုံးပြုသည့်ဝန်များ၊ လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်ထားပါသည်။

5) လေပူမီးပူမီးဖိုများကြောင့်လောင်ကျွမ်းခြင်း

ရွှေမာယခရမ်းရာဘာစက်ရုံ တွင် ခရမ်းရာဘာထုတ်လုပ်ရာတွင် လေပူထုတ်လုပ်ရန် လေပူမီးပူမီးဖိုတွင် ထင်းမီးများအသုံးပြုပါသည်။ ယင်းမီးဖိုများမှ မီးကြွင်းမီးကျန်များသည်လည်းကောင်း၊ ဝန်ထမ်းများ

ပေါ့ဆမှုကြောင့်လည်းကောင်း၊ အပူရှိန်လွန်ကဲမှုကြောင့် လည်းကောင်း မီးလောင်ကျွမ်းမှု ဖြစ်ပေါ်နိုင်၍ ကြိုတင်ကာကွယ်ဆောင်ရွက်ပေးပါသည်။

6) အင်ဂွေ့ပျံနိုင်သောအော်ဂဲနစ်ဖြေပျော်းများကြောင့်လောင်ကျွမ်းနိုင်ခြင်း

ခရမ့်ရာဘာထုတ်လုပ်ရာတွင် ထွက်ရှိသော ဓာတ်ငွေ့များတွင် အင်ဂွေ့ပျံနိုင်သော အော်ဂဲနစ်ဖြေပျော်းများလည်း ပါဝင်လာနိုင်ပါသည်။ ယင်းဖြေပျော်းများသည် မီးပွင့်မီးတောက်များနှင့် ထိတွေ့ပါက မီးပေါက်ကွဲမီးလောင်နိုင်သဖြင့် ယင်းသို့ဖြေပျော်းများ ထွက်ရှိနိုင်သည့် နေရာအနီးဝန်ကျင်တွင် မီးပွင့်မီးပွား မီးတောက် မထွက်ရှိရန်ထိန်းသိမ်းခြင်း၊ လေဝင်လေထွက် ကောင်းစေခြင်းများ ဆောင်ရွက်ပေးပါသည်။

7) မိုးကြိုးပစ်ခတ်မှုကြောင့်လောင်ကျွမ်းခြင်း

အဆိုပါစက်ရုံ၏ ပတ်ဝန်းကျင်တွင် ရာဘာဥယျာဉ်ခြံများ အုံ့ဆိုင်းနေပြီး စက်ရုံအမြင့်ပိုင်းနှင့် သိပ်မကွာခြားသဖြင့် မိုးကြိုးပစ်ခတ်မှု အန္တရာယ် အနည်းငယ်သာရှိပါသည်။ သို့သော်လည်း ကြိုတင်ကာကွယ်မှုပြုသည့်အနေဖြင့် တပ်ဆင်ထားသော မိုးကြိုးလွှဲများကို မျက်မြင်စစ်ဆေးပြုပြင်ခြင်း၊ နှစ်စဉ် လျှပ်စစ်စစ်ဆေးရေးဌာနနှင့် စစ်ဆေးမှုများကို Log Book များဖြင့် မှတ်တမ်းတင် ပြုပြင်ဆောင်ရွက်ပါသည်။

8) ဝန်ထမ်းများအသုံးပြုသည့်လျှပ်စစ်ပစ္စည်းများကြောင့်လောင်ကျွမ်းခြင်း

ရွှေမာယခရမ့်ရာဘာစက်ရုံတွင် ရုံးလုပ်ငန်းနှင့် စက်ရုံကုန်ထုတ်လုပ်မှုတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများတို့သည် မိမိတို့အသုံးပြုသည့် လျှပ်စစ်ကိရိယာပစ္စည်းများကို လုပ်ငန်း လုပ်ကိုင်ပြီးပါက လျှပ်စစ်ဖြတ်တောက်ရန် သတိမေ့လျော့ထားခဲ့ပါက အပူလွန်ရှော့ဖြစ်၍ လောင်ကျွမ်းမှုများကို တားဆီးရန် သတိပေးလမ်းညွှန်ချက်ထုတ်ခြင်း၊ လိုက်လံစစ်ဆေးခြင်း၊ အပြစ်ပေး အရေးယူခြင်းများ ဆောင်ရွက်ပါသည်။

9) ဝန်ထမ်းစားဖိုဆောင်၊ လိုင်းခန်း၊ အိမ်ခန်းများကြောင့်လောင်ကျွမ်းခြင်း

အဆိုပါစက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ချက်ပြုတ် ကြော်လှော်ရာမှလည်းကောင်း၊ ဝန်ထမ်း လိုင်းခန်း၊ အိမ်ခန်းများမှ မီးကြွင်း၊ မီးကျန် ပေါ့ဆမီးများကြောင့် လောင်ကျွမ်းနိုင်မှုများကို သတိပေးခြင်း၊ ပညာပေးခြင်း၊ မီးသတ် အသုံးအဆောင် ပစ္စည်းများ စီစဉ်ပေးထားခြင်းတို့ဖြင့် ကာကွယ်တားဆီးပါသည်။

၃-၁-က-(၂)။ အခြားပြင်ပမှကြုံတွေ့ရနိုင်မှုများ

ရွှေမာယခရမ့်ရာဘာစက်ရုံ၏ တည်ရှိပုံ အနေအထားအရ ခြံကျယ်ဝင်းကျယ်တွင် သစ်ပင်များအုံ့ဆိုင်းလျက် တည်ရှိခြင်းကြောင့် ပြင်ပမှ မီးကူးစက်

လောင်ကျွမ်းရန် အခွင့်အလမ်း အလွန်နည်းပါးပါသည်။ သို့ရာတွင် ကုန်ကြမ်းရာဘာများနှင့် ကုန်ချော သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်များ အိပ်ဇောမှုမီးပွင့်မီးပွားများ ထွက်ရှိမှု၊ ကုန်တင်ကုန်ချ လုပ်သားများ၏ ဆေးလိပ်သောက်မှု၊ မီးခြစ် အသုံးပြုမှုများကြောင့် လောင်ကျွမ်းမှုများကို အထူးကြပ်မတ်ထားပါသည်။

၃-၁-၈။ ကာကွယ်တားဆီးမှု၊ မီးငြိမ်းသတ်ခြင်းနှင့် ထိခိုက်မှုများ လျော့နည်းရန်ဆောင်ရွက်ခြင်း

၃-၁-၈-(၁)။ ကြိုတင်ကာကွယ်ပြင်ဆင်မှုများဆောင်ရွက်ခြင်း

မီးလောင်ကျွမ်းမှု မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ အဆိုပါစက်ရုံအနေဖြင့် ကြိုတင်ကာကွယ်မှု ပြုလုပ်နိုင်ရန်

a. ကုန်ကြမ်းရာဘာများကို အရင်ဝင် အရင်သုံးစနစ်ဖြင့် ကျင့်သုံးအသုံးပြုခြင်း၊ အထက်အောက်ပြောင်းလွှဲပေးခြင်း။
b. ကုန်ကြမ်း ထုပ်ပိုးပစ္စည်းများကို စုဆောင်းပြီး ပြန်လည်အသုံးပြုခြင်း၊ အသုံးမပြုနိုင်သည့် ထုပ်ပိုးပစ္စည်းများကို ထုခွဲရောင်းချခြင်း၊ ရောင်းချ၍မရသည်များကို စည်ပင်သာယာရေး ကော်မတီက သတ်မှတ်သည့် နေရာများတွင် စနစ်တကျစွန့်ပစ်ခြင်း။
c. ဒီဇယ်၊ ဓာတ်ဆီထားသိုမှု၊ ပိုက်လိုင်းများမှ ယိုဖိတ်မှုများကို စစ်ဆေးပြုပြင်ခြင်း။
d. သတိပေးစာတမ်းများချိတ်ဆွဲထားခြင်း။
e. မီးသတ်ကိရိယာများကို ကိုင်တွယ်အသုံးပြုနည်းများ၊ ဝန်ထမ်းများကို ကျွမ်းကျင်စေခြင်း။
f. ဝန်ထမ်းများကိုမီးဘေးအန္တရာယ်ပညာပေးခြင်း။
g. မီးလှုန့်ဇာတ်တိုက်ခြင်း၊ မီးသတ်သင်တန်းများ တက်စေခြင်း၊ ဆင့်ပွားသင်တန်းများပေးခြင်း။
h. မီးဘေးအန္တရာယ် ကြုံတွေ့ရပါက ဆောင်ရန်ရှောင်ရန်များကို ကြိုတင်ညွှန်ကြားထားခြင်း။

၃-၁-၈-(၂)။ မီးငြိမ်းသတ်ရန်စီစဉ်ဆောင်ရွက်ခြင်း

စက်ရုံအလုပ်ရုံအနေဖြင့် မီးလောင်ကျွမ်းမှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားသော်လည်း မမျှော်လင့်ဘဲ မီးဘေးအန္တရာယ် ကြုံတွေ့နိုင်ပါသည်။ မီးလောင်ကျွမ်းမှုဖြစ်ပေါ်ပါက မိမိစက်ရုံတွင်ရှိသည့် မီးငြိမ်းသတ်ပစ္စည်းကိရိယာများ အသုံးပြုလျက် အကောင်းဆုံးဖြစ်ရန် ဖန်တီးယူရပါမည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် မီးသတ်ဆေးဘူးများ အသုံးပြုပုံနှင့် အသုံးပြုရမည့် မီး

တောက်အမျိုးအစားများ ခွဲခြားသိရှိရန် ကြိုတင်သင်ကြားပေးရပါမည်။ ဥပမာ - ဆီများလောင်ကျွမ်းခြင်း၊ လျှပ်စစ်ဝိုင်ယာရှော့ဖြစ်၍ လောင်ကျွမ်းခြင်းများတွင် အသုံးပြုမည့်ဆေးဘူးများ ခွဲခြားသိရှိလိုက်နာရပါမည်။ ထို့ပြင် မီးသတ်ဌာနများသို့ လျင်လျင်မြန်မြန် အကြောင်းကြားနိုင်ရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ဝန်ထမ်းများ လွယ်လွယ်ကူကူ သိရှိနိုင်ရန် ကြော်ငြာသင်ပုန်းများတွင် ဖော်ပြထားပေးပါသည်။

၃-၁-ခ-(၃)။ ထိခိုက်ဆုံးရှုံးမှုများလျော့နည်းအောင်ဆောင်ရွက်ခြင်း

မီးဘေးအန္တရာယ် ကြုံတွေ့ချိန်တွင် မီးငြိမ်းသတ်မည့် ဝန်ထမ်းအုပ်စုက ငြိမ်းသတ်မှု ဆောင်ရွက်နေချိန်တွင် ဝန်ထမ်းများကို အောက်ပါအတိုင်း တာဝန်များအလိုက် အုပ်စုဖွဲ့ တာဝန်ထမ်းဆောင်ရပါသည်။

a. လျှပ်စစ်မာတ်အားများ ဖြတ်တောက်ရေးနှင့် အရေးပေါ်မီးများ ထွန်းညှိရေးအဖွဲ့

စက်ရုံတွင် မီးဘေးအန္တရာယ်ကြုံတွေ့ရပါက ကြုံတွေ့သည့် နေရာပေါ်မူတည်၍ လျှပ်စစ်မာတ်အား ဖြတ်တောက်ရပါမည်။ အရေးပေါ်မီးများ ထွန်းညှိရန်လိုအပ်ပါက အရေးပေါ်မီးများ ထွန်းညှိပေးရပါမည်။ ယင်းအုပ်စုအဖွဲ့ကို လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများက ဦးဆောင်ရမည် ဖြစ်ပြီး မီးလှန့်ဇာတ်တိုက် လေ့ကျင့်ခန်းများတွင် ကြိုတင်ပါဝင် ဆောင်ရွက်ခြင်းဖြင့် အဆင်ပြေချောမွေ့စေမည်ဖြစ်ပါသည်။

b. ပြင်ပမှဝင်ရောက်နိုင်သည့် အဖျက်အနှောင့်အယှက်များ ကာကွယ်တားဆီးရေးအဖွဲ့

စက်ရုံအလုပ်ရုံတွင် မီးငြိမ်းသတ်ရန် ဝင်ထွက်မည့် မီးသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ မီးသတ်ဝန်ထမ်းများ လွယ်ကူစွာဝင်ထွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရသကဲ့သို့ ယင်းတို့နှင့်အတူ ဝင်ရောက်လုယက်ခိုးဝှက်နိုင်သည့် မသမာသူအဖျက်သမားများ ဝင်ရောက်ခြင်းကို ကာကွယ်တားဆီးရပါမည်။ ထို့ပြင် စက်ရုံ အခြားဝင်ပေါက်များ၊ ခြံစည်းရိုးကျော်တက်ခြင်းမျိုး မပြုလုပ်နိုင်ရန်လည်း သတ်သတ်မှတ်မှတ် ဖွဲ့စည်းတာဝန်ပေးအပ် ထားရပါမည်။ ယင်းဝန်ထမ်းအုပ်စုသည် မီးလှန့်ဇာတ်တိုက် လေ့ကျင့်ခန်းများ ကြိုတင်ပါဝင်ဆောင်ရွက်စဉ် လမ်းညွှန်မှုပြုသင်တန်းပေးထားပါသည်။

c. ဝန်ထမ်းလုပ်သားများ၏ အသက်အန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့

အမျိုးသမီးဝန်ထမ်းများ၊ အသက်အရွယ်ကြီးရင့်သည့် ဝန်ထမ်းလုပ်သားများကို ဘေးအန္တရာယ်ကင်းရှင်းစွာ စောင့်ရှောက်နိုင်ရန် ကြိုတင်သတ်မှတ်ထားသည့် ဘေးအန္တရာယ်ကင်းရှင်းသည့် စုရပ်များတွင် စနစ်တကျ စုစည်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည့် အဖွဲ့အစည်း ဖွဲ့စည်းပေးရပါမည်။ ယင်းအဖွဲ့၏ လုပ်ဆောင်ချက်များကို မီးလှန့်ဇာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်သည့်အချိန်တွင် လေ့ကျင့်ထားပါသည်။

d. အရေးကြီးစာရွက်စာတမ်းများ၊ ငွေကြေးများ သယ်ယူရွှေ့ပြောင်းရေးအဖွဲ့

စက်ရုံအလုပ်ရုံအတွက် အရေးကြီးသော စာရွက်စာတမ်းများကို ဦးစားပေး အဆင့်အတန်းများ သတ်မှတ်ထားပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ ငွေကြေးဥစ္စာပစ္စည်းများ ရွှေ့ပြောင်းရေး ဆောင်ရွက်ရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး တာဝန်ပေးထားပါမည်။ ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်စဉ် လေ့ကျင့်သင်တန်းပေးပါသည်။

၃-၂။ သဘာဝဘေးအန္တရာယ်များကြုံတွေ့ခြင်း

လူသားများအတွက် သဘာဝတရားက ကောင်းကျိုးများ ဆောင်နှင်းသကဲ့သို့ တခါတရံတွင် ဆိုးကျိုးများပေးနိုင်ပါသည်။ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှုများကို အောက်ပါအတိုင်း အကျဉ်းချုပ်တင်ပြအပ်ပါသည်။

(က) ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း
(ခ) လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း
(ဂ) ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း
(ဃ) မိုးကြိုးပစ်ခြင်း
(င) တောမီးလောင်ကျွမ်းခြင်း
(စ) အပူလှိုင်းဖြတ်ခြင်း
(ဆ) အအေးလှိုင်းဖြတ်ခြင်း

ဖော်ပြပါ ဘေးအန္တရာယ်များ ကြုံတွေ့ရပါကလည်း လုပ်သားဝန်ထမ်းများ၏ အသက်အန္တရာယ်နှင့် စက်ရုံပိုင်ပစ္စည်းဥစ္စာများ ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် ကြိုတင်ကာကွယ်တားဆီးခြင်း၊ မိုးလေဝသသတင်းများ မျက်ခြေမပြတ်နားထောင် ထုတ်ပြန်သတိပေးခြင်း၊ ဖြစ်ပေါ်လာပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် လိုအပ်သောစီမံခန့်ခွဲမှုများ ဆောင်ရွက်ခြင်းတို့ကို မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးကဲ့သို့ အဖွဲ့များဖွဲ့စည်း ဆောင်ရွက်သွားရပါမည်။ အကယ်၍ဖြစ်ခဲ့လျှင်လည်း ထူထောင်နိုင်ရန် စီမံခန့်ခွဲသွားရမည်ဖြစ်ပါသည်။

၃-၃။ လုပ်သားဝန်ထမ်းများ၏ကျန်းမာရေးအရေးပေါ် အခြေအနေကြုံတွေ့ခြင်း

စက်ရုံအလုပ်ရုံ၊ ရုံးဝန်ထမ်း လုပ်သားဝန်ထမ်းများသည် ကျန်းမာရေးအခြေအနေ အရေးပေါ် ကြုံတွေ့နိုင်မှုများမှာ

(က) စက်ရုံအလုပ်ရုံပြင်ပတွင်တာဝန်ထမ်းဆောင်စဉ်မတော်တဆဖြစ်ခြင်း

(ခ) ဝန်ထမ်းလုပ်သားများ နလုံးရောဂါ၊ အတက်ရောဂါ၊ သတိလစ်ရောဂါ ရုတ်တရက် ခံစားရခြင်း

(ဂ) အစာအဆိပ်သင့်ခြင်း

အထက်ဖော်ပြပါ အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ရပါက ရှေးဦးသူနာပြုစုခြင်း၊ ဆေးရုံဆေးပေးခန်းသို့ အချိန်မီသယ်ယူကုသနိုင်ရေးများကို မော်တော်ယာဉ်ဝန်ထမ်း၊ ငွေကြေးများ စီစဉ်ဆောင်ရွက်ထားပါသည်။

၄။ အရေးပေါ်အခြေအနေနှင့်ကြုံတွေ့ရပါကအခြားအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း

(က) ၂၀၁၃ခုနှစ်၊ ဇူလိုင်လ၊ (၃၁)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သည် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကို ၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၂၁ဖြင့် ပြဋ္ဌာန်း ခဲ့ပါသည်။ ယင်းဥပဒေတွင် **"သဘာဝဘေးအန္တရာယ်"** ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု၊ သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်း တိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဒဏ်ခံရခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း၊ ပင်လယ်ရေကြောင်း အန္တရာယ်ဖြစ်ပေါ်ခြင်းကြောင့် သော်လည်းကောင်း၊ ပိုးမွှားတိရစ္ဆာန်များကြောင့်ဖြစ်စေ၊ အပင်ရောဂါကြောင့်ဖြစ်စေ၊ ပျိုးခင်းစိုက်ခင်းများပျက်ဆီးခြင်း၊ လူ သို့မဟုတ် တိရစ္ဆာန်များတွင် ကူးစက် ရောဂါများ ဖြစ်ပွားခြင်းကြောင့်သော်လည်းကောင်း၊ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင် သောင်းကျန်းမှု ကြောင့်သော်လည်းကောင်း၊ စက်မှုလုပ်ငန်းကြောင့်ဖြစ်စေ၊ ရေနံဖိတ်ခြင်းကြောင့်ဖြစ်စေ၊ သဘာဝဓာတ်ငွေ့ ယိုစိမ့်ခြင်းကြောင့်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အခြေခံအဆောက်အဦများ၊ လုံခြုံရေး၊ ပညာ ရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုများကိုဆိုသည်။ ယင်းစကားရပ်တွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက သဘာဝဘေးအန္တရာယ်ဟု သတ်မှတ် သည့် အခြား ဘေးအန္တရာယ်တစ်ခုခုလည်း ပါဝင်သည်ဟု ဖွင့်ဆိုထားပါသည်။

(ခ) ဒုတိယသမ္မတတစ်ဦးဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည်ဟုလည်း ပြဋ္ဌာန်းထားပါ သည်။ ထို့ပြင် **"ဒေသဆိုင်ရာအဖွဲ့"** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်၊

ကျေးရွာအုပ်စု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တစ်ခုခုကို ဆိုသည်ဟူ၍ ပြဌာန်းထားပါသည်။ ယင်းသို့ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့်ဆက်သွယ်ပြီး သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းပါမည်။

၅။ အရေးပေါ်အခြေအနေကျရောက်ပြီးစီမံခန့်ခွဲခြင်း

အရေးပေါ်အခြေအနေ ကျရောက်ပြီးသည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုန့်ပြန်ရေးလုပ်ငန်းများကို အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ပါမည်။

(က) အရေးပေါ်အခြေအနေကြောင့်ပျောက်ဆုံးနေသူများကိုအရေးပေါ်ရှာဖွေကယ်ဆယ်ခြင်း

(ခ) ဘေးသင့်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် ယာယီခိုလှုံရာ အဆောက်အဦများတွင် နေရာချထားပေးခြင်း

(ဂ) စားရေးရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများအရေးပေါ်ထောက်ပံ့ပေးခြင်း

(ဃ) အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများကို ပမာဏစာရင်းပြုစုခြင်းနှင့် ထောက်ပံ့ရေးလိုအပ်မှုများအတွက် ဆန်းစစ်ချက်များပြုလုပ်ခြင်း

(င) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ် ကွပ်ကဲရေးရုံးဖွင့်လှစ်ပြီး အနီးကပ်ကြီးကြပ်ကွပ်ကဲခြင်း

(စ) ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့များဖွဲ့စည်း၍ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ကူးစက်ရောဂါများ မကျရောက်စေရေးအတွက် ကာကွယ်ခြင်း

(ဆ) ယာယီဆေးခန်းနှင့် ဆေးရုံများဖွင့်လှစ်၍ ထိခိုက်ဒဏ်ရာရသူနှင့် မကျန်းမာသူများအား ဆေးဝါးကုသမှုပေးခြင်း

(ဇ) အရေးပေါ်အခြေအနေ ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်ခြင်း

၆။ နိဂုံး

ရွှေမာယာခရမ်းရာဘာစက်ရုံအနေဖြင့် ကြုံတွေ့လာနိုင်သည့် အရေးပေါ်အခြေအနေများကို ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပေါ်လာပါက ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် စီမံခန့်ခွဲခြင်း၊ ဖြစ်ပေါ်ခဲ့ပြီးပါက ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောလျင်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နောက်ဆက်တွဲ(၆)

လုပ်ငန်းခွင်/ကွန်မြူနီတီကျန်းမာရေးအစီအစဉ်

၁။ နိဒါန်း

ကျန်းမာရေးဆိုသည်မှာ အနာရောဂါ (သို့မဟုတ်) မသန်စွမ်းမှု ကင်းဝေးရုံသာမက ကာယပညာ၊ စိတ္တသုခနှင့် ပြည့်စုံနေခြင်း ဖြစ်ပါသည်။ လုပ်ငန်းခွင် ကျန်းမာရေး၊ ကွန်မြူနီတီ ကျန်းမာရေးသည်လည်း လုပ်သားများ၏ လုပ်ငန်းခွင်နှင့် လူမှုဆက်သွယ်ရေးဆိုင်ရာ ကျန်းမာရေးများပင်ဖြစ်ပါသည်။

၂။ ရည်ရွယ်ချက်

လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းလုပ်သားများနှင့် မိသားစုကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၃။ လုပ်ငန်းခွင်ကျန်းမာရေး

လုပ်ငန်းခွင်ကျန်းမာရေးကို လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုဖြင့် နှစ်ပိုင်း ခွဲခြားဆောင်ရွက်ပါမည်။

၃-၁။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို ကဏ္ဍ(၅)ရပ်ဖြင့်ဆောင်ရွက်ပါမည်။

၃-၁-က။ မီးဘေးအန္တရာယ်ကင်းရှင်းရေး

၃-၁-ခ။ လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

၃-၁-ဂ။ စက်ပစ္စည်းကိရိယာများကြောင့်ဘေးအန္တရာယ်ကင်းရှင်းရေး

၃-၁-ဃ။ ဓာတုပစ္စည်းများကြောင့်ဘေးအန္တရာယ်ကင်းရှင်းရေး

၃-၁-င။ အလုပ်လုပ်ရသောပတ်ဝန်းကျင်ကြောင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့ဖြစ်ကြပါသည်။

၃-၁-က။ မီးဘေးအန္တရာယ်ကင်းရှင်းရေး

- မီးဘေးအန္တရာယ်ကင်းရှင်းရေး ကြိုတင်ကာကွယ်ရေးကို အောက်ပါ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပါမည်။
- မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်များရေးဆွဲပြီး၊ မီးငြိမ်းသတ်ရေး အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးကာ အစမ်းလက်တွေ့ သရုပ်ပြ လေ့ကျင့်ခြင်းများကို မီးသတ်ဦးစီးဌာနနှင့် ဆက်သွယ်၍ လမ်းညွှန်မှုခံယူ ဆောင်ရွက်ပါမည်။
- ပေါက်ကွဲလွယ်သော မီးလောင်လွယ်သော ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျ သေချာစွာ ထားသိုပါမည်။
- မီးလောင်ပေါက်ကွဲခြင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ပါက အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းပြီး လေ့ကျင့်သင်ကြားထားပေးပါမည်။

- မီးလောင်မှုဖြစ်ပွားပါက မီးဘေးအန္တရာယ် လျော့ချရန်အတွက် ဝန်ထမ်းများအားလုံး ကြားသိနိုင်ရန်နှင့် ဖြေရှင်းနိုင်ရန် အချက်ပေးစနစ်များနှင့် ကာကွယ်ရေးပစ္စည်းများ လုံလောက်စွာ ထားရှိပါမည်။
- အရေးပေါ်ထွက်ပေါက်များ၊ သွားလမ်းလာလမ်းများအား ရှင်းလင်းထား ရှိပါမည်။
- မီးလောင်မှု အမျိုးအစားများပေါ်မူတည်၍ မှုန်ကန်သင့်တော်သော မီးသတ်ဆေးဗူးများ အသုံးပြုနိုင်ရန် ပြင်ဆင်ထားပါမည်။

၃-၁-ခ။ လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေးကို အောက်ပါလုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ပါမည်။

- ထရန်စဖော်မာများ၊ လျှပ်စစ်ထုတ်စက်တို့ကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်ပါမည်။
- လျှပ်စစ်နှင့် သက်ဆိုင်သော လုပ်ငန်းကို လေ့ကျင့်ပေးထားသော ကျွမ်းကျင်ဝန်ထမ်းများကိုသာ တာဝန်ပေးပါမည်။
- လျှပ်စစ်သွယ်တန်း တပ်ဆင်ရာတွင် ပေါက်ပြဲသော ဝါယာများမရှိစေရန် ပြင်ဆင်ချိန်တွင် လိုင်းပိတ်ထားရန်၊ လျှပ်စစ်ပစ္စည်းအလိုက် Circuit Breaker များ၊ ခလုတ်များတပ်ဆင်ထားရန်၊ မြေစိုက်ကြိုးစနစ်အသုံးပြုရန်၊ ခလုတ်များကို လက်လှမ်းမှီသော နေရာတွင်ထားရန်၊ သင့်တော်သော မီးသတ်ကိရိယာများထားရန်၊ လုပ်ငန်းခွင်ပတ်ဝန်းကျင်နှင့် ဝါယာကြိုးများ အနီးတစ်ဝိုက်တွင် ရေစိုရေဝပ်နေရာ မရှိစေရန်တို့ကို ဆောင်ရွက်ပါမည်။

၃-၁-ဂ။ စက်ပစ္စည်းကိရိယာများကြောင့်ဘေးအန္တရာယ်ကင်းရှင်းရေး

စက်ပစ္စည်းကိရိယာများကြောင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်။

- စက်ပစ္စည်းကိရိယာများကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်ပါမည်။
- စက်ပစ္စည်းကိရိယာ ကိုင်တွယ်လုပ်ကိုင်သူများအတွက် လုံလောက်သော နေရာစီစဉ်ထားပါမည်။
- စက်ကိရိယာ ပစ္စည်းများကို အသုံးမပြုခင် ကြိုတင်စစ်ဆေးခြင်း၊ SOP နည်းအတိုင်း မောင်းနှင်ခြင်းများ ဆောင်ရွက်ပါမည်။
- လည်ပတ်သည့် စက်ပစ္စည်းကိရိယာများကို အကာအရံများ ထားရှိပါမည်။
- တာဝန်ယူမောင်းနှင်သည့် စက်ပစ္စည်းကိရိယာများနှင့် သင့်တော်သော PPE များ ဝတ်ဆင်စေပါမည်။
- စက်များအသုံးမပြုသည့်အချိန်တွင် ခလုတ်များ ပိတ်ထားပါမည်။
- စက်ကိရိယာများ၊ အလုပ်စားပွဲများ၊ သွားလမ်း လာလမ်းတို့ကို သန့်ရှင်းစွာထားရှိပြီး၊ စက်ဆီချောဆီများ ယိုဖိတ်မှုမရှိစေရန် ဆောင်ရွက်ပါမည်။

- စက်ပစ္စည်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်သတိပေးချက်များ ကပ်ထားပါမည်။
- အရေးပေါ်စက် အဖွင့်အပိတ်ခလုတ်ကို လက်လှမ်းမီသည့် နေရာတွင် ထားရှိပါမည်။

၃-၁-ဃ။ ဓာတုပစ္စည်းများကြောင့်ဘေးအန္တရာယ်ကင်းရှင်းရေး

ဓာတုပစ္စည်းများကြောင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို အောက်ပါအတိုင်း ဆောင်ရွက်ပါမည်။

- အသုံးပြုသောပစ္စည်းများ၏ အန္တရာယ်ရှိပုံကို MSDS များဖြင့် အသုံးပြုမည့်သူများကို ရှင်းလင်းတင်ပြထားပါမည်။
- ဓာတုပစ္စည်းနှင့် မည့်သို့ထိတွေ့, အန္တရာယ်ပေးနိုင်ကြောင်း ရှင်းလင်းပြသထားပါမည်။
- ဘေးအန္တရာယ် ဖြစ်နိုင်ခြေ အနည်းဆုံးပစ္စည်းကို အသုံးပြုပါမည်။
- PPE ပစ္စည်းများ အသုံးပြုစေပါမည်။
- စနစ်တကျ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါမည်။
- လိုအပ်သည့်နေရာတွင် လက်ဆေးစင်၊ မျက်စေ့ဖြန်းစင်၊ အရေးပေါ်ရေချိုးနိုင်သည့် နေရာစီစဉ်ပေးပါမည်။

၃-၁-င။ အလုပ်လုပ်ရသော ပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ် ကင်းရှင်းရေး

အလုပ်လုပ်ရသော ပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ် ကင်းရှင်းရေးကို အောက်ပါလုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ပါမည်။

အပူအအေးစိုထိုင်းဆ၊လေဝင်လေထွက်၊သောက်သုံးရေ

- လုပ်ငန်းသဘာဝ၊ လူ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဖန်တီးပေးပါမည်။

လူ၊အလုပ်သဟဇာတဖြစ်သည့်နေရာများ

- လုံလောက်သော အထောက်အကူပြုပစ္စည်း၊ PPE များအသုံးပြုစေပါမည်။
- စက်ကိရိယာ အကူအညီကို အဓိက အသုံးပြုစေပါမည်။
- လေးပင့်သော ပစ္စည်းများမရန် ကျောကုန်း၊ လည်ပင်း၊ ပုခုံး ထိခိုက်မှု မရှိသည့်နည်းစနစ်ကို အသုံးပြုစေပါမည်။

အလုပ်လုပ်သောနေရာ

- သက်တောင့်သက်သာရှိမည့် ထိုင်ခုံများ စီစဉ်ထားပေးပါမည်။
- လုံလောက်သော အကျယ်အဝန်းရှိသည့်နေရာ စီစဉ်ပေးပါမည်။
- ကြာရှည်လုပ်ကိုင်ရခြင်း၊ ထပ်တလဲလဲ လုပ်ကိုင်ရခြင်း တို့အတွက် အလုပ်နားချိန်ပေးပါမည်။
- စင်များရှိပါက စင်ပြိုလဲမှုမရှိစေရန် စီစဉ်ထားပေးပါမည်။

ဆူညံသံများ

- ဆူညံသံများကိုလျော့ချနိုင်သလောက်လျော့ချပေးပါမည်။
- တဆက်တစပ်တည်း ရေရည်မခံစားရစေရန် စီစဉ်ပေးပါမည်။
- PPE ဝတ်ဆင်စေပါမည်။
- ဆူညံသံတိုင်းတာခြင်း၊ လျော့ချခြင်း၊ စစ်ဆေးပြုပြင်ခြင်းများ အချိန်မှန်မှန် ဆောင်ရွက်ပါမည်။
- ဆူညံသံနည်းသော စက်ပစ္စည်းကိရိယာများကို ဦးစားပေးအသုံးပြုပါမည်။

၃-၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်စီမံခန့်ခွဲမှု

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုကို လုပ်ငန်းလုပ်ကိုင်သူနှင့် ဝန်ထမ်းများတို့က အောက်ပါအတိုင်း စနစ်တကျစီမံခန့်ခွဲပါမည်။

စီမံခန့်ခွဲမှု	ဆောင်ရွက်မည့်အဖွဲ့အစည်း
• လုပ်ငန်း လုပ်ကိုင်သူနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ပါက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရမည် ဟူသော ရည်မှန်းချက်ချ ထားခြင်း။	• လုပ်ငန်းလုပ်ကိုင်သူနှင့် ဝန်ထမ်းများ
• ဘေးအန္တရာယ် ကင်းရှင်းရေး အစီအစဉ် ကြို တင်ကာကွယ်ခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်း တို့ သိရှိပြီး ပုံမှန်လိုက်နာဆောင်ရွက်ခြင်း။	• လုပ်ငန်းလုပ်ကိုင်သူ
• အထက်ပါ လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း။	• ဝန်ထမ်းများ
• အလုပ် လုပ်ကိုင်သူနှင့် ဝန်ထမ်းများ အကြား ကောင်းမွန် ခိုင်မာသော ဆက်ဆံရေး တည်ဆောက်ခြင်း။	• လုပ်ငန်းလုပ်ကိုင်သူနှင့် ဝန်ထမ်းများ
• စက်ရုံသို့ စစ်ဆေးသူများ လာရောက်ချိန်တွင် သာ လိုက်နာရန် မဟုတ်ဘဲ နေ့စဉ်ပုံမှန် လုပ်ငန်းကဲ့သို့ သဘောထားခြင်း။	• လုပ်ငန်းလုပ်ကိုင်သူနှင့် ဝန်ထမ်းများ
• ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းသုံး ပစ္စည်းများ (ဆိုင်းဘုတ်၊ လမ်းညွှန် အမှတ်အသား၊ လုပ်ငန်းသုံး ကိရိယာ PPE များ) လုံလောက်စွာ ပံ့ပိုးပေးခြင်း။	• လုပ်ငန်းလုပ်ကိုင်သူ
• ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းသုံး ပစ္စည်းများ (ဆိုင်းဘုတ်၊ လမ်းညွှန် အမှတ်အသား၊ လုပ်ငန်းသုံး ကိရိယာ PPE များ) စနစ်တကျ ကိုင်တွယ် အသုံးပြုခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း။	• ဝန်ထမ်းများ
• လုပ်ငန်းခွင်နှင့် ဝန်ထမ်းလုပ်ငန်း လုပ်ကိုင်ရမှု အဆင်ပြေသည့် အခြေအနေ၊ အနေအထား ဖန်တီးပေးခြင်း။	• လုပ်ငန်းလုပ်ကိုင်သူ
• ကျန်းမာရေး စောင့်ရှောက်မှု၊ လုပ်ငန်းခွင်နှင့်	• လုပ်ငန်းလုပ်ကိုင်သူ

ဆေးဝါး အထောက်အပံ့များ၊ ရှေးဦးသူနာပြု သင်တန်းများ၊ ကျန်းမာရေး၊ လုံခြုံရေး၊ မီးဘေး အန္တရာယ် စပ်လျဉ်းသည့် ပညာပေးဟောပြော ပွဲများ စီစဉ်ဆောင်ရွက်ပေးခြင်း။	
• လူမှုဖူလုံကြေးများထည့်ဝင်ပေးခြင်း။	• လုပ်ငန်းလုပ်ကိုင်သူ
• သန့်ရှင်းသော ထမင်းစားခန်းများ၊ နားနေဆောင်များ၊ သန့်စင်ခန်းများ၊ ရေချိုးခန်းများ၊ ဆေးပေးခန်းများ စီစဉ်ဆောင်ရွက်ပေးခြင်း။	• လုပ်ငန်းလုပ်ကိုင်သူ
• လူငယ်များနှင့် အလုပ်သမား အသစ်များကို ဘေးအန္တရာယ် ကာကွယ်ရေးနှင့် ကျန်းမာရေး သင်တန်းများ တက်ရောက်စေခြင်း။	• လုပ်ငန်းလုပ်ကိုင်သူ
• ဝန်ထမ်းများအတွက် မွမ်းမံသင်တန်းများ တက်ရောက်စေခြင်း။	• လုပ်ငန်းလုပ်ကိုင်သူ

၄။ ကွန်မြူနီတီကျန်းမာရေး

ရွှေမာယာခရမ်းရာဘာစက်ရုံ သည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မုဒုံမြို့၊ မြစိမ်းတောင်ဘုရားလမ်း၊ တာသသွန်ကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာတွင် တည်ရှိပါသည်။ ဝန်ထမ်းများ အများစုမှာ စက်ရုံ ပတ်ဝန်းကျင်မှဖြစ်ပြီး အချို့မှာ စက်ရုံဝန်ထမ်း အိမ်ယာများတွင် နေထိုင်လုပ်ကိုင်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၃၀)ရက်၊ မွန်ပြည်နယ် မော်လမြိုင်ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ပြုစုသည့် မုဒုံမြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များအရ (၂၅)ကုတင်ဆံ့ အစိုးရဆေးရုံ(၁)ရုံ၊ (၁၆)ကုတင်ဆံ့ အစိုးရတိုက်နယ်ဆေးရုံ(၁)ရုံ၊ ပုဂ္ဂလိကဆေးရုံ(၂)ရုံ၊ ပုဂ္ဂလိကဆေးပေးခန်း(၄၄)ခု၊ အစိုးရဆေးပေးခန်း(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန (၇)ဌာန/ဌာနခွဲ (၂၄)ဌာနနှင့် ဆရာဝန် (၁၀)ဦး၊ သူနာပြု(၃၁)ဦး၊ လက်ထောက်ကျန်းမာရေးမှူး (၁၀)ဦးဖြင့် လူဦးရေ (၁၈၉,၇၇၃)ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါသည်။ ဒေသအတွင်း အများဆုံး ဖြစ်တတ်သော ရောဂါများမှာ နမိုးနီးယား၊ ဝမ်းလျှော၊ တီဘီ၊ ဝမ်းကိုက် ရောဂါများ ဖြစ်ပါသည်။ HIV/AIDS ရောဂါဖြစ်ပွားသူ ၂၀၂၀ပြည့်နှစ်တွင် (၂၇)ဦး ဖြစ်ပွားခဲ့ပြီး သေဆုံးသူ(၂)ဦး ရှိခဲ့ပါသည်။

၄-၁။ စက်ရုံဝန်ထမ်းများ၊လုပ်ငန်းလုပ်ကိုင်မှုများနှင့်ကွန်မြူနီတီကျန်းမာရေး

စက်ရုံဝန်ထမ်းများ၊ လုပ်ငန်းလုပ်ကိုင်မှုများကြောင့် ကွန်မြူနီတီကျန်းမာရေးဆက်နွယ်မှုများကို အောက်ပါဇယားဖြင့် တင်ပြထားပါသည်။

စက်ရုံနှင့်ဆက်စပ်ပုံ	ကွန်မြူနီတီကျန်းမာရေး
စက်ရုံ ဝန်ထမ်းများ၊ မိသားစုများ၊ အစိုးရ ဆေးရုံ ဆေးပေးခန်း၊ ကျေးလက် ဆေးပေးခန်း များတွင် ကုသခြင်း။	• ကူးစက်ရောဂါရနိုင်ခြင်း၊ ရောဂါဖြန့်နိုင်ခြင်း • အသည်းရောင် အသားဝါ၊ ငှက်ဖျား၊ ဘီပိုး၊ စီပိုး၊ သွေးလွန်တုတ်ကွေး၊ • ဝမ်းကိုက်ဝမ်းပျက် • HIV/AIDS
စက်ရုံ ဝန်ထမ်းများ မိသားစုများ အလုပ်ကိစ္စ ကိုယ်ရေး ကိုယ်တာခရီးသွားခြင်းများ။	• ကိုဗစ်(19) • တုပ်ကွေးအမျိုးမျိုး

စက်ရုံမှကုန်ကြမ်းပစ္စည်းများသယ်ယူခြင်း။ စက်ရုံမှကုန်ချောပစ္စည်းများဖြန့်ဖြူးခြင်း။	• သယ်ယူရာ လမ်းတစ်လျှောက်တွင် လေထုအတွင်းသို့ အခိုးအငွေ့ ထုတ်လွှတ်မှုများ၊ မတော်တဆ ယာဉ်တိမ်းမှောက်ပါက ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ် ထိခိုက်ပျက်စီးခြင်း။
စက်လည်ပတ်ချိန်နှင့်ပိတ်သိမ်းချိန်လုပ်ငန်းဆောင်ရွက်ခြင်းများ • ထုတ်လွှတ်အခိုးအငွေ့များ • ထုတ်လွှတ်အရည်များ • ထုတ်လွှတ်အစိုင်အခဲများ • ဆူညံသံနှင့်တုန်ခါမှုများ	• စက်ရုံဝန်းကျင်ပြည်သူလူထုများသို့ထိခိုက်နိုင်ပါသည်။

၄-၂။ ကွန်မြူနီတီကျန်းမာရေးကိုထိခိုက်မှုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

ကွန်မြူနီတီကျန်းမာရေးကို ထိခိုက်မှုလျော့နည်းစေရန် အောက်ပါအတိုင်းဆောင်ရွက်ပါမည်။

သက်ရောက်စေသည့်အရင်းအမြစ်များ	လျော့နည်းစေရန်ဆောင်ရွက်မှု
စက်ရုံဝန်ထမ်းများမိသားစု	ကျန်းမာရေးပညာပေးခြင်း။
ကုန်ကြမ်းကုန်ချောသယ်ဆောင်ခြင်းများ	ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း ဆောင်ရွက်ခြင်း။
စက်ရုံလည်ပတ်ခြင်းနှင့်ပိတ်သိမ်းခြင်း	ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း ဆောင်ရွက်ခြင်း။

၅။ နိဂုံး

ရွှေမာယာခရမ်းရာဘာစက်ရုံ အနေဖြင့် လုပ်ငန်းခွင် ကျန်းမာရေးနှင့် ကွန်မြူနီတီကျန်းမာရေးတို့ကို စက်ရုံ၏ ကုန်ထုတ်လုပ်မှု ဖြန့်ဖြူးရောင်းချမှုများကြောင့် သက်ရောက်မှုများကို ကောင်းကျိုးတရားများ တိုးပွားပြီး ဆိုးကျိုးတရားများ လျော့နည်းစေရန် ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။